www.burmeseclassic.com

# ဝက္ကာအောင်

ဝပ်အင်းဆိရှောင်ကျန်း/ရှူးကျန်း

## အတိတ်မွေ့သားကောင်

စ-ဆုံး



www.burmeseclassic.com

www.burmeseclassic.com



# ဝဏ္ဏဒေါင်

## အတိတ်မွေ့သားကောင်

(ပထမပိုင်း)

နှစ်အုပ်တွဲသိုင်းစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄-ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၂၅၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်တင်တင်အေး၊ (ရွှက်စိမ်းစာပေ)
အမှတ် ၄၃ (အေ)၊ ၄-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုခွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC



## အခန်း (၁)
## ရှုတ်ရှက်သဲသဲ မီးထွန်းပွဲ

ကျုံ့ကျုတ်မီးထွန်းပွဲတော်။

ကျုံ့ကျုတ်မြို့၏အထူးစည်ကားလှသော ပွဲတော်တစ်ခုပင်ဖြစ်သည်။

မြို့ပြင်တောင်ပေါ်ရှိ ဘုံကျောင်းရှိရာသို့ အနယ်နယ်အရပ်ရပ်မှ မီးထွန်းပွဲလာရောက်သူများ ဥဒဟိုသွားလာနေကြပြီဖြစ်သည်။

မီးထွန်းပွဲတော်သို့ ဥဒဟိုသွားလာနေကြသူများထဲတွင် မြေးအဘိုးဖြစ်ဟန်တူသူနှစ်ယောက် ဟိုငေး သည်ငေးဖြင့် ရောနှောပါဝင်လာ၏။

အဘိုးအိုမှာ ရှည်လျားသော မုတ်ဆိတ်ဖြူနှင့် ခန့်ညားသောအသွင်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့နံဘေးတွင် အသက် ၂၀ ဝန်းကျင်ရှိ မိန်းမချောချောသော လုလင်ပျိုတစ်ယောက် လိုက်ပါလာသည်။

၎င်းတို့နှစ်ဦးသည် ကျူကျုတ်ဖြို့မှ ဟုတ်ဟန်မတူပါ။

တွေ့သမျှမြင်သမျှ ရင်သပ်ရှုမောငေးကြည့်ကြသဖြင့် တစ်နယ်တကျေးမှဖြစ်ကြောင်း သိသာလှပေသည်။

အမှန်တော့ ... မုတ်ဆိတ်ဖြူအဘိုးအိုမှာ ဓားပိဋကကျင်လိဟောက် ဖြစ်၏။

ကြောက်မက်ဖွယ် ဓားသိုင်းပညာရှင်တစ်ဦး ဖြစ်ရုံမက ဆေးပညာတွင်လည်း ကျွမ်းကျင်ထက်မြက်သူဖြစ်သည်။

သူ့ဘေးမှ လုလင်ပျိုကား ... စင်စစ်အားဖြင့် ယောကျ်ားလေးအသွင်ဆောင်ယူထားသော မိန်းမပျိုတစ်ဦးသာ ဖြစ်ပေသည်။

သူမ၏အမည်မှာ ကျန်ယင်းလျှံ ဖြစ်သည်။

ငယ်စဉ်က မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသဖြင့် ဖခင်၏သူငယ်ချင်းဖြစ်သူ ကျင်လိဟောက်က ခေါ်ယူမွေးစားထားခဲ့သည်။

သူမသည် ဤမြို့စည်ကားများပြားလှသော လူအုပ်ကြားသို့



သည်တစ်ကြိမ်သာ ရောက်ဖူးသဖြင့် မြင်မြင်သမျှ အသစ်အဆန်းချည်းသာ ဖြစ်နေရတော့သည်။

"ယင်းလျှံ ... ဟောဟိုက လူနှစ်ယောက်ကို ကြည့်လိုက်စမ်း"

ကျင်လိဟောက် ညွှန်ပြသည့်နေရာကို ကျန်ယင်းလျှံ လှမ်းကြည့်လိုက်မိသည်။

၎င်းတို့အား မြင်တွေ့လိုက်သည်နှင့် ကျန်ယင်းလျှံ ထိတ်စနဲ့ဖြစ်သွားရ၏။

အကြောင်းမှာ ...

တစ်ယောက်သည် မျက်နှာတစ်ခုလုံး သွေးရောင်မရှိဘဲ ဖြူဖျော့ဖျော့ချောက်ကပ်ကာ လူသေတစ်ယောက်မျက်နှာကဲ့သို့ ရင်တုန်ထိတ်လန့်ဖွယ်ကောင်းနေခြင်းကြောင့်ပင်။

ကျန်တစ်ယောက်လည်း ခေါင်းကြီးထိပ်ပြောင် မျက်လုံးကြောင်ကြောင်နှင့် ထိတ်လန့်ဖွယ်ကောင်းသူပင်ဖြစ်၏။

သို့သော် ... တစ်ယောက်က ပိန်ပိန်ရှည်ရှည် ဝါးခြမ်းလိုဖြစ်နေပြီး၊ ကျန်တစ်ယောက်မှာ ပုပုကွကွနှင့် သစ်သားစည်ပိုင်းပြတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလို ဖြစ်နေသဖြင့် ...

"ဟိ ... ဟီး"

ကျွန်ုပ်ယင်းလှုံ့ စိတ်မထိန်းနိုင်ဘဲ အသံထွက်အောင် ရယ်လိုက်မိသည်။ အသံက သိပ်မကျယ်လှပါ။

သို့သော် ... ထိုလူနှစ်ယောက် ကြားသွားပုံရ၏။

နောက်လှည့်ကြည့်လိုက်ကြသည်။

လျှပ်မြန်အကင်းပါးလှသော ကျင်လိပေါ်ကက ဆတ်ခနဲဆိုသလို ကျွန်ုပ်ယင်းလှုံ့ကို လူအုပ်ကြားသို့ ဆွဲသွင်းလိုက်၏။

ထိုလူနှစ်ယောက် မျက်ခြည်ပြတ်သွားမှ ကျင်လိပေါ်ကက ထိုလူနှစ်ယောက်အကြောင်း ကျွန်ုပ်ယင်းလှုံ့အား ရှင်းပြလိုက်သည်။

"ဒီလူနှစ်ယောက်ဟာ သိုင်းလောကမှာ ကျော်ကြားတဲ့လူတွေပဲကွဲ့၊ ဟိုပိန်ပိန်ရှည်ရှည်လူသေနဲ့တူတဲ့လူက မရဏတမန်လို့ခေါ်တယ်၊ ပုပုကွကွ ခေါင်းကြီးကြီးနဲ့ လူကတော့ ကျွဲပေါက်ရှင်းတောက်တဲ့"

ထို့နောက် ဆက်လက်လျှောက်ခဲ့ကြပြန်ရာ ...

"ဟင် ... အဘ၊ ဟောဟိုက ရသေ့ကြီးကို ကြည့်ပါဦး"



သူမ ညွှန်ပြရာသို့ ကျင်လိပေါ်ကက် လှမ်းကြည့်လိုက်၏။

မျက်နှာပြားပြား နားရွက်ကားကားနှင့် ရသေ့ကြီးတစ်ပါးကို လူအုပ်ကြား၌ ရပ်လျက်တွေ့ရ၏။

ထူးခြားသည်မှာ ... ဥဒဟို တိုးရွေ့သွားလာနေကြသူများသည် ထိုရသေ့ကြီးနား မကပ်နိုင်ဘဲ ရှဲ၍ရှဲ၍ သွားကြခြင်းဖြစ်၏။

သူလမ်းလျှောက်လိုက်သည့်အခါ ပတ်ဝန်းကျင်ရှိ သူများမှာ အလိုလိုနေရင်း တစ်စုံတစ်ခုနှင့် တိုးမိသလို ဘေးသို့ရှဲပြီး လမ်းဖယ်ပေးသလို ဖြစ်သွားလေသည်။

ထိုရသေ့ကြီးကို မြင်တွေ့လိုက်ရသည်နှင့် ...

"ဟင် ... စပ်စုရသေ့ကြီးပါလား"

ကျင်လိပေါ်ကက်နှုတ်မှ တအံ့တဩ လွှတ်ခနဲ ရေရွတ်မိ၏။

ကျွန်ုပ်ယင်းလှုံ့က ...

"အဘက ဒီရသေ့ကြီးကို သိလို့လား"

"သိတာပေါ့ကွယ်၊ ငိုမိငိုဏ်းက ရသေ့ကြီးပေါ့၊ နေရာတကာ ဟိုစပ်စပ် ဒီစပ်စပ်ပါတတ်တာမို့ သိုင်းလောကမှာ သူ့ကို စပ်စုရသေ့ကြီးလို့ ခေါ်ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တောင်ဘက်ခြမ်းမှ ...

"ဒုန်း ... ခြိမ်း ... ဂျမ်း ... ဂျမ်း ... ဂျမ်း"

လင်းကွင်းသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

သူမ လှမ်းကြည့်လိုက်ရာ ဓားသိုင်းကနေသည်ကို လူများ ဝိုင်းအုံကြည့်ရှုနေကြောင်း တွေ့မြင်ရ၏။

ယောကျ်ားသုံးလေးဦးက ဝိုင်းဖွဲ့ကာ လင်းကွင်းတီးသူက တီး၊ ဓားသိုင်းကသူက ကနေကြ၏။

ဝိုင်းလယ်တွင် အသက်သုံးဆယ်ဝန်းကျင်ရှိ အမျိုးသမီးတစ် ဦးက ဓားသိုင်းကလျက် ရှိသည်။

ကျင်လိဟောက်က တစ်ချက်လှမ်းကြည့်ပြီး ...

"ဒီအမျိုးသမီးဟာ သာမည ဓားသိုင်းကတဲ့ ကချေသည် မဟုတ်ဘူးကွဲ့၊ သူ့ရဲ့တောက်ပနေတဲ့ မျက်လုံးကိုကြည့်၊ အနည်းဆုံး ဆယ်နှစ်လောက် အတွင်းအား လေ့ကျင့်ခဲ့ဖူးတဲ့ ထိပ်တန်းသိုင်းပညာ ရှင်တစ်ယောက်ပဲ"

လှည့်ထွက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ...



လူငယ်တစ်ယောက်သည် စပ်စုရသော့ကြီးကို ကြည့်မရဟန် တူသည်။

တမင်သက်သက်ပင် ပခုံးချင်းဝင်တိုက်ပစ်လိုက်၏။

"ဟာ ... ဒီသူငယ်တော့ ဒုက္ခပဲ"

ကျင်လိဟောက်၏စိတ်ထဲမှ လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

ထင်သည့်အတိုင်းပင် ...

လူငယ်သည် ကိုယ့်အရှိန် ကိုယ်မသတ်နိုင်ဘဲ လူသုံးလေး ယောက်ကို ဆက်တိုက် ဝင်တိုးမိခြင်း၊ သူမထံ ဟပ်ထိုးကြီး မှောက် ကျလာ၏။

လူငယ်သည် ကိုယ်ရှိန်သပ်နိုင်ရန် လက်နှစ်ဖက်ဆန့်ပြီး သူမကို လှမ်းထောက်ကျားကန်လိုက်၏။

သူမမှာ မျက်နှာရဲခနဲဖြစ်သွားကာ ကမန်းကတန်းဖြင့် လက်နှင့်ဆီးခံလိုက်၏။

သူမ၏လက်နှစ်ဖက်သည် လူငယ်၏ရင်ဝကို တွန်းမိသွား သလို လူငယ်၏လက်နှစ်ဖက်ကလည်း သူမ၏ပခုံးကို ဆုပ်ကိုင်မိသွား သည်။

www.burmeseclassic.com

www.burmeseclassic.com



နုထွေးအိစက်သော အတွေ့အထိကြောင့် မိန်းကလေးတစ်ဦးဟု ထင်မှတ်ပြီး တောင်းပန်ရန် ကြည့်လိုက်၏။

သို့သော် ...

သူမမှာ ယောကျ်ားလေးတစ်ဦးအသွင် ဆင်ယင်ထားသဖြင့် ယောကျ်ားလေးဟု ထင်မှတ်ပြီး စိတ်သက်သာရာရသွား၏။

သို့တိုင်အောင် ...

တောင်းပန်ဖြစ်အောင် တောင်းပန်လိုက်သေး၏။

"စိတ်မရှိပါနဲ့ မိတ်ဆွေ ... မတော်လို့ပါ"

ယောကျ်ားပီသသော လူငယ်၏ဟန်ပန်ကြောင့် သူမမှာ ရှက်သွေးဖြာပြီး ခေါင်းငုံ့သွား၏။

ထိုစဉ် ...

စပ်စုရသေ့ကြီးအနီးသို့ လျှောက်လာပြီး လူငယ်အား ရယ်မောပြောဆိုလိုက်လေ၏။

"ဟဲ ... ဟဲ ... မောင်ရင်တို့ လဲကျသွားအောင် မလုပ်နိုင်တာ မောင်ရင်တော်လို့ပဲ၊ တို့တစ်တွေနောက်တော့ တွေ့ကြသေးတာပေါ့"

စပ်စုရသေ့ကြီးက ပြောဆိုပြီး လှည့်ထွက်သွား၏။



ကျင်လိဟောက်မှာ ရသေ့ကြီးလျှောက်လာသည်ကို မြင်သည်နှင့် မယောင်မလည် နောက်လှည့်နေလိုက်သဖြင့် သူတို့နှစ်ယောက် မျက်နှာချင်းမဆိုင်မိလိုက်ကြချေ။

စပ်စုရသေ့ကြီးကလည်း လူငယ်ကိုသာ အာရုံစိုက်နေသဖြင့် ကျင်လိဟောက်ကို သတိမပြုခဲ့ခြင်းလည်း ဖြစ်ပေ၏။

ကျင်လိဟောက်နှင့် ကျန်ယင်းလျှံတို့ ဆက်၍ လျှောက်ခဲ့ကြရာ မကြာမီ တောင်ပေါ်သို့ ရောက်မှန်းမသိ ရောက်ရှိခဲ့ကြလေတော့သည်။

❖

တောင်ပေါ်တွင် ပွဲတော်လာသူ များပြားလှ၏။

သို့သော် ... မည်သူမျှ ဘုံကျောင်းအတွင်း ဝင်ရောက်မီးပူဇော်ခွင့် မရပေ။

ဘုံကျောင်းပတ်လည်၌ အစောင့်ရဲမက်များ ထူထပ်စွာ ရှိသားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကြောင့် သူမ အံ့သြနေမိ၏။

ယင်းအခိုက်မှာပင် ...

နံဘေးမှ ဝေဖန်ပြောဆိုနေသံ ကြားလိုက်ရ၏။

"ဒီပွဲတော်ကို တာလီမင်းသားလေးကိုယ်တိုင် လာမယ်ဆိုပါလား"

"ခင်များပြောတဲ့ တာလီမင်းသားလေးဆိုတာ စန်သိရာကိုပြောတာ မဟုတ်လား"

"ဟုတ်တာပေါ့"

"အင်း ... သူနဲ့နယ်စားကြီးသမီး မလိဝါတို့ လက်ထပ်ကြမယ့်နေ့ မတိုင်မီ တစ်ရက်အလိုက အဖြစ်အပျက်ကို ကျုပ် ကောင်းကောင်းမှတ်မိသေးတယ်ဗျ"

"ဟုတ်လား ... ဘယ်လိုအဖြစ်အပျက်များပါလိမ့်"

"ဒီလိုဗျ၊ စန်သိရာနဲ့မလိဝါတို့ လက်မထပ်ခင် တစ်ညမှာ နယ်စားကြီး ဖမ်းချုပ်ထားတဲ့ အကျဉ်းသားတွေ လွတ်မြောက်ကုန်တယ်၊ အဲဒီအကျဉ်းသားတွေဟာ တော်လှန်ရေးခေါင်းဆောင် ရှောင်ချူးချွေရဲ့ လူတွေလို့ သိရတယ်ဗျ"



ဝေဖန်ပြောဆိုသူနှစ်ယောက်သည် ကစားတပြောပြောနှင့် ထွက်ခွာသွားကြသည်။ သူတို့စကားကို ကျန်ယင်းလျှံ စိတ်မဝင်စားပါ။

သူမ စိတ်ဝင်စားသည်က ဘုံကျောင်းထဲသို့ အဘယ်ကြောင့် ဧည့်ပရိသတ်များကို ဝင်ခွင့်မပေးရပါသနည်း။

ဘေးမှ လူကြီးတစ်ယောက်ကို စပ်စုကြည့်လိုက်သည်။

"ဦးကြီး ... ပရိသတ်တွေကို ဘာဖြစ်လို့ ဘုံကျောင်းထဲ ပေးမဝင်တာလဲဟင်"

အမေးခံရသော လူကြီးက ကျန်ယင်းလျှံကို တစ်ချက်ကြည့်ပြီး ...

"မောင်ရင်က ခုမှ ဒီမီးထွန်းပွဲကို ရောက်ဖူးတာ ထင်တယ်၊ ဒီလိုကွ ... မီးထွန်းပွဲ ပထမနေ့မှာ အိမ်ရှေ့မင်းသားလေး ဒါမှမဟုတ် နယ်စားကြီးကိုယ်တိုင် ပထမမီးပုံးကို ထွန်းညှိရတယ်၊ ပြီးမှ ... ဧည့်ပရိသတ်တွေကို မီးထွန်းပူဇော်ခွင့်ပေးတာ"

ယင်းသို့ ပြောဆိုနေစဉ် ... တောင်ကုန်းအောက်ဘက်မှ မောင်းထုသံတစ်ချက် ပေါ်လာ၏။

"ဒူ ... ဟူ ... ဟူ"

www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းမှာပင် ဘာလိအလံ တလူလူလွင့်လျက် ရဲမက်တစ်စု တောင်ကုန်းပေါ် တက်လာ၏။

၎င်းတို့နောက်မှ ဝေါစင်ကြီးတစ်ခုကို လူထွားကြီးလေး ယောက်က ထမ်းလာကြ၏။

ကျင်လီဟောက် လှမ်းကြည့်လိုက်ရာ တောင်ကုန်းခြေလယ်ရှိ လူများကြားမှ ရဲမက်အရာရှိတစ်ဦး တိုးထွက်လာပြီး တောင်ကုန်းပေါ် အပြေးအလွှား တက်လာသည်ကို တွေ့ရသည်။

သူ၏နောက်တွင် ဝတ်ရုံနက်နှင့် လူထွားကြီးတစ်ဦး ကပ်လျက် လိုက်ပါလာသည်။

ဝတ်ရုံနက်နှင့် လူထွားကြီးကို မြင်လိုက်ရသည့်အခါ ကျင်လီဟောက် ကွက်ခနဲ မျက်နှာပျက်သွား၏။

"ဟင် ... တောင်ကိုးလုံး မိစ္ဆာကောင်ကြီးက ဘယ့်နှယ် ဒီကို ရောက်နေရပါလိမ့်"

ကျင်လီဟောက်၏ရေရွတ်သံကြောင့် ကျုန်ယင်းလျှံက ...

"လူထွားကြီးက ဘယ်ကလဲဟင်၊ စပ်စုရသေ့ကြီးတို့နဲ့ ယှဉ်ရင် ဘယ်သူသာမလဲ အဘ"



"နေဦး ... နောက်မှ အဘပြောပြမယ်၊ အင်း ... ဒီအတိုင်းဆို မကြာခင် ပွဲကြီးပွဲကောင်း ကြည့်ရတော့မယ် ထင်တယ်"

ထိုစဉ် ...

ဝေါယဉ်ကြီးသည် ဘုံကျောင်းရှေ့သို့ ရောက်ရှိလာပြီး ရပ်တန့်သွား၏။

လူအများသည် ဝေါယာဉ်အတွင်းမှ မင်းသားလေး စန့်သီရာ ထွက်လာပြီး ပထမမီးပုံးထွန်းညှိမည်ကို စောင့်စားကြည့်ရှုနေကြသည်။

ထိုအချိန်မှာပင် ...

ဓာပဝါခြုံပြီး မျက်နှာဖုံးစွပ်ထားသည့် အမျိုးသမီးတစ်ဦး အစောင့်များကြားမှ လှစ်ခနဲ တိုးထွက်လာ ဘုံကျောင်းအဝရှိ ပထမမီးပုံးကို သွားရောက်မီးထွန်းညှိလိုက်လေတော့၏။

❖

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"အို"

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် လူတိုင်းလိုလို ထိတ်လန့် အံ့အားသင့်ကုန်ကြ၏။

သို့သော် ...

တာလီရဲမက်နှစ်ဦးသည် ချက်ချင်းပင် သတိဝင်လာကာ မီးဝင်ထွန်းသည့် အမျိုးသမီးကို ကပျာကယာ သွားရောက်ဖမ်းချုပ်လိုက်ကြသည်။

ထိုစဉ် ... အမျိုးသမီးက လက်နှစ်ဖက်ကို လျှပ်တစ်ပြက် လှုပ်ရှား လိုက်ရာ ...

'ဖုန်း'

'အွန့်'

ရဲမက်နှစ်ဦးမှာ တစ်လံသာသာမျှ လွင့်စဉ်ထွက်သွား၏။

တစ်ဆက်တည်းမှာပင် ... အမျိုးသမီးသည် ဓားမြှောင်တစ် လက်ကို ဆွဲထုတ်လိုက်ပြီး ဝေါစင်ဆီ လှစ်ခနဲခုန်ဝင်ကာ ဘယ်လက်ဖြင့် ဝေါစင်တံခါးရွက်ကို ရိုက်ပုတ်လိုက်၏။



"စိန်သိရာ ... ဒီနေ့ဟာ ရှင့်ရဲ့သေနေ့ပဲ"

အမျိုးသမီးက ကျယ်လောင်စွာ အော်ဟစ်ပြီး ဓားမြှောင်ဖြင့် ဝေါအတွင်းသို့ ထိုးသွင်းလိုက်လေသည်။

ဝေါအတွင်းမှလူက အမျိုးသမီး၏ဓားကိုင်လက်ကို ဆတ်ခနဲ ဖမ်းဆုပ်လိုက်၏။

အမျိုးသမီးက ကျန်လက်တစ်ဖက်ဖြင့် ရိုက်ချရန် ဟန်ပြင် စဉ် ဝေါအတွင်းမှ လူကို မြင်သွားပြီး ...

"ဟင် ... ရှင် ... ရှင်"

မျက်နှာဖုံးစွပ်အမျိုးသမီးသည် အံ့အားတသင့်ဖြင့် ချက်ချင်း ပင် နောက်သို့ရုန်း၍ ထွက်သွား၏။

ယင်းအခိုက်အတန့်မှာပင် ...

လုလင်ပျိုတစ်ဦးသည် လူအုပ်ကြားမှ လှစ်ခနဲ ခုန်ထွက်လာ ၏။ လူနှင့်အတူ လက်နက်ပုန်းများကိုလည်း တစ်ပြိုင်တည်း ပစ်လွှင့် လိုက်၏။

"ဖွစ် ... ဖွစ် ... ဖွစ်"

လက်နက်ပုန်းသုံးခု ပစ်လွှင့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုကို မျက်နှာဖုံးစွပ် အမျိုးသမီးက လက်ထဲမှ ဓား မြှောင်ဖြင့် ပက်ထုတ်လိုက်၏။

ကျန်လက်နက်ပုန်းတစ်ခုက ဝေါအတွင်းသို့ ဝင်မြဲတိုင်း ဝင် သွားလေသည်။

သို့သော် ... ထိုလက်နက်ပုန်းသည် မည်သည့်အသံမျှ မကြားဘဲ ရုတ်တရက် ပျောက်ကွယ်သွားသည်။

နံဘေးမှ ကြည့်နေကြသော သိုင်းသမားအချို့သည် မျက် နှာဖုံးစွပ် အမျိုးသမီးကို နားမလည်နိုင်အောင် ဖြစ်ကုန်ကြ၏။

အကြောင်းမှာ ...

သူမသည် ဝေါအတွင်းမှ လူကို လုပ်ကြံရန် ကြိုးစားနေသည့် ကြားမှ ဝေါဆီသို့ ပစ်လွှတ်လိုက်သည့် လက်နက်ပုန်းကို ရိုက်ထုတ် ဖယ်ရှားခြင်းကြောင့် ဖြစ်သည်။

ထိုစဉ် ...

"ဖော့ ... စန်သိရာကို မလွှတ်စေနဲ့"

အော်ဟစ်သံနှင့်အတူ စပ်စုရသော့ကြီးသည် လူအုပ်ကြားမှ ခုန်ထွက်လာ၏။



လက်နက်ပုန်းနှင့် ပစ်လိုက်သည့် လူရွယ်လည်း ဝေါစင်ရှေ့ သို့ လျှပ်တစ်ပြက် ခုန်ဝင်ရောက်ရှိလာ၏။

ယင်းအခိုက်အတန့်မှာပင် ...

'ဝှီး'

'ဝှစ်'

ဝေါစင်ရှေ့လိုက်ကာ ရုတ်တရက်ပွင့်ထွက်ပြီး ...

က်နက်ပုန်းတစ်ခုသည် ကြယ်တံခွန်အလား ဝင်းခနဲလင်း လက်တိုးထွက်လာတော့၏။

လူရွယ်က ဝေါစင်ရှေ့အရောက် လက်နက်ပုန်းကလည်း တိုး အထွက် မရှောင်သာ မတိမ်းသာဖြစ်သွားပြီး ...

"အား"

လူရွယ်အား လက်နက်ပုန်းထိမှန်သွား၏။

မလှမ်းမကမ်းမှ ရပ်ကြည့်နေသော ကျန်ယင်းလျှံသည် ထိုလူရွယ်မှာ စောစောက မိမိအား ဝင်တိုက်မိသူဖြစ်ကြောင်း ကောင်းစွာမှတ်မိလိုက်၏။

ထိုအချိန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



တာလီရဲမက်တစ်စုသည် ဝေါစင်ကို အကာအကွယ်ပြုလိုက်ကြ၏။

ကျန်တစ်စုက ဝင်ရောက်တိုက်လာသည့် ရသေ့ကြီးနှင့် အပေါင်းပါကို ရင်ဆိုင်တိုက်ခိုက်ကြ၏။

လက်ရွေးစင် ရဲမက်များကမူ လက်နက်ပုန်းရသေ့ကြီးနှင့် အပေါင်းပါကို ရင်ဆိုင်တိုက်ခိုက်ကြ၏။

လက်ရွေးစင် ရဲမက်များကမူ လက်နက်ပုန်း ထိမှန်ခံရသော လူရွယ်ကို ဖမ်းဆီးရန် ပြေးဝင်လာကြ၏။

ထိုအခါ ...

မျက်နှာဖုံးစွပ်အမျိုးသမီးသည် လက်ထဲမှဓားကို မွှတ်နေအောင်လှည့်ပြီး လူရွယ်ကို ခေါ်ထုတ်သွားလေတော့၏။

❖ ❖ ❖



## အခန်း (၂)
## နှစ်နှစ်ဆယ်က ရန်ကြွေး

ဘုံကျောင်းရှေ့ မြေကွက်လပ်၌ ရုတ်ရုတ်သဲသဲ ဖြစ်ပွားနေချေပြီ။ မီးထွန်းပွဲသို့ လာရောက်ကြည့်ရှု လည်ပတ်ကြသူများ ကြောက်လန့်တကြားနှင့် ခြေဦးတည့်ရာ ပြေးလွှားကုန်၏။

ရသေ့ကြီးဦးဆောင်သော သိုင်းသမားအုပ်စုက တာလီရဲမက်များကို တရကြမ်း ဝင်ရောက်တိုက်ခိုက်ကြကုန်၏။

တာလီရဲမက်များမှာ စစ်ရေး အတွေ့အကြုံ ရင့်ကျက်သူများဖြစ်ရာ ထိုးစစ်ကြောင့် ရုတ်တရက် ဆုတ်ခွာပေးကြရသော်လည်း ကစဉ့်ကလျား ဖြစ်သွားခြင်းကို လုံးဝမရှိပေ။

သိုင်းသမားအုပ်စုထဲတွင် မရဏတမန်နှင့် ကျွဲပေါက်ဒူးတောက်တို့လည်း ပါဝင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ စန္ဒသိရာ ... မိန်းမလို မိန်းမရ ပုန်းမနေနဲ့ သတ္တိရှိရင် ထွက်လာစမ်း"

အော်ဟစ်သံ မဆုံးမီမှာပင် အမျိုးသမီးကြီး တစ်ယောက်သည် ဝါးစင်ထဲမှ ပေါ့ပါးအေးဆေးစွာ လှမ်းထွက်လာတော့၏။

"ကျွန်မရဲ့ ခင်ပွန်းကို ဘာကိစ္စနဲ့ အော်ကြီးဟစ်ကျယ် စိန်ခေါ်နေရတာလဲ"

ဝါးစင်ထဲမှ အမျိုးသမီးကြီးတစ်ဦး ထွက်လာသဖြင့် အားလုံးပင် အံ့အားတသင့် ဖြစ်ကုန်ကြ၏။

အဘယ်ကြောင့် စန္ဒသိရာ လိုက်ပါလာရပါသနည်း။

ရှုပ်ထွေးလှုပ်ရှားနေသော တိုက်ပွဲသည် ရုတ်တရက် ရပ်တန့်သွားလေသည်။

ရသေ့ကြီးနှင့် သိုင်းသမားများသည် တော်လှန်ရေးခေါင်းဆောင် ရှောင်ချူးစွေ၏သွေးသောက်ဟောင်းများ ဖြစ်ကြသည်။

မင်းသားလေး စန္ဒသိရာ၏လက်ချက်ကြောင့် သွေးသောက်ရဲမက်အများအပြား နည်းအမျိုးမျိုးဖြင့် ညှင်းပန်းနှိပ်စက်ခံခဲ့ရသည်ကို မကျေမနပ်ဖြစ်ကာ ယခုကဲ့သို့ လာရောက်လုပ်ကြံခြင်း ဖြစ်၏။



ဟန်မင်းဆက် တတိယမြောက်လက်ထက်တွင် တာလိစစ်သည်များ နယ်မြေအချို့ကို ကျူးကျော်သိမ်းပိုက်ခဲ့ကြရာ ရှောင်ချူးစွေဦးဆောင်သော သိုင်းသမားများက ရှုံ့ရှုံ့ချုံချုံဆန့်ကျင်တော်လှန်ခဲ့ကြ၏။

တာလိတို့ကလည်း တိုက်ရည်ခိုက်ရည်ပြည့်ဝသော စစ်သူကြီး ဟူတာ့ပိုင်ကို ကွပ်ကဲစေလျက် တော်လှန်ရေးသမားများကို တိုက် ခိုက်ချေမှုန်းစေ၏။

အတွင်းသစ္စာဖောက်ကြောင့် ရှောင်ချူးစွေ၏အဖွဲ့သားတစ်ရာကျော် ထောင်ချောက်မိကာ အဖမ်းခံလိုက်ရ၏။

တာလိမင်းသားလေး မင်္ဂလာပွဲကျင်းပမည့်ရက် တစ်ရက်အလိုတွင် ၎င်းအကျဉ်းသားများ အကျဉ်းထောင်ဖောက်၍ ပြေးကြရာ တာလိမင်းသားလေး စန္ဒသိရာက ရက်စက်စွာ နှိမ်နင်းခဲ့၏။

သူ၏လက်ချက်ဖြင့် အကျဉ်းသား အများအပြား ကျဆုံးခဲ့ရသည်။

ဤရန်ငြွေးကြောင့် အကျဉ်းသား၏သွေးသောက်ရဲမက်များက စန္ဒသိရာကို အခွင့်သင့်တိုင်း လုပ်ကြံရန် ကြိုးစားလာခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com



ယခုဆိုလျှင် နှစ်ပေါင်းနှစ်ဆယ်ခန့်ပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။

သို့သော် ... အောင်မြင်မှုမရှိခဲ့သေးပေ။

တာလီစစ်သည်များကလည်း ပြည်မကြီးနယ်မြေ အတော်များများကို သိမ်းပိုက်ထားဆဲဖြစ်သည်။

ဟန်ကေရာဇ်ဘုရင်မှာ တစ်ဖက်၌ မွန်ဂိုများ၏ကျူးကျော်မှုကို ရင်ဆိုင်နေရသဖြင့် စစ်မျက်နှာနှစ်ဖက် မဖွင့်နိုင်ချေ။

ထို့ကြောင့် ... မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော သိုင်းသမားအုပ်စုက တာလီအုပ်စိုးမှုကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆန့်ကျင်တော်လှန်လျက် ရှိနေခြင်းဖြစ်၏။

ရသေ့နှင့်အပေါင်းပါများသည် တာလီမင်းသား စန်သိရာကို လုပ်ကြံတိုက်ခိုက်လိုခြင်းသာ ဖြစ်၏။

ယခု ...

စန်သိရာအစား အမျိုးသမီးကြီးကိုသာ တွေ့ရသဖြင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကုန်ကြ၏။

"ကဲ ... ရှင်တို့ ဘာမှလုပ်စရာမရှိရင် အေးအေးဆေးဆေး ထွက်သွားကြပါရှင်"



အမျိုးသမီးကြီးက ငေးငိုင်တွေဝေနေသော သိုင်းသမားများကို ခပ်အေးအေးပင် လှမ်းပြော၏။

ထို့နောက် ... ဘာကိုမျှ အရေးမထားဟန်ဖြင့် ဘုံကျောင်းဝသို့ လှမ်းသွားလေသည်။

ဤတွင် ...

မရဏတမန် ဆူးပါသော တင်းပုတ်ကို မြှောက်ပြီး ...

"ဟေ့ တို့သခင်လေးကို လက်နက်ပုန်းနဲ့ပစ်တဲ့ ရန်သူမိန်းမကို ဘာဖြစ်လို့ အလွတ်ပေးရမှာလဲ၊ တို့မြေကို ကျူးကျော်တဲ့လူ တိုက်ထုတ်ပစ်"

ပြောပြောဆိုဆိုဖြင့် မရဏတမန်သည် သူ့ရှေ့မှ အေးဆေးစွာ ဖြတ်လျှောက်သွားသည့် အမျိုးသမီးကြီးထံ သံမှိုလက်နက်ပုန်းဖြင့် ရုတ်တရက် ပစ်လွှင့်လိုက်၏။

'ဝှစ် ... ဝှစ် ... ဝှစ်'

တာလီရဲမက်များ ထိတ်ထိတ်ပျာပျာဖြစ်ကုန်၏။

သူတို့၏သခင်မကို မည်သို့ကာကွယ်ရမှန်းမသိအောင် ဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

တာလိသခင်မသည် လှည့်ပင်မကြည့်ဘဲ လက်ကိုဝှေ့ယမ်း၍ ဖမ်းယူလိုက်ရာ သံမှိုအားလုံး သူမ၏လက်ထဲသို့ ရောက်ရှိသွားလေတော့၏။

ထိုစဉ်မှာပင် ...

တာလိမင်းသား စန့်သီရာသည် လက်ရွေးစင် ကိုယ်ရံတော်များနှင့်အတူ ဘုံကျောင်းရှိရာ တောင်ကုန်းပေါ်သို့ ပြေးတက်လာတော့၏။

တောင်ကုန်းတစ်ခုလုံးကိုလည်း တာလိရဲမက်များ ဝိုင်းရံပိတ် ဆို့ထားလိုက်ကြသည်။

တာလိသခင်မ၏ကိုယ်ရံတော်များသည် စစ်ကူရောက်လာသည်ကို တွေ့မြင်သည်နှင့် စပ်စုရသေ့ကြီးတို့လူစုကို ဝင်ရောက်တိုက်ခိုက်ကြတော့၏။

"ယား"

"ခြွမ်း ခြွမ်း ခြွမ်း"

"ဒိုး"



မျက်နှာဖုံးစွပ်အမျိုးသမီးသည် လက်နက်ပုန်း ထိမှန်ခံထားရသော လုလင်ပျိုကို အကာအကွယ်ပေး ဖေးမပြီး ဝိုင်းရံပိတ်ဆို့ထားသူများကို ထိုးဖောက်ထွက်လေ၏။

"ဟင်း ... ဟင်း ... ဒီလိုထွက်ပြေးလို့ ရရိုးလား"

လူတစ်သိုက် ရုတ်တရက်ထွက်ပေါ်လာပြီး သူမအား ဟန့်တားလိုက်၏။

တစ်ဆက်တည်းမှာပင် ဓားတစ်လက်က သူမ၏မျက်နှာဆီသို့ တန်းတန်းမတ်မတ် တိုးဝင်လာ၏။

သူမက လျှပ်တစ်ပြက် ထိုင်ချပေးလိုက်ရာ ဓားသည် သူမ၏ခေါင်းပေါ်မှ ဝှီးခနဲဖြတ်ကျော်သွား၏။

တစ်ဆက်တည်းမှာပင် ...

သူမသည် လက်ထဲမှဓားဖြင့် ရန်သူ၏ဓားကိုင်လက်ကို ဖြတ်ခွဲလိုက်၏။

ရန်သူ၏ဓားပညာကလည်း မမျှော်လင့်နိုင်အောင် ကောင်းလှ၏။ လက်ကို ပြန်မရုပ်ဘဲ လက်ရိုးဆစ်ကိုလှည့်၍ မျက်နှာဖုံးစွပ်အမျိုးသမီး၏ဓားကို ပတ်ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား သူတစ်ပြန်ကိုယ်တစ်ပြန် လက်ရည်တူ ယှဉ်ပြိုင်နေကြသဖြင့် နှစ်ဦးစလုံး အံ့အားသင့်ကုန်ကြ၏။

ထိုအခါမှ ... မျက်နှာဖုံးစွပ်အမျိုးသမီးသည် ပြိုင်ဘက်ရန် သူကို သေချာကြည့်မိတော့၏။

ထိုစဉ် ...

"ဟာ ... ဟိုမှာ စန်းသိရာမဟုတ်လား"

မရဏတမန်က အော်ပြောရင်း မျက်နှာဖုံးစွပ်အမျိုးသမီး ၏ပြိုင်ဘက်ရန်သူထံ တစ်ဟုန်ထိုးပြေးလာ၏။

သူနှင့်အတူ ကျွဲပေါက်ရှင်းတောက်လည်း ပါလာ၏။

မျက်နှာဖုံးစွပ် အမျိုးသမီးသည် မိမိရင်ဆိုင်နေရသူမှာ တာလိမင်းသား စန်းသိရာဖြစ်ကြောင်း သိလိုက်ရသည့်အခါ ဓားကွက် များ သွက်လက်လာ၏။

တိုက်ခိုက်မှုကလည်း ပို၍ ပြင်းထန်လာ၏။

သို့သော် ... စန်းသိရာ၏အတွင်းအားက သူမထက် ကောင်းရာ သူမသည် တိုက်ခိုက်ရင်း တဖြည်းဖြည်း လက်ပန်း လာလေသည်။



သူမအနီးရှိ လုလင်ပျိုသည်လည်း သူမ၏ကာကွယ်မှု အောက်မှ လွတ်ကင်းသွားသဖြင့် တာလိရဲမက်များ၏ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။

ထိုအချိန်တွင် ...

မရဏတမန်နှင့် ကျွဲပေါက်ရှင်းတောက်တို့ ဝင်ရောက်လာ ကြရာ မျက်နှာဖုံးစွပ်အမျိုးသမီးသည် ဘေးထွက်၍ ခဏအနားယူ လိုက်ရ၏။

ပတ်ဝန်းကျင်တစ်ဝိုက်တွင်ကား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိ၏။

မင်းသားစန်းသိရာကို မရဏတမန်နှင့်ကျွဲပေါက်ရှင်း တောက်သာမက စပ်စုရသေ့ကြီးပါ ဝင်ရောက်တိုက်ခိုက်နိုင်ပြီဖြစ်ရာ တိုက်ပွဲအရှိန်သည် ပို၍ပြင်းထန်လာတော့၏။

ထိုအချိန်၌ ...

ဓားသိုင်းအကဖြင့် ကချေသည်အသွင် ဆောင်ယူထားသော အမျိုးသမီးသည် ကောင်းကင်ပေါ်သို့ လက်ပစ်မြားတစ်ခု ပစ်လွှင် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦး'

အပြာရောင်မီးခိုးတန်းတစ်ခု ကောင်းကင်ပေါ် တိုးတက်ပျံ့နှံ့သွားလေ၏။

❖

အချက်ပြမီးခိုးကြောင့် သိုင်းဆရာကြီး ရှောင်ချူးဧွ၏ ရဲမက်များ လေးဘက်လေးတန်မှ ရုတ်တရက်ပေါ်ထွက်လာပြီး တာလိရဲမက်များကို ဝင်ရောက်တိုက်ခိုက်ကြရာ အခြေအနေသည် တစ်ခဏအတွင်းမှာပင် ရှုပ်ထွေးသွားလေတော့သည်။

ထိုအချိန်တွင် တာလိမင်းသားသည် စပ်စုရသေ့ကြီးတို့နှင့် ရင်ဆိုင်တိုက်ခိုက်နေရာမှ ဓားသိုင်းကချေသည်ထံ ခုန်ဝင်သွား၏။

စပ်စုရသေ့ကြီးတို့ကို တာလိစစ်သည်များက ဝိုင်းရံပိတ်ဆို့တိုက်ခိုက်ကြ၏။

ထို့ကြောင့် ... စန်သီရာသည် တောင်ထိပ်ချောက်ကမ်းပါးအနီး၌ ဓားသိုင်းကချေသည်ကို လိုက်၍မိသွား၏။



အမှန်တော့ ...

ထိုဓားသိုင်းကချေသည်သည် တာလိနယ်တစ်လျှောက် တာလိရဲမက်များကို နည်းအမျိုးမျိုးဖြင့် ရှင်းလင်းသုတ်သင်နေသော ဝန်းဘီလူး ကျူးကျူးယန်ဖြစ်၏။

ထို့ကြောင့် ...

စန်သီရာသည် အလွတ်မပေးဘဲ သဲကြီးမဲကြီး လိုက်ပါခဲ့ခြင်းဖြစ်၏။

ကျူးကျူးယန်ကို လိုက်၍မိသောအခါ ချောက်ကမ်းပါးအစပ်သို့ ရောက်ရှိနေလေပြီ။

ထိုကမ်းပါးအစပ်ရှိ တစ်ဖက်တောင်သို့ ဆက်သွယ်ထားသည့် ကျဉ်းမြောင်းလှသော ကျောက်တံတားတစ်ခု ရှိနေသည်။

ကျူးကျူးယန်သည် လွန်စွာကျဉ်းမြောင်းလှသော ကျောက်တံတားပေါ် ခုန်တက်လိုက်ပြီး ...

"ရှင် သတ္တိရှိရင် ကျောက်တံတားပေါ် တက်ခဲ့လေ"

စန်သီရာ ဒေါပွသွား၏။

လှစ်ခနဲပင် ကျောက်တံတားပေါ် ခုန်တက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက်မှ ပင့်၍ တိုက်လာသောလေကြောင့် ၎င်းတို့၏အဝတ်အစားများ တဖျပ်ဖျပ်လွင့်လျက်ရှိ၏။

'ခြွင် ခြွင် ခြွင်'

'ဗြိုး'

'ဝှစ်'

ဓားရောင်တဝင်းဝင်းအောက်၌ သိုင်းကွက်ပေါင်း ငါးဆယ်ခန့် ယှဉ်ပြိုင်ခဲ့ပြီး ဖြစ်၏။

သို့တိုင်အောင် အနိုင်အရှုံး မပေါ်သေး။

ထိုအချိန်တွင် ...

စပ်စုရသော့ကြီးတို့လူစုနှင့် တာလီရဲမက်များသည် တိုက်ရင်းခိုက်ရင်း ကမ်းပါးထိပ်သို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်လေသည်။

၎င်းတို့သည် တစ်ဖက်နှင့်တစ်ဖက် တိုက်လိုက်၊ ကျောက်တံတားပေါ်မှ စန်းသီရာနှင့် ကျူးကျူးယန်တို့၏တိုက်ပွဲကို ကြည့်လိုက်နှင့် ကိုယ်ရောစိတ်ပါ အလုပ်များနေကြ၏။

ကျင်လီဟောက်နှင့်ကျန်ယင်းလျှံတို့ကမူ ကျောက်ကမူလေးတစ်ခုပေါ်မှ အကဲခတ်လျက် ရှိနေ၏။



အတန်ကြာသော် ကျန်ယင်းလျှံ မျက်မှောင်ကြုတ်သွားပြီး

"အဘ ... ဓားသိုင်းကချေသည်ရဲ့သိုင်းကွက်က အဘရဲ့သိုင်းကွက်နဲ့ ခပ်ဆင်ဆင် တူနေသလိုပါလား"

ကျင်လီဟောက် ခေါင်းညိတ်လိုက်၏။

"အင်း ... ဆက်စပ်ကြည့်ရင်တောင် အဲဒီမိန်းကလေးဟာ သမီးနဲ့ အစ်မတော်လိမ့်မယ်ကွဲ့"

"ဟင် ... ဟုတ်လို့လား အဘရဲ့"

"ဒီလိုကွဲ့ ... လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က အဘရဲ့အစ်ကိုကြီးဟာ ရှောင်ချူးဧွရဲ့လက်ရုံးတော်နဲ့ အတော်ကို ခင်မင်ရင်းနှီးခဲ့တယ်၊ ဒါနဲ့ ... အဘရဲ့အစ်ကိုကြီးဟာ အဲဒီလက်ရုံးတော်ရဲ့သမီးကို မွေးစား အမွေခံအဖြစ် မွေးစားခဲ့တယ် ...၊

ဒီကလေးမ ၆-နှစ်အရွယ်ကစပြီး ဓားသိုင်းပညာကို သင်ခဲ့တယ်၊ သိုင်းလောကမှာ အဘတို့ရဲ့ ထိုက်ကျိဓားကွက်နဲ့ ဝူတန်းသိုင်းကွက်ဟာ အထွတ်အထိပ်ပဲလို့ သတ်မှတ်ထားကြတယ် ...၊

အခု ဒီကလေးမ အသုံးပြုနေတာက ထိုက်ကျိဓားကွက်ဆိုတာ အဘအစ်ကိုရဲ့မွေးစားသမီးပဲ ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွင်လိဟောက်က ရှည်လျားစွာ ရှင်းပြလိုက်ခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် ...

ဓားသိုင်းကချေသည် ကျူးကျူးယန်သည် လျှို့ဝှက်လက်နက်ဖြစ်သည့် ပိုက်ကွန်ကို ရုတ်တရက်ဖြန့်ထားလိုက်ရာ စန်သိရာ၏ ခေါင်းပေါ် အုပ်မိုးကျလာလေ၏။

စန်သိရာ ထိတ်ခနဲဖြစ်ပြီး ကမန်းကတန်း ရှောင်လိုက်၏။

ဦးခေါင်းလွတ်သွားသော်လည်း ပခုံးပြင်ကို ပိုက်ကွန်ရှိ ဆူးချွန်များက ချိတ်မိသွား၏။

"အား"

စန်သိရာ၏ပခုံး၌ သွေးများ ရဲခနဲဖြာထွက်လာသည်။

ကျူးကျူးယန်က အလွတ်မပေးဘဲ ဖိ၍ တိုက်ခိုက်လိုက်ရာ စန်သိရာမှာ ဘေးကျပ်နံကျပ် ဖြစ်သွားရ၏။

ထိုစဉ် ...

"သခင်ကြီး ... ကျူပ်လာပြီ"

အသံနှင့်အတူ လူရိပ်တစ်ရိပ် လှစ်ခနဲ ရောက်ရှိလာပြီး သံမျှင်ပိုက်ကွန်ကို သူ၏သံမဏိဓားဖြင့် ခုတ်ပိုင်းဖြတ်လိုက်လေ၏။



'ခြင်'

"တောက် ... တောက်"

သံမျှင်ပိုက်ကွန်များ ပြတ်တောက်သွား၏။

ထိုလူက စန်သိရာရှေ့မှ အကာအကွယ်ပေးရင်း ကျူးကျူးယန်ကို ရင်ဆိုင်လိုက်သည်။

"သူ ဘယ်သူလဲဟင် အဘ"

ကျန်ယင်းလျှံက ကျွယ်လိဟောက်ကကို မေးလိုက်၏။

ကျွင်လိဟောက်က ကျောက်တုံးပေါ် ခုန်ဝင်လာသူအား တစ်ချက်ကြည့်ကာ ...

"အဲဒါ စောစောက အဘပြောတဲ့ မိစ္ဆာကောင်ကြီးဆိုတာပေါ့ သိုင်းလောကသားတွေကတော့ မြွေနဂါးလုံးအော်အဖြစ် သိထားကြတယ်၊ သူဟာ ဝူတန်းတောင် ချင်းစုန်းရသေ့ကြီးရဲ့တပည့် နှစ်ယောက်ထဲက တစ်ယောက်ပဲ"

"ဟင် ... ချင်းစုန်းရသေ့ကြီးမှာ တပည့်နှစ်ယောက် ရှိတာပေါ့ ဟုတ်လား"

"ဟုတ်တယ် သမီး၊ နောက်တစ်ယောက်က ငွေဆေးရှင်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က သူတို့ဟာ ဂူတန်းဓားညီနောင်ဆိုပြီး သိုင်းလောကမှာ ပြိုင်ဘက်မရှိ ကျော်ကြားခဲ့ကြသူတွေပဲ၊ ဒါပေမဲ့…"

"ဒါပေမဲ့ … ဘာဖြစ်သလဲ အဘ"

"အင်း … ဝမ်းနည်းစရာကောင်းတာက မြွေနဂါး လုံးအော် ဟာ တာလီတွေပေးတဲ့ ရာထူးစည်းစိမ်ကိုမက်ပြီး တာလီနယ်စားကြီး မန္တလီဆီမှာ စစ်သူကြီးအဖြစ် ဝင်ပြီး သစ္စာခံအမှုထမ်းလိုက်တာလေ

ငွေဓားရှင်မရှိတဲ့နောက် ဂူတန်းရဲ့ထိပ်တန်းဓားကွက်ကို ရ ထားသူဟာ သူတစ်ယောက်တည်း ရှိတော့တာမို့ ရမ်းချင်တိုင်း ရမ်း တော့တာပေါ့ကွယ်"

ယင်းသို့ပြောနေခိုက်မှာပင် …

မြွေနဂါးလုံးအော်သည် တရစပ်ဖိ၍ တိုက်ခိုက်လိုက်ရ ကျူးကျူးယန်မှာ ဖရိုဖရဲဖြစ်စ ပြုလာတော့၏။

မြွေနဂါးလုံးအော်၏ဓားရိပ်များက ဖြာထွက်နေ၏။

ကျူးကျူးယန်က ပြန်တိုက်ဖို့ နေနေသာသာ ဓားချက်ဒေ အောင် အိုးနင်းခွက်နင်း ရှောင်တိမ်းနေရ၏။

ကြာလျှင် ဓားဖျား၌ အသက်ပါသွားဖို့သာ ရှိတော့သည်



"မဖြစ်ဘူး … ဒီကိစ္စကို အဘ လက်ပိုက်ကြည့်နေလို့ မဖြစ် တော့ဘူး၊ သမီး ဒီကပဲစောင့်နေ"

ကျင်လီဟောက်သည် ပြောပြောဆိုဆိုဖြင့် ကျောက်တံတား ဆီသို့ တစ်ဟုန်ထိုး ပြေးသွားလေတော့၏။

❖

'ခြွင် … ခြွမ်း'

မြွေနဂါးလုံးအော်၏ဓားဖျားသည် ကျူးကျူးယန်၏ရင်ဝသို့ တန်းခနဲ တိုးဝင်လာ၏။

ကျူးကျူးယန်မှာ ရှောင်တိမ်းရန် မဖြစ်နိုင်သကဲ့သို့ ဓားဖြင့် ပင့်ထုတ်ရန်လည်း အချိန်မမီတော့ပါ။

ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် မှင်တက်မိသွား သည်။

ယင်းအခိုက်မှာပင် …

"ယား"

www.burmeseclassic.com

www.burmeseclassic.com



'ခြွမ်း'

ကျင်လီဟောက် လျှပ်တစ်ပြက် ခုန်ဝင်လာပြီး မြွေနဂါးလုံးအော်၏ဓားကို အပေါ်မှ ဖိချလိုက်၏။

တစ်ဆက်တည်းတွင် ... ကျူးကျူးယန်၏ပခုံးကိုဆွဲကာ အတွင်းအားသုံး၍ နောက်သို့ ပစ်လွှင့်လိုက်သည်။

ကျူးကျူးယန်ကလည်း လေထဲကျွမ်းပစ်ပြီး ပေါ့ပါးစွာ ခုန်လိုက်ရာ တစ်ဖက် တံတားအစဝ်သို့ ရောက်ရှိသွားလေ၏။

မြွေနဂါး လုံးအော်သည် ဒေါသူသွားပြီး ကျင်လီဟောက်ကို ချောက်ထဲတွန်းချရန် ဓားဖြင့် တရစပ် ထိုးခုတ်လိုက်၏။

'ခြွမ်း ... ခြွမ်း ... ခြွမ်း'

ဓားဓားချင်း ထိမိသည်နှင့် ပြင်းထန်သော တွန်းအားတစ်ခု ဖိစီးလာသလို ခံစားရပြီး မြွေနဂါးလုံးအော် ခြေနှစ်လှမ်းစာမျှ ဆုတ်သွားရသည်။

မြွေနဂါးလုံးအော် ထိတ်ခနဲ ဖြစ်သွားသည်။

မိမိပြိုင်ဘက်၏အတွင်းအား မည်မျှအထိ နက်ရှိုင်းပါသနည်း။



ပေါ့ပေါ့တန်တန်ဖြင့် အချိန်ဆွဲ၍ တိုက်ခိုက်လျှင် မိမိသာ ဒုက္ခရောက်ဖို့ရှိကြောင်း တွေးမိသည်နှင့် မြွေနဂါးလုံးအော်သည် ပြင်းထန်ရက်စက်သော ဓားကွက်များဖြင့် တရစပ်ထိုးနှက်တိုက်ခိုက်လိုက်လေတော့၏။

'ခြွင် ခြွင် ခြွင် ခြွမ်း'

တစ်ခဏအတွင်းမှာပင် သိုင်းကွက်ငါးဆယ်ခန့် တိုက်ခိုက်ခဲ့ပြီး ဖြစ်သွားသည်။

သို့တိုင်အောင် ကျဉ်းမြောင်းသော ကျောက်တံတားပေါ်၌ အနိုင်အရှုံးမပေါ်ဘဲ နှစ်ယောက်သား ဆက်လက်တိုက်ခိုက်နေကြ၏။

တစ်ချိုတွင် ...

ကျင်လီဟောက်သည် လုံးအော်၏ဓားကို မိမိ၏ဓားဖြင့် ပင့်တင်တွန်းထုတ်ပြီး ကျန်လက်တစ်ဖက်ဖြင့် လုံးအော်၏ရင်ဝကို ရိုက်ချမိ၏။

လုံးအော်သည် လန့်ဖျပ်ကာ လက်ဝါးတစ်ဖက်ဖြင့် ကမန်းကတန်း ဆီး၍ ခံလိုက်ရ၏။

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လှသော တွန်းအားနှစ်ခု ထိပ်တိုက်တွေ့ကာ နှစ်ယောက်စလုံး ပြန်ချက်ပျက်သွားပြီး ...

"အား"

"အိုး"

ကျင်လိပေါက်နှင့် လုံးအော်တို့ နှစ်ယောက်စလုံး ကြိုးပြတ်သော လေတံခွန်ပမာ ချောက်ကမ်းပါးအောက်သို့ ထိုးကျသွားလေ၏။

❖

ကျင်လိပေါက်သည် ချောက်ကမ်းပါးအောက် ကျသည်နှင့် လေထဲ ကျွမ်းတစ်ပတ်ပစ်ပြီး တောင်နံရံ၌ ကပ်ပေါက်နေသော ချုံနွယ်ပင်တစ်ပင်ကို လှမ်းဆွဲခံနိုင်ခဲ့ခြင်းကြောင့် ပြုတ်ကျသွားခြင်း မရှိပေ။

မြေနက်ငါးလုံးအော်မှာမူ အောက်သို့ ဆက်လက်ပြုတ်ကျသွား၏။



သို့သော် ...

သူသည်လည်း ထိပ်သီးသိုင်းသမားကြီးတစ်ဦးဖြစ်ရာ တစ်နည်းနည်းဖြင့် သူ့ကိုယ်သူ ကာကွယ်နိုင်လိမ့်မည်ဟု ကျင်လိပေါက်ကောင်းစွာယုံကြည်ထားလေ၏။

ထိုအချိန်တွင် ...

တာလိမင်းသားစန်သိရာသည် စပ်စုရသေ့ကြီးတို့ ဓားချက်ဖြင့် နောက်သို့ တစ်ဆုတ်တည်း ဆုတ်နေရပြီ ဖြစ်၏။

သို့သော် ...

သူ့နောက်ဘက်၌ ပန်းဘီလူး ကျူးကျူးယန်က ဓားဖြင့် အသင့်စောင့်လျက်ရှိရာ စန်သိရာအဖို့ ရှေ့တိုးတံပိုး၊ နောက်ဆုတ်ဘူးတုတ်ဆိုသလို ဖြစ်နေတော့၏။

တာလိရဲမက်များမှာလည်း သိုင်းသမားများနှင့် ရင်ဆိုင်တိုက်ခိုက်နေကြရာ မင်းသားစန်သိရာကို မည်သို့မျှ လာရောက်ကူညီနိုင်ခြင်း မရှိပေ။

သို့သော် တာလိရဲမက်များသည် သိုင်းသမားအုပ်စုကို လေးဖက်လေးတန်မှ ဝိုင်းရံပိတ်ဆို့ထားကြပြီး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများက ထိုးဖောက်ထွက်နိုင်ခြင်းမရှိပါ။

နှစ်ဖက်စလုံး၏အခြေအနေအား အမှန်ပင် ဘေးကျပ်နံကျပ်ဖြစ်နေတော့၏။

ထိုစဉ် ...

အခြေအနေကို သုံးသပ်မိသော ကျူးကျူးယန်က ...

"ရပ်လိုက်"

မင်းသားစန်သိရာကို တိုက်ခိုက်နေသော စပ်စုရသေ့ကြီးတုန်ခနဲ ရပ်သွား၏။

နားမလည်နိုင်ဟန်ဖြင့် သူမကို လှမ်းကြည့်၏။

သူမက မင်းသားစန်သိရာကို စိုက်ကြည့်ကာ ...

"ဒီမယ် စန်သိရာ ... လက်ရှိအခြေအနေမှာ ရှင့်အသက်ကျွန်မတို့လက်ထဲမှာ ရှိတယ်ဆိုတာ ရှင် နားလည်မှာပါ"

စန်သိရာက နှာခေါင်းရှုံ့ကာ ...

"စကားအပိုတွေ ပြောမနေပါနဲ့၊ လိုရင်းကိုပဲ တည့်တည့်ပြောစမ်းပါ"

ကျူးကျူးယန်က ...



"ကောင်းပြီလေ၊ ရှင် ဆက်ပြီး အသက်ရှင်ချင်သေးတယ်ဆိုရင် ရှင့်ငယ်သားတွေကို နောက်ပြန်ဆုတ်ခိုင်းလိုက်ပါ၊ ကျွန်မတို့လူတွေလည်း အေးအေးဆေးဆေး ဒီက ပြန်ထွက်သွားကြမယ်၊ ဒီနေ့ဒီလောက်နဲ့ပဲ ကြေအေးလိုက်ကြမယ်၊ ဘယ့်နှယ်လဲ"

စန်သိရာက ...

"ဒီနေ့ကိစ္စတော့ ထားလိုက်တော့၊ နောက်ဆိုရင်ကော"

သူမက မဲ့ပြုံး ပြုံးကာ ...

"နောင်ခါလာ နောင်ခါချေး၊ ရှင် ကျွန်မတို့ကို အလွတ်မပေးသလို ကျွန်မတို့နယ်မြေထဲက ရှင်တို့ကို ထွက်မသွားမချင်း ရတဲ့နည်းနဲ့ မောင်းထုတ်မှာပဲ"

တာလီမင်းသား စန်သိရာ ဘာမျှမပြောတော့ပါ။

စပ်စုရသေ့ကြီးတို့အနီးမှ အေးဆေးစွာ ဖြတ်ကျော်ကာ သူ့လူများကို နောက်ဆုတ်ရန် အချက်ပြ အမိန့်ပေးလိုက်လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျူးယန်ဦးဆောင်သော စပ်စုရသေ့ကြီးတို့ လူစုသည် တစ်တောင်ကျော် တစ်တောင်ဆင်းဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းအချိန်တွင် လွန်စွာချောင်ကျလှသော ဝေဖုံးကျေးရွာသို့ ရောက်ရှိလာခဲ့ကြ၏။

ကျေးရွာပိုင်ရှင် ဝေဖုံးသခင်ကြီး၏နေအိမ်ဝင်းအတွင်း အနားယူအပန်းဖြေနေကြစဉ် ကျူးကျူးယန်က မိမိအဖွဲ့နှင့်အတူ ပူးပေါင်းလိုက်ပါလာသည့် မျက်နှာဖုံးစွပ် အမျိုးသမီးအား စပ်စုမေးမြန်းလိုက်၏။

"စိတ်တော့မရှိနဲ့နော်၊ ညီမက ဘယ်သူလဲ၊ ဘယ်လိုကိစ္စနဲ့ ဒီတိုက်ပွဲထဲ ဝင်ပါခဲ့ရတာလဲ၊ ညီမရဲ့ နဂိုရုပ်ရည်ကိုကော မမတို့ ကြည့်ခွင့်မရှိဘူးလား"

မျက်နှာဖုံးစွပ်အမျိုးသမီးက ဘာမျှပြန်မပြောဘဲ မျက်နှာပေါ် ဖုံးအုပ်ထားသည့် မျက်နှာဖုံးကို ဖြည်းဖြည်းချင်း ခွာချလိုက်သည်။

သူမ၏မူလရုပ်ရည်ကို မြင်တွေ့လိုက်ရသည့်အခါ အားလုံးပင် ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်ကုန်ကြလေသည်။



"ဟာ ... တာလီမင်းသားရဲ့ကြင်ယာနဲ့ တူလှချည်လား"

မှန်ပါသည်။

သူမ၏ရုပ်ရည်သည် မင်းသားစန်သိရာ၏ဇနီး မလိဝါနှင့် ချွတ်စွတ်တူနေပေ၏။

အကယ်၍ သူမသာ ကျူးကျူးယန်တို့နှင့်အတူတကွ လိုက်ပါခဲ့ခြင်း မဟုတ်ပါက သူမအား စန်သိရာ၏ဇနီး တာလီမင်းသမီး မလိဝါဟုပင် ထင်မှတ်မှားကြမည် ဖြစ်ပေ၏။

သို့သော် ... သေချာကြည့်ပါက ရုပ်ချင်းသာတူပြီး အသက်အရွယ်မှာ လွန်စွာကွာခြားသည်ကို သတိပြုမိကြမည်ဖြစ်သည်။

"ဒါနဲ့ ကလေးမနာမည်က ဘယ်လိုခေါ်သလဲကွဲ့၊ ကလေးမရဲ့ဆရာသမားကကော"

မရဏတမန်က ဝင်မေးလိုက်ခြင်းဖြစ်၏။

မလိဝါနှင့်တူသည့် မိန်းမပျိုက ...

"ကျွန်မကို လိပ်ပြာလို့ခေါ်ရင် လုံလောက်ပါပြီ၊ ဆရာသမားရဲ့နာမည်ကိုတော့ မပြောပါရစေနဲ့ရှင်၊ ကျွန်မရဲ့မဖြစ်စလောက်ပညာကြောင့် ဆရာသမားရဲ့ဂုဏ်သိက္ခာကို မထိခိုက်စေချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာအမည်ရှိ မိန်းမပျိုက ရှင်းပြနေစဉ် ကျင်လိဟောက်နှင့် မွေးစားသမီး ကျန်ယင်းလျှံတို့က မသိမသာ အကဲခတ်နေကြ၏။

ပြီးမှ ...

ကျင်လိဟောက်က ကျူးကျူးယန်အား ဆက်မမေးရန် မျက် ရိပ်ပြလိုက်သည်။

အကြောင်းမှာ ...

လိပ်ပြာအမည်ရှိ မိန်းမပျိုသည် စိတ်ထိခိုက်ကြေကွဲနေကြောင်း အကဲခတ်မိသောကြောင့် ဖြစ်သည်။

ကျင်လိဟောက်သည် သိုင်းပညာသာမက ဆေးပညာတွင်လည်း တစ်ဖက်ကမ်းခတ် တတ်ကျွမ်းသူဖြစ်ရာ လူတစ်ယောက်ကို အကဲခတ်ကြည့်ရုံဖြင့် မည်သည့်ဝေဒနာ ခံစားနေရကြောင်း သိနိုင်သူဖြစ်၏။

ကျူးကျူးယန်သည် လိပ်ပြာအား နှစ်သိမ့်ပြုံး ပြုံးကာ ...

"ညီမ မမတို့ကို အထင်မလွဲနဲ့နော်၊ ညီမကို မိတ်ဆွေရင်းချာလို ဆက်ဆံချင်လို့ မေးမိတာပါကွယ်"

လိပ်ပြာက ခေါင်းညိတ်ပြ၏။



"ဟုတ်ကဲ့၊ ညီမ သဘောပေါက်ပါတယ် မမ"

ထိုစဉ် ... လူတစ်ယောက်ဝင်လာပြီး ကျင်ရိုဖိန်ရောက်လာကြောင်း ကျူးကျူးယန်ကို သတင်းပို့လေ၏။

ကျင်ရိုဖိန်သည် ဓားလိမ်များကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းတစ်ခု၏ခေါင်းဆောင်ဖြစ်၏။

အင်အားသိပ်မများလှသော်လည်း အဆင့်မြင့် သိုင်းပညာများဖြင့် ဖွဲ့စည်းထားခြင်းကြောင့် သူ၏အဖွဲ့သည် လွန်စွာကျစ်လစ်နိုင်မာလှ၏။

သူတို့အဖွဲ့သည် မကြာခဏဆိုသလိုပင် ကျူးကျူးယန်တို့အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လေ့ရှိ၏။

ယခုလည်း ... ကျူးကျူးယန်တို့လူစု ကျုံကျတ်မီးတွန်းပွဲမှ ပြန်လာကြောင်း သိရသဖြင့် အကျိုးအကြောင်းမေးမြန်းရန် ရောက်ရှိလာခြင်း ဖြစ်၏။

ကျင်ရိုဖိန်တို့ရောက်လာသည့်အခါ သူတို့အားလုံး ဝိုင်းဖွဲ့လျက် ကျုံကျတ်တောင်ပေါ်၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲအကြောင်းပြန်လည်ပြောဆိုသုံးသပ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်ရိုဖိန်က သူတို့ပြောသမျှကို နားထောင်ပြီးနောက် ...

"အင်း ... ဒီအတိုင်းဆို မြွေနဂါးလုံးအော်ဟာ တော်တော်ကြောက်စရာကောင်းမှာပဲ"

ကျူးကျူးယန်က ...

"မှန်တာပေါ့ရှင်၊ ကျွန်မတို့အဖွဲ့မှာ ဦးရီးတော် ကျင်လီဟောက်ကလွဲပြီး သူ့ကို ယှဉ်ပြိုင်မယ့်လူမရှိဘူး"

ဤတွင် ကျင်လီဟောက်က ...

"အမှန်အတိုင်းပြောရရင် ငါလည်း သူ့ကို ရှေ့ည်ယှဉ်နိုင်မှာ မဟုတ်ပါဘူး၊ ခုလည်း သူ ချောက်ထဲကျသွားပေမယ့် သေမှာ မဟုတ်ဘူး၊ တစ်ချိန်ချိန်မှာ တို့ကို ကောင်းကောင်းကြီး ပြန်ပြီး ဒုက္ခပေးလာနိုင်တယ်"

ကျင်ရိုဖိန်သည် အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဟုတ်ပြီ၊ ကျုပ် စဉ်းစားလို့ရပြီ၊ သူ့ကို ယှဉ်နိုင်မယ့်လူတစ်ယောက်ကို ကျုပ် စဉ်းစားမိပြီဗျ"

အားလုံး စိတ်ဝင်စားသွားကြ၏။

"ဘယ်သူလဲ"



"ဓားပျံ ဝမ်းယန်"

အားလုံးပင် ခေတ္တငြိမ်ကျသွား၏။

သူတို့သည် ဓားပျံဝမ်းယန်အမည်ကို မကြားဖူးကြချေ။ လူကိုလည်း မမြင်ဖူးကြပါ။

သို့သော် ...

ရှောင်ဝမ်၏ဓားပညာအကြောင်းကိုမူ သိုင်းလောကသားတိုင်း နားနှင့်မဆံ့အောင် ကြားဖူးထားကြပြီဖြစ်၏။

"အင်း ... သူ့ရဲ့ဓားပညာ ဒီလောက်ကောင်းနေတာ ရသေ့ကြီးချင်းစုန်းရဲ့ နောက်တပည့်သစ်များလား မသိဘူး"

ကျင်လီဟောက်က ကိုယ့်ကိုယ်ကိုယ် မေးသလိုနှင့် ပြော၏။

"တချို့ကတော့ သူ့ကို ဂူတန်းဓားသမားလို့ ခေါ်ကြတာပဲ၊ သူ့ကို ဂူတန်းတောင်တစ်ဝိုက်မှာတွေ့တယ်လို့ တချို့က ပြောတယ်၊ ဒါပေမဲ့ ... ရသေ့ကြီးချင်းစုန်း တပည့်သစ် ထပ်မွေးတယ်လို့ မကြားဘူးဗျ"

ယင်းသို့ ပြောဆိုနေကြစဉ် ...

ကျူးကျူးယန်က လက်ကာပြလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... ဒီကိစ္စကို ခဏထားကြပါဦးရှင်၊ လောလောဆယ် ကျွန်မတို့ အရေးတကြီးလုပ်ရမယ့်ကိစ္စက အဖမ်းခံလိုက်ရတဲ့ သခင်လေးကို ကယ်ဖို့ပါ"

ထိုစကားကြောင့် ...

"သခင်လေးဆိုတာ ဘယ်သူများပါလိမ့်"

"ကျွန်မတို့ရဲ့ဆရာကြီးရှောင်ချူးဇွေရဲ့သား ရှောင်ကျန်းပါ"

"ဟင် ... ဒါဆို အချိန်ဆွဲနေလို့ မဖြစ်ဘူးထင်တယ်"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ ဒီကိစ္စကို ထုတ်ပြောခဲ့တာက အဖွဲ့သားတွေ စိတ်ဓာတ်ကျမှာစိုးလို့ပါ၊ အမှန်တော့ ကျွန်မကိုယ်တိုင်က သူ့အတွက် ကြိတ်ပြီး စိတ်ပူနေမိကြတာပါ"

ဤတွင် ...

ကျင်လိဟောက်က ...

"ဒီကိစ္စကို ... ဦးပဲ တာဝန်ယူလိုက်ပါ့မယ်"

ဤကိစ္စမှာ သွေးပူပူနှင့် အလောတကြီးလုပ်၍ ရသောကိစ္စ မဟုတ်မှန်း အားလုံးသိသည်။

ထို့ပြင် ...



လူအများအပြားဖြင့် စစ်ဆင်တိုက်ခိုက်၍ရသော ကိစ္စမျိုးလည်းမဟုတ်။

လူနည်းနည်းဖြင့် မယောင်မလည် ရုပ်ဖျက်လျှပ်ရှားရမည့်ကိစ္စဖြစ်သည်။

ထို့ကြောင့် ...

ကျင်လိဟောက်၏တာဝန်ယူမှုကို အားလုံးက နားလည်လက်ခံလိုက်ကြသည်။

❖

ကျုံ့ကျတ်မီးထွန်းပွဲတော်ကား ပျက်ယွင်းသွားလေပြီ။

တစ်မြို့လုံးလည်း တိတ်ဆိတ်ခြောက်ကပ်နေလေပြီ။

ညနေက အရေးအခင်းကြောင့် အစောင့်အကြပ်များ ထူထပ်စွာ ချထားခဲ့ပြီဖြစ်၏။

ကျင်လိဟောက်နှင့် မွေးစားသမီးတို့သည် အမှောင်ရိပ်ခိုလျှက် မြို့တံခါးအနီးသို့ ချဉ်းကပ်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့တံခါးကို ပိတ်ထားလေပြီ။

*အစောင့်အကြပ်များလည်း ထူထပ်စွာ ချထားလေ၏။*

ကျင်လိဟောက်သည် မှောင်ရိပ်ခိုကာ အစောင့်အနည်းငယ်ကျဲသော မြို့ရိုးဆီသို့ ချဉ်းကပ်သွား၏။

ထို့နောက် ...

မြို့ရိုးပေါ် နှုန်တက်ရန် ဟန်ပြင်လိုက်စဉ် ...

လူရိပ်တစ်ရိပ် လှစ်ခနဲ လျှပ်ရှားသွားသည်ကို တွေ့လိုက်ရသဖြင့် ...

"သတိထား"

သူမကို လက်တို့သတိပေးလိုက်၏။

သေချာလှမ်းကြည့်လိုက်သောအခါ ...

ထိုအမျိုးသမီးမှာ လိပ်ပြာဟုခေါ်သော မျက်နှာဖုံးစွပ်နှင့်အမျိုးသမီးဖြစ်နေ၏။

သူမသည် သူတို့အား တစ်ချက်ပြုံးပြကာ ...

"ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြတာပေါ့"



ပြောပြီးသည်နှင့် လိပ်ပြာသည် မြို့ရိုးကို ရိပ်ခနဲ ခုန်ကျော်လျက် မြို့ထဲဝင်ရောက်သွားလေတော့၏။

❖

တာလိမင်းသား စန်သိရာသည် ကျူးကျူးယန်၏လက်ချက်ကြောင့် ဒဏ်ရာရခဲ့သဖြင့် အိပ်ရာထက်၌ လဲလျောင်းအနားယူလျက်ရှိ၏။

ဒဏ်ရာက သိပ်ပြင်းထန်ခြင်း မရှိသော်လည်း သွေးထွက်လွန်သဖြင့် အားအင်ကုန်ခမ်းကာ အိပ်ရာထက်၌ အနားယူနေခြင်းဖြစ်သည်။

သူ့အား မလိဝါက ကိုယ်ဖိရင်ဖိပြုစုခဲ့သည်။

အမှန်တော့ မလိဝါသည် မိဘများ၏စီမံမှုကြောင့် စန်သိရာနှင့် လက်ဆက်ခဲ့ခြင်း ဖြစ်သော်လည်း လုံးဝချစ်ခင်ကြင်နာခြင်း မရှိခဲ့ပေ။

အေးတိအေးစက်ဖြင့် ဘာသိဘာသာပင် နေထိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ စိတ်လိုလက်ရ ကိုယ်ဖိရင်ဖိ ပြုစုခဲ့ခြင်း ဖြစ်သည်။

စန်းသီရာမှာ ဒဏ်ရာရခဲ့သည်ကိုပင် ဝမ်းသာကြည်နူးမဆုံး အောင် ဖြစ်သွားရ၏။

ဝမ်းသာကြည်နူးရင်းမှပင် အိပ်ပျော်သွားခဲ့လေသည်။

မလိဝါမှာ စန်းသီရာ အိပ်ပျော်သွားသော်လည်း အနားမှ မခွာသေးဘဲ ငေးမောတွေဝေနေ၏။

ထိုစဉ် ...

မောင်းမတစ်ဦး ဝင်ရောက်လာပြီး ...

"သခင်မကြီး ... လုံသခင်လေး အစေားရောက်လာပါတယ်"

မလိဝါ အံ့အားသင့်သွားသည်။

လုံသခင်လေးမှာ စန်းသီရာ၏တူတော်မောင် ဖြစ်သည်။

"ဟင် ... ညဉ့်နက်လှပြီပဲ၊ သူ မအိပ်သေးပါလား၊ ကဲ ... သွား သွား။ သူ့ကို ဝင်လာခိုင်းလိုက်"

အသက် ၂၀ ဝန်းကျင်ရှိ လူငယ်တစ်ဦး အခန်းထဲ ဝင်ရောက်လာသည်။

"လုံဟူ မင်းမအိပ်သေးပါလား"



လုံသခင်လေးက ဒူးထောက်အရိုအသေပြုလိုက်၏။

ပြီးမှ ပြန်ထကာ ...

"ဦးရီးတော်ရဲ့အခြေအနေကို လာကြည့်တာပါ၊ သူ ဘယ့်နှယ်နေသေးလဲ ဒေါ်လေး"

မလိဝါ ပြုံးပြလိုက်ပြီး ...

"ဒဏ်ရာက စိုးရိမ်စရာမရှိပါဘူးကွယ်၊ သွေးထွက်များလို့ အားယုတ်သွားတာပါ၊ ခုတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပါပြီ"

အခန်းထဲသို့ လူရိပ်တစ်ရိပ် လှစ်ခနဲ ဝင်ရောက်လာ၏။

အမှန်တော့ ...

မလိဝါ၏သိုင်းပညာအဆင့်အတန်းနှင့်ဆိုပါက လူတစ်ယောက် အခန်းတွင်းသို့ ဝင်ရောက်သည်ကို မသိဘဲမဖြစ်နိုင်။

ယခုမူ ... အတွေးများက ပျံ့လွင့်နေသဖြင့် လုံးဝမသိလိုက်ခြင်း ဖြစ်သည်။

မျက်စိရှေ့မှောက် ရိပ်ခနဲရောက်လာမှ သိလိုက်ရတော့သည်။

မျက်နှာဖုံးစွပ်နှင့် အမျိုးသမီးတစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းက ကျုံ့ကျတ်တောင်ပေါ်၌ မိမိအား ဓားမြှောင်နှင့်ထိုးရန် ကြိုးပမ်းခဲ့သော အမျိုးသမီးဖြစ်ကြောင်း ချက်ချင်းပင် မှတ်မိလိုက်သည်။

"မိန်းကလေး ... မင်း ဘယ်သူလဲ"

မလိဝါက တည်ငြိမ်အေးစက်စွာပင် မေးလိုက်သည်။

ဤတွင် မျက်နှာဖုံးစွပ်အမျိုးသမီးက ...

"ကျွန်မ အပြစ်ရှိသူပါ"

မလိဝါ မျက်မှောင်ကြုတ်သွားသည်။ ထိုအသံကို ရင်းနှီးနေသည်ဟု ခံစားရ၏။

လုံသခင်လေးမှာမူ အံ့အားသင့်လျက် ရှိသည်။

ထိုအမျိုးသမီးသည် သူ၏အဒေါ်နှင့် အစစအရာရာ တူညီနေသည်ဟု စိတ်ထဲ၌ ခံစားရ၏။

"နေပါဦး ...အပြစ်ရှိသူလို့ပြောရအောင် ခင်ဗျားက ဘာအပြစ်တွေ လုပ်ခဲ့လို့လဲ"

လုံသခင်လေးက မနေနိုင်ဘဲ ကြားဖြတ်ဝင်မေးလိုက်မိသည်။



မျက်နှာဖုံးစွပ်အမျိုးသမီးက ...

"ကျွန်မကိုယ်တိုင်လည်း ဘာအပြစ်လုပ်ခဲ့မိတယ် မသိပါဘူးရှင်၊ ကျွန်မသိနေတာက ကျွန်မအမေဟာ ကျွန်မကို အခါလည်သားအရွယ်ကတည်းက စွန့်ပစ်ခဲ့တာပဲ၊ ဒါဟာ ... ဘယ်ဘဝက အပြစ်တွေကြောင့်လဲဆိုတာ ကျွန်မ တကယ်မသိတာပါ"

ထိုစကားကြားလိုက်ရသည့်အခါ မလိဝါမှာ မျက်လုံးဝိုင်းစက်ပြူးကျယ်သွားပြီး မျက်နှာဖုံးစွပ် အမျိုးသမီးကို တအံ့တဩ ငေးစိုက်ကြည့်မိတော့၏။

အတန်ကြာမှ သတိပြန်ဝင်လာပြီး ...

"မင်း ... မင်း"

မျက်နှာဖုံးစွပ်အမျိုးသမီး၏ပခုံးနှစ်ဖက် ဆုပ်ကိုင်ရန် လက်လှမ်းလိုက်သည်။

မျက်နှာဖုံးစွပ် အမျိုးသမီးက နောက်သို့ ခြေလှမ်းဆုတ်ကာ

"ရှင် ကျွန်မကို မထိပါနဲ့၊ ရှင်ဟာ တာလီမင်းသားရဲ့ကြီးကျယ်မြင့်မြတ်တဲ့ ကြင်ယာတော်ပါ၊ ကျွန်မအနားကပ်ရင် ရှင့်ရဲ့ တန်ဖိုး ကျသွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မလိဝါမှာ မှင်တက်မိနေ၏။

မျက်နှာဖုံးစွပ်အမျိုးသမီးကို ငေးကြည့်နေသော သူမ၏ မျက်လုံးအစုံတွင် ကြေကွဲရိပ်တို့ ယှက်သမ်းလျှက်ရှိနေသည်။

“မင်းနာမည် ငါ့ကို ပြောပြနိုင်မလား”

“ပြောပြနိုင်ပါတယ်ရှင် လိပ်ပြာပါ”

ဤနာမည်သည် မိမိသမီး၏နာမည် မဟုတ်သဖြင့် မလိဝါ အနည်းငယ် အသက်ရှူချောင်သွား၏။

သို့သော် ...

တိုက်ဆိုင်မှုက မိမိ၏အဖြစ်အပျက်နှင့် ထပ်တူထပ်မျှဖြစ်ရာ စိတ်ထဲက မသက်သာလှပါ။

လိပ်ပြာသည် မိမိ၏သမီးပင်လော။

မလိဝါသည် လိပ်ပြာအား တစ်ချက်အကဲခတ်လိုက်ပြီး -

“မင်းမှာ ငါ့ရဲ့အကူအညီရမှဖြစ်မယ့်ကိစ္စမျိုး ရှိနေလို့လား”

“တကယ်လို့ ရှိခဲ့ရင်ကော ရှင်က ကူညီမှာလား”

မလိဝါ တစ်ချက်တွေဝေသွား၏။

ပြီးမှ ...



“ငါ တတ်နိုင်သာဆိုရင် ကူညီပေါ့မယ်လေ”

ဘာကြောင့်မှန်းမသိ။

လိပ်ပြာ၏အခက်အခဲကို ကူညီဖြေရှင်းပေးမည်ဟု အလိုအလျောက် ဆုံးဖြတ်လိုက်ပြီး ဖြစ်နေ၏။

ဘာကြောင့်လဲ ... မလိဝါကိုယ်တိုင် နားမလည်ပါ။

ထိုစဉ် လိပ်ပြာက ...

“ကောင်းပြီလေ၊ ဒါဆို ... ကျွန်မရဲ့လိုအပ်ချက်ကို ပြောပြပါ့မယ်”

မလိဝါ ခေါင်းညိတ်ပြပြီး နားထောင်နေလိုက်၏။

“ညနေခင်းက ရှင်တို့ဖမ်းသွားတဲ့လူကို ကျွန်မ ပြန်ခေါ်သွားချင်တယ်”

မလိဝါက မျက်မှောင်ကြုတ်ရင်း ...

“ငါ့ကို လုပ်ကြံဖို့ ကြိုးစားတဲ့ ရှောင်ကျွန်းကို ပြောတာလား”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ ... လုပ်ကြံဖို့ ကြိုးစားတာက ရှင့်ကို မဟုတ်ပါဘူး၊ နောက်ပြီး မြို့ထဲမှာရှိတဲ့လူကလည်း ရှင်ဖြစ်လိမ့်မယ်လို့ သူ တကယ်မသိခဲ့ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



မလိဝါ ခေတ္တမှုတွေဝေသွား၏။

ပြီးမှ ယတိပြတ် ဆုံးဖြတ်လိုက်ဟန်ဖြင့် ...

"ကောင်းပြီလေ၊ ငါ လွှတ်ပေးလိုက်မယ်"

မလိဝါ၏ဆုံးဖြတ်ချက်ကြောင့် လုံသခင်လေး မျက်လုံးပြူးသွား၏။

သခင်မကြီးမလိဝါသည် လိပ်ပြာအမည်ရှိ မိန်းမပျို၏ဟောင်းဆိုချက်ကို အဘယ်ကြောင့် အလွယ်တကူ လိုက်လျောရပါသနည်း။

စဉ်းစားမရနိုင်အောင် ဖြစ်သွားရ၏။

သခင်မကြီးနှင့်လိပ်ပြာတို့ ဘယ်လိုဆက်စပ်နေကြပါသနည်း။

❖

အဖမ်းခံနေရသော လုလင်ပျိုကား တော်လှန်ရေးခေါင်းဆောင် ရှောင်ချူးစွေ၏သား ရှောင်ကျန်းဖြစ်၏။



သူသည် မလိဝါပစ်ခတ်လိုက်သည့် လက်နက်ပုန်းကြောင့် သေကံမရောက် သက်မပျောက်ခဲ့သော်လည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

စန္ဒသိရာကိုယ်တိုင် သူ့ကို စစ်မေးရန် ကြံရွယ်ထား၏။

သို့သော် ...

စန္ဒသိရာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိထားခြင်းကြောင့် စစ်ဆေးမေးမြန်းခြင်း မပြုနိုင်သေးဘဲ ဂေဟာနောက်ဘက်ရှိ အခန်းတစ်ခန်း၌ ချုပ်နှောင်ထားခဲ့သည်။

ထို့ကြောင့် ...

သခင်မကြီးမလိဝါအနေဖြင့် အကျဉ်းချထားသည့် ရှောင်ကျန်းကို အလွယ်တကူပင် ခေါ်ထုတ်လာနိုင်ခဲ့၏။

ရှောင်ကျန်းမှာ ညအချိန်မတော်ကြီး ခေါ်ထုတ်ခံရသဖြင့် ထိတ်ခနဲ ဖြစ်သွားမိ၏။

သို့သော် ...

မျက်နှာဖုံးစွပ်နှင့်အမျိုးသမီးကိုမြင်လိုက်ရသည့်အခါတွင် တအံ့တသြ ဖြစ်သွားရပြန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအမျိုးသမီးကား သူ့ထက်ဦးအောင် စန်သိရာကို လုပ်ကြံခဲ့သူ မဟုတ်ပါလား။

ယခု ...

အဘယ်ကြောင့် ...

ရန်သူပိုင်နက်အတွင်း ရောက်ရှိနေရပါသနည်း။

ရှောင်ကျန်းအဖို့ စဉ်းစားရခက်သွား၏။

မျက်နှာဖုံးစွပ်အမျိုးသမီးက သူ့အား တစ်ချက်လှမ်းကြည့်ပြီး ...

"ရှင် ... အံ့ဩသွားသလား၊ ခုအချိန်မှာတော့ ကျွန်မဟာ ရှင့်အတွက် ပုစ္ဆာဆန်နေမှာပဲ၊ ဒါပေမဲ့ ... တဖြည်းဖြည်းတော့ ရှင်နားလည်လာမှာပါ၊ ဒါနဲ့ ရှင် ... လမ်းကောင်းကောင်း လျှောက်နိုင်ရဲ့လား"

ရှောင်ကျန်း ခေါင်းညိတ်ပြ၏။

သို့သော် ...

လမ်းလျှောက်သည့်အခါ ထော့နင်းထော့နင်း ဖြစ်နေ၏။

"ကဲ ... လာ ကျွန်မနဲ့လိုက်ခဲ့"



ပြောပြောဆိုဆိုဖြင့် ထွက်ခွာရန် ဟန်ပြင်လိုက်ရာ ...

"လိပ်ပြာ ... ခဏနေဦး"

လိပ်ပြာအမည်ရှိ မျက်နှာဖုံးစွပ်နှင့် အမျိုးသမီးက လှည့်ကြည့်လိုက်၏။

မလီဝါက မြားတံတစ်ချောင်း လှမ်းပေးရင်း ...

"ရော့ ... ဒီအမိန့်ပေးမြားတံကို ယူသွား။ မင်းတို့အတွက် အများကြီး အထောက်အကူရလိမ့်မယ်"

မြားတံတွင် စန်သိရာဟူသော စာလုံးထွင်းထားသည်ကို တွေ့ရသည်။

လိပ်ပြာသည် မြားတံကို လှမ်းယူကာ ချာခနဲ လှည့်ထွက်ခဲ့သည်။

ရှောင်ကျန်းမှာ ထော့နဲ့ထော့နဲ့ဖြင့် ခပ်သုတ်သုတ်ကြိုးစား လျှောက်ရင်း နောက်မှ လိုက်ပါသွားလေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးမြားတံကြောင့် ...

လိပ်ပြာနှင့်ရှောင်ကျန်းတို့သည် စံအိမ်တော်ဝင်းအတွင်းမှ အခက်အခဲမရှိ ထွက်လာနိုင်ခဲ့ကြသည်။

သို့သော် ...

မြို့တံခါး မရောက်မီ လမ်းခုလတ်၌ ကင်းလှည့်ရဲမက်တစ်စုနှင့် ပက်ပင်းတိုးမိသည့်အခါ ...

အချိန်မတော် သွားလာနေသည့် လိပ်ပြာတို့ကို သင်္ကာမကင်းဖြစ်ပြီး ...

"ဟေ့ ... ဘာအမိန့်ပါပါ မလိုချင်ဘူး၊ ဖမ်းကြစမ်း"

ခေါင်းဆောင်ရဲမက်သည် အမိန့်ပေးမြားတံကို မြင်သော်လည်း လိပ်ပြာတို့ကို လုံးဝမသင်္ကာသဖြင့် မင်းသားစန်သီရာထံ ခေါ်ဆောင်သွားရန်အတွက် ယေသားများကို အမိန့်ပေးလိုက်လေ၏။

ဤတွင် လိပ်ပြာလည်း မတတ်နိုင်တော့ဘဲ ဓားကို ဆွဲထုတ်လျက် တိုက်ခိုက်ရလေတော့၏။

'ခြွင် ... ခြွင် ... ခြွင်'

ရှောင်ကျန်းမှာ ဒဏ်ရာရထားသည့်တိုင် ယခုကဲ့သို့



အကြောင်းပေါ်လာသည့်အခါ အလိုအလျောက်ပင် တုံ့ပြန်လှုပ်ရှားမိလေတော့၏။

သူ့တွင် လက်နက်မရှိပါ။

ထို့ကြောင့် ...

လက်နက်မဲ့ဖြင့် ရှောင်ရင်းတိမ်းရင်း တတ်နိုင်သမျှ ကြိုးစားအားတိုက်ခိုက်လိုက်လေ၏။

ထိုစဉ် ...

"တူ ... တူ ... တူ"

အချက်ပေးသံတစ်သံ ဆူညံစွာထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ...

ရဲမက်စစ်သည်များ ပြေးလွှားလာသံများ ကြားရရာ ရှောင်ကျန်းသည် အခြေအနေမဟန်ကြောင်းသိပြီး ခြေဦးတည့်ရာ ထွက်ပြေးလေတော့၏။

သူ့နောက်သို့ ရဲမက်တစ်စုက ပြေးလိုက်သဖြင့် ခြံဝင်းတစ်ခုအတွင်းသို့ ပျာယီးပျာယာ ပြေးဝင်လိုက်မိသည်။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



အင်အားကုန်ခန်းလှပင်ပန်းကာ မှောက်လျက် လဲကျသတိမေ့သွားလေတော့၏။

❖

လိပ်ပြာသည် ရှောင်ကျွန်း ထွက်ပြေးသွားသည်ကို တွေ့မြင်သည့်အခါ စိတ်ပူသွားမိ၏။

သူ့နောက်လိုက်ပြီး အကာအကွယ်ပေးရန် ကြိုးစားမိလေသည်။

သို့သော် ...

ရဲမက်ခေါင်းဆောင်နှင့် သူ၏ငယ်သားများက ဝိုင်းရံဝိတ်ဆို့တိုက်ခိုက်နေသဖြင့် လိပ်ပြာခမြာ အခက်ကြုံနေရတော့၏။

ထိုစဉ် ...

တာလီရဲမက်တစ်စု ထပ်မံရောက်ရှိလာခဲ့ရာ လိပ်ပြာမှာ အရှူးမီးဝိုင်း ခံရသလို ရုပ်ပျက်ဆင်းပျက် ခုခံကာကွယ်နေရာရှာတော့၏။



ယင်းသို့ ကျဉ်းထဲ ကျပ်ထဲ ရောက်နေခိုက် ...

"ယား"

'ခြွင် ခြွင် ခြွင်'

'ဝုန်း'

တိုက်ခိုက်သံများ ဆူဆူညံညံ ထွက်ပေါ်လာပြီး လူနှစ်ယောက် လိပ်ပြာထံ ရောက်ရှိလာပြီး ပူးပေါင်းလာ၏။

ထိုလူနှစ်ယောက်ကား ကျင်လီဟောက်နှင့် ကျွန်ယင်းလျှံတို့ဖြစ်၏။

သူတို့သုံးယောက် ပေါင်းမိသည့်အခါ ရန်သူသည် ဝိတ်ဆို့ဆန့်တားထားနိုင်စွမ်း မရှိပါ။

ထို့ကြောင့် ...

ငင်းတို့သုံးယောက်သည် ရန်သူကို ထိုးဖောက်လျက် မှောင်မိုက်ထဲ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ကျင်လိပ်ဟောက်၊ ကျန်ယင်းလှုံနှင့်လိပ်ပြာတို့သည် သခင်လေး ရှောင်ကျန်းကို ကယ်တင်ရန် ထွက်လာခဲ့ကြသော်လည်း အောင်မြင်မှုမရဘဲ ပြန်လည်ဆုတ်ခွာခဲ့ကြရတော့သည်။

သုံးယောက်သား စိတ်ပျက်လက်ပျက်ဖြင့် စခန်းချရာ ဝေဠုကျေးရွာသို့ ပြန်ခဲ့ကြ၏။

အချိန်မှာ အရုဏ်ကျင်း၍ အလင်းရောက်လာပေတော့မည်။

တောလမ်းတစ်နေရာသို့အရောက်တွင် ...

ရှေ့မှ ဝတ်စုံနက်နှင့် လူတစ်ယောက် လာနေသည်ကို တွေ့မြင်ရ၏။

လိပ်ပြာသည် ထိုလူအား မြင်လျှင်မြင်ချင်း မှတ်မိကာ ...

"ဟင် ... အစ်ကိုပါလား၊ အတော်ပဲ"

ပြောပြောဆိုဆိုဖြင့် လိပ်ပြာသည် ထိုလူထံ ကပျာကယာ ပြေးသွား၏။

ကျင်လိပ်ဟောက်နှင့် ကျန်ယင်းလှုံတို့က နောက်မှ ခပ်သုတ်သုတ် လိုက်သွားကြ၏။



သူတို့နှစ်ဦးရောက်လာသည့်အခါ လိပ်ပြာက ဝတ်စုံနက်နှင့် လူကို မိတ်ဆက်ပေး၏။

"အဘ ... သူက ဂူတန်းတောင်က ဓားပျံဝမ်းယန်ဆိုတာလေ"

ထိုအခါမှ ...

ကျင်လိပ်ဟောက်သည် ဓားပျံဝမ်းယန်ဆိုသူအား သေချာ အကဲခတ်မိ၏။

မျက်နှာတွင် ကန့်လန့်ဖြတ် ဓားဒဏ်ရာတစ်ခု ရှိနေသဖြင့် အကျည်းတန်သည်ဟု ဆိုနိုင်သော်လည်း ဝမ်းယန်၏အသွင်အပြင်သည် တည်ကြည်ခန့်ညားလှ၏။

ကျင်လိပ်ဟောက်က သူ့အား ပြုံးပြပြီး ...

"အင်း ... မောင်ရင့်ကို ခုမှ မြင်ဖူးပေမယ့် မောင်ရင့်နာမည်နဲ့ ရင်းနှီးနေတာတော့ ကြာပါပြီ"

ဤတွင် ...

လိပ်ပြာက ဝမ်းယန်အား ကျင်လိပ်ဟောက်နှင့် မိတ်ဆက်ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအဘက ချင်းမိန်တောင်သိုင်းဆရာကြီး ကျင်လိဟောက် ဆိုတာပေါ့"

ဝမ်းယန်သည် ထိုအမည်ကို ကြားလိုက်ရသည်နှင့် လွန်စွာ လေးစားဟန်ဖြင့် ဦးညွတ်ဂါရဝပြုလိုက်လေ၏။

"ဆရာကြီးကို ခုလို တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်ဗျာ"

ထို့နောက် ...

လိပ်ပြာက ကျုံ့ကျတ်တောင်ပေါ်၌ ဖြစ်ပျက်ခဲ့သည့်တိုက်ပွဲ အခြေအနေကို ဝမ်းယန်အား ပြောပြရင်း စခန်းချရာ ဝေဖုံးကျေးရွာသို့ ထွက်ခွာခဲ့ကြလေ၏။

လိပ်ပြာတို့နှင့်အတူ ဓားပျံဝမ်းယန်ပါ တစ်ပါတည်း ပါလာသည်ကို တွေ့မြင်ရသည့်အခါ အားလုံးပင် ဝမ်းသာအားရဖြစ်ကုန်ကြ၏။

ထိုအခါ ...

စပ်စုရသေ့ကြီးမှာ ဓားပျံဝမ်းယန် ဘာကြောင့် နာမည်ကြီး သည်ကို လက်တွေ့စမ်းသပ်ချင်သည်နှင့် ...



"သြော် ... ခင်ဗျားက ဓားပျံဝမ်းယန်လား။ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ပြောရင်း လက်ကမ်းပေးလေ၏။

စပ်စုရသေ့ကြီး ဘာအဓိပ္ပာယ်နှင့် လက်ကမ်းပေးခြင်းဖြစ်ကြောင်း ဝမ်းယန် နားလည်မိ၏။

ထို့ကြောင့် ခပ်ပြုံးပြုံးဖြင့် ပြန်လည်လက်ကမ်းပေးလေ၏။

စပ်စုရသေ့ကြီးသည် ဝမ်းယန်၏လက်ကို ဆုပ်ကိုင်မိသည်နှင့် ...

"ဟာ"

စိတ်ထဲမှ လွှတ်ခနဲ ရေရွတ်မိသည်အထိ အံ့သြထိတ်လန့် သွားရ၏။

အကြောင်းမှာ ...

ဝမ်းယန်၏လက်သည် အရိုးအဆစ်မရှိသလို ဝါဂွမ်းဆိုင်ကြီး ပမာ ပျော့ပျောင်းအိထွေးနေခြင်းကြောင့် ဖြစ်လေသည်။

ဝါဂွမ်းထုပ်ကြီးကို အတွင်းအားထည့်၍ ဖျစ်ညှစ်လိုက်ပါက ဘာမှ မထူးခြားနိုင်ပါ။

www.burmeseclassic.com

စပ်စုရသေ့ကြီး ထိတ်လန့်အံ့ဩနေစဉ် ဝမ်းယန်၏ပျော့ပျောင်းအိတွေးနေသော လက်ချောင်းများသည် သံမဏိချောင်းကဲ့သို့ ရုတ်တရက် မာကျောလာပြီး ...

စပ်စုရသေ့ကြီး၏လက်ကို သံညှပ်ကြီးပမာ ဖျစ်ညှစ်လေတော့၏။

"အား"

စပ်စုရသေ့ကြီး နာကြည်းစွာ အော်ဟစ်ပြီး မျက်နှာကြီး ရှုံ့သွား၏။

အနားတွင်ရှိသော ကျူးကျူးယန်က ခစ်ခနဲရယ်ကာ ...

"ဟင်း ... ဟင်း ... ဘယ်သူမပြု မိမိမှုတဲ့၊ သူများကို ပညာသွားစမ်းတာကိုးရှင့်"

စပ်စုရသေ့ကြီးမှာ မချိသွားဖြဲ ရယ်ရင်း နောက်ပြန်ဆုတ်သွားလေ၏။

ဝမ်းယန်သည် ယခုမှ ကျူးကျူးယန်ကို သေချာမြင်တွေ့သတိပြုမိသွားပြီး ရုတ်တရက် ခန္ဓာကိုယ် တုံ့ဆိုင်းသွားလေသည်။

ကျူးကျူးယန်၏စကားသံက ငြိမ်သက်သော ရေပြင်ပေါ်



ခဲလုံးပစ်ချလိုက်သလို သူ၏အတွေးများကို ဂယက်ထစေခဲ့သည်။

အတွေးဂယက် ငြိမ်သက်သွားစေရန် လက်ဝါးနှစ်ဖက် ဖိကြိတ် ပွတ်သပ်နေမိသည်။

ဤအပြုအမူကို ကျူးကျူးယန် မြင်တွေ့သွားသည့်အခါ သူမကိုယ်တိုင်လည်း ရင်ထဲ၌ သိမ့်ခနဲ လှုပ်ရှားသွားရပြန်၏။

"ဟင် ... သူ သူများ ဖြစ်မလား၊ အို ... မဖြစ်နိုင်ပါဘူးလေ၊ သူက ဒီလို အကျည်းတန်ရုပ်မျိုးမှ မဟုတ်တာ"

မှန်ပါသည်။

ယခု မြင်တွေ့ရသောလူကား မျက်နှာ၌ ဓားဒဏ်ရာနှင့် အကျည်းတန်နေ၏။

သူမ၏ရင်ထဲ အမြဲတမ်း စိုးမိုးဖမ်းစားနေသည့် ငယ်ကျွမ်းဆွေကား ခန့်ညားချောမောသူ ဖြစ်သည်။

မိုးနှင့်မြေ၊ ဆီနှင့်ရေလို ကွာခြားလှပါသည်။

သူတို့လူစု တာလိဆန့်ကျင်ရေးကိစ္စများ တိုင်ပင်ဆွေးနွေးနေကြစဉ်မှာပင် တာလိမင်းသား စန်သိရာ၏စစ်သည်ရဲမက်များ ဘုံးကျေးရွာသို့ စစ်ချီလာကြောင်း သတင်းရောက်ရှိလာသည်။

www.burmeseclassic.com



ထို့ကြောင့် ...

သူတို့လူစုသည် တာဝန်အသီးသီး ခွဲဝေကာ ဝေဖုံးကျေးရွာမှ လူစုခွဲ ဆုတ်ခွာခဲ့ကြသည်။

လိပ်ပြာက ရှောင်ကျန်းကို ကယ်တင်ရန် တာဝန်ယူပြီး ...

ကျူးကျူးယန်ဦးဆောင်သည့်အဖွဲ့နှင့် ဝမ်းယန်တို့ တောင်ပိုင်းဒေသ၌ လူသူလက်နက် စုဆောင်းစည်းရုံးရန် တာဝန်ယူလိုက်ကြသည်။

ဝေဖုံးကျေးရွာသို့ တာလိစစ်သည်များ ရောက်ရှိလာသည့်အခါ ၎င်းတို့အား ဆန့်ကျင်သည့် သိုင်းသမားများ တစ်ဦးတစ်ယောက်မျှ ရှိမနေတော့ပါ။

❖ ❖ ❖



# အခန်း (၃)

## ယော်ကျွမ်းချစ်သူ

ကျူးကျူးယန်တို့လူစု ဝေဖုံးကျေးရွာမှ ဆုတ်ခွာလာကြသည့်အခါ တာဝန်ကိုယ်စီဖြင့် အသီးသီးလူစုခွဲ ထွက်ခွာခဲ့ကြသည်။

ကျူးကျူးယန်၊ ကျင်ရိုဖိန်နှင့် ခားပျံဝမ်းယန်တို့မှာ ရည်ရွယ်မထားကြဘဲ တစ်စုတစ်ပွဲတည်းဖြစ်ကာ မြောက်ပိုင်းနယ်သို့ ခြေဦးလှည့်ခဲ့ကြ၏။

ထိုနယ်တွင် မြောင်တိုင်းရင်းသားများ နေထိုင်ကြ၏။

တောတောင်ထူထပ်ပြီး ခရီးလမ်းပန်း ကြမ်းတမ်းလှ၏။

ထိုနေရာ၌ အခြေစိုက်ကာ လူသူလက်နက် စုဆောင်းပါက အန္တရာယ်ကင်းကင်းဖြင့် လွတ်လပ်စွာ လှုပ်ရှားနိုင်မည်ဟု ကျူးကျူးယန်တို့ တွက်ဆကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

နယ်မြေအနေအထား သိရှိကျွမ်းကျင်ရန် တောင်ကြီးတစ်လုံးပေါ် ရောက်ခဲ့ကြသည်။

ညနေစောင်းသည့်အခါ ချုံနွယ်ပိတ်ပေါင်းနှင့် တောခေါင်အရပ်သို့ရောက်ရှိပြီး လူနေအိမ်ခြေ လုံးဝမတွေ့တော့ပေ။

"အင်း ... ဒီညအဖို့တော့ ဂူအောင်းရတော့မယ် ထင်တယ်"

ကျူးကျူးယန်က ချုံနွယ်ပိတ်ဖုံးနေသော တောင်နံရံများသို့ လှမ်းကြည့်ရင်း ပြောလိုက်ခြင်း ဖြစ်သည်။

ဤတွင် ဝမ်းယန်က ...

"ဟာ ... ခင်ဗျားက လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့်မှ ကြိုက်တာ၊ ဂူထဲနေလို့ ဖြစ်မလား"

ထိုစကားကြောင့် ...

ကျူးကျူးယန် မျက်မှောင်ကြုတ်သွားပြီး

"ဟင် ... ရှင် ကျွန်မအကြိုက်ကိုတောင် ချက်ချင်းသိနေရောလား"

ဝမ်းယန် ဖျာဖျာသလဲဖြစ်သွားကာ ...



"သိလို့ မဟုတ်ပါဘူးဗျာ၊ မိန်းကလေးတွေဟာ များသောအားဖြင့် ကျယ်ပြန့်သန့်ရှင်းတာကို ကြိုက်တယ်လို့ ကျုပ်က မှန်းဆပြီး ပြောလိုက်တာပါ"

အမှန်ကလည်း ကျူးကျူးယန်သည် ကျဉ်းကျပ်မှောင်မိုက်ခြင်းကို မကြိုက်ပါ။

"ခုလို တာလိတွေကို တော်လှန်တိုက်ခိုက်နေတဲ့အချိန်မှာ ကျွန်မအဖို့ ဘယ်နေရာမဆို နေနိုင်တဲ့အကျင့် ရှိသွားပါပြီရှင်"

ကျူးကျူးယန်က ရယ်ရယ်ပြုံးပြုံး ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ ကျင်ရှိဖိန်မှာ ကျူးကျူးယန်နှင့်ဝမ်းယန်တို့ တရင်းတနှီး ပြောဆိုသည်ကို မြင်သောအခါ စိတ်ထဲ၌ မနာလိုဝန်တိုစိတ်များ ဖြစ်ပေါ်လာမိ၏။

ကျူးကျူးယန်အပေါ် မေတ္တာစိတ် ယိုဖိတ်ခဲ့သည်မှာ သုံးနှစ်သုံးမိုးမကပင် ရှိခဲ့ပြီမဟုတ်ပါလား။

မိမိအပေါ်တွင် ခပ်တည်တည်ဖြင့် မှန်တန်းသော ဆက်ဆံခဲ့ပြီး ယခုမှ တွေ့ဆုံသိကျွမ်းသည့် ဝမ်းယန်အပေါ် တရင်းတနှီး ဆက်ဆံနေသည်မှာ သူ့အတွက် ဝေဒနာပွားစရာ ဖြစ်နေရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျူးကျူးယန်က သူ့ဘက်လှည့်ပြီး ...

"ကျင်အစ်ကိုကြီး ... ထူးထူးခြားခြား နှုတ်ဆိတ်လှချည်လား။ ကဲ ... ကဲ ... အချိန်ရှိတုန်း ဂူတစ်ခုခုလောက်ရှာပြီး ညအိပ်စခန်းချကြရအောင်"

ခဲခဲယဉ်းယဉ်း မရှာလိုက်ကြရပါ။

မကြာမီမှာပင် ... ညအိပ်စခန်းချရန် အဆင်ပြေသော ဂူတစ်ဂူကို ရှာဖွေတွေ့ ရှိခဲ့ကြ၏။

နေရောင်မပျောက်သေးသော်လည်း ဂူထဲတွင်ကား မှောင်နေလေပြီ။

❖

သစ်ရွက်သစ်ခြောက်များကို စုပုံမီးရှို့ထားသဖြင့် လိုဏ်ဂူထဲ၌ လင်းလင်းကျင်းကျင်း ဖြစ်နေပေသည်။

ကျူးကျူးယန်တို့သုံးယောက်သား ရေးဖြစ်နောက်ဖြစ် စပ်မိစပ်ရာ ပြောဆိုနေကြသည်။



"ဩော် ... ဒါနဲ့ ဝမ်းအစ်ကိုကြီးကို တစ်ခုလောက် မေးပါရစေ"

"မေးပါ"

"ရှင် ဂူတန်းတောင်မှာနေတာ ဘယ်လောက်ကြာပြီလဲ"

"အင်း ... အနှစ်နှစ်ဆယ်နီးပါးလောက် ရှိတော့မယ် ထင်တယ်"

ကျူးကျူးယန် စိတ်လှုပ်ရှားသွားသည်။

သူမ၏ယောက်ျားချစ်သူနှင့် ကွဲကွာခဲ့သည်မှာလည်း ထိုမျှကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။

သူမသည် ကျောပိုးအိတ်ထဲမှ ပိတ်သား ကားလိပ်တစ်ချပ်ကို ထုတ်ပြီး ဖြန့်လိုက်သည်။

"ကဲ ... ဒီပုံကို ကြည့်လိုက်ပါဦးရှင်"

ရုပ်ပုံကားချပ်ကို မြင်တွေ့လိုက်ရသည်နှင့် ဝမ်းယန်သည် စိတ်လှုပ်ရှားသွားပြီး မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

ကားချပ်ထဲမှ ရုပ်ပုံကား သက်ဝင်လှုပ်ရှားနေသော ဆယ့်ခြောက်နှစ်အရွယ်ခန့်ရှိ လုလင်ပျိုတစ်ဦး၏ ရုပ်ပုံပန်းချီကား ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒီပုံထဲကလူကို သိသလား"

ကျူးကျူးယန်က ရွှန်းရွှန်းစားစားကြည့်ရင်း ဝမ်းယန်ကို မေးလိုက်သည်။

ဝမ်းယန်သည် ကျူးကျူးယန်ကို မျက်နှာချင်းမဆိုင်ဝံ့သလို ဖြင့် ခေါင်းငုံ့ကာ ...

"ဘယ်သိနိုင်ပါ့မလဲဗျာ"

ထိုစဉ် နံဘေးရှိ ကျင်ရိုဖိန်က ...

"နေပါဦးဗျ၊ ဒီပုံက ဘယ်သူ့ပုံမို့ ခင်ဗျားက သွားလေရာ အမြတ်တနိုး ဆောင်ထားရတာလဲ"

ကျူးကျူးယန် သက်ပြင်းချလိုက်သည်။

"အင်း ... အမှန်အတိုင်း ဝန်ခံရရင်တော့ ဒီပုံရှင်ဟာ ကျွန်မ ရဲ့ခင်ပွန်းလောင်း ဘဝခရီးဖော်အဖြစ် ရည်မှန်းထားတဲ့လူပါပဲရှင်"

ထိုစကားကြောင့် ...

ကျင်ရိုဖိန် မျက်လုံးပြူးသွားသည်။

သူ တွယ်တာမြတ်နိုးနေရသော မိန်းမပျိုတွင် မိမိထက် လက်ဦးသူရှိကြောင်း သိလိုက်ရပြီ မဟုတ်ပါလား။



"ဒီအကြောင်းတွေ စောစောပိုင်းက ထုတ်ဖော်ပြောခဲ့ပါ လားဗျာ"

ကျင်ရိုဖိန်က မချိတင်ကဲ ပြောမိ၏။

"ကျွန်မလည်း ပြောဖို့ပါပဲရှင်၊ ဒါပေမဲ့ ... အခွင့်မသင့်တာ နဲ့ ခုမှပဲ ပြောဖြစ်တော့တယ်"

"ဒါနဲ့ ... အခု အဲဒီလူကော"

ကျူးကျူးယန်၏မျက်နှာ ရုတ်ခြည်းညှိုးကျသွားကာ ...

"သေသွားပါပြီ၊ သေတာမှ ကျွန်မကြောင့် သေခဲ့ရတာပါ"

"ဗျာ"

ကျင်ရိုဖိန် မျက်လုံးဝိုင်းသွားသလို ဝမ်းယန်လည်း စိတ်လှုပ် ရှားသွား၏။ သူက သူမအား မယုံကြည်နိုင်ဟန်ဖြင့် ကြည့်ကာ ...

"ခင်ဗျားကြောင့် ဟုတ်လား၊ ဘယ်လိုဖြစ်ရတာလဲဗျ"

သူ သက်ပြင်းမှုင်းမှုင်းချရင်း ...

"အင်း ... သူက ကျွန်မတို့ တော်လှန်ရေးစခန်းဌာနချုပ်ကို ...ပြောခဲ့လို့လေ၊ ကံကောင်းလို့ ကျွန်မတို့ တစ်ဖွဲ့လုံး အချောမှန်းမ ...က်ရတာ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာ တင်းမာသွား၏။

"ဒီလိုလူမျိုးကတော့ ဆယ်ခါပြန်တောင် သေသင့်ပါတယ်ဗျာ"

သူမက ...

"ဒါပေမဲ့ ... နောက်ပိုင်းအဖြစ်မှန်ကို သိရတဲ့အခါ ခုချိန်ထိ ကျွန်မ ရင်ထဲမချိအောင် ခံစားရပါတယ်ရှင်"

သူကော ဝမ်းယန်ပါ သူမကို ငေးစိုက်ကြည့်မိကြတော့သည်။

ထို့နောက် ...

သူမက ဖြစ်ပျက်ပုံကို အသေးစိတ်ပြန်လည်ပြောပြ၏။

"သူဟာ တော်လှန်ရေးသမားဝတ်စုံနဲ့အတူ တာလီနယ်စားကြီးဂေဟာမှာ အဖမ်းခံနေရတယ်၊ တော်လှန်ရေးသိုင်းသမားတွေရဲ့ စခန်းကို အမျိုးမျိုး စစ်မေးပေမယ့် မပြောဘူး၊ ဒီလိုနဲ့ နယ်စားကြီးနဲ့ သမီးမဂ်လာပွဲ ကျင်းပမည့် ရက်တစ်ရက်အလိုမှာ ညှင်းပန်းခံထားတဲ့ အကျဉ်းသားတစ်ယောက် သူ့ရဲ့အချုပ်ခန်းထဲ ရောက်လာတယ်

သူနှင့်ဝမ်းယန်တို့ စိတ်ဝင်စားစွာ နားထောင်နေကြ၏။



"အကျဉ်းသားက အချုပ်ခန်းကို ဖောက်ပြေးဖို့ တိုင်ပင်တယ်၊ ဒါပေမဲ့ ... ပြေးစရာမြေမရှိလို့ တော်လှန်ရေးစခန်းကို လိုက်ပါရစေလို့ သူ့ကို ပြောတယ် ...၊

သူလည်း အကျဉ်းသားကို ယုံလည်းယုံ၊ သနားလည်း သနားတာနဲ့ အချုပ်ခန်း ဖောက်ပြေးပြီ စခန်းရှိရာကို လမ်းညွှန်လိုက်တယ် ...၊

လူစုခွဲထွက်ပြေးပြီး စခန်းမှာ ပြန်ဆုံကြမယ်ပေါ့၊ ဒါပေမဲ့ အဲဒီအကျဉ်းသားဟာ တာလီတွေရဲ့သူလျှို ဖြစ်နေတယ်လေ"

"နောက်တော့ကော ဘာဆက်ဖြစ်သေးသလဲ"

"နောက်တော့ သူနဲ့ကျွန်မ ဆုံဖြစ်တယ်၊ စခန်းကို ပြောပြလိုက်တာ ရှင်လားလို့ မေးတဲ့အခါ သူက ဝန်ခံတယ်၊ ကျွန်မလည်း သူ့ကို သစ္စာဖောက်ဆိုပြီး ပါးရိုက်မိတယ်၊ သူ အရမ်းရှက်သွားပြီး နှမ်းကျွန်းမြစ်ထဲ ခုန်ဆင်းသေကြောင်းကြံသွားတာပါပဲရှင်"

ယင်းသို့ ပြောဆိုနေစဉ် ...

"ရှူး"

ဝမ်းယန်က ရုတ်တရက် အချက်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ...

နားစွင့်ရင်း ...

"ဂူအပြင်ဘက်က အသံကြားတယ်"

ဝမ်းယန်၏စကား မဆုံးသေးမီမှာပင် ဂူထဲသို့ လူနှစ်ယောက် သုတ်သီးသုတ်ပျာ ဝင်ရောက်လာ၏။

ဝမ်းယန်နှင့်ကျင်ရိုဖိန်တို့ တိုက်ခိုက်ရန် ဟန်ပြင်လိုက်မိကြသည်။

သို့သော် ...

ဝင်လာသူနှစ်ယောက်မှာ ဒေသခံ မြောင်လူမျိုးများဖြစ်ကြောင်း သိရသဖြင့် ...

"ရေးကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲ"

ဝမ်းယန်က အကဲခတ်ရင်း လှမ်းမေးလိုက်၏။

"ဟို ဟို ... လူ လူလိုက်လို့"

ဝမ်းယန်က ဂူအပြင်သို့ လှမ်းမျှော်ကြည့်လိုက်ရာ ...

"ဟား ဟား ဟား ... မင်းတို့ပြေးလည်း အပိုပါပဲကွာ၊ ငါ့လက်ထဲက လွတ်မယ်ထင်နေသလား"



ဝင်လာသူများမှာ တာလိရဲမက်လေးဦးနှင့် ၎င်းတို့အား ဦးဆောင်လာသူ မြွေနဂါးလုံးအော်ဖြစ်ပေသည်။

လုံးအော်ကို မြင်လိုက်ရသည်နှင့် ကျူးကျူးယန်မှာ ကွက်ခနဲ မျက်နှာပျက်သွားရ၏။

လုံးအော်၏စကားသံသည် လိုက်သံပါနေရာ အတွင်းအားမည်မျှမြင့်လားကြောင်း သိသာလှသည်။

လုံးအော်သည် ကျင်လိဟောက်နှင့် တိုက်ခိုက်ရင်း ချောက်ထဲပြုတ်ကျခဲ့သော်လည်း မသေဘဲ သည်နေရာသို့ ရောက်ရှိလာခဲ့သည်။

တာလိစံအိမ်သို့ မပြန်ဘဲ အဘယ်ကြောင့် သည်နေရာသို့ ရောက်လာရပါသနည်း။ ကျူးကျူးယန် စဉ်းစား၍မရပါ။

"ကဲ ... ငါ သိပ်များများ မပြောချင်ဘူး၊ မင်းတို့ဆီက ငွေကြွတ်ကို ငါ့ကိုပေးလိုက်၊ မင်းတို့ကို ငါ ရန်မရှာဘဲ အေးအေးဆေးဆေး ပြန်ထွက်သွားမယ်၊ ဘယ့်နှယ်လဲ"

လုံးအော်က မြောင်တိုင်းရင်းသားနှစ်ယောက်ကို လှမ်းကြည့်ရင်း ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ...

မြောင်တိုင်းရင်းသားနှစ်ယောက်သည တစ်ယောက်ကို တစ် ယောက် တစ်ချက်ကြည့်ကာ ...

"ယား"

နှစ်ယောက်သား တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လိုက် ကြသည်။

'ဝုန်း'

'ဝုန်း'

ပြင်းထန်သော တန်းကန်အားတစ်ခု တိုးဝင်လာပြီး မြောင် တိုင်းရင်းသားနှစ်ယောက် လွင့်ထွက်သွားကြ၏။

'ရှီး'

လက်နက်ပုန်းတစ်ခု ရုတ်တရက် ပစ်လွှင့်လာသည်။

ရှောင်တိမ်းရန် လုံးဝမဖြစ်နိုင်တော့ပါ။

သို့သော် ... လုံးအော်ကား အဆင့်မြင့်ထိပ်သီးသိုင်းသမား ဖြစ်၏။ လေထဲမှာပင် တစ်ပတ်ကျွမ်းပစ်ကာ ခြေဖနောင့်ဖြင့် လက် နက်ပုန်းကို လာရာလမ်းအတိုင်း ကန်ထုတ်ပစ်လိုက်၏။



'ဒုတ်'

'ဗိုး'

ကျင်ရိဖိန်သည် မိမိပစ်လိုက်သော လက်နက်ပုန်း မိမိထံ အရှိန်ဖြင့် ပြန်လည်တိုးဝင်လာသည်ကို တွေ့သည့်အခါ လက်ထဲမှ ဓားဖြင့် ရိုက်ချလိုက်၏။

ပွဲ့လွင့်လာသည့်အရှိန်က ပြင်းထန်လှသဖြင့် ...

'ထန်း'

ကျယ်လောင်သည့်အသံနှင့်အတူ ကျင်ရိဖိန်၏ဓားကိုင်ထား သောလက်မှာ ကျဉ်ခနဲဖြစ်သွားရလေ၏။

ထိုအချိန်မှာပင် ...

လုံးအော်သည် လှစ်ခနဲခုန်ဝင်ရောက်ရှိလာကာ ကျင်ရိဖိန်၏ မျက်နှာကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ကျင်ရိဖိန်ကို ထိတ်ခနဲဖြစ်သွားပြီး ကမန်းကတန်း လှမ်း ရှောင်လိုက်၏။

သို့တိုင်အောင် ...

'ဖြန်း'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်သည့်ဘက်သို့ပင် လုံးအောင်၏လက်ဝါးက ကျရောက်လာသည်။

ကျင်ရိုဖိန်မှာ မျက်လုံးများ ပြာဝေသွား၏။

လုံးအောင်၏လက်ညှိုးတစ်ချောင်းက သူ၏သွေးကြောနေရာသို့ တစ်ဆက်တည်း တိုးဝင်လာသည်။

ထိုတခဏ်အချိန်မှာပင် ...

'ဝှစ်'

လေတိုးသံနှင့်အတူ လက်နက်ပုန်းတစ်ခု လုံးအောင်ထံ အရှိန်ဖြင့် တိုးဝင်လာ၏။

ထို့ကြောင့် ...

လုံးအောင်သည် ကျင်ရိုဖိန်ကို သွေးကြောမပိတ်နိုင်တော့ဘဲ လက်နက်ပုန်းကို လက်ဝါးစောင်းဖြင့် ရိုက်ထုတ်လိုက်၏။

သို့သော် ...

ယခုတစ်ကြိမ်တွင်ကား လက်နက်ပုန်းသည် ပြန်လည်လွင့်စဉ်သွားခြင်း မရှိဘဲ ဆက်လက်တိုးဝင်သွားရာ သူ၏ရင်ဝကို ရှပ်ထိပြီး ကျောက်နံရံကို သွား၍ထိမှန်လေ၏။



'ထန်း'

လုံးအောင် ကွက်ခနဲ မျက်နှာပျက်သွား၏။

လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော ရန်သူနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ချက်ချင်း နားလည်လိုက်၏။

အဆိုးဆုံးကား ရန်သူ၏တိုက်ခိုက်မှုပညာသည် မိမိနှင့်တိုက်တိုက်ဆိုင်ဆိုင် တူညီနေခြင်းပင်။

မိမိထက်ပင် နှာတစ်ဖျား သာနေခြင်းကြောင့် လုံးအောင်စိတ်လန့် အံ့သြသွားရသည်။

"မင်း ... မင်း ဘယ်သူလဲ"

ဝမ်းယန်က ရှေ့သို့ ခပ်အေးအေး လျှောက်လာပြီး ...

"ဟင်း ... ဟင်း ... ပညာချင်းစပ်ကြည့်ရင် ပညာသင်ဘက်ညီအစ်ကိုပေါ့ဗျာ၊ ဒါပေမဲ့ ... ကျုပ်ကတော့ ပညာသင်ဘက် နောင်တော်လို့ မသတ်မှတ်ဘူး၊ ခင်ဗျားဟာ တာလီနောက်လိုက် ခွေးပဲ"

အမှန်တော့ ...

ဝမ်းယန်သည် ဂူတန်းတောင်ရသေ့ကြီး ချင်းစုန်း၏တူတော်ဖြစ်သော လူပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို မသိခဲ့ပေ။

ချင်းစုန်း၏တပည့်နှစ်ယောက်အနက် ငွေဓားရှင် သေဆုံး သွားပြီဖြစ်ရာ လုံးအော်သည် တာလိတို့ထံ သစ္စာခံလျက် သိုင်းလော ကအတွင်း ထင်တိုင်းကျဲနေခဲ့သူ ဖြစ်သည်။

ယခုတိုင်အောင် သူ့ကို လက်ရည်တူ ယှဉ်ပြိုင်နိုင်သူ မ သေး။

သူနှင့်ရင်ဆိုင်မိသော သိုင်းသမားတိုင်း ကျင်လိပေါက် လွှဲ၍ အားလုံးပင် အသက်နှင့်ခန္ဓာ အိုးစားကွဲကြရသည်ချည်း ဖြ သည်။

ယခုတိုင်အောင် သူ့ကို လက်ရည်တူ ယှဉ်ပြိုင်နိုင်သူ မ သေး။

သူနှင့်ရင်ဆိုင်မိသော သိုင်းသမားတိုင်း ကျင်လိပေါက် လွှဲ၍ အားလုံးပင် အသက်နှင့်ခန္ဓာ အိုးစားကွဲကြရသည်ချည်း ဖြ သည်။

ယခုမူ ...

လုံးအော်အတွက် ဝဋ်လည်ပြီဟု ဆိုရပေတော့မည်။



ဆရာတူ တပည့်ချင်း ဖြစ်ပါလျက် ဝမ်းယန်က သူ့ထက် နာတစ်ဖျား သာနေသည် မဟုတ်ပါလား။

ယင်းအခိုက်တွင် ...

တာလိရဲမက်တစ်ဦးက မြောင်တိုင်းရင်းသားထံ ခုန်ဝင်တိုက် ခိုက်ပြီး ၎င်းတို့ထံ၌ရှိနေသော ရတနာငွေကြုတ်ကို လုယူထွက်ပြေး သွားလေတော့သည်။

❖

ရတနာငွေကြုတ်ကို လုယူထွက်ပြေးသွားသူမှာ တာလိမင်း သား၏လူယုံသိုင်းသမားကြီး နိုမူရာဖြစ်သည်။

နိုမူရာ ငွေကြုတ်ကို လုယူထွက်ပြေးသွားသည်နှင့် ဝမ်းယန် သည် လုံးအော်နှင့် ဆက်လက်ရင်မဆိုင်တော့ဘဲ နိုမူရာနောက်သို့ အကြမ်း ပြေးလိုက်လေ၏။

ကိုယ်ဖော့ပညာလည်း အထူးကောင်းလှသော ဝမ်းယန် သည် မကြာမီမှာပင် နိုမူရာကို လိုက်၍ မီလာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ခြွမ်း ... ခြွမ်း ... ခြွမ်း'

သို့သော် ...

နီမူရာသည် တိုက်ရင်းခိုက်ရင်း တဖြည်းဖြည်း နောက်ဆု
သွားရ၏။

နောက်ဆုံးတွင် ...

ဆုတ်ရင်း ရေတံခွန်ရှိရာ ကမ်းပါးစွန်းသို့ ရောက်သွား၏
ဆက်၍ ဆုတ်စရာမရှိတော့ပါ။

ထိုအချိန်တွင် ...

လုံးအော် ကမန်းကတန်း ပြေးလွှားရောက်ရှိလာရာ ...

"လုံးအော် ... ရှော့"

ကြံရာမရဟန်ဖြင့် နီမူရာက ငွေကြုတ်အား လုံးအော်
လှမ်းပစ်ပေးလိုက်၏။

ဝမ်းယန်လည်း လုံးအော်ထံ ခုန်ဝင်လိုက်ရပြန်သည်။

နီမူရာက တောင်နံရံကို ကုတ်ကပ်တွယ်တက်သွား၏။

တောင်ပေါ်ရောက်သည့်အခါ ကျောက်တုံးကြီးတစ်
လိမ့် ချလိုက်ရာ ...



'ဝေါ'

'ဝုန်း'

ဝမ်းယန်နှင့်လုံးအော်တို့မှာ တစ်ယောက်ကိုတစ်ယောက် အကြိတ်အနယ် တိုက်ခိုက်နေကြရသဖြင့် ရှောင်ရန်မလွယ်ဘဲ နှစ်ယောက်စလုံး ချောက်ထဲရှိ ရေထဲသို့ ကျရောက်သွားလေတော့၏။

'ဗွမ်း'

ဝမ်းယန်က ဒေါသထွက်သွားပြီး ရေထဲအကျ၌ လက်နက်ပုန်းဖြင့် ရုတ်တရက် ပစ်ခတ်လိုက်ရာ နီမူရာ၏လက်မောင်းကို ထိမှန်သွားလေသည်။

"အား"

ဝမ်းယန်က တစ်ဆက်တည်းမှာပင် ကိုယ်ကို တစ်ပတ်လှည့်ပြီး ကျောက်ကမူတစ်ခုကို ခြေဖြင့် လှမ်းဆိုတ်လိုက်၏။

လုံးအော်မှာမူ ရေထဲသို့ ထိုးကျသွား၏။

သို့သော် ...

ဝမ်းယန်က သူ့အား ကြက်ငှက်ဖမ်းသည့်အလား ဖမ်းဆွဲထားလိုက်ခြင်းကြောင့် ရေစီးနှင့်မျောပါမသွားချေ။

www.burmeseclassic.com

www.burmeseclassic.com



"ရတနာငွေကြုတ် ... ပြန်ပေးစမ်း"

လုံးအော်မှာ ရေထဲ၌ ကိုယ်တစ်ဝက် နစ်နေသဖြင့် မည်သို့မျှ တုံ့ပြန်နိုင်ခြင်း မရှိပေ။

ထို့ပြင် ...

ဝမ်းယန်က လည်ပင်းညှစ်ထားရာ ...

လုံးအော် အတော်ပင် အခြေအနေဆိုးဝါးလျက် ရှိ၏။

ဝမ်းယန်က ကျန်လက်တစ်ဖက်ဖြင့် လုံးအော်၏ရင်ဘတ်ထဲရှိ ငွေကြုတ်ကို ထုတ်ယူလိုက်၏။

ထိုစဉ် ...

ပြာလဲ့လဲ့အလင်းရောင်တန်း ထိုးကျလာပြီး ...

'ဝုန်း'

ပေါက်ကွဲသံနှင့်အတူ ရေပန်းများ ဖွာရာကြဲလွင့်စဉ်သွား၏။

တာလီစစ်သည်တစ်ဦးက ယမ်းလုံးဖြင့် ပစ်ပေါက်ဖောက်ခွဲလိုက်ခြင်းဖြစ်သည်။

ကျူးကျူးယန် အလျှင်အမြန် ပြေးလာပြီး တိုက်ခိုက်လိုက်သော်လည်း မမီတော့ပါ။



လုံးအော်သည် ပေါက်ကွဲမှုအရှိန်ကြောင့် ဝမ်းယန်လက်မှ လွတ်ကာ ရေစီးထဲ မျောပါသွားစဉ် ...

အရှိန်ဖြင့် ကျောက်နံရံဆီ ခုန်ကူးကာ ကုတ်ကပ်တွယ်တက်သွားလေတော့၏။

❖

ကျူးကျူးယန်နှင့် ကျင်ရိဖိန်တို့က နွယ်ကြိုး ချပေးပြီး ဝမ်းယန်ကို ချောက်ကမ်းပါးပေါ် ပြန်လည်ဆွဲတင်လိုက်၏။

ယမ်းပေါက်ကွဲမှုကြောင့် ဝမ်းယန်၏ပခုံးနှင့် ကျောပြင်နေရာ၌ အဝတ်အစားများ စုတ်ပြတ် ဖွာထွက်ကုန်လေတော့သည်။

မျက်နှာလည်း မီးဟပ်ခံလိုက်ရသဖြင့် နီမြန်းညိုမည်းသွား၏။

မူလက ဓားဒဏ်ရာ ရှိနေသော မျက်နှာသည် ယခုတစ်ခါ မီးဟပ်မိလိုက်ရသဖြင့် နဂိုက အကျည်းတန်ရသည့်အထဲ ပို၍ အကျည်းတန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... ဘယ်နှယ့်နေလဲဟင်"

ကျူးကျူးယန်က စိုးရိမ်တကြီးမေးရာ ဝမ်းယန်က ခပ်သွဲ့သွဲ့ပြုံးပြ၏။

"အပေါ်ယံလောက် ပွန်းပဲ့သွားရုံပါပဲဗျာ၊ ကိစ္စမရှိပါဘူး"

မြောင်တိုင်းရင်းသားနှစ်ယောက်မှာ မိမိတို့ကြောင့် ဝမ်းယန် ဒဏ်ရာရသွားသည်ကို အထူးပင် စိတ်မကောင်းဖြစ်ကုန်ကြ၏။

သူက လုံးအော်ထံမှ ရယူခဲ့သည့် ငွေကြုတ်ကို မြောင်တိုင်းရင်းသားများထံ ပြန်ပေးလိုက်၏။

"ဘာပဲဖြစ်ဖြစ်လေ၊ ခင်ဗျားတို့ ပစ္စည်းကို ပြန်ရလာတဲ့အတွက် ကံကောင်းတယ်လို့ ဆိုရမယ်"

"ကျေးဇူးပါပဲဗျာ၊ ဒီပစ္စည်းက ကျုပ်တို့ မျိုးနွယ်စုရဲ့ အထွတ်အမြတ်ထားရာ ပစ္စည်းပဲဗျ"

မြောင်တိုင်းရင်းသားက ငွေကြုတ်ကို လှမ်းယူကြည့်လိုက်ရာ ...

"ဟာ ... ကျုပ်တို့ လှည့်စားခံရပြီဗျို့"

"ဘာဖြစ်လို့လဲ"



"ဒါ ... ဒါ ... အတုကြီးပဲ"

ဝမ်းယန် စိတ်ဓာတ်ကျသွား၏။

သက်စွန့်ကြိုးပမ်းလုပ်ဆောင်ခဲ့သမျှ သဲထဲရေသွန် ဖြစ်ရလေပြီ။

အမှန်တော့ ... နိမ့်မူရာသည် ဉာဏ်များသူဖြစ်၏။

ရတနာငွေကြုတ်ကို ရယူရန် ရည်ရွယ်ထွက်လာကတည်းက အတုပြုလုပ်လာခဲ့၏။

မမျှော်လင့် မထင်မှတ်သော အကျပ်အတည်း ကြုံတွေ့ခဲ့ရပါက အတုအစစ် လဲလှယ်လှည့်စားရန် ကြိုတင်ကြံစည်ခဲ့ပြီးဖြစ်၏။

ယခု ... ထိုအကြံအတိုင်း လုံးအော်ထံ ငွေကြုတ်အတု ပစ်ပေးပြီး ဝမ်းယန်ကို အာရုံပြောင်းကာ သူကိုယ်တိုင်က ငွေကြုတ်အစစ်ကို ယူဆောင်၍ ကိုယ်လွတ်ရုန်း ထွက်ပြေးသွားခြင်း ဖြစ်ပေ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ခင်ဗျားတို့ရဲ့ ကူညီမှုကို ကျုပ်တို့ တစ်သက်မမေ့ပါဘူး"

ထို့နောက် ... မြောင်တိုင်းရင်းသားနှစ်ဦးသည် ဝမ်းယန့်ထံမှ နှုတ်ဆက် ထွက်ခွာသွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယန်မှာ ဒဏ်ရာကြီးကြီးကျယ်ကျယ် ရခြင်းမရှိပါ။

သို့သော် ...

ကျူးကျူးယန်က စိုးရိမ်တကြီးဖြင့် ဂရုတစိုက်ပြုစုနေရ ကျင်ရိဖိန်အဖို့ မြှော်လင့်ချက် ကုန်ဆုံးသွားရသလို ရင်ထဲ၌ ဟာနေ ဖြစ်နေရ၏။

"အင်း ... ကျွန်မတော့ နားမလည်နိုင်အောင်ရှင်၊ ရှင်လို သိုင်းပညာမျိုးနဲ့ မျက်နှာမှာ ဓားဒဏ်ရာရရတယ်လို့"

သူမက ဒဏ်ရာများကို ဆေးထည့်ရင်း မေးလိုက်ခြင်းဖြစ် သည်။

ဝမ်းယန်က ...

"ဒီဓားဒဏ်ရာက လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က ရခဲ့တာ ပါဗျာ၊ အဲဒီတုန်းက ကျုပ်ဟာ အခါလည်သာသာရှိတဲ့ မိန်းကလေး တစ်ယောက်ကို ပိုက်ပြီး ဝူတန်းတောင်ကို သွားနေတာပါ၊ လမ်းခရီး မှာ ငွေဓားရှင်ရဲ့ရန်သူက ကျုပ်ကို တိုက်ခိုက်လို့ ခုလို ဒဏ်ရာရခဲ့တာ ပါ ...၊ အဲဒီအချိန်က ကယ်တင်မယ့်သူသာ ရောက်မလာရင် ကျုပ် လည်း ခုချိန်ထိ အသက်ရှင်နေတော့မှာ မဟုတ်ဘူး"



သူမ အံ့အားသင့်သွား၏။

"ဟင် ... ရှင်နဲ့ငွေဓားရှင်က ဘယ်လိုပတ်သက်နေလို့လဲ၊ နောက်ပြီး ရှင်က ဘယ်သူ့ကလေးကို ပိုက်ပြီး ဘာကိစ္စနဲ့ ဝူတန်း တောင်ကို သွားရတာလဲ"

သူက သက်ပြင်းချရင်း ...

"အင်း ... ဒီကိစ္စကို ပြောရရင် အရှည်ကြီးပဲဗျ၊ နောက်တော့ ပြောပြပါမယ်ဗျာ"

ကျင်ရိဖိန်မှာ ကျူးကျူးယန်က ဝမ်းယန်ကို တရင်းတနှီး ဆက်ဆံရုံမက စိုးရိမ်စရာမရှိသော ဒဏ်ရာကို ဂရုတစိုက် ပျာပျာ သလဲ ပြုစုနေခြင်းကြောင့် စိတ်ထဲ၌ အတော်ပင် မကျေမနပ် ဖြစ်နေ မိ၏။

ထို့ကြောင့် ...

ဘာမျှ ဟက်ဟက်ပက်ပက် ပြောဆိုခြင်း မပြုတော့ဘဲ ဘာ သိဘာသာပင် နေလိုက်၏။

နှစ်ရက်မျှ လိုထ်ဂူထဲမှာပင် စနေ်းချကာ ဝမ်းယန်ကို ပြုစု နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တတိယမြောက်နေ့ အိပ်ရာမှ ထ,သည့်အခါတွင် သူမသည် ကျင်ရိုဖိန်ကို ရှာမတွေ့တော့ချေ။

သူ့ကိုယ်စား စာကလေးတစ်စောင်သာ ထားရစ်ခဲ့၏။

ဖတ်ကြည့်လိုက်သောအခါ ...

ညီမ ...

ခုချိန်မှာ အစ်ကို ရှိမနေသင့်တော့ဘူးထင်လို့ ထွက်သွားပြီ။

ညီမအနားမှာ ဝမ်းယန်လို လူတစ်ယောက် ရှိနေမှတော့ အစစအရာရာ စိတ်ချရပါပြီလေ။

စာကို ဖတ်ပြီးသည့်အခါ သူမ ခေါင်းခါမိလေ၏။

အင်း ... သူ့ရဲ့သဘောထားကလည်း နုလှချည်လား။ ထင် ရာလျှောက်လုပ်ပြီး တစ်ခုခုဖြစ်မှာ စိုးရတယ်။

ဝမ်းယန်မှာမူ မိမိကြောင့် ကျင်ရိုဖိန်တစ်ယောက် စိတ်ထိ ခိုက်သွားရသည်ကို အမှန်ပင် စိတ်မကောင်းဖြစ်သွားမိလေသည်။

❖ ❖ ❖



## အခန်း (၄)

## ရတနာငွေကြုတ်

ကျင်ရိုဖိန် ခြေဦးတည့်ရာသို့ ထွက်လာခဲ့၏။

ရင်ထဲ၌ ဟာနေ၏။

မိမိတန်ဖိုးထား မြတ်နိုးရသော ပစ္စည်းတစ်ခု ပျောက်ဆုံး သွားရသလို နှမြောတသ ကြေကွဲမဆုံးအောင် ခံစားနေရသည်။

သို့သော် ... ယောက်ျားပီပီ အားတင်းပြီး မေ့ဖျောက်ထား လိုက်လေ၏။

သူသည် ဦးတည်ရာမဲ့ လျှောက်သွားရင်း လိုဏ်ဂူတစ်ခု အနီးသို့ ရောက်သွား၏။

လိုဏ်ဂူအတွင်း၌ မီးလင်းသလိုရှိနေသဖြင့် သူ စိတ်ဝင်စား သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူအဝဆီသို့ ချဉ်းကပ်သွားမိသည်။ ဂူဝအရောက်တွင်

"ဟော့ ... အပြင်က ဘယ်သူလဲ"

အတွင်းမှ အသံတစ်သံ ဟိန်းထွက်လာသဖြင့် သူ အံ့ဩ

သွားသည်။

တောကြီးခေါင်ခေါင် လိုဏ်ဂူတစ်ခုအတွင်း မည်သို့သော

လူ စားမျိုး ဂူအောင်းနေပါသနည်း။

သူ စိတ်ဝင်စားသွားပြီး ဂူထဲသို့လှမ်းဝင်ရာ ...

'ဝိုး'

'ဝှစ်'

ဓားပါလေးတစ်လက် ရုတ်တရက် ပစ်လွှင့်လာသဖြင့်

ကမန်းကတန်း ရှောင်လိုက်ရ၏။

သေချာကြည့်လိုက်တော့ ဓားဖြင့် ပစ်လိုက်သူမှာ တာဝ

မင်း၏လူယုံတော် သိုင်းသမားကြီးနီမူရာဖြစ်နေ၏။

နီမူရာဖြစ်ကြောင်း သိလိုက်ရသည်နှင့် သူသည် ဓားကို

ထုတ်ပြီး တရကြမ်းဝင်ရောက်တိုက်ခိုက်တော့၏။

နီမူရာက ကျာပွတ်ဖြင့် ပြန်လည်တိုက်ခိုက်၏။



'ခြွမ်း'

'ရှမ်း'

'ဝိုး'

ကျာပွတ်သည် သူ၏ဓားသွားကို ရစ်ပတ်မိ၏။

အားစိုက်၍ ဆောင့်ဆွဲလိုက်ရာ ...

'ခြွမ်း'

သူ၏လက်ထဲမှဓားသည် လွင့်ထွက်သွားလေ၏။

နီမူရာ အားတက်လာပြီး ကျာပွတ်ဖြင့် ထပ်မံရိုက်လိုက်ရာ

'ဖြန်း'

သူ၏ရင်ဘတ်နှင့်ကျောပြင်ကို ကျာပွတ်ထိသွားသည်။

သူ မြေပေါ်မှောက်ကျပြီး သုံးလေးပတ် လိမ့်သွား၏။

နီမူရာက အလွတ်မပေးဘဲ ကျာပွတ်ဖြင့် လိုက်ရိုက်သည်။

သူက ကိုယ်ကို လိမ့်ထွက်ပြီး လက်နှစ်ဖက်ကို လျှပ်တစ်

ပြက် လှုပ်ရှားလိုက်ရာ ...

'ဝှစ်'

'ဝှစ်'

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်းနှစ်ခုသည် နီမူရာ၏ပခုံးနှစ်ဖက်ကို ထိမှန်သွား၏။

"အား"

သူ ရုတ်တရက် ခုန်ထပြီး နီမူရာ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။

'ဗုန်း'

နီမူရာ နောက်သို့လွင့်စဉ်ပြီး ကျောက်နံရံနှင့် ဝင်ဆောင့်ကာ တအိအိပျော့ခွေကျသွားတော့၏။

❖

ကျင်ရိုဖိန် ခြေကုန်လက်ပန်းကျသွား၏။

အသက်မရှိတော့သည့် နီမူရာဘေး၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

မြေပြင်ပေါ် လက်ထောက်လိုက်ရာ အရာဝတ္ထုတစ်ခုကို ထောက်မိလျက်သား ဖြစ်နေ၏။



ထိုအရာကို ယူကြည့်လိုက်ရာ ...

"ဟင် ... ဒါ ... ဒါ ... မြောင်လူမျိုးတွေရဲ့ ရတနာငွေကြုတ် ပါလား"

သူသည် မြောင်လူမျိုးများထံ ထိုရတနာငွေကြုတ် ပြန်ပေးရန် စိတ်ကူးပြီး အင်္ကျီရင်ဘတ်ကြားထဲ ထည့်သိမ်းလိုက်သည်။

ထို့နောက် ... ထိုင်ရာမှထလိုက်၏။

ဤတွင် ထူးခြားမှုတစ်ခုကို အမှတ်မထင် သတိပြုမိလိုက်သည်။

"ထူးဆန်းလှချည်လား နေရောင်မဝင်ဘဲ၊ ဂူတစ်ခုလုံး လင်းနေတာပဲ"

တအံ့တသြ ရှေ့ရှုတ်ရင်း မော့ကြည့်လိုက်ရာ ဂူမျက်နှာကြက်တွင် လူရုပ်ပေါင်းများစွာ ရေးဆွဲထားသည်ကို တွေ့ရလေသည်။

သေချာကြည့်လိုက်ရာ ထင်ရှားသောပုံပေါင်း ၃၆ ပုံရှိကာ မထင်မရှား မှိုးတဝါးဖြစ်နေသောပုံမှာ ၇၂ ပုံရှိကြောင်း တွေ့ရ၏။

ပုံအားလုံးမှာ သိုင်းကွက်ပုံ ဖော်ထားခြင်း ဖြစ်၏။

ကျင်ရိုဖိန်လည်း လောလောဆယ် ဘာမှလုပ်စရာမရှိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဂူထဲ၌ ခွော့နေထိုင် အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

သူသည် ဖျင်းဖျင်းရှိသည်နှင့် တွေ့ရသည့်ပုံများအတိုင်း သိုင်းကွက်များကို လိုက်လံလေ့ကျင့်နေမိ၏။

နားလည်သောသိုင်းကွက်ရှိသလို နားမလည်သော သိုင်းကွက်များလည်း ရှိ၏။ သို့သော် ကျင်ရိုဖိန် ဦးနှောက်ခြောက်မခံပါ။

နားလည်သည့် သိုင်းကွက်များကိုသာ လိုက်လံလေ့ကျင့်နေမိ၏။

ယင်းသို့ဖြင့် ... အချိန်များ ကုန်ဆုံးခဲ့ရာ စတုတ္ထမြောက်နေ့ အရောက်တွင် အားအင်များလည်း ပုံမှန်ပြန်ဖြစ်လာပြီဖြစ်၍ ထိုနေရာမှ ထွက်ခွာရန် ပစ္စည်းပစ္စယများ သိမ်းဆည်းလိုက်၏။

ထိုအချိန်မှာပင် ... ဂူအပြင်ဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

"ကဲ ဟေ့ ...တို့တစ်တွေ ဂူထဲ ခဏဝင်နားကြရအောင်"

စကားသံနှင့် မရေးမနှောင်းမှာပင် လူတစ်စု ဂူထဲဝင်လာကြ၏။

"ဟာ ... ပုပ်အဲ့အဲ့အနံ့ရတယ်၊ လူသေထားတယ်ထင်တယ်"



ဝင်လာသူတစ်ယောက်က နှာခေါင်းရှုံ့၍ ပြောလိုက်သည်။

ထိုအခါမှ နို့မှုရာ၏အလောင်းကို မြေမမြှုပ်မိမှန်း ကျင်ရိုဖိန် သတိရလိုက်၏။ သိုင်းကွက်များကို စိတ်ဝင်တစား လေ့ကျင့်နေမိသဖြင့် ပုပ်အဲ့အဲ့အနံ့ကိုပင် သတိမရသည့်အဖြစ်ကို ပြန်တွေးမိလေသည်။ ဝင်လာသူများသည် အလောင်းကို တွေ့မြင်သွားပြီး ...

"ဟင် ... ဒါ ... ဒါ ... နို့မှုရာရဲ့အလောင်း မဟုတ်လား။ သူ့ပညာက ပေါ့ပေါ့သေးသေးမှ မဟုတ်တာ၊ ကေ့ ဓားပျံဝမ်းယန်နဲ့လက်ချက် မိသွားပြီ ထင်တယ်"

သူတို့သည် ကျောက်နံရံ၌ ကပ်နေသော ကျင်ရိုဖိန်ကို သတိမပြုမိကြသေးပါ။

အလောင်းကို အကဲခတ်ရင်း ထင်မြင်ချက် ပေးနေကြသည်။

"တခြားလူဆို ကိစ္စမရှိဘူး၊ ဓားပျံဝမ်းယန်သာ ဂူထဲမှာ ရှိနေရင် ကျုပ်တို့တွေ မလွယ်ဘူးဗျို့၊ သူက ကျုပ်တို့ တာလိတွေဆိုရင် အလွတ်ပေးမှာ မဟုတ်ဘူး"

ဝင်လာကြသူ တစ်စုကား တာလိအထူးလက်ရွေးစင်ရဲမက်များ ဖြစ်ကြ၏။ လိပ်ပြာက စံအိမ်တော်ထဲ ဝင်ပြီး ရှောင်ကျွန်းကို

www.burmeseclassic.com

www.burmeseclassic.com



ကယ်ထုတ်ရန် ကြိုးစားခဲ့၏။

ကျင်လီဟောက်နှင့် ကျန်ယင်းလျှံတို့က သူမကို ကူညီပြီး ထိုးဖောက်ထွက်ပြေးခဲ့ကြ၏။

ထို့ကြောင့် ... လွတ်သွားသောလိပ်ပြာတို့ သုံးယောက်ကို တာလီရဲမက်များ လှုဖြန့်၍ တောနင်းရှာရာမှ ရဲမက်တစ်စုသည် ဂူထဲ သို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်၏။

ကျင်ရိဖိန်သည် တာလီရဲမက်များဖြစ်ကြောင်း သိလိုက်ရ သည်နှင့် ...

"ဓားပျံဝမ်းယန် မရှိပေမယ့် ငါရှိတယ်ကွ"

တာလီရဲမက်များ လန့်ဖျပ်သွားကြ၏။

သို့သော် ... သူတို့ထံ ရုတ်တရက် ခုန်ဝင်လာသူမှာ ဝမ်းယန် မဟုတ်ခြင်း ကြောင့် စိတ်သက်သာရာ ရသွားကြ၏။

ချက်ချင်းပင် လူစုခွဲကာ ခုန်ဝင်လာသော ကျင်ရိဖိန်ကို ဝိုင်း တိုက်ခိုက်ကြလေ၏။

❖



'ယား'

'ဝုန်း'

"အား"

တိုက်ပွဲအား သိပ်မကြာလိုက်ပါ။

တာလီရဲမက်ငါးယောက်မှာ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွား၏။

နောက်ဆုံးတစ်ယောက်ကား နံဘေးမှ ပြေးဝင်တိုက်ခိုက်ရာ ကျင်ရိဖိန်သည် ရှေ့မှ ရန်သူ၏ဓားကိုင်လက်ကို တိုးဝင်ဖမ်းချုပ်ပြီး ဆွဲလှည့်ပစ်လိုက်၏။

ထိုအခါ ဘေးမှ ဝင်လာသူနှင့် ပစ်ဆောင့်မိကာ ကျောက်နံရံ ကို ဝင်တိုက်မိပြီး သေကျသေဆုံးသွား၏။

ကျောက်နံရံကို ဆောင့်မိသည့်နေရာတွင် ချိုင့်ခွက်တစ်ခု ဖြစ်ပေါ်လာသဖြင့် သူ အံ့ဩသွား၏။

"တိုက်မိရုံနဲ့ ကျောက်နံရံ ချိုင့်သွားစရာ အကြောင်းမရှိဘူး၊ အထဲမှာ ကလိုဏ်ပေါက်များ ရှိလို့လား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယင်းသို့တွေးရင်း ချိုင့်သည့်နေရာကို ထုရိုက်ကြည့်၏။

'ဗြုတ်'

ကျောက်နံရံ ကွဲထွက်ကာ ကလိုဏ်ပေါက်ကြီး ဖြစ်သွားသည်။

အတွင်း၌ ရွှေညိုများပင် တက်နေပြီဖြစ်သော ကြေးသေတ္တာကြီးတစ်လုံးကို တွေ့လိုက်ရ၏။

ကျင်ရိဖိန်သည် စိတ်ဝင်စားစွာဖြင့် ကြေးသေတ္တာကို ဖွင့်ကြည့်လိုက်၏။

အတွင်း၌ စာရွက်များ ဝါကျင့်နေသော စာအုပ်ပါးလေး တစ်အုပ်ကို တွေ့ရ၏။

ရေးထားသော စာများမှာ မြောင်လူမျိုးတို့၏ရတနာရွှေကြုတ်တွင်ပါသော စာလုံးများနှင့် တစ်ပုံစံတည်း ဖြစ်သည်။

အောက်ခြေတွင်ကား ဟန်စာတန်း တစ်တန်း ရေးထိုးထား၏။

"ကြောင်လက်သည်းဓုက် သိုင်းကွက်၊ ကံစပ်သူလိုရာသုံး"



စာအုပ်ကို လှန်ကြည့်ရာ ရုပ်ပုံပေါင်း ၁၀၈ ပုံ ပါဝင်သည်ကို တွေ့ရ၏။ ၎င်းပုံများအနက် ပုံနှစ်ဆယ်ခန့်ကိုသာ ကျင်ရိဖိန် နားလည်သဘောပေါက်လေ၏။

သူသည် တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ သိုင်းကျမ်းစာအုပ်ကို ရင်ဘတ်ကြား ထိုးထည့်ပြီး လိုဏ်ဂူထဲမှ ထွက်ခွာခဲ့လေတော့၏။

❖

ကျင်ရိဖိန် တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးနေပြီ ဖြစ်သည်။

ကျူးကျူးယန်နှင့်ပတ်သက်၍ ခံစားနေရသော ဝေဒနာများသည် နေရောင်အောက်မှ မြူနှင်းများသဖွယ် တဖြည်းဖြည်း ပျက်ပြယ်လွင့်ပါးသွားလေပြီ။

လိုဏ်ဂူထဲ၌ တာလီရဲမက် ၅ ယောက်ကို အလွယ်တကူ အနိုင်ယူနိုင်ခဲ့ခြင်းကြောင့် မိမိသိုင်းပညာမှာ ယခင်ထက်များစွာ တိုးတက်လာကြောင်း သိရကာ အတူးပင် တက်ကြွလျက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက် မြင်မြင်သမျှ သဘာဝအလှများကြောင့် ပိုရှုံ့ရှင်လန်းတက်ကြွလျက် ရှိသည်။

သူသည် ရတနာငွေကြုတ်ကို ပြန်လည်ပေးအပ်ရန် မြောင် လူမျိုးများရှိရာ နယ်ခြားတောင်တန်းဆီသို့ ဦးတည်လျှောက်လှမ်းနေ ၏။

တောင်ခွယ်တစ်ခုအနီး ရောက်သည့်အခါ လှမ်းနေသော ခြေလှမ်းများ တုံ့ခနဲ ရပ်သွား၏။

အကြောင်းမှာ ... ကျောက်တောင်ပေါ်၌ ဓားဖြင့်ထွင်းထား သော မြားဦးတစ်ခုကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

အခြားထူးဆန်းသော အမှတ်အသားများကိုလည်း တွေ့ ရ လေသည်။

တစ်စုံတစ်ယောက်၏လျှို့ဝှက်အချက်ပြ သင်္ကေတဖြစ်ပေ မည် ဟု တွေးလိုက်မိ၏။

ယင်းသို့ ငေးမောစူးစမ်းနေခိုက် ...

တောင်ကုန်းပေါ်မှ ကျောက်စကျောက်နများ ကျလာလေ သည်။



'ခွိမ်း ... ခွိမ်း ... ခွိမ်း'

သံသံချင်း ထိခိုက်သံလည်း ထွက်ပေါ်လာ၏။

တောင်ကုန်းပေါ်၌ တိုက်ပွဲဖြစ်နေကြောင်း သိလိုက်ရသည်။

စူးစမ်းလိုသောစိတ်ကြောင့် တောင်ကုန်းပေါ် ကမန်း ကတန်း တက်သွားမိ၏။

တောင်ကုန်းပေါ် ရောက်သည့်အခါ ...

မြောင်လူမျိုးနှစ်ယောက်ကို တာလိရဲမက် လေးယောက်က ဝိုင်းရံတိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရလေတော့၏။

မြောင်လူမျိုးနှစ်ယောက်မှာ ရတနာငွေကြုတ်ကို ပို့ဆောင် ပေးယူလာသူများဖြစ်ကြောင်း ကျင်ရိုဖိန် ကောင်းစွာမှတ်မိလိုက်၏။

သူတို့လက်ထဲမှ နှိုမူရာက လုယူသွားခဲ့သည်။

ယခု ...

သူတို့၌ ရတနာငွေကြုတ် မရှိတော့ပါ။

မြောင်လူမျိုးနှစ်ယောက်မှာ အသက်ဘေးမှ လွတ်ရန် ကြိုးစားနေကြရာ အားလန့်အားနှင့် ခုခံနေသည်။

အခြေအနေက မကောင်းတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျင်ရိုဖိန် ကြည့်မနေနိုင်တော့ပေ။

'ယား'

တိုက်ပွဲထဲ ခုန်ဝင်လိုက်လေတော့၏။

❖

ခါးကွက်ကို စတင်ဖော်ထုတ်လိုက်သည်နှင့် ရပ်တန့်နိုင်ခြင်း မရှိတော့ပါ။

ကျင်ရိုဖိန်သည် ဂူထဲမှ လေ့လာထားသည့် သိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် ဆက်တိုက် ထုတ်သုံးလိုက်ပြီး ဖြစ်သွားသည်။

'ခြင် ... ခြင် ... ခြင်'

'ခြမ်း'

'ဝုန်း'

"အား"

သိပ်မကြာလိုက်ပါ။



တာလိရဲမက် လေးဦးစလုံး လဲကျသွားတုန်တော့၏။

ကျင်ရိုဖိန်မှာ ကိုယ့်ကိုယ်ကိုယ်ပင် မယုံနိုင်အောင် ဖြစ်သွားရသည်။

တာလိရဲမက် လေးဦးစလုံးမှာ အထူးလေ့ကျင့်ထားသော အဆင့်မြင့်သိုင်းပညာရှင်များ ဖြစ်ကြ၏။

၎င်းတို့အား အချိန်တိုအတွင်း၌ ခက်ခက်ခဲခဲမရှိဘဲ အနိုင်ရလိုက်ခြင်းကြောင့် ကျင်ရိုဖိန်မှာ ကိုယ့်ကိုယ်ကိုယ် မယုံနိုင်အောင် ဖြစ်သွားရခြင်း ဖြစ်သည်။

ဤသည်မှာ သိုင်းကွက်အနည်းငယ်မျှကိုသာ လေ့ကျင့်ထားခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ဂူထဲမှ သိုင်းကွက်များကို အပြည့်အစုံ လေ့ကျင့်နိုင်ခဲ့လျှင် သိုင်းလောက၌ ပြိုင်ဘက်ကင်းဟု ဆိုနိုင်မည်လားမသိ။

ကျင်ရိုဖိန်သည် ဝမ်းသာအားတက် ဖြစ်သွားသလို ကိုယ့်ကိုယ်ကိုယ်လည်း ပို၍ယုံကြည်လာမိတော့၏။

သူသည် လဲကျနေသော တာလိရဲမက်များကို တစ်ချက်ကြည့်၍ အကဲခတ်လိုက်ရာ တစ်ယောက်မှာ ဒဏ်ရာရရုံသာရှိပြီး အသက်

www.burmeseclassic.com

www.burmeseclassic.com



မသေသေးကြောင်း တွေ့ရ၏။

ထို့ကြောင့် ... ကျင်ရိုဖိန်က ထိုရဲမက်ကို ဆွဲထူလိုက်ပြီး ...

“ဟေ့ကောင် ... ပြောစမ်း၊ မင်းတို့တစ်တွေ ဒီကို ဘာလာ

လုပ်တာလဲ”

ထိုရဲမက်မှာ တုန်တုန်ယင်ယင်ဖြစ်ကာ ...

“ဟို ... ဟို ... ဓားပျံဝမ်းယန်ရဲ့ လှူပ်ရှားမှုကို လာစုံစမ်းတာ

ပါ”

“ဟင်း ... ဟင်း ... မင်းတို့က ငါတောင် မယှဉ်နိုင်တဲ့ ဓား

ပျံဝမ်းယန်နောက်ကို ခြေရာခံဖို့ စိတ်ကူးနေတယ်၊ တော်တော် ရူး

စရာကောင်းတဲ့ကောင်တွေ”

တာလိရဲမက်က ...

“ခင်ဗျားရဲ့ သိုင်းပညာက ဓားပျံဝမ်းယန်ထက်တော

ကြောက်ဖို့ ကောင်းပါတယ်ဗျာ”

“ဟင် ... မင်းကို လာမြှောက်နေပြန်ပြီ၊ သွားစမ်း”

ကျင်ရိုဖိန်က ပြောပြီး လက်ဝါးဖြင့် တွန်းထုတ်လိုက်ရာ ထို

မက်မှာ ဝါးတစ်ရိုက်ခန့်အထိ လွင့်စဉ်လဲကျသွား၏။



ကုန်းကုန်းကွကွဖြင့် ပြန်ထလာရာ ...

“မင်း ... မသွားသေးဘူးလား၊ နောက်တစ်ခါ တွေ့ရင်

အသေပဲ”

ကျင်ရိုဖိန်က လှမ်းဟောက်လိုက်၏။

တာလိရဲမက်မှာ စိတ်သက်သာရာ ရသွားပြီး ထိုနေရာမှ

ဒယီးဒယိုင်ဖြင့် ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့၏။

ထိုအခါမှ ... မြောင်လူမျိုးနှစ်ယောက်သည် ကျင်ရိုဖိန်အနီး

ရောက်ရှိလာပြီး ဒူးထောက်အရိုအသေ ပြုလိုက်ကြ၏။

“မိတ်ဆွေကြီးရဲ့ ကူညီမှုအတွက် ကျေးဇူးတင်ပါတယ်”

သူက ပြုံးပြရင်း ...

“မလိုပါဘူးဗျာ၊ ဒါနဲ့ ခင်ဗျားတို့က ဘယ်လိုကြောင့် ဒီကို

ရောက်လာကြတာလဲ”

ဤတွင် မြောင်လူမျိုးတစ်ယောက်က ...

“ကျွန်တော်တို့ဆီမှာရှိတဲ့ ရတနာငွေကြုတ် အလုခံလိုက်

ရတာမို့ ရှာမပြန်ရဲဘဲ ခြေဦးတည့်ရာ သွားနေရာက ဒီခွေးကောင်တွေ

နဲ့ တက်ပင်တိုးမိတာပါဗျာ”

www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးပြကာ ...

"ကဲပါ ... ခင်ဗျားတို့ စိတ်ဓာတ်ကျစရာ မလိုတော့ပါဘူး ရွာကိုလည်း ရဲရဲတင်းတင်း ပြန်နိုင်ပါပြီဗျာ"

ပြောပြီး ရတနာငွေကြုတ်ကို ထုတ်ပေးလိုက်ရာ ...

"ဟာ ... ကျွန်တော်တို့ရဲ့ ရတနာငွေကြုတ်ပါလား"

မြောင်လှမျိုးနှစ်ယောက်သည် ထပ်မံ ဒူးထောက်လိုက်ကြသည်။

"မိတ်ဆွေကြီးရဲ့ကျေးဇူးကတော့ ဆပ်လို့မကုန်နိုင်အောင်ပါပဲဗျာ၊ မိတ်ဆွေကြီးကို ကျွန်တော်တို့ရဲ့ခေါင်းဆောင်ကြီးနဲ့ တွေ့ဆုံပေးပါရစေလားခင်ဗျာ"

သူသည် လောလောဆယ် ဘာဆက်လုပ်ရမှန်းမသိသေးသဖြင့် ...

"ကောင်းပြီလေ ... ကျုပ် ခင်ဗျားတို့နှင့် လိုက်ခဲ့ပါ့မယ်"

❖ ❖ ❖



## အခန်း (၅)

## ကြမ္မာရဟတ်တစ်ပတ်လည်

ဓားပျံဝမ်းယန်နှင့်ကျူးကျူးယန်တို့သည် ကျင်ရိဖိန် အထင်အမြင်သွဲ့ပြီး ထွက်ခွာသွားသဖြင့် စိတ်မကောင်းဖြစ်မိကြသည်။

ကျင်ရိဖိန်ကို ရှာဖွေရင်း တာလိရဲမက်တို့၏လှုပ်ရှားမှု အခြေအနေကိုလည်း လေ့လာအကဲခတ်ရန် သူတို့နှစ်ယောက် ခရီးဆက်ခဲ့ကြ၏။

ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ ...

တစ်ယောက်ကိုတစ်ယောက် ပို၍ဖေးမလာကြ၏။

အထူးသဖြင့် ...

ကျူးကျူးယန်သည် ဝမ်းယန်နှင့်ပတ်သက်၍ ခံစားချက်အမျိုးမျိုး ဖြစ်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ၌ ...

ဝမ်းယန်သည် သူမ၏ငယ်ကျွမ်းချစ်သူသဖွယ် ခံစားရပြီး ကြည်နူးရွှင်ပျရ၏။

တစ်ခါတစ်ရံ၌မူ ...

ဝမ်းယန်သည် သူမနှင့်လွန်စွာစိမ်းသလို ခံစားရကာ စိတ်ညစ်ညူးရ၏။

သို့သော် ...

အချိန်အတော်များများ၌ ဝမ်းယန်ကို မိမိ၏ငယ်ကျွမ်းချစ်သူအဖြစ် ခံစားခဲ့ရပေ၏။

ဝမ်းယန်နှင့်တွေ့မှပင် တည်ငြိမ်အေးစက်နေသော သူမ၏နှလုံးသားမှာ ပြန်လည်သက်ဝင်လှုပ်ရှားလာသည်ဟု ဆိုရပေတော့မည်။

ယနေ့အဖို့ကား နှင်းများအကျကြမ်းလှပေသည်။

လမ်းခရီးတစ်လျှောက် မည်းမှောင်နေ၏။

ရှေ့တစ်လံမျှ အကွာအဝေးကိုပင် ဝိုးတဝါးမျှသာ မြင်တွေ့ရသည်။



သူနှင့် သူမတို့သည် သတိထား၍ ခပ်ဖြည်းဖြည်းသာ ခရီးယ်နေရတော့၏။

အတန်ကြာသော် ...

ခပ်လှမ်းလှမ်း၌ မီးရောင်တွေ့ရသဖြင့် ထိုနေရာသို့ ဦးတည်ာက်သွားကြသည်။

ထင်းခုတ်သမားများ စုဝေးမီးလှုံနေသည်ကို တွေ့ရသောကြောင့် ... သူသည် ၎င်းတို့နှင့် ရောနှောစကားပြောဆိုကာ ဝင်က် မီးလှုံလိုက်၏။

ထိုအခါမှ သူကော သူမပါ နွေးနွေးထွေးထွေး ဖြစ်သွားရည်။

မကြာမီ ... အညိုရောင်ဝတ်စုံနှင့် လူသုံးယောက် ထပ်မံက်ရှိလာကြပြန်၏။

ရုပ်ရည်ကြမ်းကြမ်းနှင့်လူထွားကြီးက ဦးဆောင်လာခြင်း။

ထိုလူထွားကြီးကိုမြင်သည်နှင့် သူ၏ရင်ထဲ သိမ့်ခနဲတစ်ချက်ားသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများလည်း ပို၍တောက်ပလာ၏။

လူထွားကြီးက မီးပုံဘေး ဝင်ထိုင်ရင်း ...

"ဟေ့ ... တို့အတွက် စားသောက်စရာ တစ်ခုခုစီစဉ်ပေး စမ်း"

ထင်းခုတ်သမားများကို အော်ငေါက်အမိန့်ပေးလိုက်ခြင်း ဖြစ်၏။

သို့သော် ... ထင်းခုတ်သမားများအား တုတ်တုတ်မျှ မလှုပ် ကြ။ လူထွားကြီး စိတ်တိုသွားပြီး ...

"ဟေ့ ... ပြောနေတာ မကြားဘူးလား"

ဤတွင် ဗလကောင်းကောင်း ထင်းခုတ်သမားက ...

"နေပါဦး၊ ခင်ဗျားက ဘာကောင်မို့ ကျုပ်တို့က ခင်ဗျား အမိန့်ကို နာခံရမှာလဲ"

"အောင်မာ ... မင်းက လူပါးဝလို့ အေး ... ငါ ဘာကောင်လဲ ဆိုတာ အခုသိစေရမယ်"

ပြောပြီး လူထွားကြီးသည် ကျာပွတ်ဖြင့် ထင်းခုတ်သမား၏ မျက်နှာကို ဖြတ်ရိုက်ချလိုက်၏။



'ဖွီး'

'ခြွမ်း'

ကျာပွတ်သည် ထင်းခုတ်သမားထံ ရောက်ရှိမသွားပါ။

ဓားတစ်လက်က ကြားမှ ကန့်လန့်ဖြတ်၍ ဟန့်တားလိုက် ခြင်းဖြစ်သည်။

လူထွားကြီး ထိတ်ခနဲဖြစ်ကာ ဟန့်တားသူကို လှမ်းကြည့် လိုက်၏။

မျက်နှာပေါ်မှ ဓားဒဏ်ရာ ကန့်လန့်စင်းကို တွေ့လိုက်ရ သည့်အခါ ချက်ချင်းမှတ်မိသွားပြီး ...

"ဩော် ... လက်စသတ်တော့ မင်းကိုး၊ ဟိုတစ်ခါက အသက်မသေခဲ့တာကို မကျေနပ်လို့ သချိုင်းလာရှာတာထင်တယ်"

ဓားနှင့် ဝင်ရောက်ဟန့်တားသူမှာ ဝမ်းယန်ဖြစ်သည်။

ဝမ်းယန်က မထီမဲ့မြင်ပြုံးရင်း ...

"ကျုပ်လည်း ခင်ဗျားနဲ့တွေ့ချင်နေတာ အတော်ပဲ၊ ကျုပ် မျက်နှာပေါ်က ဓားဒဏ်ရာအတွက် ဒီနေ့တော့ ခင်ဗျားအကြွေး အလည် ပေးဆပ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... မင်းလို နို့နံ့မစင်သေးတဲ့ကော

ကမျှား"

လူထွားကြီးသည် ပြောပြီးသည်နှင့် ကျာပွတ်ကို ရွှမ်း

ဝှေ့ယမ်းလိုက်လေတော့၏။

❖

လူထွားကြီးကား အခြားသူမဟုတ်ပါ။ ငွေဓားရှင် ဆော

ကျင်း၏လက်ချက်ဖြင့် သေဆုံးသွားခဲ့သော သံလက်ဝါးခမ်းကျယ်

ညီ ခမ်းလောက်ဖြစ်သည်။ သိုင်းပညာအရာတွင် သံလက်ဝါး

ကျယ်ထက်ပင် ပို၍ထက်မြက်မြင့်မားသူဖြစ်၏။

သူသည် ငွေဓားရှင်ကြောင့် သံလက်ဝါးခမ်းကျယ် သေ

သွားကြောင်း သိရသည့်အခါ ငွေဓားရှင်အား လက်စားချေရန် တာ

နေပြည်တော်မှ ထွက်လာခဲ့၏။

ငွေဓားရှင်လည်း သေဆုံးသွားပြီဖြစ်ကြောင်း သူ မသိသေ

ခဲ့ချေ။



ငွေဓားရှင်ကိုသာ သဲသဲမဲမဲ ရှာဖွေလေသည်။

ထိုအချိန် ဝမ်းယန်မှာ ဂူတန်းတောင်သို့ ရောက်သောအခါ ခမ်းလောက်နှင့် ရင်ဆိုင်တွေ့ပြီး မျက်နှာတွင် ဓားဒဏ်ရာ ရရှိခဲ့ခြင်း ဖြစ်ပေသည်။

ရသေ့ကြီးချင်းစုန်း အချိန်မီရောက်လာ၍ ဝမ်းယန်မှာ သေကံမရောက် သက်မပျောက်ရခြင်း ဖြစ်သည်။

ယခု ဤနေရာသို့ ရောက်လာခြင်းကား တာလိမင်းသား၏ အမိန့်ပေးချက်အရ ဓားပျံဝမ်းယန်ကို ရှာဖွေနှိမ်နင်းရန် ဖြစ်သည်။

ခမ်းလောက်နှင့်အတူ ပါလာသူနှစ်ယောက်မှာ တာလိနယ်စားကြီး၏လက်ရွေးစင်သိုင်းသမားများပင် ဖြစ်သည်။

တာလိတို့ အားထားကြသည့် မြွေနဂါးလုံးအော်သည် ဝမ်းယန်ကို အရေးနိမ့်သွားခဲ့ရာ တာလိမင်းသားအတွက် ခံပြင်းစရာ ဖြစ်လာခဲ့ရသည်။

ထို့ကြောင့် ဝမ်းယန်ကို ရှင်းလင်းသုတ်သင်ရန် ခမ်းလောက်နှင့် လက်ရွေးစင် သိုင်းသမားနှစ်ယောက်ကို အထူးတာဝန်ပေး ခေ လွှတ်လိုက်ခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခမ်းလောက်သည် လမ်း၌ မြားဦးပြထားသော အမှတ်အသားကို တွေ့ခဲ့၏။

အမှန်တော့ ...

ထိုအမှတ်အသားသည် ကျူးကျူးယန်က မိမိတို့ရှိရာအရပ်ကို ကျင်ရိဖိန် သိရှိနိုင်ရန် ပြထားခဲ့သည့် လျှို့ဝှက်သင်္ကေတဖြစ်၏။

ယင်းသင်္ကေတကို ကျင်ရိဖိန်မမြင်ဘဲ ခမ်းလောက်က မြင်တွေ့သွား၏။

ခမ်းလောက်သည် အကင်းပါးသူဖြစ်ရာ ထိုမြားဦးသည် အချိန်းအချက် သင်္ကေတဖြစ်မည်ဟု တွေးပြီး လိုက်လာခဲ့ရာ သည်နေရာ၌ ဝမ်းယန်တို့နှင့် ပက်မင်းတိုးမိခြင်း ဖြစ်ပေတော့၏။

"ဟား ဟား ဟား ... မင်းကို ခက်ခက်ခဲခဲ ရှာရမယ်ထင်နေတာ၊ ခုတော့လဲ ကြက်ငှက် ဖမ်းရတာထက်တောင် လွယ်နေပါလား ကွ"

ခမ်းလောက်က သဘောကျစွာ ရယ်မောပြီး ဓားကို ဆွဲထုတ်လိုက်၏။

ကျာပွတ်ကိုမူ ခါးတွင် ပတ်ထားလေ၏။



သူကလည်း ဓားကို ဆွဲထုတ်လိုက်၏။

သို့သော် ...

"ရော့ ... ဒီဓားကို ခင်ဗျားသုံး"

ဝမ်းယန်သည် သူ၏ဓားကို ကျူးကျူးယန်အား လှမ်းပေးပြီး သူကိုယ်တိုင်က သူမ၏ဓားကို လဲယူလိုက်၏။

ထိုအပြုအမူကြောင့် ကျူးကျူးယန်ရင်ထဲ လှုပ်ရှားသွားလေ၏။

"သြော် ... ငါ ရန်သူကို ရင်မဆိုင်နိုင်မှာစိုးလို့ ငါ့ကို အစိုးတန်ဓား ပေးလိုက်တာပဲ"

ဝမ်းယန်၏စေတနာက သူမ၏စိတ်ကို လှုပ်ရှားသွားစေသလို အားလည်း တက်သွားစေ၏။

ထိုစဉ် ...

ခမ်းလောက်သည် ဓားကို တစ်ချက်ဝှေ့ယမ်းပြီး လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လာလေတော့၏။

'ချွမ်း ... ချွမ်း ... ချွမ်း'

'ချွင်'

www.burmeseclassic.com

www.burmeseclassic.com



'ဗိုး'

'ဝှစ်'

ခမ်းလောက်သည် လက်တစ်ဖက်ရှိ အသွားတစ်ဖက် ဓားကို ကိုင်ပြီး ကျန်လက်တစ်ဖက်တွင် အသွားနှစ်ဖက်ရှိသော ဓားကို ကိုင်လျက် တိုက်ခိုက်၏။

မတူညီသော ဓားနှစ်လက်ဖြင့် မတူညီသော သိုင်းကွက်များ ဖော်ထုတ်တိုက်ခိုက်သွား၏။

ကြောက်ခမန်းလိလိပင် ဖြစ်ပေ၏။

သို့သော် ဝမ်းယန်သည်လည်း သာမညသိုင်းသမား မဟုတ်ချေ။ ဂူတန်းတောင်ရသေ့ကြီးချင်းစုန်း၏နောက်ဆုံးတပည့်ဖြစ်၏။

ချင်းစုန်း၏ပညာအားလုံးကို ရရှိထားသူဟုလည်း ဆိုနိုင်၏။

သို့ဖြစ်ရာ ... သိုင်းကွက်ပေါင်း ငါးဆယ်နီးပါးမျှ ခုခံတိုက်ခိုက်ပြီးသည့်အခါ ချက်ချင်း ဓားကွက်ပြောင်းပြီး တရစပ်တိုက်ခိုက်လိုက်လေတော့၏။

❖



'ဗိုး'

'ဝှစ်'

'ခြွမ်း'

နှစ်ယောက်စလုံး၏ဓားကွက်များသည် ပို၍မြန်လာလေသည်။

ပို၍ပြင်းထန်လာ၏။

ဓားကွက်များကို မမြင်ရတော့။

ဓားရောင်များသာ ဖွေးခနဲဖွေးခနဲ ဝင်းလက်နေတော့သည်။

ယင်းသို့ ... ဝမ်းယန်နှင့်ခမ်းလောက်တို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြစဉ်မှာပင် တာလီလက်ရွေးစင် သိုင်းသမားနှစ်ယောက်ကလည်း ကျူးကျူးယန့်ကို ဝင်ရောက်တိုက်ခိုက်နေကြပြီ ဖြစ်၏။

တစ်ယောက်က ခက်ရင်းခွလက်နက်ကို ကိုင်ဆောင်ပြီး တစ်ယောက်က တုတ်ချွန် ကိုင်ဆောင်လျက် ဝဲယာညှပ်၍ တိုက်ခိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဗိုး'

'ဒုတ်'

တုတ်ချွန်ကို ကျူးကျူးယန်က ဓားဖြင့် ပင့်ခုတ်လိုက်ရာ တုတ်မှာ တစ်ဆစ်ပြတ်တောက်သွားလေသည်။

"သတိထား၊ သူ့ဓားက သံမဏိဓား"

ခရင်းခွသမားက သူ့အဖော်ကို သတိပေးရင်း ကျူးကျူးယန်ကို ခက်ရင်းခွဖြင့် ထိုးသွင်းလိုက်၏။

ကျူးကျူးယန်က လက်ကိုပိုက်ပြီး ခက်ရင်းခွကို ရိုက်ဖယ်ပစ်လိုက်သည်။

'ထန်း'

တစ်ဖက်တွင် ဝမ်းယန်သည် ခမ်းလောက်ကို အသာစီးမှ တိုက်ခိုက်နေ၏။

သို့သော် ... ကျူးကျူးယန်အတွက် စိုးရိမ်စိတ် လွန်နေသဖြင့် အာရုံထွေပြားကာ တိုက်စစ်မှ ခံစစ်သို့ ရောက်သွားရပြန်၏။

"ဟာ ... မဖြစ်သေးပါဘူး၊ စိတ်ငြိမ်ငြိမ်ထားပြီး ဒီလူ့ကို အနိုင်တိုက်မှ ဖြစ်မယ်"



ဝမ်းယန်သည် အာရုံကိုစုစည်းကာ တရကြမ်း ပြန်လည်တိုက်ခိုက်လိုက်လေတော့၏။

ကျူးကျူးယန်ကား ထိပ်တန်းသိုင်းသမားနှစ်ဦး၏ပူးပေါင်းတိုက်ခိုက်မှုကို အသေအလဲ ခုခံကာကွယ်နေရရှာသည်။

ကြာသော် လက်ပန်းကျစ ပြုလာ၏။ ထိုစဉ် ...

'ရှိုး ရှိုး'

လက်နက်ပုန်းတစ်ခု ရုတ်တရက် ပစ်လွှင့်လာ၏။

တာလီသိုင်းသမားနှစ်ယောက် ထိတ်ခနဲဖြစ်သွားကြ၏။

ခရင်းခွကိုင်သူက ကိုယ်ကိုလှည့်၍ လက်နက်ပုန်းကို ရိုက်ထုတ်လိုက်သည်။

'ထန်း'

ခရင်းခွကိုင်ထားသူ ယိုင်ထွက်သွား၏။ ပစ်လိုက်သည့်လက်နက်ပုန်းမှာ လိပ်ပြာပုံ သေးငယ်သောသတ္တုပြားဖြစ်၏။

ဤမျှသေးငယ်သော လက်နက်ပုန်းက သူ့အား ပြန်ကန်ထွက်အောင် ပြင်းထန်လှခြင်းကြောင့် လက်နက်ပုန်း ပစ်သူ၏အတွင်းအား နယ်နယ်ရရမဟုတ်ကြောင်း နားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်တော့ လက်နက်ပုန်းဖြင့် ပစ်သူမှာ ထင်းခုတ်သမား ဖြစ်သည်။

လူငယ်ထံ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထို့ကြောင့် ...

ကျူးကျူးယန်သည် ရန်သူတစ်ယောက် လျော့သွားပြီး အသက်ရှူချောင်သွားရတော့၏။

ထိုအချိန်တွင် ...

ဝမ်းယန်နှင့်ခမ်းလောက်တို့၏တိုက်ပွဲကား အထွတ်အထိပ်သို့ ရောက်ရှိနေလေပြီ။

တစ်ချိတွင် ဝမ်းယန်၏တိုက်ခိုက်မှုကြောင့် ခမ်းလောက်၏ဓားတစ်လက် လွင့်ထွက်သွား၏။

ကျန်ဓားတစ်လက်ဖြင့် တိုက်ခိုက်နေစဉ် ...

'ဗိုး'

"အား"

ဝမ်းယန်၏ဓားက ဝမ်းလောက်၏နားရွက်ကို ထိမှန်သွားရာ သွေးများ ရဲခနဲ ဖြာဆင်းကျလာလေသည်။



ခမ်းလောက်သည် အခြေအနေမဟန်မှန်း သိသည့်အခါ နားရွက်ကို လက်ဝါးဖြင့် အုပ်ပြီး ...

"လစ်စို့"

ဓရင်းခွကိုင်သူကို အချက်ပေးခေါ်ကာ ပြေးလွှားထွက်ခွာသွားလေတော့၏။

တုတ်ချွန်ကိုင် သိုင်းသမားသည် ကျူးကျူးယန်နှင့် တိုက်ခိုက်နေရာမှ ရုတ်တရက် ခုန်ထွက်ပြီး ခမ်းလောက်တို့နောက်သို့ ပြေးလိုက်၏။

ဤတွင် ...

ထင်းခုတ်သမားလူငယ်က လက်နက်ပုန်းနှင့် လှံပ်တစ်ပြက် လှမ်းပစ်လိုက်သည်။

'ဗိုး'

"အား"

ကျူးကျူးယန်သည် ရုတ်တရက် ရောက်ရှိလာပြီး ဓားဖြင့် ခုတ်ပိုင်းချရန် ဟန်ပြင်လိုက်၏။

"နေဦး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယန်က လှမ်း၍ဟန့်တားရင်း ထိုသူ၏ရင်ဘတ်ကြား

လက်နှိုက်၍ ရှာဖွေကြည့်လိုက်သည်။

စာတစ်စောင် ထွက်လာသည်။

တာလိနယ်စားကြီးသို့ ...

ဟု လိပ်မူထားသည်ကို တွေ့ရ၏။

"ဒီကောင့်ကို မလိုအပ်တော့ဘူး"

ဝမ်းယန်သည် ပြောပြီး ခက်ရင်းခွကိုင် သိုင်းသမားကို အန်း

ရှိ ရေအိုင်ထဲ ပစ်ချလိုက်လေတော့သည်။

❖ ❖ ❖



## အခန်း (၆)

## စိတ္တစလူငယ်

ကျင်လိပောက်နှင့် ကျန်ယင်းလျှံသည် ဝမ်းယန်တို့လူစုနှင့်

[illegible]ခွဲလာပြီးနောက် တာလိမင်းသားကြီးစံအိမ်တော်သို့ ထွက်ခွာခဲ့

ကြသည်။

သို့သော် ...

မြို့ထဲဝင်ရန်မဆိုထားဘိ မြို့ဝန်းကျင်တစ်ဝိုက်၌ပင် ကပ်၍

[illegible]အောင် အစောင့်အကြပ်များ ထူထပ်စွာချထားသည်ကို တွေ့ရ

[illegible]သည်။

ထို့ကြောင့် ...

သူတို့သည် ခွဲခွာခဲ့သော သိုင်းသမားမိတ်ဆွေများ ပြန်ဆုံ

[illegible] နောက်ကြောင်း ပြန်လှည့်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တာလီရဲမက်များ၏ပိုက်စိပ်တိုက်ရှာဖွေ နှိမ်နင်းကြသဖြင့် တော်လှန်ရေးသိုင်းသမားများ ကစဉ့်ကလျားဖြင့် လူစုကွဲကုန်ကြသည်။

တစ်ယောက်နှင့်တစ်ယောက် အဆက်အသွယ်ပြတ်တောက်ကုန်ကြသည်။

သို့သော် ...

ကျင်လိဟောက်တို့သည် ဆက်လက်ထွက်ခွာလာခဲ့ကြရာ ကျင်းနန်နယ်ရှိ ကျေးရွာတစ်ရွာအနီးသို့ ရောက်ရှိလာခဲ့ကြသည်။

ရွာအဝင်လမ်းမကြီးပေါ်၌ လူအချို့ ဝိုင်းအုံလျက် ရှိသဖြင့် သွားရောက်ကြည့်ရှုရာ လူငယ်တစ်ယောက် မြေကြီးပေါ် လဲကျသတိမေ့နေသည်ကို တွေ့ရလေသည်။

ကျင်လိဟောက်က ဝင်ရောက်ကြည့်ရှုလေ့လာရာ အဆိပ်လက်ဝါးထိထားကြောင်း သိရှိလိုက်ရသည်။

ထို့ကြောင့် ...

သူ့တွင်ပါလာသော ဆေးဝါးဖြင့် ကုသပေးလိုက်ရာ ထိုလူငယ်သည် မကြာမီ သတိပြန်ရလာတော့သည်။



သတိရလျှင်ရချင်းပင် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်တာ ...

"ခင်ဗျားတို့ ပင့်ကူနက်ဂိုဏ်းကို အမြစ်ပါဖြုတ်ရမှ ကျုပ်ကျေနပ်နိုင်မယ်ဗျ"

ပင့်ကူနက်ဂိုဏ်းဟူသော အမည်ကြောင့် ကျင်လိဟောက်စိတ်ဝင်စားသွားသည်။

အကြောင်းမှာ ...

ပင့်ကူနက်ဂိုဏ်းသည် တာလီတို့၏လက်ပါးစေဂိုဏ်းဖြစ်ကြောင်း သိရှိထားခြင်းကြောင့် ဖြစ်သည်။

လျှို့ဝှက်သောအဖွဲ့အစည်းဖြစ်၍ ၎င်းဂိုဏ်း၏တည်ရှိရာကို မျိုးချစ်သိုင်းသမားများ မသိရှိခဲ့ကြပေ။

ကျင်လိဟောက်သည် ၎င်းလူငယ်အား အခြားနေရာသို့ ခေါ်ထုတ်ပြီး အကျိုးအကြောင်း မေးမြန်းကြည့်ရာ ...

"ကျွန်တော့်နာမည်ကတော့ တာကျင်းရှောင်ပါ၊ တာလီတွေကို တိုက်ထုတ်ဖို့ သိုင်းသမားတွေဆီ ထွက်အလာ ပင့်ကူနက်ဂိုဏ်းသားတွေနဲ့ တွေ့ပြီး တိုက်ခိုက်ခံခဲ့ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ...

ကျင်လိဟောက်က မိမိတို့သည် တာလီဆန့်ကျင်ရေးသမား ဖြစ်ကြောင်း ပြောပြလိုက်သည်။

တာကျင်းရှောင် ဝမ်းသာသွားပြီး ပူးပေါင်းပါဝင်ခွင့်ပြု တောင်းပန်ရာ ကျင်လိဟောက်က လက်ခံလိုက်လေသည်။

ထို့နောက် ...

တာကျင်းရှောင်က ပင့်ကူနက်ဂိုဏ်းသားနှင့် တွေ့ဆုံခဲ့သည့် နေရာကို လမ်းပြခေါ်ဆောင်သွား၏။

ညအချိန်ရောက်မှ ပင့်ကူနက်ဂိုဏ်းသားများ စခန်းချရာ ရာသို့ ရောက်ရှိလာသည်။

ကျင်လိဟောက်တို့အတွက် မှောင်ရိပ်ခိုလှုပ်ရှားရန် အ ကောင်းပင် ဖြစ်ပေတော့၏။

❖

ပင့်ကူနက်ဂိုဏ်းသားများစခန်းတွင် တဲအိမ်လေးငါးလုံး



ရှိသည်။

အစောင့်များ ကျိုးတိုးကျဲတဲသာရှိသည်။

ကျင်လိဟောက်သည် စခန်းကို တစ်ချက်အကဲခတ်ပြီး နောက် ကျန်ယင်းလျှံဘက်လှည့်ကာ ...

"ကဲ သမီး ... ဒီလောက်တောင် ကျွန်ခံချင်တဲ့ကောင်တွေ အိုးမဲ့အိမ်မဲ့ဖြစ်အောင် လုပ်လိုက်စမ်းကွာ"

ကျန်ယင်းလျှံ ခေါင်းညိတ်ပြီး စခန်းရှိရာသို့ လှစ်ခနဲ ထွက် သွားသည်။

သူမ၏ကိုယ်ဖော့ပညာက ကောင်းလှသည်။

ပျံလွှားငှက်ငယ်တစ်ကောင်အလား ထင်မှတ်ရသည်။

မကြာမီ ...

ပင့်ကူနက်စခန်းကို မီးဟုန်းဟုန်း ဖွဲလောင်လေတော့၏။

မရှေးမနှောင်းမှာပင် ကျန်ယင်းလျှံလည်း ပြန်လည်ရောက် ရှိလာသဖြင့် ထိုနေရာမှ ထွက်ခွာလာသည်။

ပင့်ကူနက်စခန်းတွင်ကား ရုတ်ရုတ်သဲသဲ ဆူဆူညံညံဖြစ် ချက် ကျန်ရစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်လီဟောက်တို့သုံးယောက် ဆက်လက်ထွက်ခွာလာကြရာ တောင်ကွေ့တစ်နေရာအရောက်တွင် လူငယ်တစ်ယောက်နှင့် ပက်ပင်းတိုးဆုံတွေ့မိကြသည်။

ထိုလူငယ်သည် ကျင်လီဟောက်တို့သုံးယောက်အား မြင်တွေ့လိုက်ရသော်လည်း ဘာမျှထူးခြားဟန်မပြချေ။

သူ့အသွင်က ငေးကြောင်ကြောင်နှင့် အိပ်ရာမှ ယောင်ယမ်းထ,လာသူကဲ့သို့ ဖြစ်နေသည်။

"မောင်ရင်က ဘယ်သူလဲကွဲ့"

ကျင်လီဟောက်က လူငယ်ကို အကဲခတ်ရင်း မေးမြန်းလိုက်သည်။

သို့သော် ...

လူငယ်သည် ငါးရှဉ့်တစ်ကောင်ပမာ ကိုယ်ကိုလွန့်လိုက်ရာ လျှောခနဲ လွတ်ထွက်သွားလေတော့၏။

ကျင်လီဟောက် အံ့အားသင့်သွား၏။

လူငယ်သည် ကြောင်တောင်တောင် ဖြစ်နေသော်လည်း ပညာက ကြောင်မနေပါ။



"ခင်ဗျားက လူဆိုးလား၊ ဘာဖြစ်လို့ ကျုပ်ကို ရန်ရှာရတာလဲ"

"လူဆိုးမဟုတ်ပါဘူးကွာ၊ မောင်ရင့်ကို ပင့်ကူနက်ဂိုဏ်းကလားလို့ ထင်မိတာပါ"

"နေပါဦး၊ ပင့်ကူနက်ဂိုဏ်းဆိုတာ ဘာလဲ"

"လူဆိုးတွေရှိတဲ့ အဖွဲ့ပေါ့"

တစ်ဆက်တည်းပင် မီးလောင်နေသော စခန်းရှိရာသို့ ညွှန်ပြကာ ...

"အဲဒီလူဆိုးတွေနေတဲ့ နေရာက ဟိုးဟိုးက မီးတွေလင်းနေတဲ့နေရာပဲ"

"ဟာ ... ဒါ ကျွန်တော်နေတဲ့ နေရာပဲ၊ မဖြစ်နိုင်ဘူး"

"နေပါဦး ... လူဆိုးဆိုတာကော မောင်ရင် သိသလား"

"သိတာပေါ့၊ သူများကို စပြီးတိုက်ခိုက်တဲ့လူဟာ လူဆိုးပဲ၊ ဒါကြောင့် ခင်ဗျားလည်း လူဆိုးဖြစ်မှာပဲ"

ကျင်လီဟောက် ရယ်လိုက်သည်။

"ဒါဆို ... မောင်ရင့်ကို သက်သက်မဲ့ စော်ကားလာရင်

www.burmeseclassic.com

www.burmeseclassic.com



မောင်ရင် ငြိမ်ခံနေမလား”

“ဒါတော့ ဘယ်ငြိမ်ခံမလဲဗျ၊ ရိုက်ပစ်လိုက်မှာပေါ့”

“ဒါဆို မောင်ရင်လည်း လူဆိုးဖြစ်သွားမှာပေါ့”

လူငယ်မှာ ဘာပြောရမှန်းမသိအောင် ဖြစ်သွားတော့၏။

ကျင်လီဟောက်က ...

“လူဆိုးဆိုတာ တို့ရဲ့မြို့တွေ ရွာတွေကို အတင်းသိမ်းပိုက်ထားတဲ့ တာလီရဲမက်တွေပဲကွ၊ သူတို့ကို ကူညီနေတဲ့ ပင့်ကူနက်ဂိုဏ်းသားတွေလည်း လူဆိုးတွေပဲ”

လူငယ် မျက်မှောင်ကြုတ်သွားသည်။

“တာလီတွေဟာ လူဆိုးတွေဟုတ်တယ်၊ ဒီစကားကို ကျွန်တော် ကြားဖူးတယ်”

ထိုလူငယ်က အတိတ်မေ့ဝေဒနာရှင်မှန်း ကျင်လီဟောက်နားလည်လိုက်ပြီ ဖြစ်သည်။

ကျူးကျူးယန်က လူငယ်အနီးသို့ တိုးလာပြီး ...

“ရှင် ဘယ်သူလဲဆိုတာ ကျွန်မတို့ကို ပြောပြနိုင်မလားဟင်”

လူငယ်သည် မျက်လုံးအကြောင်သားဖြင့် တွေးရင်း ...



“ကျွန်တော် ဘယ်သူလဲ၊ ဘယ်သူမှ ကျွန်တော့်ကို ပြောမပြကြဘူးဗျ၊ ဒါကြောင့် ကျွန်တော် မသိဘူး”

လူငယ်သည် အတော်ပင် ဦးနှောက်ခြောက်သွား၏။

ထိုစဉ် ...

“ချောင်ဝှာ ... ချောင်ဝှာ”

တကြော်ကြော်ခေါ်သံ ထွက်ပေါ်လာရာ ...

“ဟော ... ကျွန်တော့်ကို လာခေါ်နေပြီ”

လူငယ်သည် ချက်ချင်းပင် ကိုယ်ကိုလှည့်ပြီး ပြေးထွက်သွားရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

❖

ချောင်ဝှာသည် သူ၏အတိတ်ကို တစ်ကြိမ်တစ်ခါမျှ မတွေးတောခဲ့ဖူးပါ။

ယခု ကျင်လီဟောက်တို့နှင့် တွေ့ပြီးမှ နောက်ကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးမိတော့သည်။

"ငါ ဘယ်သူလဲ"

သူမသိပါ။

သုံးနှစ်တာကာလအတွင်း ပင့်ကူနက်သိုင်းသမားများနှင့် အတူ နေထိုင်ခဲ့သည်ကိုသာ သိ၏။

ထိုထက်စောစောသာ အချိန်ကာလက အဖြစ်အပျက်ကို ဘာမျှမသိတော့ပါ။

ခပ်ရေးရေး မှတ်မိသည်ကတော့ ...

တစ်ခုသော ဆောင်းတွင်းကာလ နှင်းတောထဲ မေ့မျောနေစဉ် ပင့်ကူနက်ဂိုဏ်းသားများက သူ့အား တွေ့မြင်ပြီး ဓားဖြင့်ခုတ်ရန် ဟန်ပြင်စဉ် ...

သူ ရုတ်တရက် သတိရလာပြီး နှင်းခဲတစ်ခဲဖြင့် ထိုသူ၏သွေး ကြောကို ပိတ်လိုက်ခြင်း ဖြစ်သည်။

ကျန်လူများက ဝိုင်းတိုက်ရန် ဟန်ပြင်ကြသည်။

ထိုအခါ ခေါင်းဆောင်လုပ်သူက ဟန့်တားပြီး ချောင်ဗှာကို အစာရေစာ ကျွေးမွေးပြီး ၎င်းတို့နှင့်အတူ ခေါ်ဆောင်သွားသည်။



နှင်းတောထဲ၌ အဘယ်ကြောင့် မေ့မြောနေခဲ့သည်ကို သူ စဉ်းစား၍မရပါ။

ပင့်ကူနက်ဂိုဏ်းသားများသည် သူ့အား အမျိုးမျိုး မေးမြန်း စုံစမ်းကြ၏။

မည်သည့်အဖြေမှ မရ။

နောက်ဆုံးတွင် ...

မေးမြန်းသူများသာ လက်လျှော့လိုက်ကြရတော့၏။

နောက်ပိုင်းတွင်ကား ...

ပင့်ကူနက်ဂိုဏ်းသည် ချောင်ဗှာအား ကောင်းကောင်းကြီး အသုံးချကြတော့၏။

ချောင်ဗှာ၏သိုင်းပညာက လျှို့ဝှက်ဆန်းကြယ်လှသည် မဟုတ်ပါလား။

ထို့ကြောင့် ...

သူ့အား အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် လိုလေသေးမရှိ အောင်ထားကာ ပင့်ကူနက် ရန်သူများကို သူနှင့် ထိပ်တိုက်တွေ့ပေးကြ၏။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဗုာသည် အတိတ်မေ့နေသော်လည်း လူသတ်ခြင်းကိုတော့ လုံးဝမပြုလုပ်ပေ။

ပင့်ကူနက်အလိုကျ လူသတ်ခြင်းမပြုဘဲ ရန်သူထွက်ပြေးအောင်သာ ကူညီတိုက်ခိုက်ပေးခြင်း ပြုလေသည်။

သို့ဖြစ်ရာ ...

ပင့်ကူနက်ဂိုဏ်းသည် ၎င်းတို့ လက်နက်ကောင်းသဖွယ်ဖြစ်သော ချောင်ဗုာအား အရိပ်တကြည့်ကြည့် စောင့်ကြပ်ကြည့်ရှုရင်း မိမိတို့ထံမှ ထွက်ခွာမသွားအောင် အလိုလိုက် အကြိုက်ဆောင်လျက် ရှိနေကြပေသည်။

❖

တာကျင်းရှောင်သည် သူနှင့်စိတ်တူကိုယ်တူ ရွာသားအချို့ကို စုဆောင်းခေါ်ယူရာ လူပေါင်းနှစ်ဆယ်ခန့် အင်အားရှိလာသဖြင့် ကျင်လိဟောက်ထံ ခေါ်ဆောင်လာခဲ့သည်။

ကျင်လိဟောက်က တာကျင်းရှောင်၏အဖော်များကို အကဲခတ်ကြည့်ရာ အားလုံးလိုလို သိုင်းသမားများချည်းသာဖြစ်ကြောင်း သိရသည့်အခါ ဝမ်းသာသွား၏။

ထို့ကြောင့် ...

ပင့်ကူနက်ဂိုဏ်း၏စခန်းကို ဝင်ဖြိုရန် အစီအစဉ်ရေးဆွဲကြသည်။

သို့ဖြင့် ...

နောက်တစ်နေ့နံနက် ဝေလီဝေလင်းအချိန်၌ ပင့်ကူနက်ဂိုဏ်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်လေတော့၏။

ပြင်းထန်သော တိုက်ပွဲကြီးတစ်ခုဖြစ်ပေါ်လာသည်။

ပင့်ကူနက်ဂိုဏ်းသားများ တဖြည်းဖြည်း အရေးနိမ့်စပြုလာသည်။

ထိုစဉ် ...

အဝါရောင်ဝတ်စုံနှင့် လူငယ်တစ်ယောက် တိုက်ပွဲထဲရောက်ရှိလာ၏။

ထိုလူငယ်ကား အတိတ်မေ့နေသော ချောင်ဗုာပင်တည်း။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ရန်ရောက်ရှိလာပုံမျိုး မဟုတ်ပါ။

ငေးကြောင်ကြောင်လျှောက်လာနေခြင်း ဖြစ်၏။

သူရောက်လာသည်ကို တွေ့မြင်သည့်အခါ ပင့်ကူနက်ဂိုဏ်း သားများ ဝမ်းသာအားတက်သွားကြပြီး ...

"ချောင်ဗွာ ... ချောင်ဗွာ ... ဒီလူတွေဟာ တို့ရဲ့ရန်သူ လူဆိုး တွေကွ"

ဤတွင် ...

တာကျင်းရှောင်က ချောင်ဗွာအား ပင့်ကူနက်ဘက်မှ ဝင်ကူ သည်ဟုထင်ပြီး ဆီးကြိုတိုက်ခိုက်လိုက်သည်။

ကြောင်တောင်တောင်နှင့် ချောင်ဗွာသည် တာကျင်းရှောင် က တိုက်ခိုက်လိုက်သည်နှင့် ချက်ချင်းသတိဝင်လာကာ ကိုယ်ကိုယ်ရှဲ ရှောင်လိုက်၏။

ထို့နောက် ...

မည်သည့်သိုင်းကွက် သုံးလိုက်မှန်းမသိ။

တာကျင်းရှောင်၏ဓားက ချောင်ဗွာလက်ထဲ ရောက်ရှိသွား ၏။



ချောင်ဗွာက ဓားကို လွှင့်ပစ်လိုက်သည်။

"ချောင်ဗွာ ... သူ့ကို သတ်ပစ်လိုက်၊ သူဟာ လူဆိုး"

ပင့်ကူနက်ဂိုဏ်းသားတစ်ယောက်က လှမ်းအော်ပြောလိုက် ၏။

ချောင်ဗွာသည် တာကျင်းရှောင်အား လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်၏။

"မလုပ်နဲ့ ... သူ ... လူဆိုးမဟုတ်ဘူး"

ကျန်ယင်းလျှံက ထိတ်ထိတ်ပျာပျာဖြင့် လှမ်းအော်၏။

ချောင်ဗွာ ရပ်တန့်သွားသည်။

ဘာဆက်လုပ်ရမှန်းမသိဘဲ ကြောင်နေ၏။

ဤတွင် ...

ကျန်ယင်းလျှံ အပြေးအလွှား ရောက်ရှိလာပြီး စခန်း၌ လွှင့် ထားသည့် အလံများကို လက်ညှိုးထိုးပြကာ ...

"ချောင်ဗွာ ... ဟိုအလံတွေပေါ်က စာလုံးကိုကြည့်စမ်း၊ ဘာလိုစာတွေ မဟုတ်လား"

ချောင်ဗွာ လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဒီစာလုံးတွေက ကျုပ်တို့ရဲ့စာလုံး မဟုတ်ဘူး"

"ဒါဖြင့် ... ရှင်းနေတာပဲ၊ သူတို့က တာလိရဲ့လက်ပါးစေ လူဆိုးတွေပေါ့"

ထိုအခါ ...

ချောင်ဂှာသည် ပင့်ကူနက်ဂိုဏ်းသား ခေါင်းဆောင်သုံးယောက်ကို လှမ်းကြည့်၏။

ထို့နောက် ...

ကြောင်တောင်တောင်ဖြင့် လျှောက်သွား၏။

ပင့်ကူနက်ခေါင်းဆောင်များက ချောင်ဂှာ လာကူသည်ဟု ထင်မှတ်ကြကာ ...

"ချောင်ဂှာ ... ဒီအဘိုးကြီးကို ကောင်းကောင်း ဆုံးမလိုက်စမ်း"

ခေါင်းဆောင်သုံးယောက်သည် မိမိတို့အား လာရောက်တိုက်ခိုက်နေသည့် ကျင်လိဟောက်ကို ညွှန်ပြရင်း ချောင်ဂှာကို အမိန့်ပေးလိုက်ကြ၏။



သို့သော် ...

ချောင်ဂှာသည် ကျင်လိဟောက်ကို ဝင်မတိုက်ဘဲ ခေါင်းဆောင်သုံးယောက်အား ...

"ခင်ဗျားတို့ကို ဆုံးမရမယ်၊ ခင်ဗျားတို့ဟာ တာလိတွေရဲ့ လက်ပါးစေ"

ခေါင်းဆောင်သုံးယောက် မျက်လုံးပြူးသွားကြ၏။

"ချောင်ဂှာ ... ချောင်ဂှာ ... မင်း မှားမယ်နော်"

ချောင်ဂှာက လျှောက်မြဲ လျှောက်လာနေရာ ခေါင်းဆောင်သုံးယောက် ဆက်မနေဝံ့ဘဲ ထိတ်လန့်တကြား ထွက်ပြေးကြလေသော၏။

ယော်သားများလည်း တပ်ပျက်ကာ ကစဉ့်ကလျားခြေဦးတည့်ရာ ပြေးကုန်ကြတော့၏။

ထို့နောက်တွင်ကား ...

ကျန်ယင်းလျှံသည် ချောင်ဂှာအား ချော့မော့ခေါ်ဆောင်ခဲ့ရာ သုံးရက်ခန့်အကြာတွင် တာလိတို့ အခိုင်အမာ ခြေကုတ်ယူထားသည့် ချုန်အန်းနေပြည်တော်သို့ ရောက်ရှိခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ...

ဝမ်းယန်နှင့်ကျူးကျူးယန်တို့ သတင်းကို ကြားသိလိုက်ရ၏။

တာလိနယ်စားကြီး၏ထောင်ချောက်ကြောင့် ၎င်းတို့နှစ်ဦးသည် ပော်နန်းကြေးတိုက်၌ အချုပ်ခံနေရကြောင်း ကြားသိလိုက်ရခြင်းပင် ဖြစ်ပေ၏။

❖ ❖ ❖



## အခန်း (၇)

## အတိတ်ပုံရိပ်တူးဆွခြင်း

ကျင်လိဟောက်သည် ဝမ်းယန်တို့အတွက် စိတ်ပူပန်နေမိသည်။

ကယ်တင်နိုင်မည့်နည်းလမ်းကို စူးစမ်းရှာဖေါ်နေစဉ်မှာပင် တာလိနယ်စားကြီးတွင် ခေါင်းကိုက်ဝေဒနာ စွဲကပ်နေလေကြောင်း။

ကုသနိုင်သူအား ဆုလာဘ်များစွာ ချီးမြှင့်မည့်သတင်းကို ကြားသိလိုက်ရလေ၏။

ကျင်လိဟောက်မှာ သိုင်းပညာသာမက ထက်မြက်သော ဆေးဆရာတော်ကြီးတစ်ဦးလည်း ဖြစ်ရာ ချက်ချင်းပင် နယ်စားကြီး၏ ဘော်နန်းသို့ ဝင်ရောက်၍ ဆေးဝါးကုသပေးလေ၏။

သုံးရက်မျှကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီး၏ဝေဒနာ သက်သာစပြုလာ၏။

ထိုသုံးရက်အချိန်အတွင်း၌ ကျင်လိမ်ယောက်သည် အေးထဲ ကုသမှုကို အကြောင်းပြုကာ မသိမသာ စုံစမ်းခဲ့လေသည်။

ဝမ်းယန်တို့အား ချုပ်ထားသည့်နေရာနှင့် အခြေအနေတို့ စုံစမ်းသိရှိရသည့်အခါ တာကျင်းရှောင်တို့နှင့် အချိန်းအဆက်ပြုပြီး ဝမ်းယန်အား ကယ်ထုတ်လာနိုင်ခဲ့လေတော့၏။

အထူးသဖြင့် ...

ရှောင်ဗှာ၏ထက်မြက်လှသော သိုင်းပညာကြောင့် ပိတ်ဆို့ နေသော တာလီရဲမက်များကို ဖောက်ထွက်လာနိုင်ခဲ့ကြခြင်း ဖြစ် သည်။

တာလီရဲမက် အတော်များများသည် သူ၏ဓားချက်များ အောက်၌ အသက်ပျောက်သွားရသည်။

ထို့ကြောင့် ...

ရဲမက်များ ရှိန်သွားပြီး သဲကြီးမဲကြီး မတိုက်ဝံ့ကြတော့ပေ။

ဟန်ရေးတပြုပြုနှင့် တွန့်ဆုတ်လိုက်ရင်း ဝမ်းယန်တို့လူစုကို မျက်ခြည်ပြတ်သွားခဲ့ရခြင်း ဖြစ်ပေ၏။



ရန်သူများလက်မှ လွတ်မြောက်သွားသည့်အခါ ဝမ်းယန်က

"ဒီနေ့ ... ဟောဒီက မိတ်ဆွေလေးသာ ပါမလာရင် အချုပ် ခန်းထဲက ထွက်နိုင်တယ်ထားဦး ဟော်နန်းထဲက ဖောက်ထွက်ဖို့ဆို တာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ဝမ်းယန်က ရှောင်ဗှာအား လှိုက်လှဲစွာ ကျေးဇူးတင်သံနှင့် ကျေးဇူးစကား ပြောလိုက်သည်။

သူကား ထုံးစံအတိုင်း ငေးငေးငိုင်ငိုင် ကြောင်တောင်တောင် ပင်။

ဝမ်းယန်က ဆက်၍ ...

"ဒါနဲ့ ... ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲဗျ။ ကျုပ်နာမည် ကတော့ ဝမ်းယန်ပါ"

ဟု မိတ်ဆက်လိုက်၏။ ရှောင်ဗှာ မျက်နှာရှုံ့သွား၏။

"ခက်တာပဲ၊ တွေ့တဲ့လူတိုင်းက ကျုပ်နာမည်ချည်းပဲ မေး နေကြတယ်"

ရှောင်ဗှာ၏စကားကြောင့် ဝမ်းယန် အံ့ဩသွားလေသည်။

ရှောင်ဗှာကို နားမလည်နိုင်အောင်ဖြစ်ကာ ငေးကြည့်မိ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ... ကျင်လိဟောက်နှင့် ကျန်ယင်းလျှံတို့ မြင်းကို
ဖြင့် ရောက်ရှိလာကြ၏။

သူတို့သည် ဟော်နန်းမှ လူစုခွဲထွက်ကာ သည်နေရာ၌
လည် ဆုံတွေ့ရန် ကြိုတင်ချိန်းဆိုထားခဲ့သဖြင့် ယခုကဲ့သို့ ရော
လာခြင်း ဖြစ်၏။

ကျန်ယင်းလျှံသည် ချောင်ဝှာအား တွေ့မြင်ရသည့်အခါ
သက်သာရာ ရသွားပြီး ...

"ကဲ အဘ ... တွေ့ပြီမဟုတ်လား၊ ချောင်အစ်ကိုကြီး
ချိန်းထားတဲ့နေရာကို ကောင်းကောင်းမှတ်မိနေတာပဲ၊ သူ့ရဲ့အတ
မေ့ရောဂါကို ဘာဖြစ်လို့ ကုမရ ရှိမှာလဲ"

ကျင်လိဟောက် သက်ပြင်းမှုင်းမှုင်း ချရင်း ...

"အင်း ... ထင်သလောက်တော့ မလွယ်ပါဘူး သမီးရေ

❖



ကျင်လိဟောက်တို့သည် တာကျင်းရှောင်၏စခန်း၌ ခေတ္တ
စခန်းချလျက် ရှိ၏။

ညရောက်သောအခါ အားလုံးလိုလို ပင်ပန်းနွမ်းနယ်ခဲ့ကြ
သဖြင့် ခပ်စောစောပင် အိပ်စက်ကြ၏။

သို့သော် ... ဝမ်းယန်ကား အိပ်မရချေ။

ကျူးကျူးယန်နှင့်ပတ်သက်၍ အတွေးများက ရှုပ်ထွေးနေ
၏။

မိမိနှင့်ကျူးကျူးယန် နောက်ဆုံးတွေ့ခဲ့စဉ်က မိမိအား ပါး
ရိုက်ထွက်ခွာသွားသည်ကို ပြန်လည်မြင်ယောင်လာလေသည်။

ယခုမူ ...

ကျူးကျူးယန်သည် ထိုကိစ္စနှင့် ပတ်သက်၍ အထင်အမြင်
လွဲမှားမှုကြောင့်ဖြစ်ကြောင်း သိရ၍ ယူကျုံးမရဖြစ်နေရှာသည်။

ဝမ်းယန်အနေဖြင့် ဖျောင်းဖျလိုသော်လည်း မျက်နှာပေါ်မှ
မားဒဏ်ရာကြောင့် မိမိ မည်သူမည်ဝါဖြစ်ကြောင်း အသိမပေးလို
တော့ပေ။

မည်သို့ပင်ဖြစ်စေ ...

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မိမိအပေါ် နားလည်ခွင့်လွှတ်ခဲ့ပြီဖြစ်ကြောင်း သိရပြီဖြစ်၍ ရင်ထဲမှ အကြိတ်အခဲတစ်ခုကတော့ ကြေပျက်သွားချေပြီ ဖြစ်ပေ၏။

သူသည် တွေးရင်း ချောင်ဗှာကို သတိရမိပြန်၏။

ချောင်ဗှာ၏သိုင်းပညာမှာ ထူးထွေဆန်းပြား အံ့မခန်းဖွယ် ပင်ဖြစ်၏။

သို့သော် ချောင်ဗှာ၏အပြုအမူများက စိတ္တဇဆန်လှသည်။ အဘယ်ကြောင့် ဤသို့ဖြစ်နေရပါသနည်း။

ဝမ်းယန် တွေး၍မရပါ။

သူသည် မျက်လုံးကြောင်ပြီး အိပ်မရတော့သဖြင့် ခြံဝင်းထဲ ဆင်း၍ လမ်းထလျှောက်လိုက်၏။

ကျင်လိဟောက် အခန်းအနီးမှ ဖြတ်လျှောက်မိသည့်အခါ တဖုတ်နေဆဲဖြစ်ကြောင်း တွေ့ရသည်။

ထိုစဉ် ...

ကျင်လိဟောက်အခန်းဆီသို့ လူတစ်ယောက် တရွေ့ရွေ့ ချဉ်းကပ်လာ၏။



ဝမ်းယန်မှာ မှောင်ရိပ်ကွယ်၍ သေချာလှမ်းကြည့်လိုက်ရာ ထိုလူမှာ ချောင်ဗှာဖြစ်ကြောင်း သိလိုက်ရသည်။

သူ့လက်ထဲတွင် ဓားတစ်လက် ကိုင်ထား၏။

လမ်းလျှောက်သည်က ခပ်တောင့်တောင့်။

မျက်လုံးက ကြောင်တောင်တောင်။

တရွေ့ရွေ့လှမ်းရင်း ကျင်လိဟောက်၏အခန်းထဲသို့ ဝင်ရောက်သွား၏။

ဝမ်းယန် ထိတ်လန့်သွား၏။

ချောင်ဗှာသည် ကျင်လိဟောက်ကို လုပ်ကြံရန် ဝင်ရောက်သွားခြင်းပင်လော။

ဝမ်းယန်သည် ကျင်လိဟောက်ကို လှမ်းအော်သတိပေးရန် အထိ ဟန်ပြင်မိ၏။

သို့သော် ...

ကျင်လိဟောက်၏သိုင်းပညာကလည်း ထိပ်တန်းအဆင့်အထွင်ရှိရာ တစ်ချက်တည်းနှင့် ချောင်ဗှာ၏လက်ချက် မမိနိုင်ဟု တွေးမိသဖြင့် အသာပြန်ငြိမ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ... ချောင်ဝှာက စိတ်ရှုးပေါက်ပြီး ဝင်တိုက်ရင်တောင် ငါ အချိန်မီ ဝင်ကူနိုင်တာပဲ၊ ငါတို့နှစ်ယောက်အားနဲ့ဆိုရင် ချောင်ဝှာကို ကောင်းကောင်းထိန်းနိုင်မှာပါ"

ဝမ်းယန်၏စိတ်ထဲမှ တွေးလိုက်ခြင်း ဖြစ်သည်။

ထိုအချိန်တွင် ... ချောင်ဝှာသည် ကျင်လိဟောက်အနီးသို့ ရောက်ရှိသွားပြီ ဖြစ်၏။

"ချောင်ဝှာ"

"ဗျာ"

ကျင်လိဟောက်က လှည့်မကြည့်ဘဲ ရုတ်တရက် ခေါ်လိုက်သဖြင့် ချောင်ဝှာမှာ အိပ်ရာမှ လန့်နိုးလာသူပမာ ဖြစ်သွား၏။

လက်ထဲမှဓားလည်း ခြွမ်းခနဲ လွတ်ကျသွား၏။

သူသည် ကြောင်အမ်းအမ်းဖြစ်ကာ ...

"ဟင် ... ကျွန်တော် ဒီကိုဘာလာလုပ်တာပါလိမ့်"

ကျင်လိဟောက်က ရေနွေးကြမ်းတစ်ခွက် ငှဲ့ပြီး ...

"ရော့ ... သောက်"

ချောင်ဝှာက ရေနွေးကြမ်းခွက်ကို လှမ်းယူကာ တစ်ကျိုက်



မော့သောက်ချလိုက်လေ၏။ ကျင်လိဟောက်က ပြုံးပြရင်း ...

"ကဲ ... ကဲ ... အိပ်မရရင် ဒီမှာပဲ အိပ်လိုက်တော့"

ချောင်ဝှာသည် ဘာမျှပြန်မပြောဘဲ မလှမ်းမကမ်းရှိ ကွပ်ပျစ်ဆီ လျှောက်သွားကာ လှဲချလိုက်၏။

တစ်ခဏအတွင်းမှာပင် ...

တခေါခေါနှင့် အိပ်ပျော်သွားလေတော့၏။

❖

ချောင်ဝါ အိပ်ပျော်သွားသည်ကို တွေ့သည့်အခါ ဝမ်းယန်သည် ကိုယ့်နေရာ ကိုယ်ပြန်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ...

ကျန်ယင်းလျှံသည် ကျင်လိဟောက် အခန်းဆီသို့ လျှောက်လာသည်ကို တွေ့ရသည်။

ဝမ်းယန်လည်း ကိုယ့်အခန်း ကိုယ်ပြန်ရန် ခြေဦးလှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ...

"ဝမ်းယန် ... မင်းပြန်တော့မလို့လား"

ကျင်လိဟောက်၏စကားသံ ရုတ်တရက် ထွက်ပေါ်လာသည်။

သို့ဖြင့် ... ဝမ်းယန်လည်း မှောင်ရိပ်မှထွက်ကာ အခန်းထဲဝင်လိုက်ရတော့၏။

ကျန်ယင်းလျှံသည် ချောင်ဝှာ၏အခြေအနေကို စိတ်မချသဖြင့် လိုက်လာရာ ကျင်လိဟောက်၏အခန်းထဲ ရောက်နေသည်ကို တွေ့ရပြီး စားတစ်ချောင်းလည်း ကြမ်းပြင်ပေါ် ကျရောက်နေခြင်းကြောင့် ...

"ဟင် ... သူ ... သူ ... စိတ်ဖောက်ပြန်ပြီလား။ အဘ ထိနိုက်မိသေးလားဟင်"

ကျန်ယင်းလျှံက စိုးရိမ်တကြီး မေးလိုက်၏။

ကျင်လိဟောက် ပြုံးပြရင်း ...

"ဘာမှမဖြစ်ပါဘူး သမီးရယ်၊ ဒါပေမဲ့ ... သူ့ပညာက သိပ်ကြောက်စရာကောင်းတော့ စိတ်ဖောက်ပြန်လာရင် အများအတွက်



အန္တရာယ်ရှိနိုင်တယ်၊ ဒါကြောင့် သူ့ရဲ့သိုင်းပညာကို ဖျက်ဆီးလိုက်ရင်ကောင်းမလားလို့ စဉ်းစားနေတာ"

ထိုစကားကြားရသည့်အခါ ကျန်ယင်းလျှံသာမက ဝမ်းယန်ပါ မျက်လုံးပြူးသွားကြသည်။

"ဟင် ... အဘ ... ဒီလိုတော့မလုပ်ပါနဲ့"

"ဟုတ်ပါတယ်ဗျာ၊ သူ့လိုသိုင်းပညာမျိုး ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ဘယ်လောက်အထိ ခက်ခက်ခဲခဲ ကြိုးစားထားရသလဲမှ မသိတာ၊ သူ့ရဲ့သိုင်းပညာတော့ ဖျက်ဆီးမပစ်ပါနဲ့ဗျာ"

နှစ်ယောက်စလုံးက မျှာမျှာသလဲ ဝိုင်းဝန်းတောင်းပန်ကြသော၏။

ကျင်လိဟောက်က ...

"ခက်တာက သူ စိတ်ရူးပေါက်ပြီး သူများတွေကို အန္တရာယ်ပေးဘူးလို့ ဘယ်သူအာမခံနိုင်မလဲ၊ သိုင်းပညာ အထွတ်အထိပ်ရောက်နေတဲ့ လူတစ်ယောက် အမိုက်မှာယ်မဲ့ ရမ်းကားရင် လူအများဒုက္ခရောက်ကုန်လိမ့်မယ်၊ သူ့ကို ဘယ်သူကမှလည်း ထိန်းနိုင်မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ယင်းလျှံမှာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွား၏။

ဝမ်းယန်က ...

"ဒါပေမဲ့ ဘာဘရယ် ... သူ့လိုသိုင်းပညာမျိုးက တစ်ထောင်မှာတစ်ယောက် ရခဲပါတယ်၊ တကယ်လို့ သူ့ရောဂါကိုသာ ပျောက်အောင်ကုပေးနိုင်ရင် ကျွန်တော်တို့ တာလိဆန့်ကျင်ရေးလုပ်ငန်းမှာ အဖိုးမဖြတ်နိုင်အောင် အသုံးဝင်လာမှာပါ"

ထိုအခါမှ ကျွန်ယင်းလျှံကလည်း ...

"ဟုတ်ပါတယ် အဘရယ် ... သမီးလည်း သူ့ရောဂါ သက်သာလာအောင် တတ်နိုင်သမျှ နည်းလမ်းရှာပါ့မယ်၊ သူ့ရဲ့သိုင်းပညာကိုတော့ မဖျက်ဆီးပါနဲ့နော်"

ကျင်လိဟောက်၏မျက်နှာ ပြုံးယောင်သမ်းလာ၏။

ထို့နောက် ကျေနပ်သဘောကျဟန်ဖြင့် ...

"ဟား ဟား ဟား ... ဒီသူငယ်ကို ဘယ်လိုကုရပါ့မလဲ ဆေးကျမ်းတွေဖတ်ပြီး အကြံထုတ်နေတာ၊ ခုမှ လမ်းစရတော့တယ်"

ဝမ်းယန်နှင့် ကျွန်ယင်းလျှံတို့ စိတ်ဝင်စားသွားကြသည်။



"လမ်းစရပြီ ဟုတ်လား၊ ဘယ်လိုလမ်းစလဲဟင် ... ပြောပါဦး အဘရဲ့"

ကျွန်ယင်းလျှံက ခပ်လောလောပင် မေးလိုက်မိ၏။

ကျင်လိဟောက်က ပြုံးပြရင်း ...

"သူ့ရဲ့သိုင်းပညာကို ဖျက်ဆီးဖို့ အဘမရည်ရွယ်ပါဘူး၊ သမီးရဲ့စိတ်ကို စမ်းကြည့်တာပါ"

ကျွန်ယင်းလျှံ ရှက်သယောင်ဖြစ်သွားကာ ...

"အို ... အဘကလဲ"

ကျင်လိဟောက်က ဆက်၍ရှင်းပြလေသည်။

"ဒီလိုကွဲ့ ... စိတ်ရောဂါဆိုတာ စိတ်နဲ့ပဲ ကုရတယ်၊ ပျော့ပျောင်းနူးညံ့ပြီး သူ့ကို နားလည်တဲ့ မိန်းကလေးတစ်ယောက် သူ့အနားမှာ အမြဲရှိဖို့လိုတယ်၊ နောက်ပြီး အဲဒီမိန်းကလေးဟာ သူ ယုံကြည်ထားတဲ့ မိန်းကလေးပဲဖြစ်ရမယ်၊ ဒါမှ ... သူက စကားနားထောင်မှာကိုး"

ကျွန်ယင်းလျှံနှင့်ဝမ်းယန်တို့က စိတ်ဝင်စားစွာပင် နားထောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်လိဟောက်က ဆက်၍ပြောလိုက်ပြန်၏။

"ဒါပေမဲ့ ... သူဟာ အရိုန်မရွေး စိတ်ဖောက်ပြန်နိုင်တ အဲဒီမိန်းကလေးအတွက် အတော့်ကို အန္တရာယ်များတယ်၊ ဒါကြောင့် သူ့အတွက် ဘာမဆို စွန့်လွှတ်စွန့်စားရဲတဲ့ မိန်းကလေးဖြစ်ဖို့လည်း လိုတယ်"

ကျင်လိဟောက်က စကားကိုဖြတ်ပြီး ကျန်ယင်းလျှံကို ကြည့်၏။ ပြီးမှ စကားဆက်၏။

"အဘ ... အကဲခတ်ရသလောက်ဆိုရင် သမီးဟာ သူ့အနားမှာ စောင့်ဖို့ အသင့်တော်ဆုံး မိန်းကလေးပဲ၊ ဆေးပညာလည်း တီးမိခေါက်မိတယ်၊ စိတ်လည်း ရှည်တယ်"

"ဒါကြောင့် ... သမီးရဲ့သဘောထားကို သိရအောင် သူ့သိုင်းပညာ ဖျက်ဆီးပစ်မယ်လို့ပြောပြီး စမ်းကြည့်ခဲ့တာပါ"

သူမ ခေါင်းကလေးကို ငုံ့ထားလေတော့၏။

အဘက ဝမ်းယန်ဘက် လှည့်လိုက်ပြန်ပြီး ...

"မောင်ရင်ကတော့ ... ငါ့သမီးကို ကွယ်ရာက စောင့်ရှောက်ဖို့ တာဝန်ယူပေးစေချင်တယ်၊ မတော်လို့ ... သူ ရောဂါထ,လာရင်



သူ့ကို ချုပ်ကိုင်ထိန်းသိမ်းဖို့ လိုအပ်တယ်လေ၊ ဒါကြောင့် ... မောင် ကိုပဲ ကျုပ်မြင်မိတယ်"

သူက လက်နှစ်ဖက်ဆုပ်ပြီး ...

"ကျွန်တော် ဦးရဲ့သိုင်းပညာနဲ့ဆေးပညာကို လှုမမြင်ဘူးခင် တည်းက လေးစားနေတာပါ၊ ဒါကြောင့် ... ဦးရဲ့တာဝန်ပေးချက် ကို ကျွန်တော် ရဲရဲကြီးတာဝန်ယူပါတယ်"

သုံးဦးသား အားရကျေနပ်စွာ ရယ်မောကြလေ၏။

❖

"အမယ်လေးဗျ"

ချောင်ဟွာသည် အိပ်ပျော်နေရာမှ အလန့်တကြား ထအော် ်၏။

ကျန်ယင်းလျှံ အပြေးအလွှား ရောက်ရှိသွားပြီး ...

"ချောင်အစ်ကိုကြီး ... ဘာဖြစ်လို့လဲ"

သူသည် လူးလဲထထိုင်ရင်း ပြူးပြူးပျာပျာဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ကျုပ် ရန်ဖြစ်နေတာလား၊ လူကော သတ်မိသေး လား"

သူမက ပြုံးပြပြီး ...

"ဘာမှမဖြစ်ပါဘူး၊ ရှင် ... အိပ်မက်မက်နေတာပါ"

ထိုအချိန်၌ ... အဘနှင့်ဝမ်းယန်တို့ အခန်းအပြင်သို့ ထွက် သွားကြပြီဖြစ်သည်။

သူသည် အသက်ကို ပြင်းပြင်းရှူရင်း စိတ်ကို တည်ငြိမ် အောင် ကြိုးစားလိုက်၏။

ပြီးမှ သူမကို အံ့သြဟန်ဖြင့် ကြည့်ကာ ...

"ဟင် ... ခင် ... ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ"

သူမက ပြုံးပြရင်း ...

"ရှင် ... ဘယ်သူလဲဆိုတာ ကျွန်မ စဉ်းစားမိသလောက် ပြောပြမလို့ပါ"

"ဗျာ ... ကျုပ် ဘယ်သူဆိုတာ ခင်ဗျား စဉ်းစားလို့ ရ ဟုတ်လား"

သူမက ပြုံးရင်း ခေါင်းညိတ်ပြ၏။



"ဟုတ်တယ်၊ ဒါပေမဲ့ ... ချောင်အစ်ကိုကြီး ဘာတွေအိပ်မက် မက်တယ်ဆိုတာ အရင်ပြောပြပါဦး"

သူသည် မျက်လုံးကို ပေကလပ်ပေကလပ်လုပ်ရင်း အတန် ကြာ စဉ်းစားလေ၏။ ပြီးမှ ...

"အင်း ... အိပ်မက်ထဲမှာ ကျုပ် တောင်တစ်လုံးပေါ်ရောက် နေတာ၊ အဲဒီမှာ ထင်းရှူးပင်ကြီးရှိတယ်၊ နောက်ပြီး ..."

သူသည် မျက်မှောင်ကြီးကုတ်ရင်း ...

"နောက်ပြီး ... နောက်ပြီး ... ကျုပ် ... ကျုပ် လူသတ်မိသ လား မသိဘူး"

သူသည် ဘာမှဆက်၍ စဉ်းစားမရဟန်ဖြင့် ခေါင်းကို အဖျင်းဖျင်း ကုတ်လိုက်၏။

စိတ္တဇဝေဒနာရှင်များသည် အတိတ်ဖြစ်ရပ်တစ်ခုခုကို ဇဝေ ဇဝါ မှတ်မိနေတတ်ကြောင်း သူမ ကြားဖူးနားဝရှိထားသည်။

ဖြစ်နေချေရှိသည့်အဖြစ်အပျက်တစ်ခုခုကို ပြောပြပါက ဆိုက်ဆိုင်မှုရှိလျှင် အားလုံးကိုပင် ပြန်လည်အမှတ်ရ လာတတ် ကြောင်း သိရှိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

သူမသည် သူ့အား တစ်ချက်လှမ်းကြည့်ကာ ...

"ချောင်အစ်ကိုကြီး ... ကျွန်မ စဉ်းစားမိတာ တစ်ခုပြောပြမယ်၊ နားထောင်မလား"

သူက ကလေးတစ်ယောက်လို ခေါင်းညိတ်ပြ၏။

သူမက ...

"ချောင်အစ်ကိုကြီးဟာ ကိုယ်နဲ့ အင်မတန် ရင်းနှီးတဲ့လူတစ်ယောက်ကို သတ်မိခဲ့တယ်လို့ စိတ်ထဲက ထင်နေတယ် မဟုတ်လား"

ထိုစကား ကြားလိုက်ရသည့်အခါ ...

သူ ထိတ်လန့်တကြားဖြင့် မျက်စိမျက်နှာ ပျက်သွားလေတော့၏။

"ဘယ်သူ့ကို သတ်မိသလဲဆိုတာ ချောင်အစ်ကိုကြီး မစဉ်းစားရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ ချောင်အစ်ကိုကြီးရဲ့ အဖေများ ဖြစ်နေမလားဆိုပြီး သံသယဝင်နေလို့ မဟုတ်လား"

သူမက ရမ်းသမ်းမှန်းဆ၍ အင်အောက်လိုက်ခြင်းဖြစ်၏။

အကယ်၍ ...



တိုက်ဆိုင်သွားပါက သူ၏အတိတ်ဘဝကို ဖော်ထုတ်ရန် သဲလွန်စရလာနိုင်သည် မဟုတ်ပါလား။

ထိုစဉ်မှာပင် ...

သူ၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာ၏။

မျက်နှာကလည်း ကြောက်ဖွယ်ကောင်းလောက်အောင် ကြမ်းတမ်းလာ၏။

လက်နှစ်ဖက်ဆန့်ထုတ်ပြီး ...

သူမ၏ဦးခေါင်းကို ကုတ်ချတော့မည့်ဟန် အုပ်မိုးထားသည်။

အကယ်၍ ...

ကုတ်ချမည်ဆိုလျှင် ဦးခေါင်းပွင့်ပြီး အသက်ပျောက်သွားမှာ သေချာနေတော့သည်။

သို့သော် သူမသည် တစ်စုံတစ်ရာ ထိတ်လန့်ဟန်မပြခဲ့ချေ။

တည်ငြိမ်အေးဆေးစွာဖြင့်ပင် ...

"တကယ်တော့ ... ချောင်အစ်ကိုကြီးက အဖေကိုသတ်မိတာ မဟုတ်ပါဘူး၊ ကဲ ... ကဲ ... ခေါင်းပေါ်အုပ်ထားတဲ့လက်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဖယ်လိုက်စမ်းပါဦးရှင်”

ထိုအခါ ... သူသည် ခွပ်၍ ရှုံးသွားသော ကြက်ဖကြီးတ ကောင်ပမာ ခွေခွေကလေးလဲချပြီး ရှိုက်ကြီးတငင်ငိုလေတော့၏။

“ကျုပ် ... ကျုပ် အဖေကို သတ်မိသလား”

သူမက စိတ်မကောင်းစွာ ...

“အို ... ချောင်အစ်ကိုကြီးရယ် ... တလွဲတချော်တွေ စွဲလမ်း မနေစမ်းပါနဲ့ ကဲ ... ကဲ ... ကျွန်မ ရှင့်ကို ပုံဆွဲပြမယ်၊ ထကြည့်ပါဦး”

ပြောပြောဆိုဆိုဖြင့် ကျန်ယင်းလျှသည် စုတ်တံနှင့် စက္ကူ ကာ ရှုမျှော်ခင်းပုံ အမျိုးမျိုးကို ရေးဆွဲပြလိုက်လေတော့သည်။

ချောင်ဟုသည် သူရင်းနှီးသည့် ရေမြေသဘာဝမျိုး တွေ့ မြင်ရလျှင် ထိုပုံကို စိတ်ဝင်စားမည်မှာ မုချဖြစ်၏။

❖

သူမ တွက်ဆထားသည့်အတိုင်းပင် ချောင်ဟုသည် ရှုခင်း ပုံတစ်ပုံကို စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေ၏။



ထိုပုံကား ... တောင်ကုန်းတစ်ခု၏ပုံဖြစ်ကာ တောင်ကုန်း ထက်၌ ထင်းရှူးပင် ရှိ၏။

ထင်းရှူးပင် နှစ်ပင်ကြား၌ အိမ်ကလေးတစ်လုံး ရှိနေသည်။

“ချောင်အစ်ကိုကြီး ... ရှင် ဒီပုံကို မြင်ဖူးလား”

ချောင်ဟုက ခပ်သွက်သွက် ခေါင်းညိတ်ပြ၏။

“မြင်ဖူးတယ်၊ ဒါ ... ကျုပ်နေတဲ့နေရာ၊ ဒါပေမဲ့ ... ခင်ဗျား ပုံက မှားနေတယ်ဗျ၊ အိမ်က ဟောဒီဘက် သစ်ပင်နားကပ်တယ်၊ အလယ်တည့်တည့်မှာ မဟုတ်ဘူး”

ထိုစကားကြားရသည့်အခါ သူမမှာ လွန်စွာဝမ်းသာသွား တော့၏။ ချောင်ဟု ဘယ်ကလာသည်ဆိုခြင်းကို အနီးစပ်ဆုံး ခန့်မှန်း နိုင်တော့မည် မဟုတ်ပါလား။

ထိုပုံနှင့်အလားတူသောနေရာဒေသသို့ သူ့အား ခေါ် ဆောင်သွားပါက သူသည် အတိတ်ဖြစ်ရပ် အချို့ကို မှတ်မိလာနိုင် သည်ဟု မှတ်ယူနိုင်ပေပြီ။

သူမသည် ဝမ်းသာအားတက်ဖြစ်ကာ စာရွက်များကို ထပ်မံယူဆောင်ပြီး လူရုပ်ပုံများကို ထပ်မံရေးဆွဲပြန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံပြီးတစ်ပုံ ရေးဆွဲပြီးသမျှ တစ်ပုံ ချောင်ဝှာကို ပြသ ကြည့်၏။

"ကဲ … ဒီပုံတွေကို ကြည့်ပါဦး၊ ဘယ်သူက ချောင်အစ်ကို ကြီးရဲ့အဖေလဲ"

ချောင်ဝှာသည် ပုံများကို တစ်ပုံပြီး တစ်ပုံ ကြည့်ရှုလေ သည်။

အတန်ကြာသော် …

ပုံတစ်ပုံကို စူးစူးစိုက်စိုက်ကြည့်ရင်း မလှုပ်မယှက်ဖြစ်သွား သည်။

"သူ … ဘယ်သူလဲ"

"သူ … သူ … ကျုပ် … ကျုပ်သတ်လိုက်တာသူပဲ၊ သူ — သူဟာ ကျုပ်အဖေလား"

ထစ်ထစ်ငေါ့ငေါ့ ပြောရင်း ချောင်ဝှာမှာ မျက်စိမျက်နှာပျက် နေလေတော့၏။

❖



ကျန်ယင်းလျှံက ပြုံးပြရင်း …

"အို … မဟုတ်ပါဘူး၊ သူဟာ ရှင့်အဖေ မဖြစ်နိုင်ဘူး"

ပြောပြောဆိုဆို ပုံများကို ထပ်မံပြသပြန်၏။

ဝိန်ဝိန်သွယ်သွယ် အသားညိုညို အဘိုးအိုပုံကို ပြသလိုက် သည့်အခါ …

"အင်း … ဒီလူ့ကို ကျုပ် ရင်းနှီးသလိုပဲ၊ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲဗျ၊ သူ့ကို ချစ်သလိုလို မုန်းသလိုလို၊ ပြီးတော့ … သနား သလိုလိုပဲဗျ"

ချောင်ဝှာသည် ပုံများကို လက်ဖြင့် ဖယ်ရှားလိုက်ပြီး …

"တော်ပြီ … တော်ပြီ၊ ဒီပုံတွေကြည့်ပြီး မစဉ်းစားချင်တော့ ဘူး၊ ကြာရင် … ကျုပ် ရူးလိမ့်မယ်ဗျ"

"ကောင်းပါပြီ … ချောင်အစ်ကိုကြီးရယ်"

ကျန်ယင်းလျှံသည် ချောင်ဝှာ မှတ်မိသလိုလိုရှိသည့် ရှမြေ ခင်းနှင့် လူပုံနှစ်ပုံကို ခွဲခြားသိမ်းဆည်းထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပုံများကို အခြေပြု၍ သဲလွန်စရှာဖွေပြီး ချောင်ဇွာ၏ အတိတ်ဘဝကို ဖော်ထုတ်ရန် တစ်ပါတည်း ဆုံးဖြတ်ထားပြီး ဖြစ်နေသည်။

သို့ဖြင့် ... နောက်သုံးရက်ခန့် ကြာသောအခါ ကျင်လီဟောက်နှင့်တိုင်ပင်ကာ ပုံတွင်ပါသော အချက်အလက်နှင့် နီးစပ်သော ထင်းစုန်းတောင်ရှိရာသို့ ဦးတည်ခရီးထွက်ခဲ့လေတော့၏။

❖ ❖ ❖



အခန်း (၈)

ဘဝမှန်

မတ်စောက်မြင့်မားသည့် တောင်ကုန်းတစ်ခု ...

ထိုတောင်ကုန်းပေါ်သို့ လူသုံးဦး တက်လာကြ၏။

၎င်းတို့မှာ ဝမ်းယန်၊ ကျန်ယင်းလျှံနှင့် ချောင်ဇွာတို့ ဖြစ်ကြ၏။

ချောင်ဇွာ၏အတိတ်ဘဝနှင့် ဆက်စပ်မှုရှိမည်ဟု ထင်ရသောနေရာသို့ မှန်းဆရှာဖွေရောက်ရှိလာခဲ့ခြင်းသာ ဖြစ်သည်။

တောင်ကုန်းထက်ရှိ သစ်ပင်နှစ်ပင်ကြား၌ အိမ်တစ်လုံး ရှိနေသည်ကို တွေ့ရ၏။

ဝမ်းယန်နှင့်ကျန်ယင်းလျှံသည် ချောင်ဇွာအား ခေါ်ဆောင်၍ အဆိုပါ အိမ်ဆီသို့ သွားနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်လူယောင် လုံးဝမတွေ့ရချေ။

အိမ်ထဲသို့ သတိထား၍ ဝင်ကြ၏။

ပစ္စည်းပစ္စယဟူ၍ မယ်မယ်ရရ ဘာမျှမရှိပါ။

စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံး။

ထို့နောက် နံရံ၌ ချိတ်ဆွဲထားသော လေးတစ်စင်း၊ မြားတစ်ချောင်း။

မဆိုစလောက်မျှသာရှိသော ထိုပစ္စည်းများသည် ချောင်ဝှာအား ပြင်းထန်လှသော ခံစားချက်တစ်ရပ်ကို ဖြစ်ပေါ်စေခဲ့၏။

ရုတ်တရက် ထိတ်လန့်တကြားဖြစ်သွားပြီး ချောင်ဝှာ ပြေးထွက်သွား၏။

ဝမ်းယန်နှင့်ကျန်ယင်းလျှံတို့က သူ့နောက်သို့ ကမန်းကတန်း ပြေးလိုက်သွားကြ၏။

ချောင်ဝှာက တောင်စောင်းဘက်ဆီ လက်ညှိုးထိုးပြရင်း...

"ဒီ ... ဒီနေရာကို ကျုပ်မှတ်မိတယ်၊ ကျုပ် လူသတ်မိတာ ဒီနေရာ၊ ကျုပ်ကို ဒီမှာ သိုင်းပညာသင်ပေးတာဗျ၊ နောက်တော့ သူက ကျုပ်အဖေ မဟုတ်ဘူးတဲ့"



သူသည် အတိတ်ဘဝကို အပြည့်အစုံ မမှတ်မိသော်လည်း အချို့တစ်ဝက်ကို ဝေဝါးဝါး မှတ်မိလာပြီ ဖြစ်ကြောင်း သူမ နားလည်မိ၏။

"ဟုတ်ပြီ၊ နောက် ဘာတွေမှတ်မိသေးလဲ"

သူသည် ချောက်ကမ်းပါးတစ်နေရာသို့ ညွှန်ပြ၏။

ဝမ်းယန်သည် လှမ်းကြည့်ရာ အောက်၌ မီးရောင်မှိန်ပျပျကို မြင်တွေ့ရ၏။ မီးရောင်ရှိလျှင် လူရှိမှာ သေချာ၏။

ဤမျှ နက်ရှိုင်းခေါင်လွန်းသောနေရာ၌ မည်သို့သော လူစားမျိုး နေထိုင်ပါသနည်း။ ဝမ်းယန် စိတ်ဝင်စားသွား၏။

ထို့ကြောင့် ... ကျန်ယင်းလျှံဘက်လှည့်ကာ ...

"ကဲ ညီမရေ ... သူ့ကို ခဏ ကြည့်ထားလိုက်စမ်းပါဦး၊ အစ်ကို အောက်ကို တစ်ချက်ဆင်းကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် ဝမ်းယန်သည် ချောက်ကမ်းပါးအောက်ဆီသို့ လှစ်ခနဲ ထွက်သွားလေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယန်၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်တွင် ရှိ ရာ အောက်သို့ အလွယ်တကူပင် ရောက်ရှိသွားလေတော့သည်။

မြေပြင်ပေါ် ခြေချမိစဉ်မှာပင် ...

'ဝှစ်'

လေတိုးသံတစ်သံ ထွက်ပေါ်လာ၏။

ဝမ်းယန် ထိတ်ခနဲဖြစ်ပြီး ကမန်းကတန်း ရှောင်တိမ်း သည်။ ဟန်ချက် မမြဲသေးမီမှာပင် ...

'ဝှစ်'

'ဝှစ်'

လေတိုးသံနှစ်ခါ ဆက်တိုက် ထွက်ပေါ်လာ၏။

ရှောင်တိမ်းရန် လုံးဝမဖြစ်နိုင်တော့။

ကမန်းကတန်း ဓားဖြင့် ရိုက်ထုတ်ရ၏။

'ထန်း ထန်း'

လက်နက်ပုန်းဖြင့် ပစ်လိုက်သည်မှာ အတွင်းအား လွန် ကောင်းလှ၏။



လက်နက်ပုန်းကို ဓားဖြင့် ရိုက်ထုတ်ရာ၌ သူ၏ဓားကိုင် လက်ပင် ကျဉ်ခနဲဖြစ်သွားရ၏။

ထို့ပြင် လက်နက်ပုန်းသည် သူ၏အရေးပါသော သွေးကြော နေရာသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာခြင်း ဖြစ်လေသည်။

အချိန်မီ ဖျက်ထုတ်နိုင်စွမ်းမရှိပါက သူ့အဖို့ ဒုက္ခိတဘဝသို့ ရောက်သွားမှာ သေချာလှ၏။

မှောင်ထဲမှ လက်နက်ပုန်းကို ထိထိမိမိ ပစ်နိုင်သော တစ် စက်လူ၏ပညာကား အံ့မခန်းလိလိပင် ဖြစ်ပေတော့၏။

အကယ်၍ ဝမ်းယန်သာ ထိပ်သီးသိုင်းသမားတစ်ဦး မဟုတ် ခဲ့လျှင် ဤလက်နက်ပုန်းသုံးခုနှင့် ကိစ္စချောသွားနိုင်လောက်သည်မှာ မုချပင်။

"ဟေ့ ... ဘယ်သူလဲ၊ ခိုးကြောင်ခိုးဝှက် လက်နက်ပုန်းနဲ့ တိုက်ခိုက်တာ"

သူက လက်နက်ပုန်း လာရာဘက်လှည့်ပြီး အော်မေးလေ သည်။ ထိုအခါ မှောင်ထဲမှ တုံ့ပြန်သံ ပြန်လည်ထွက်ပေါ်လာသည်။

"ဟင်း ... ညကြီးမင်းကြီး ကျူးကျော်ဝင်လာတဲ့လူကို

www.burmeseclassic.com

www.burmeseclassic.com



အသက်ဖက်နဲ့ထုပ်ပြီး ချည့်ခံနေရမှာလား”

စကားသံနှင့် တစ်ဆက်တည်းမှာပင် ...

‘ဝိုး’

‘ဝှစ်’

‘ဝှစ်’

‘ဝှစ်’

လက်နက်ပုန်းသုံးခု ထပ်မံ ပစ်လွှင့်လာပြန်၏။

ဝမ်းယန်သည် ပထမတစ်ကြိမ်ကတည်းကပင် ရန်သူသည်

ထိပ်တန်းသိုင်းပညာရှင် တစ်ဦးဖြစ်ကြောင်း သိရှိထားပြီးဖြစ်ရာ အ

အရာရာ ကြိုတင်သတိပြုကာကွယ်ထားပြီးဖြစ်သည်။

သို့တိုင်အောင် လက်နက်ပုန်းတစ်ခုက သူ၏လက်မောင်း

ထိမှန်ဖြစ်အောင် ရှပ်၍ထိမှန်သေး၏။

အကြောကိုမထိသော်လည်း အတော်ပင် နာကျင်သွား

သည်။ သို့သော် မကြာမီ ပြန်လည်သက်သာသွားပေသည်။

“ဟင်း ... ကျုပ်ရဲ့ ဓားပျံကိုလည်း မြည်းစမ်းကြည့်လိုက်

ဦးဗျာ”



ဝမ်းယန်က ဓားပါးလေး နှစ်လက်ကို ရုတ်တရက် ပစ်လွှင့်

လိုက်၏။

‘ဝိုး ... ဝှစ်’

တစ်ဖက်ရန်သူက ဓားပါးလေးတစ်လက်ကို ရိုက်ချလိုက်၏။

‘ခြွမ်း’

နောက်ဓားပါးလေးတစ်လက်ကို ရိုက်ချလိုက်၏။

‘ခြွမ်း’

နောက်ဓားပါးလေး တစ်လက်ကို ရှောင်တိမ်းလိုက်၏။

သို့သော် ဓားပါးလေးသည် ရှောင်တိမ်းရာဘက်သို့ လိုက်

ပင်ရောက်လာရာ တစ်ဖက်မှရန်သူ မျက်လုံးပြူးသွား၏။

ရိုက်ထုတ်ရန်လည်း မဖြစ်တော့သဖြင့် ကမန်းကတန်းပင်

လက်လှန် လှဲချလိုက်ရလေသည်။

ထိုသူကား အသက် ၅၀ ကျော်အရွယ် အမျိုးသမီးတစ်ဦး

သူမ၏ဘဝတစ်သက်တာ၌ ဤကဲ့သို့ ဆန်းပြားသော လ

ပုန်းပစ်ခတ်မှုကို တစ်ကြိမ်မျှ မမြင်တွေ့ခဲ့ဖူးချေ။

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပေါ့တန်တန် သဘောထား၍ မရတော့ကြောင်း
လည်လိုက်၏။

ထို့ကြောင့် ဓားကို တရကြမ်းဝှေ့ယမ်းပြီး ဝမ်းယန်ကို
ပြင်းထန်ထန် တိုက်ခိုက်လိုက်လေတော့၏။

❖

'ချွင် ... ချွင်'

'ချွမ်း'

သိုင်းကွက်ဆယ်ကွက်မျှ တိုက်ခိုက်ပြီးသည့်အခါ ဝမ်းယ
သည် နောက်သို့တစ်လှမ်း ဆုတ်လိုက်ပြီး ...

"နေပါဦး အဒေါ်ကြီး ... ခင်ဗျား ဘယ်သူလဲ"

အမျိုးသမီးကြီးက နှာခေါင်းရှုံ့ကာ ...

"မင်းသိစရာ မလိုဘူး"

ပြောရင်းမှာပင် ဓားချက်သုံးချက် ပစ်သွင်းလိုက်၏။

ဝမ်းယန် ဒေါပွသွားသည်။



"ခင်ဗျားကို လူကြီးတစ်ယောက်လို လေးစားလို့ ညှာနေတာ
ကြောက်တယ်လို့ ထင်နေတာလား"

"ဟင်း ... လူအိုပေမယ့် ဓားက မအိုသေးဘူးဟေ့"

ဓားက လျှပ်စီးလက်သလို ဖြိုးဖြိုးဖြက်ဖြက် ထွက်ပေါ်လာ

ဝမ်းယန်မှာ ဂူတန်ဓားကွက်ကို ဖော်ထုတ်ပြီး ပြန်လည်
တ်ခိုက်လိုက်ရသည်။

'ဝှီး ... ဝှစ် ... ဝှစ်'

'ချွမ်း'

ဓားကွက်အနေဖြင့် ဝမ်းယန်က သာသော်လည်း အမျိုး
ကြီး၏အတွင်းအားက ဝမ်းယန်ထက် သာလွန်နက်ရှိုင်းလှသည်။

ထို့ကြောင့် ... ဝမ်းယန်မှာ ဓားကွက်ရှိသလောက် စိတ်
က်လှုပ်ရှားနိုင်စွမ်း မရှိချေ။

သူတစ်ပြန် ကိုယ်တစ်ပြန် အကြိတ်အနယ် တိုက်ခိုက်လျက်
ထိုစဉ် ...

"အစ်ကိုကြီး ... ဘယ်သူနဲ့ တိုက်ခိုက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက် ခပ်လှမ်းလှမ်းမှ ကျန်ယင်းလျှံ၏အော်ဟ
မေးမြန်းသံ ရုတ်တရက် ထွက်ပေါ်လာ၏။

"ညီမတို့ လိုက်လာကြတာလား ခဏနေဦး ... ခေါင်းမာ
အဘွားကြီးကို ဆုံးမလိုက်ဦးမယ်"

ဝမ်းယန်က ပြန်လည်အော်ပြောဟစ်လိုက်ခြင်း ဖြစ်၏

အမျိုးသမီးကြီး၏လက်နက်ပုန်းပညာမှာ ကြောက်
ဖွယ်ရာ ကောင်းလှ၏။

ကျန်ယင်းလျှံနှင့်ချောင်ဗှာတို့ ဘုမသိ ဘမသိ ရောက်ရှိ
ပါက အန္တရာယ်ဖြစ်နိုင်သဖြင့် ယင်းသို့ လှမ်းအော်သတိပေးလိုက်
ဖြစ်ပေသည်။

အမျိုးသမီးသည် ဝမ်းယန်နှင့်အတူ အဖော်များ ပါ
သေးကြောင်း သိရှိသွားသည့်အခါ ...

"ဩော် ... မင်းတို့က အုပ်စုနဲ့ အနိုင်ကျင့်ဖို့ ကြံနေကြ
ကိုး၊ ဟင်း ... ဟင်း ... ငါ့မှာလည်း လူတွေရှိပါတယ်၊ သတ္တိရှိရင်
နောက်လိုက်ခဲ့"

အမျိုးသမီးကြီးက ပြောပြီး ဆုတ်ခွာထွက်ပြေးသွားရာ



"ဟင် အဒေါ်ကြီး ... ခင်ဗျား အထင်လွဲနေပြီဗျ။ ကျုပ်တို့က
လူဆိုးတွေမဟုတ်ပါဘူး၊ မီးရောင်တွေ့လို့ ဆင်းကြည့်တာပါ"

ဝမ်းယန်က နောက်မှပြေးလိုက်ရင်း အော်ဟစ်ရှင်းပြနေ၏။

ထိုစဉ် ...

ချောင်ဗှာသည် ပေါ့ပါးလျင်မြန်စွာ ပြေးလွှားရောက်ရှိလာ
ပြီး ...

"အစ်ကိုကြီး ... ခင်ဗျား ဘယ်သူ့နောက်ကို လိုက်နေတာလဲ
ဗျ"

ချောင်ဗှာ၏စကားသံကြောင့် ရှေ့မှ ပြေးနေသော အမျိုး
သမီး တုံ့ခနဲရပ်သွား၏။

ထိုအသံသည် သူမနှင့်ရင်းနှီးနေသည် မဟုတ်ပါလား။
ထို့ကြောင့် ... ဆတ်ခနဲပင် လှည့်ကြည့်လိုက်သည်။

❖

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဗွာကို မြင်တွေ့လိုက်ရသည့်အခါ အမျိုးသမီးကြီး…

အားသင့်သွား၏။ ပြီးမှ …

"သား … သား"

ဝမ်းသာအားရခေါ်ရင်း ပြန်လည်ပြေးလွှားလာလေသည်…

ချောင်ဗွာလည်း သားဟူသောခေါ်သံကြောင့် တခဏ…

ကြောင်သွား၏။ နောက်မှ ပြန်လည်မှတ်မိလာဟန်ဖြင့် …

"ဟင် … မေမေ … မေမေ"

ကလေးတစ်ယောက်ပမာ အော်ခေါ်ပြီး အမျိုးသမီးကြီး…

ပြေးလွှားသွားလေ၏။ သားအမိနှစ်ယောက် ပြန်လည်ဆုံတွေ့…

သည့်အခါ ထပ်မံ ကွဲကွာသွားမည်ကို စိုးရွံ့သည့်အလား တင်းကျပ်…

ဖက်ထားမိလိုက်ကြလေတော့၏။

❖

ဝမ်းယန်နှင့်ကျန်ယင်းလျှံသည် ချောင်ဗွာတို့သားအမိ…

ကြည့်ရင်း ဝမ်းသာကြည်နူးမိကြသည်။



ယခုဆိုလျှင် ချောင်ဗွာသည် သူ့ကိုယ်သူ မည်သူမည်ဝါဖြစ်

ကြောင်း ကောင်းကောင်းကြီး နားလည်သွားပေပြီ။

❖

"မေမေ … မေမေ … သားပြန်လာပြီလေ"

"သားရယ် … မေမေတို့မှာဖြင့် စိတ်ပူလိုက်ရတာ"

ချောင်ဗွာက ကျန်ယင်းလျှံတို့ထံ ရောက်ရှိခဲ့ပုံနှင့် ကျန်ယင်းလျှံ၏ကြိုးပမ်းမှုကြောင့် မိခင်နှင့်ပြန်လည်ဆုံတွေ့ရပုံကို ရှင်းပြလိုက်၏။

"အို … ဝမ်းသာလိုက်တာကွယ်"

အမျိုးသမီးကြီးက တစ်ဆက်တည်းပင် ဝမ်းယန်ဘက်လှည့်တာ …

"ဒေါ်ဒေါ်ရဲ့ရှိင်းပျတဲ့အပြုအမူကို ခွင့်လွှတ်ပါကွယ်၊ လူဆိုးတွေက မကြာခဏလာပြီး ရန်ရှာတယ်လို့ ဒေါ်ဒေါ် အထင်လွဲမိသွားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယန်က ပြုံးပြုံးရင်း ...

"ကိစ္စမရှိပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ဟာ ချောင်ဝှာရဲ့ မိတ်ဆွေတွေမို့ အစစအရာရာ ယုံကြည်အားထားနိုင်ပါတယ်၊ ဒေါ်ဒေါ်ရဲ့ ရန်သူဟာ ကျွန်တော်တို့ရဲ့ ရန်သူပါပဲ"

အမျိုးသမီးကြီးက သက်ပြင်းချကာ ...

"အင်း ... သားရဲ့အဖေက ဒဏ်ရာပြင်းပြင်းထန်ထန်ရထားတယ်ကွဲ့၊ မေမေလည်း သူ့ကို ပြုစုနေတာ သုံးလေးလလောက်ရှိပြီ ခုတစ်လော လူစိမ်းသူစိမ်းတွေ ရောက်လာတတ်ကြလို့ လက်နက်ဗုံးနဲ့ ပစ်ပြီး ခြောက်လှန့်နေရတယ်"

ဤတွင် ဝမ်းယန်က ...

"စောစောက ဒေါ်ဒေါ်ပြောတဲ့ လူဆိုးတွေဆိုတာ သူတို့ကို ပြောတာလား"

အမျိုးသမီးကြီးက ...

"အင်း ... ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ လာတဲ့လူတွေက အုပ်စုတစ်စုထဲက မဖြစ်နိုင်ဘူး၊ အုပ်စုတစ်စုတွေ့တိုင်း ထိုးသီးသိုင်းသမားတစ်ယောက်နှစ်ယောက်တော့ ပါလာတတ်တာ



သတိပြုမိတယ်၊ ဘာရည်ရွယ်ချက်နဲ့ ရောက်လာကြမှန်း မသိဘူး"

ဝမ်းယန်က အနည်းငယ်စဉ်းစားရင်း ...

"တာလိတွေရဲ့ လက်ပါးစေတွေလား"

"ကြည့်ရတာတော့ ဟုတ်မယ်မထင်ဘူးကွဲ့"

အမျိုးသမီးကြီးသည် အနည်းငယ်စဉ်းစားပြီး ...

"အဲ ... တစ်နေ့ကလာတဲ့ လူစုမှာတော့ တာလိရဲ့မက်တွေ ပါလာတာ တွေ့ရတယ်"

ထိုအခါ ... ကျွန်ယင်းလျှံက ...

"ဒါဆို ... ကျွန်မတို့ကို ရှာနေတာပဲဖြစ်ရမယ်"

အမျိုးသမီးကြီးက အသာအယာခေါင်းခါယမ်းသည်။

"ဖြစ်နိုင်တာကတော့ တုချွန်းရှကို ရှာတာပဲ ဖြစ်မယ်"

တုချွန်းရှ ဟူသောအမည်ကြောင့် ချောင်ဝှာမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီ။

"ဟင် ... ဒါ ... ဒါ ... ကျွန်တော့်ဖေဖေ မဟုတ်လား"

စိတ်လှုပ်ရှားမှုကြောင့် သူ၏အသံမှာ တုန်ယင်အက်ကွဲနေသည်။ အမျိုးသမီးကြီးက သက်ပြင်းချကာ ...

www.burmeseclassic.com

www.burmeseclassic.com



“အင်း … တကယ်တော့ တူချွန်းရှပာ မင်းရဲ့မွေးစားဖေဖေပဲ သားရဲ့”

“အခု … သူ … သူကော”

“မရှိရှာတော့ပါဘူးကွယ်”

“ဗျာ”

“တူချွန်းရှရဲ့ တာလီစစ်သည်လေးယောက်ရဲ့အလောင်းတွေကို ဟောဒီနေရာမှာပဲ မြှုပ်နှံခဲ့တာပါ”

သူ ရုတ်တရက် အသိဉာဏ်ကင်းမဲ့သွားသလို မှိုင်တွေသွားသည်။ ဘဝတစ်ခုသည် အိပ်မက်ဆိုးကြီးပမာ သူ့စိတ်၌ အရိပ်ထင်လာ၏။

ဆန်းကြယ်လှသော မိမိဘဝကို သူ့ခြေမြာ အံ့သြမဆုံးအောင်ဖြစ်မိလေတော့၏။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်

www.burmeseclassic.com

www.burmeseclassic.com



# ဝဏ္ဏအောင်

## အတိတ်မေ့သားကောင်

(ဒုတိယပိုင်းဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄-ခုနှစ်

ပထမအကြိမ် အုပ်ရေ-၂၅၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်တင်တင်အေး၊ (ရွှက်စိမ်းစာပေ)
အမှတ် ၄၃ (အေ)၊ ၄-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အခန်း (၉)
## အတိတ်ကြေးမုံ

အမျိုးသမီးကြီး ဦးဆောင်ရာနောက်သို့ ဝမ်းယန်၊ ကျန်ယင်း သျှံ့နှင့် ချောင်ဟုတို့ လိုက်ပါလာခဲ့ကြသည်။

တောကြီးမျက်မည်းရှိ စခန်းတစ်ခုသို့ ရောက်ရှိလာခဲ့၏။

စခန်းတစ်ခုဟုသာ ဆိုသည်။

သစ်လုံးများဖြင့် တည်ဆောက်ထားသော အိမ်တစ်လုံးသာ ရှိ၏။

"ဩော် ... ပြောရဦးမယ်၊ တစ်နေ့က ညပိုင်းမှာ တာလီရဲ့ တော်တွေ ဒီဘက်ကို ရောက်လာကြသေးတယ်၊ မေမေရယ်၊ သားရဲ့ အဖေရယ်၊ သားရဲ့ညီမရယ်၊ နောက်ပြီး တပည့်တစ်ဦးရယ် စုပေါင်း ငါး သူတို့ကို တိုက်ထုတ်ခဲ့ကြသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးက သစ်လုံးအိမ်ဆီ လျှောက်ရင်း ချောင်ဝှာကို ပြောသည်။

ချောင်ဝှာ မျက်မှောင်ကြုတ်သွားပြီး ...

"မေမေ ... သားဖေဖေက ဟိုမျက်နှာ နီစပ်စပ်နဲ့ ပိန်ပိန်သွယ်သွယ် အဘိုးကြီးလားဟင်"

"သား ... သား ... သတိမိတာ သူ့ကိုလား"

သူက ပြောရင်း စိတ်လှုပ်ရှားလာပြန်၏။

"အို ... သား သူ့ကို မသတိရခဲ့ပါဘူးကွယ်"

"ကဲ ... လာ လာ အိမ်ထဲရောက်မှ ပြောကြတာပေါ့"

သူတို့အားလုံး အိမ်ထဲဝင်ရောက်မိကြသည့်အခါ ...

"ဟော ... မေမေတောင် ပြန်လာပြီ"

မိန်းမပျိုတစ်ယောက် ဝမ်းသာအားရပြေးလာ၏။

အမျိုးသမီးကြီးနှင့်အတူ ဝမ်းယန်တို့ကို မြင်တွေ့ရသည့်အခါ တဒင်္ဂမျှ ကြောင်သွား၏။

ထို့နောက် ...

ချောင်ဝှာကို သေချာမြင်တွေ့လိုက်ရသည်နှင့် ...



"အစ်ကိုကြီး ... အစ်ကိုကြီး ... အစ်ကိုကြီး ပြန်ရောက်လာပြီ"

ဝမ်းသာမှုကြောင့် သူမ၏အသံမှာ လှိုက်လှဲတုန်ယင်နေ၏။

အမျိုးသမီးကြီးက ချောင်ဝှာအား ...

"သား ... အဲဒါ မင်းညီမ ကျင်းဝှာလေ"

သူ ကောင်းစွာ မှတ်မိသွား၏။

"ညီမ ကျင်းဝှာ"

"အစ်ကိုကြီး"

မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ကြ၏။

ထိုစဉ် ...

ချောင်ဝှာသည် ကွပ်ပျစ်ပေါ်၌ လဲလျောင်းနေသော လူကြီးတစ်ယောက်ကို မြင်တွေ့သွားသဖြင့် ...

"သူ သူ"

အမျိုးသမီးကြီးက ...

"ဒါ ... မင်းအဖေလေ"

www.burmeseclassic.com

www.burmeseclassic.com



"သူ ... သူ ... မသေဘူးနော်"

"မသေပါဘူးကွယ်"

ချောင်ဟုသည် ကွပ်ပျစ်နံဘေးသို့သွားကာ ဒူးထောက်လိုက်ပြီး ...

"ဖေဖေ ... ဖြစ်ရပ်အမှန် သားကို ပြောပြပါလားဟင်၊ ရုပ်ထိ သား ... သား ... ဘာမှနားမလည်ဘူး"

ထိုလူကြီးက ခပ်ယဲ့ယဲ့ပြုံးရင်း ...

"အင်း ... သားအနေနဲ့ ဖြစ်ပျက်ခဲ့သမျှအားလုံးကို သိသင့်တာပေါ့ကွယ်"

ထို့နောက် အမျိုးသမီးကြီးဘက်လှည့်ကာ ...

"ကဲ ... ကျင်းကျို ... မင်းပဲ ပြောပြလိုက်ပါကွယ်"

ချောင်ဟု၏မိခင် အမျိုးသမီးကြီး၏အမည်မှာ ကျင်းကျိုပင်လေသည်။

❖



ကျင်းကျို၏ဖခင် မဥ္စုလက်သိုင်းဆရာကြီး ကျင်ကျန်းကုတွင် ကုချွန်းအော်နှင့် တုချွန်းရှအမည်ရှိ တပည့်နှစ်ဦး ရှိသည်။

ကျင်ကျန်းကုတွင် သားယောကျ်ားလေးမရှိသဖြင့် တပည့်နှစ်ဦးကိုပင် သားအမှတ်ဖြင့် ချစ်ခင်ကြင်နာခဲ့ရလေသည်။

သမီးဖြစ်သူ ကျင်းကျိုသည် ဖခင်ထံမှ သိုင်းပညာကို ကုချွန်းအော်၊ တုချွန်းရှတို့နှင့်အတူ သင်ယူရ၏။

ကုချွန်းအော်နှင့်တုချွန်းရှတို့သည် ဆရာတူတပည့် ပညာသင်ဘက် ညီအစ်ကိုများဖြစ်ရာ တစ်ယောက်ကိုတစ်ယောက် ညီရင်းအစ်ကိုများပမာ လွန်စွာကြင်နာကြ၏။

သို့သော် ...

စိတ်သဘောချင်းကမူ ဆန့်ကျင်ကွဲပြားသည်။

ကုချွန်းအော်က စိတ်မြန်လက်မြန် ကမူးရှူးထိုးလုပ်တတ်သလောက် တုချွန်းရှမှာ အေးဆေးတည်ငြိမ်လှ၏။

သူ၏အေးစက်စက်နိုင်မှုကြောင့် တစ်ခါတစ်ရံတွင် ကျင်းကျိုဘယ်တိုင်က အားမလိုအားမရ ဖြစ်ရလေ၏။

နှစ်အတော်ကြာသောအခါ ကုချွန်းအော်ကော တုချွန်းရှပါ

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကိုျအပေါ် မေတ္တာသက်ဝင် ချစ်ခင်စုံမက်လာကြသည်။

ဤတွင် ...

ဟောဟောဒိုင်းဒိုင်းနှင့် ခြေမြန်လက်မြန်ရှိသော ကုဋ္ဌ

အော်က ကျင်းကိုျကို လက်ထပ်ခွင့်ပြုရန် ဆရာကြီးကျင်ကျန်းထ

တဲ့တိုးကြီး ခွင့်ပန်လေတော့၏။

ပွင့်ပွင့်လင်းလင်းနှင့် ပြတ်ပြတ်သားသား ဆုံးဖြတ်လုပ်

ရဲသော ကုဋ္ဌုန်းအော်ကို ဆရာကြီးကျင်ကျန်းက သဘောကျသွ

ထို့ကြောင့် ...

သမီးဖြစ်သူနှင့် လက်ထပ်ထိမ်းမြားပေးလိုက်လေသည်

❖

သားတစ်ယောက်ရပြီး အိမ်ထောင်သက် ခြောက်နှ

သည့်တိုင် ကုဋ္ဌုန်းရှသည် အိမ်ထောင်မပြုဘဲ ကျင်းကိုျတို့ထံ

နှမရင်းချာပမာ ဝင်ထွက်ဆက်ဆံနေဆဲဖြစ်၏။

သူ့အား အဘယ်ကြောင့် အိမ်ထောင်မပြုသေးသနည်း



မေးသည့်အခါ မချိပြုံး ပြုံးနေတတ်၏။

ဘာမျှတော့ ပြန်မပြောချေ။

မည်သို့ပင်ဖြစ်စေ ...

သူ့စိတ်ထဲ ဘယ်လိုရှိသည်ကို ကျင်းကိုျကတော့ ကောင်းစွာ သိပေ၏။

အဘယ်ကြောင့်ဆိုသော် ...

သူသည် ကျင်းကိုျအပေါ် စွဲစွဲလမ်းလမ်း နှစ်နှစ်ကာကာ မေတ္တာသက်ဝင်နေသည်ကို ကျင်းကိုျကိုယ်တိုင် သိနေခြင်းကြောင့်ပင် ဖြစ်၏။

ကျင်းကိုျ အိမ်ထောင်ကျသွားပြီဖြစ်ရာ သူ့အနေဖြင့် ဘာမျှ မျှော်လင့်ချက်မထားတော့သော်လည်း အခြားမိန်းကလေးတစ်ဦးကို သက်ဆက်ထိမ်းမြားရန်ကိုမူ လုံးဝစိတ်မကူးတော့ချေ။

တစ်နေ့တွင် ...

ကုဋ္ဌုန်းအော်သည် ကိစ္စတစ်ခုဖြင့် ခရီးထွက်သွားခဲ့ရ၏။

ပြန်ချိန်ရောက်သော်လည်း ပြန်ရောက်မလာခဲ့။

အားလုံး သူ့အတွက် စိတ်ပူနေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ...

တာလီရဲမက်များ ထိပါးကျူးကျော်လာခဲ့ကြရာ ရွာသုံး ကျွတ် ထွက်ပြေးတိမ်းရှောင်ကြ၏။

ဆရာကြီးကျင်ကျန်းကုနှင့် တူရွှန်းရှုတို့ ဦးဆောင်ပြီး တာ ရဲမက်များကို ခုခံတွန်းလှန်ကြ၏။

သို့သော် ...

ရန်သူအင်အားက ကြီးမားများပြားလှသဖြင့် ကစဉ့်ကလျား ဖြစ်ကုန်ကြပြီး ကျင်ကျန်းကု ကျဆုံးသွားရသည်။

ထိုအခါ ...

တူရွှန်းရှုသည် ကျင်းကျိုတို့သားအမိကို ပြုစုစောင့်ရှောက် ရ၏။

တာလီများကလည်း အလုံးအရင်းဖြင့် ကျူးကျော်ဝင် ရောက်ကာ တစ်မြို့ပြီးတစ်မြို့ သိမ်းပိုက်လျက်ရှိ၏။

ပြည်မကြီးမှ သိုင်းသမားများသည် ဘုရင့်ရဲမက်တော်များ နှင့် ပူးပေါင်း၍ တာလီများကို ခုခံတွန်းလှန်ကြ၏။

သို့သော် ...



အင်အားချင်းမယှဉ်နိုင်သဖြင့် ဖရိုဖရဲဖြစ်ကာ အုပ်စုများ ကွဲ ကုန်ကြ၏။

နောက်ဆုံး၌ ...

ကိုယ့်အုပ်စုနှင့်ကိုယ် တာလီများကို ကြုံသလို ပျောက်ကျား စစ် ဆင်နွှဲကြရတော့၏။

အခြေအနေကား လွန်စွာရှုပ်ထွေးလျက်ရှိ၏။

ဗရုတ်ဗရက် ခေတ်ပျက်ကြီး၌ ကျင်းကျိုတို့သားအမိမှာ လွန် စွာ ဒုက္ခရောက်ကြရ၏။

ခင်ပွန်းဖြစ်သူ ကူရွှန်းအော်ကို စုံစမ်းရှာဖွေသည့်အခါ စစ် ပွဲ၌ ကျဆုံးသွားပြီဟူ၍သာ သိရ၏။

ထိုအချိန်၌ ...

ကျင်းကျိုလည်း ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေလေပြီ။

တာလီရဲမက်များကလည်း တစ်နေ့တခြား ဖိနှိပ်ချုပ်ချယ် လာကြ၏။

တူရွှန်းရှုမှာ ကျင်းကျိုတို့သားအမိကို အချိန်ပြည့်ပင် ကာ ကွယ်စောင့်ရှောက်နေရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တာလိတို့၏ကျူးကျော်တိုက်ခိုက်မှုကြားမှ ပြေးရင်းလွှား ရင်းမှာပင် ကျင်းကျိုသည် သားယောက်ျားလေးကို မွေးဖွားခဲ့ရ၏။

ကျင်းကျိုတွင် ဖခင်လည်း မရှိတော့။

ခင်ပွန်းသည်လည်း သေလား၊ ရှင်လား မသိတော့။

ကလေးငယ် နီတာရဲနှင့် ဒုက္ခရောက်နေသော ကျင်းကျိုကို ပတ်ဝန်းကျင်က အမြင်မတော်ကြသဖြင့် တုချွန်းရှုနှင့် လက်ဆက်ရန် ဝိုင်းဝန်းတိုက်တွန်းကြ၏။

နောက်ဆုံးတွင် ဘဝပေးအခြေအနေအရ ကျင်းကျိုနှင့် တုချွန်းရှုတို့ လက်ဆက်ရန် ဆုံးဖြတ်ကြတော့၏။

BURMESE CLASSIC

❖

ကံကြမ္မာကား ဆန်းကြယ်လှသည်ဟု ဆိုရပေတော့မည်။

တုချွန်းရှုနှင့်ကျင်းကျိုတို့ လက်ဆက်ကြမည့်ဆဲဆဲမှာပင် သေပြီဟု ထင်မှတ်ထားသော ကုချွန်းအော်သည် ဆိုင်းမဆင့် ဗုံမဆော် ဖြုန်းစားကြီး ရောက်ချလာလေ၏။



အချစ်ဆုံးဇနီးနှင့် အချစ်ဆုံးသူငယ်ချင်းတို့က သူ့အပေါ် သစ္စာဖောက်သည်ဟု အထင်မှားကာ လွန်စွာ ခံပြင်းဒေါသဖြစ်သွား၏။

ထို့ကြောင့် ... မည်သူ၏ရှင်းပြမှုကိုမှ နားမဝင်တော့ဘဲ တုချွန်းရှုနှင့်ကျင်း ကျိုတို့ကို စိန်ခေါ်လေတော့၏။

တုချွန်းရှုက စိန်ခေါ်မှုကို မစဉ်းစားဘဲ ရှင်းပြရန် အမျိုးမျိုး ကြိုးစား၏။

သို့သော် ...

ဟောဟောဒိုင်းဒိုင်းနှင့် ဖွတ်တရွတ်နိုင်လှသော သူ့အကျင့် ကြောင့် မည်သည့်ရှင်းပြမှုကိုမှ မနားစံဘဲ ဒေါသတကြီး တိုက်ခိုက် လေ၏။

တုချွန်းရှုမှာ ခုခံရုံမျှသာ ခုခံ၏။

လုံးဝပြန်လည်တိုက်ခိုက်ခြင်း မပြုပေ။

သူ ပို၍ဒေါသဖြစ်လာသည်။

အသစ်သင်ယူလာသော လက်ဝါးသိုင်းကွက်ဖြင့် ပြင်းပြင်း ထန်ထန်ပင် တိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

တူချွန်းရှ၏သိုင်းပညာကလည်း ကြောက်စမန်းလိလိ တိုး

တက်နေလေရာ ထင်သလို အနိုင်မရောဲ့ ရှိသည်။

အနိုင်မရလေ ပို၍ဒေါသဖြစ်လေပင်။

နောက်ဆုံး၌ ...

ကူချွန်းအော်သည် ကိုယ့်အသက်ကိုပင် ဂရုမစိုက်နိုင်တော့

ဘဲ သူ့သေကိုယ်သေ သိုင်းကွက်ကို သုံး၍ ပြင်းထန်စွာ တိုက်ခိုက်

သည်။

တူချွန်းရှက ခုစ်ရင်း နောက်သို့ တဖြည်းဖြည်းဆုတ်သွား

ချောက်ကမ်းပါးအစွန်းသို့ ရောက်မှန်းမသိ ရောက်ရှိသွားသည်။

ထိုအချိန်မှာပင် ...

"ဖေဖေ ... သတိထား"

အော်ဟစ်သံနှင့်အတူ လူငယ်တစ်ဦး ပြေးလွှားလာ

သည်။

ပြေးလာရင်း လက်နက်ပုန်းကိုလည်း တစ်ဆက်တည်း

လွှင့်လာ၏။



"သား ... သား ... အရမ်းမလုပ်နဲ့ မှားကုန်လိမ့်မယ်"

ကျင်းကျို၏စိုးရိမ်တကြီး ဟန့်တားသံလည်း ထွက်ပေါ်လာ

သည်။

ကူချွန်းအော်မှာ ပြေးလွှားလာသူသည် မိမိ၏သားဖြစ်

ကြောင်း သိသဖြင့် လှမ်းကြည့်မိရာ လူငယ်ထံမှ လက်နက်ပုန်းများ

ရတ်တရက် ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရသည်။

သူ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"အစ်ကိုကြီး ... သတိထား"

တူချွန်းရှက လှမ်းအော်သတိပေးရင်း ဝင်ရောက်လာသည့်

လက်နက်ပုန်းများကို ဓားဖြင့် ရိုက်ချလေ၏။

သို့တိုင်အောင် ...

လက်နက်ပုန်းတစ်ခုက သူ့ကို ထိမှန်သွား၏။

"အင့်"

အသည်းခိုက်အောင် နာကျင်သွားလေ၏။

ခန္ဓာကိုယ် နာကျင်သည်ထက် စိတ်နာကျင်ရသည်က ပြန်

တစ်ရာမကချေ။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ...

ဇနီးသည် ကျွင်းကျိုက သူ့အား လင်သားအဖြစ် မသိ မှတ်သလို ...

သားဖြစ်သူကလည်း ဖခင်ဟူ၍ အသိအမှတ်မပြု။

ထို့မျှသာမက ...

ရန်သူဘက်ကပင် ကူလိုက်သေး၏။

ကုချွန်းအော်မှာ အသည်းပေါက်မတတ် နာကျင်ကြေကွဲ ၏။

ထို့ပကြောင့် ...

ကမ်းပါးအောက်သို့ လိမ့်ချလိုက်လေတော့၏။

❖

ချောင်ဝှာသည် ငယ်စဉ်ကတည်းက စ၍ အဘိုးဖြစ်သူ ရောက်ရှိနေခဲ့ခြင်းကြောင့် ဖခင်နှင့်တွေ့ဆုံထိတွေ့မှု မရှိခဲ့သလော ဖြစ်နေ၏။



ဖခင်ဖြစ်သူ ခရီးထွက်ပြီး မကြာမီ တာလိရဲမက်များ ကျူး ကျော်ဝင်ရောက်ခဲ့ကြသဖြင့် နေရာတိုင်း၌ စစ်များဖြစ်ပွားခဲ့၏။

အခြေအနေ မငြိမ်မသက်ဖြစ်လာ၏။

ထိုအခါမှ ...

ချောင်ဝှာသည် မိခင်ထံ ပြန်လည်ရောက်ရှိခဲ့၏။

သူတို့သားအမိကို တုချွန်းရှက ကာကွယ်စောင့်ရှောက် သည်။

ထို့ကြောင့် ...

ချောင်ဝှာသည် တုချွန်းရှကို ဖခင်ဟု ထင်မှတ်ခဲ့၏။

ကုချွန်းအော်ရောက်လာပြီး စိန်ခေါ်တိုက်ခိုက်သည့်အခါ ... ချောင်ဝှာသည် တုချွန်းရှအတွက် စိုးရိမ်ပူပန်ပြီး ဝင်ရောက်ကူညီခဲ့ လေ၏။

ဖခင်ဖြစ်သူမှာ ပို၍ အထင်အမြင်လွဲမှားသွားရလေတော့ သည်။

မိခင်ဖြစ်သူ ကျွင်းကျို အပြေးအလွှားရောက်လာပြီး အကျိုး အကြောင်းရှင်းပြမှ သူ့မှာ မိမိ၏မှားယွင်းမှုကို သိရှိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ဆောက်တည်ရာ မရ တုန်လှုပ်ချောက်ချားသွား၏။

အရူးတစ်ယောက်ပမာ ခြေဦးတည့်ရာ ပြေးလွှားထွက်ခွာ သွား၏။

စားဖို့လည်း သတိမရ၊

အိပ်ဖို့လည်း သတိမရ၊

ကိုယ့်ကိုယ်ကိုယ် ဘာလုပ်နေမိမှန်း မသိအောင် အသိ တရား ကင်းလွတ်သွား၏။

နောက်ဆုံး ...

နှင်းတောထဲ လဲကျသတိမေ့သွားတော့၏။

ဘာဆိုဘာမျှမသိတော့။

❖

ကျင်းကျိုက အတိတ်ဖြစ်ရပ်များကို ပြန်လည်ပြောပြရာ အားလုံးပင် ငြိမ်သက်စွာ နားထောင်နေကြ၏။



သူမ၏စကားဆုံးသွားမှ ...

ကုချွန်းအော်က သက်ပြင်းချရင်း ...

"အင်း ... ဖေဖေလည်း သားရဲ့မျက်နှာကို နောက်ဆုံးအနေနဲ့ကြည့်ချင်လို့သာ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် ဂရုစိုက်ပြီးနေခဲ့ရတာ ...

"ဒါပေမဲ့ ... တာလိတွေရဲ့ကျူးကျော်မှုကို ဘယ်လိုမှ သည်းမခံနိုင်တာနဲ့ မကြာခဏ ထွက်တိုက်ခဲ့ရာက ခုလိုဒဏ်ရာရပြီး အိပ်ရာပေါ် လဲခဲ့ရတာပါ"

ကုချွန်းအော်က ခေတ္တနားလိုက်၏။

ပြီးမှ ...

"တကယ်တော့ ... ဖေဖေ့ရဲ့ဆရာတူညီလေးဖြစ်တဲ့ တုချွန်းရှုဟာ အင်မတန် သဘောထားပြည့်ဝတဲ့ လူတစ်ယောက်ပါကွယ် ...

ဖေဖေ သူ့အပေါ် အထင်လွဲပြီး တိုက်ခိုက်ခဲ့တာကို စိတ်မဆိုးတဲ့အပြင် ဖေဖေ့ကို တာလိတွေရဲ့ရန်က လွတ်ကင်းအောင် အသက်ပေးပြီး ကာကွယ်ခဲ့တဲ့ တကယ့်မိတ်ဆွေကောင်းတစ်ယောက် ပါ"

www.burmeseclassic.com

www.burmeseclassic.com



တုချွန်းရှုနှင့်ပတ်သက်၍ အားလုံးပင် စိတ်မကောင်းဖြစ်ခဲ့ကြရပေသည်။

❖

ကုချွန်းအော်က သက်ပြင်းချကာ ...

"အင်း ... ဖေဖေတော့ အမှားကြီးမှားခဲ့ပြီသား၊ ဖေဖေမှားသလို သား မမှားစေနဲ့ ကြားလား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"သူ့ရဲ့ကျေးဇူးတရားကိုလည်း တစ်သက်လုံး သတိရနေသားရယ်"

"ဟုတ်ကဲ့ ... စိတ်ချပါ ဖေဖေ၊ ဦးလေးတုချွန်းရှုကျေးဇူးသားတစ်သက် မမေ့ပါဘူး"

ထို့နောက် ...

ကုချွန်းအော် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ထိုအချိန်တွင် ...



ကျင်းကျိုသည် ချောင်ပွာ၏ခရီးဆောင်အိတ်တွင်းမှ အဝတ်အစားများကို နှိုက်ထုတ်ရာ အားလုံးမှာ အဝါရောင်များချည်းသာ ဖြစ်နေသည်။

အဝါရောင်ဝတ်စုံများချည်းသာ မြင်တွေ့ရသည့်အခါ ကုချွန်းအော်သည် တစ်စုံတစ်ခု သတိရလာဟန်ဖြင့် ...

"ဩော် ... ငါ့သားက အတိတ်မေ့သွားတာတောင် အဝါရောင်ဝတ်စုံကိုတော့ မမေ့ပါလားကွဲ့ ...၊

အင်း ... မင်းအမေက ဖေဖေ့ကို သတိရတဲ့အနေနဲ့ ဖေဖေဝတ်နေကြ အဝါရောင်ဝတ်စုံ မင်းကို ချုပ်ပေးခဲ့တာ ထင်ပါရဲ့"

ဤတွင် ...

ကျင်းကျိုက အဝါရောင်အင်္ကျီတစ်ထည်ကို ဆွဲထုတ်ကာ ...

"ရှင် ... ဒီအင်္ကျီကို သတိရသေးရဲ့လား။ တစ်ချိန်က ရှင့်အတွက် ကျွန်မကိုယ်တိုင် ချုပ်ပေးခဲ့တာလေ"

ကုချွန်းအော်က အင်္ကျီကို ယူကြည့်သည်။

ကျင်းကျိုက ...

"ဒီအင်္ကျီဟာ ကျွန်မတို့မိသားစုရဲ့ သက်သေခံပစ္စည်းပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ... ကျွန်မ ဒီအကျီ သားကိုပေးပြီး သေချာသိမ်းထားနိုင်တာ၊ သားရဲ့အရင်းနှီးဆုံး ဆွေမျိုးတစ်ယောက်ကို ရှာတဲ့အခါ ဒီအကျီ ဟာ အကောင်းဆုံးသက်သေလို့ မှာထားခဲ့တယ်လေ”

ကျင်းကိုကြ ချောင်မှာကို လှမ်းကြည့်ကာ ...

“သားကလည်း တကယ့်သားလိမ္မာပါပဲ၊ အတိတ်မေ့သွားတာတောင် ဒီအကျီကို ကိုယ်နဲ့မကွာ ဆောင်ထားခဲ့တယ်”

ယခုအချိန်တွင်မူ ...

အဆိုပါအကျီမှာ ဟောင်းနွမ်းစုတ်ပြတ်နေလေပြီ။

ထို့ကြောင့် ...

ကုရှန်းအော်က ...

“ခုဆိုရင် တို့မိသားစုတွေ ပြန်ဆုံကြပြီပဲ၊ ဒီနိမိတ်မ... အကျီကို သိမ်းထားစရာ မလိုတော့ပါဘူးလေ”

ပြောပြောဆိုဆိုဖြင့် အကျီကို မီးလင်းဖိုထဲ ပစ်ချလိုက်...

ကျန်ယင်းလျှံက နှမြောသလိုဖြင့် မီးလောင်ကျွမ်းစပြု... သော အကျီကို လှမ်းကြည့်မိသည်။

စောကြာသော် ...



“ဟင် ... ဒေါ်ဒေါ် ... ဘာကြီးလဲမသိဘူး၊ ကြည့်ပါဦး”

ကျန်ယင်းလျှံ မီးစွဲလောင်နေသော အကျီကို ညွှန်ပြရင်း ကျင်းကိုကို လှမ်းအော်ပြောလိုက်၏။

အားလုံး စိတ်ဝင်တစားဖြင့် လှမ်းကြည့်လိုက်ကြရာ မီးစွဲလောင်နေသော အကျီ၌ ရုပ်ပုံတစ်ပုံ ပေါ်လာသည်ကို အံ့ဩဖွယ်ရာ တွေ့မြင်လိုက်ရလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)
## လျှို့ဝှက်မြေပုံ

မီးစွဲလောင်နေသောအင်္ကျီတွင် ရုပ်ပုံတစ်ပုံ ပေါ်လာ၏

တသွင်သွင်စီးကျနေသော ရေတံခွန်တစ်ခု။

သူ့နောက်တွင် လိုဏ်ဂူရှိ၏။

လိုဏ်ဂူဝကို တံခါးရွက်နှစ်ခုဖြင့် အလုံပိတ်ထား၏

စာကြောင်းတစ်ကြောင်း ပေါ်ထွက်လာသည်။

"ဘယ်သုံး၊ ညာလေး၊ အလယ်ရှစ်"

စာကိုဖတ်ပြီး အားလုံး အံ့အားသင့်ကုန်ကြ၏။

ထိုစာသည် မည်သို့သော အဓိပ္ပာယ်ကို ဖော်ညွှန်းနေ

နည်း။

မည်သူမျှ မသိကြပါ။



အင်္ကျီမှာ တဖြည်းဖြည်း မီးစွဲလောင်ကာ ပြာဖြစ်သွားလေပြီ။

အားလုံးပင် စာကြောင်း၏အဓိပ္ပာယ်ကို သိချင်နေမိကြသည်။

အတန်ကြာမှ ...

ကုချွန်းအော်က သက်ပြင်းချရင်း ...

"ဒါ ... အင်္ကျီမှာ လျှို့ဝှက်မှင်နဲ့ စာရေးခဲ့တာပဲ၊ မီးစွဲလောင်တော့ စာတွေက ပေါ်လာတာ လက်ရေးကတော့ တုချွန်းရှရဲ့လက်ရေးမှန်း ငါမှတ်မိတယ်"

ကျင်းကျိ အံ့ဩသွားသည်။

"ဟင် ... ဟုတ်လား၊ ဘယ်တုန်းက ဘယ်လိုရေးသွားမှန်းတောင် မသိဘူး၊ ဘာအဓိပ္ပာယ်နဲ့ ဒီပုံနဲ့ ဒီစာကို ရေးသွားပါလိမ့်"

အားလုံးပင် အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်သွားကြ၏။

ထိုစဉ် ...

အိမ်အပြင်ဘက်မှ ခြေသံများ ကြားရသဖြင့် ကျင်းကျိနှင့် ဒမ်းယန်တို့ ထွက်ကြည့်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... တာလီရဲမက်တွေပါလား"

မှန်ပါသည်။

တာလီနယ်စားကြီး၏ကိုယ်ရံတော်တပ်ခွဲမှ အဆင့်မြင့်သိုင်း

သမားများဖြင့် ဖွဲ့စည်းထားသည့်ရဲမက်များ ဖြစ်ကြ၏။

စုစုပေါင်း ဆယ်ယောက်ခန့်ရှိ၏။

ခေါင်းဆောင်မှာ လုံလီဖြစ်၏။

ပြည်မထိပ်သီးသိုင်းသမားတစ်ဦးဖြစ်ကာ တာလီတို့ သူ

ခံဝင်ရောက်သွားသူ ဖြစ်သည်။

လုံလီသည် ကျင်းကျိုနှင့်အတူ ဝမ်းယန်ကို မြင်တွေ့ရ

အခါ ...

"ဩော် ... လက်စသတ်တော့ ဓားပျံဝမ်းယန်လည်း

ရောက်နေတာကိုး။ အဆင်သင့်လိုက်တာကွာ၊ တို့တစ်တွေ

တကူးတက ရှာစရာမလိုတော့ဘူးပေါ့"

လုံလီက ပြောပြီး သူ့လူများကို အချက်ပြရာ ...

"ယား"

တာလီရဲမက်များ ပြေးဝင်တိုက်ခိုက်ကြလေတော့၏



အိမ်ထဲရှိ ကျန်ယင်းလျှံတို့လည်း တာလီရဲမက်များ ဝိုင်းရံ

လာကြောင်း သိရသည်နှင့် ထွက်၍တိုက်ခိုက်ကြလေတော့၏။

❖

'ယား'

'ဝိုး'

'ရွှမ်း ရွှမ်း ရွှမ်း'

'ဝုန်း'

တိုက်ပွဲကား လွန်စွာပြင်းထန်လှပေတော့၏။

ကျင်းကျိုနှင့်ကျန်ယင်းလျှံက ကွပ်ပစ်ပေါ်မှ ကုချွန်းအော်ကို

ရာယ်မကျရောက်စေရန် အကာအကွယ်ပေးရင်း တာလီရဲမက်

းကို တိုက်၏။

ဝမ်းယန်က တာလီရဲမက်သုံးယောက်နှင့် ရင်ဆိုင်တိုက်၏။

ဓားကွက် ၁၀၀ ခန့် တိုက်ပြီးသည့်အခါ ဝမ်းယန်၏ဓားကွက်

သည် မုန်တိုင်းကျသလို အရှိန်အဟုန် ပြင်းထန်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လုံလို မနေသာတော့ပါ။

တာလိရဲ့မျက် သုံးဦးဘက်မှ ဝင်ကူရန် ဟန်ပြင်၏။

ဤတွင် ...

ချောင်ဗွာ ရုတ်တရက် ခုန်ဝင်လာပြီး ...

"သြော် ... ခင်ဗျားက မနေနိုင် မထိုင်နိုင် ဖြစ်နေတာလား စမ်းချင်သပဆိုရင် ကျုပ်နဲ့ စမ်းကြည့်ပါဦး"

လုံလို ဒေါပွသွား၏။

"အောင်မာ ... မလောက်လေး မလောက်စားကများ ... နေစမ်း၊ တော်ကြာ နက်ဖြန်ထွက်မယ့်နေကို မမြင်ရဘဲ နေဦးမယ်"

ချောင်ဗွာက ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"ဟား ဟား ဟား ဟား"

"လေလုံးကြီးလှချည်လားဗျာ၊ ခင်ဗျားလိုလူကို တိုက်ဖို့ ကျုပ် လက်နက်တောင် မလိုဘူး၊ ဟောဒီ လက်နှစ်ဖက်နဲ့ပဲ ... လောက်နေပြီ"

ချောင်ဗွာ၏စကားကြောင့် ကျန်ယင်းလျှံ တုန်လှုပ်သွား သည်။



အကြောင်းမှာ ...

လုံလိုအကြောင်းကို ကျန်ယင်းလျှံ ကောင်းစွာ သိထားသော ကြောင့်ဖြစ်၏။

လုံလို၏သိုင်းပညာသည် လွန်စွာအဆင့်မြင့်လှ၏။

မြွေနဂါးလုံးအော်ပြီးလျှင် တာလိကိုယ်ရံတော် တပ်ဖွဲ့၌ လုံလို၏သိုင်းပညာသည် အဆင့်အမြင့်ဆုံး ဖြစ်၏။

ချောင်ဗွာမှာ ထူးခြားဆန်းပြားသော သိုင်းပညာရှိသော် လည်း အတွေ့အကြုံအနေဖြင့် များစွာနုလှ၏။

တကယ်တမ်းယှဉ်လျှင် လုံလို၏ပရိယာယ်အောက်၌ အသက်ပျောက်သွားနိုင်သည်ဟု တွေးမိပြီး ချောင်ဗွာအတွက် စိုးရိမ် ပူပန်သွားမိခြင်းဖြစ်ပေသည်။

သို့သော် ...

'ယီး'

'ယား'

'ဗိုး'

'ဗွစ်'

www.burmeseclassic.com

www.burmeseclassic.com



လုံလိက ဘီလူးနှစ်ကောင်သိုင်းကွက်ဖြင့် တိုက်ရာ ချောင်ဗှာက စွန်ကုတ်လက်သည်း သိုင်းကွက်ဖြင့် တုံ့ပြန်လိုက်သည်။

"အင်း ... ဒီလိုဆိုတော့လည်း မဆိုးပါလား"

ချောင်ဗှာ၏အကွက်စေ့လှသော တုံ့ပြန်မှုကို မြင်ရသည့်အခါ ကျွန်ုပ်ယင်းလျှံ အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

ထိုစဉ် ...

ချောင်ဗှာသည် လက်ချောင်းများကို သံချွန်များအလား ဖြန့်ထားပြီး ပြန်လည်တိုက်ကွက်ဆင်၏။

တစ်ခဏမှာပင် ...

လုံလိ၏လက်ကောက်ဝတ်ကို ဖမ်းကုတ်ထားလိုက်သည်။

လုံလိ ထိတ်ခနဲဖြစ်ကာ လက်ကို အားကုန်ဆွဲရုန်းလိုက်၏။

ထိုအခါ ...

ချောင်ဗှာ၏ခန္ဓာကိုယ်သည် အရှိန်နှင့် လိုက်ပါသွားပြီး ဒေထဲခြောက်တက်သွားသည်။

ယင်းအခိုက်အတန့်မှာပင် ...

ချောင်ဗှာသည် ထူးဆန်းလှသော သိုင်းကွက်တစ်ကွက်



လျှပ်တစ်ပြက်ထုတ်လိုက်ရာ ...

'ဝုန်း'

လုံလိမှာ ဘယ်လိုဖြစ်သွားမှန်းပင် မသိလိုက်ရပေ။

ဝါးတစ်ရိုက်ခန့်အထိ လွင့်စဉ်ထွက်သွားရလေတော့၏။

❖

လုံလိမှာ လုံးဝမယုံကြည်နိုင်အောင် ဖြစ်သွားရလေတော့သည်။

လူငယ်တစ်ယောက်၏သိုင်းပညာကား ဤမျှအထိ ဆန်းပြား ထက်မြက်နေလိမ့်မည်ဟု လုံးဝထင်မှတ်ထားခြင်း မရှိပါ။

သို့သော် ...

လုံလိသည် နာမည်ရ ထိပ်သီးသိုင်းသမားတစ်ဦးဖြစ်ရာ ချိုညြထိတ်လန့် မနေနိုင်ပါ။

ချက်ချင်းပင် ရှူးလဲထပြီး ချောင်ဗှာအား ထပ်မံတိုက်ခိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ် ...

တိုက်ခိုက်ခြင်းကာ ရှိသမျှအင်အားကို ထုတ်ပြီး အရက်စက်ဆုံး အပြင်းထန်ဆုံး တိုက်ခိုက်ခြင်း ဖြစ်ပေ၏။

'ယား'

'ဝှစ် ဝှစ် ဝှစ်'

သို့သော် ... ချောင်ဝှာက သူ၏တိုက်ခိုက်မှုကို ငါးရှဉ့်ကောင်လို လူးကာ လွန့်ကာဖြင့် အသာအယာပင် ရှောင်ထွက်သွား၏။

ထိုအချိန်၌ ...

ဝမ်းယန်လူစုသည် တာလိရဲမက်များကို ရှေ့ဆင့်နောက်ဆိုသလို ရှင်းလင်းသုတ်သင်နိုင်ခဲ့ပြီးဖြစ်၍ ချောင်ဝှာနှင့်လုံလိတို့၏ တိုက်ပွဲကို မလှမ်းမကမ်းမှ ဝိုင်းအုံကြည့်ရှုနေကြခြင်းဖြစ်၏။

လုံလိလည်း တိုက်ခိုက်ရင်း အဖော်များကို တစ်ချက်ကြည့်ရာ အားလုံး ကိစ္စတုံးဖြစ်ကုန်ကြသည်ကို တွေ့ရသော ထိတ်လန့်တုန်လှုပ်သွား၏။

ချောင်ဝှာတစ်ယောက်တည်းကိုပင် အနိုင်နိုင် တိုက်နေ



အားလုံးသာ ဝင်ရောက်တိုက်ခိုက်လာပါက အသက်နှင့်ကိုယ် အိုးစားကွဲဖို့သာ ရှိတော့၏။

❖

ထို့ကြောင့် ...

တစ်ကွက်နှစ်ကွက်မျှ မီးကုန်ယမ်းကုန် တိုက်ခိုက်ဟန်ပြုပြီး အခွင့်သာသည်နှင့် လှစ်ခနဲခုန်ထွက်ကာ တစ်ချိုးတည်း လစ်ပြေးလေတော့၏။

"ဟေ့ ... မပြေးနဲ့

ချောင်ဝှာက အော်ငေါက်ပြီး နောက်မှ ပြေးလိုက်သွားသည်။

လုံလိသည် ပြေးရင်းလွှားရင်း လွတ်မည့်ပုံ မပေါ်သဖြင့် တစ်တရက် နောက်ကြောင်းပြန်လှည့်ကာ ငေးကြောင်ကြည့်နေသော လူနယ်ယင်းလျှံထံ ပြေးဝင်သွား၏။

ဤသို့ ဖြစ်လာမည်ဟု မည်သူမျှ ထင်မှတ်ထားခြင်း မရှိသော။

www.burmeseclassic.com



ထို့ကြောင့် ...

အားလုံးပင် မလှုပ်မယှက်နှင့် ကြောင်အမ်းအမ်းဖြစ်
ကြ၏။

ထိုခဏတွင် လုံလိသည် ကျွန်ယင်းလျှံအား လျှပ်တစ်ပြ
သွေးကြောထိုးဝိတ်ကာ ပန်းပေါ်ထမ်းတင်၍ ပြေးလေတော့၏

ချောင်ဂှာ ထိတ်ခနဲဖြစ်သွား၏။

နောက်မှပြေးလိုက်ကာ ...

"သူ့ကို လွှတ်လိုက်ပါ။ ကျုပ် ခင်ဗျားအသက်ကို ချ
ပေးမယ်"

လုံးလိ လုံးဝဂရုမစိုက်ပါ။

ကိုယ်ဖော့ပညာဖြင့် ခပ်သွက်သွက်ပင် ပြေးလွှားနေ
ဓားစာခံတစ်ယောက် လက်ဝယ်ပိုင်ရှင် ရှိထားပြီ
သူ့အတွက် နိုင်ကွက်တစ်ကွက်ပင် မဟုတ်ပါလား။

အရေးကြုံလျှင် ဓားစာခံနှင့် အကျုပ်ကိုင်ရုံသာ။

ထို့ကြောင့် ...

ဘာကိုမျှ အရေးမစိုက်ဘဲ ပြေးမြဲ ပြေးနေလေ၏



ချောင်ဂှာမှာ လက်နက်ပုန်းဖြင့် ပစ်ခတ်ရန် စိတ်ကူးသေး
သည်။

သို့သော် ...

ကျွန်ယင်းလျှံကို ထိမှန်မည်စိုး၍ ပစ်ခတ်ခြင်း မပြုပေ။

ဝမ်းယန်ကမူ အလွတ်မခံပါ။

ထို့ပြင် ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု အပြည့်ရှိနေ၏။

ထို့ကြောင့် ...

'ဝှစ် ဝှစ် ဝှစ်'

ရုတ်တရက် လက်နက်ပုန်းဖြင့် ပစ်ခတ်မိလေ၏။

ရှောင်ဂှာ အလန့်တကြား ဖြစ်သွားပြီး ...

"အို ... အို ... မပစ်နဲ့လေ၊ မပစ်နဲ့"

ပျာပျာသလဲ လှမ်း၍ ဟန့်တားမိသည်။

သို့သော် ...

လက်နက်ပုန်းများကား လေထုကို ထိုးလျက် အရှိန်ဖြင့် ပစ်
င်သွားချေပြီ။

လုံလိသည် နောက်ဘက်မှ လေတိုးသံကြားရသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျုန်ယင်းလျှံကို ထိုးခံပေးရန် ကြိုးစားသည်။

သို့ရာတွင် ... မမီတော့ချေ။

လက်နက်ပုန်းအရှိန်က လျှင်မြန်လှသည်။

လေထုကို ထိုးခွဲပြီး လုံလီလက်မောင်းကို ထိမှန်မိတော့သည်။

"အား"

နာကျင်လှသဖြင့် သူသည် ကျုန်ယင်းလျှံကို ထမ်းပိုးမထားနိုင်တော့ချေ။

ကျုန်ယင်းလျှံ ပခုံးပေါ်မှ ပြုတ်ကျလေသည်။

လုံလီမှာ ကိုယ်လွတ်ရန်း ပြေးလေသည်။

ရှေ့တွင် ရေတံခွန်ကြီး ဝိတ်ဆီးလျက်ရှိသည်။

သို့သော် ဂရုမစိုက်နိုင်။

ရန်သူ့လက်မှ လွတ်မြောက်ရန် ရေတံခွန်ကို ဖြတ်ကျော်၍ တစ်ဖက်သို့ ခုန်ကူးလိုက်လေတော့သည်။

❖



လုံလီသည် ရေတံခွန်ကို ကျော်ဖြတ်လိုက်သည်။

အခြားတစ်ဖက်၌ ထွက်ပေါက်တစ်ခုခုရှိမည်ဟု ထင်မှတ်သော်လည်း ကျောက်နံရံကြီးကိုသာ တွေ့ရသည်။

လိုဏ်ဂူတစ်ခုရှိသော်လည်း တံခါးကြီးနှစ်ချပ်ဖြင့် ပိတ်ဆို့ထားသည်။

နောက်ဖက်မှလည်း ဝမ်းယန်နှင့်ချောင်ဒှာတို့က ထက်ကြပ်မကွာ လိုက်ပါနေကြသည်။

လုံလီသည် ပြေးပေါက်ပြေးလမ်းမရှိတော့သဖြင့် တံခါးကြီးကို အားကုန်ထုရိုက်ပစ်လိုက်သည်။

'ဝုန်း'

"အား"

လုံလီ၏ထုရိုက်မှုကြောင့် တံခါးပွင့်သွား၏။

သို့သော် ...

တံခါးကြီး၏တွန်းကန်မှုအရှိန်ကြောင့် လုံလီ၏လက်ဆစ်ရိုးကျိုးပြီး နောက်ပြန်လဲကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူဝရှိသူ ရပ်နေသည့်နေရာမှာ ကမ်းပါးစွန်းတစ်ခုသာ ဖြစ်သည်။

ထို့ကြောင့် ...

နောက်ပြန်လဲကျသည့်အခါ ဟန်ချက်ပျက်ပြီး ချောက်ထဲသို့ နောက်ပြန်ကျသွားလေတော့၏။

"အား"

လုံလီ၏ခန္ဓာကိုယ်ကား တောင်ထိပ်မှကျသော ကျောက်တုံးတစ်တုံးပမာ ကျောက်စွယ်ကျောက်စွန်များနှင့် ထိုးလိုက်ပြီး ကမ်းပါးအောက်သို့ ကျရောက်သွားရှာလေ၏။

ပြေးလိုက်လာကြသော ဝမ်းယန်တို့လူစုသည် လုံလီ၏ဖြစ်အင်ကိုကြည့်ကာ ကျောချမ်းသွားမိကြ၏။

လုံလီအဖြစ်က တုန်လှုပ်ချောက်ချားဖွယ်ကောင်းလောက်အောင် ဆိုးရွားလှသည် မဟုတ်ပါလား။

ချောင်ဟုသည် ငေးကြည့်နေရင်းမှ ရုတ်တရက် တစ်စုံတစ်ခုကို သတိရလာပြီး ...

"ဟာ ... ကြည့်ပါဦး။ ဒီ ... ဒီနေရာက မီးလောင်သွားတဲ့



အကျီပေါ်ကပုံနဲ့ မတူဘူးလား"

ထိုအခါမှ ဝမ်းယန် သေချာသတိပြုမိတော့၏။

မှန်ပါသည်။

အဝါရောင်အကျီကို မီးရှို့စဉ်က ပေါ်ထွက်လာသောပုံသည် ဤနေရာနှင့် ထပ်တူထပ်မျှ တူညီနေပေတော့သည်။

❖

"ဟာ ... ဟုတ်တယ်၊ ရေတံခွန်နဲ့ လိုဏ်ဂူတံခါးဟာ ပုံထဲက အတိုင်းပဲ"

နောက်မှရောက်လာသော ကျန်ယင်းလျှံက တအံ့တဩ ပြောလိုက်ခြင်း ဖြစ်သည်။

သူမသည် လုံလီ၏ဖမ်းဆီးခြင်းမှ လွတ်မြောက်ခဲ့သော်လည်း သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်ရှားနိုင်ခဲ့ပေ။

ဝမ်းယန်က သူမအား သွေးကြောဖွင့်ပေးပြီး ချောင်ဟုနှင့်အတူ လုံလီနောက်သို့ ဆက်လက်ပြေးလိုက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

ကျန်ယင်းလှျံနှင့်ဝမ်းယန်တို့နှင့် အတူမရောက်ဘဲ နောက်ကျပြီးမှ ဤနေရာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

သို့သော် ...

နေရာအနေအထားကို မြင်တွေ့ရသည်နှင့် ဤနေရာသည် အကျီပေါ်၌ လှို့ဝှက်မှင်ဖြင့် ရေးဆွဲထားသည့် ပုံအတိုင်းဖြစ်ကြောင်း ချက်ချင်းပင် မှတ်မိသိရှိလိုက်ခြင်း ဖြစ်သည်။

❖

ထို့နောက် ...

ဝမ်းယန်က မျက်မှောင်ကြုတ် စဉ်းစားရင်း ...

"အင်း ... ဦးကြီး တုန္ဒျန်းရှကတော့ ဒီပုံကို အကြောင်းမဲ့ ရေးဆွဲခဲ့မှာမဟုတ်ဘူး၊ ဒီလိုဏ်ဂူထဲမှာ အရေးကြီးတဲ့ပစ္စည်းတစ်ခု ရှိလို့သာ ခုလို လှို့ဝှက်မှင်နဲ့ အကျီပေါ် ရေးဆွဲခဲ့တာဖြစ်မယ်၊ တို့[illegible] တွေ ဝင်ကြည့်ကြရအောင်"



ဝမ်းယန်က တွေးတွေးဆဆပြောရင်း လိုဏ်ဂူထဲဝင်ရန် ဟန်ပြင်လိုက်သည်။

ဤတွင် ...

ကျန်ယင်းလှျံက ...

"နေပါဦး ဝမ်းအစ်ကိုကြီးရဲ့ ... ပုံမှာရေးထားတဲ့ ဘယ်သုံး၊ ညာလေး၊ အလယ်ရှစ်ဆိုတဲ့ စာရဲ့အဓိပ္ပာယ်ကို အရင်ဖော်ပြီးမှဝင်ရင် ကောင်းမယ်ထင်တယ်"

ဝမ်းယန် အနည်းငယ် တွေဝေသွား၏။

တစ်အောင့်ကြာမှ ...

"ဒါက လှို့ဝှက်အမှတ်အသား တစ်ခုခုဖြစ်မယ်ထင်တယ်၊ ဒါမှမဟုတ် ... ပစ္စည်းအရေအတွက်များလား မသိဘူး"

ထိုအခါ ချောင်ဝှာက ...

"အထဲဝင်မကြည့်ဘဲ ခုလိုမှန်းဆနေရုံနဲ့ ဘာမှတိတိကျကျ သိရမှာ မဟုတ်ဘူးဗျ"

သူ့စကားက သဘာဝကျသည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယန်က ...

"ဟုတ်တယ် ... မှန်းဆ အဖြေရှာနေရုံနဲ့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ဒီတော့ ကျုပ်တို့တွေ ဝင်ကြည့်ကြမယ်"

ကျန်ယင်းလျှံ ဘာမှမပြောသာတော့ပါ။

❖ ❖ ❖



## အခန်း (၁၁)

### သံသေတ္တာ

ဝမ်းယန်သည် ရေတံခွန်ကို ဖြတ်ကျော်ပြီး အတွင်းသို့ ဝင်ရောက်သွား၏။

ချောင်ဟုနှင့်ကျန်ယင်းလျှံတို့လည်း ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်သွားကြ၏။

သူတို့သုံးယောက်မှာ ...

ဂူဝသို့ရောက်သည့်အခါ ဝမ်းယန်မှာ ရေသုံးလေးစက်မျှ စိုသည်ကို တွေ့ရ၏။

ချောင်ဟုမှာ ရေတစ်စက်မျှသာ စိုလေ၏။

ကျန်ယင်းလျှံမှာမူကား ကိုယ်တစ်ခြမ်းစာမျှသာ စိုသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်အောက်မှ ဖြတ်ကျော်သွားကြသူချင်း အတူတူ ဖေ စိုမှုမှာ တစ်ယောက်နှင့်တစ်ယောက် မတူကွဲပြား ခြားနားနေရေ သည်။

"အင်း ... ငါ့ရဲ့ကိုယ်ဖော့ပညာကို ငါကတော့ ဟုတ်လှ ထင်နေတာ၊ သူတို့နဲ့ ယှဉ်လိုက်တော့မှ ဆီနဲ့ရေလိုပါပဲလား"

ကျန်ယင်းလှ၏စိတ်ထဲမှ အားမလိုအားမရ ရေရွတ်လိုက် ခြင်း ဖြစ်သည်။

သုံးယောက်သား ဂူပေါက်ဝ၌ ရပ်မိကြသည့်အခါ လိုဏ် တံခါးကို တစ်ချက်အကဲခတ်လိုက်ကြ၏။

ပြီးမှ ...

ဝမ်းယန်က ...

"ချောင်ဝှာ ... မင်း ဘယ်ဘက်က တံခါးတစ်ခြမ်းကို တွန်း လိုက်၊ ငါ သေချာစစ်ဆေးကြည့်မယ်"

ချောင်ဝှာသည် ဝမ်းယန်ပြောသည့်အတိုင်း ဘယ်ဘက် အခြမ်းမှတံခါးကို လက်ဝါးဖြင့် ရိုက်ဖွင့်လိုက်၏။

'ဝုန်း'



တံခါးတစ်ခြမ်း ပွင့်သွား၏။

ဝမ်းယန်က ဓားကို ရင်ဝ၌ ကန့်လန့်ဖြတ်ကိုင်၍ အကာအ ကွယ်ယူရင်း အတွင်းသို့ကြည့်လိုက်၏။

အတွင်းဘက် တစ်ဖက်တစ်ချက်စီတွင် ကျောက်ရုပ်တုများ အစီအရီတန်းလျက်ရှိသည်ကို တွေ့ရ၏။

ရုပ်တုများမှာ ကြောက်မက်ဖွယ်အသွင်ရှိပြီး လက်ထဲတွင် လက်နက်တစ်ခုစီ ရှိနေ၏။

အချို့မှာ ဓား။

အချို့မှာ လှံ။

အချို့မှာမူ ခက်ရင်းခွ ... စသည်ဖြင့် လက်နက်မျိုးစုံပင် ဖြစ်၏။

မြေပေါ်ကြည့်လိုက်သည့်အခါ မြားတံများ ပြန့်ကျဲရှုပ်ပွနေ သည်ကို တွေ့ရလေ၏။

ထို့ပြင် ...

ထိပ်ကျိုးနေသော ဓားလှံအချို့ကိုလည်း တွေ့မြင်ရလေ၏။ အလယ်တည့်တည့်ရှိ လူသွားလမ်းကား ပြောင်ချောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းသည် အတွင်းသို့ မည်မျှနက်ရှိုင်းစွာ ရှည်လျားနေသည် မသိ။

လမ်းအဆုံးပိုင်းကို မမြင်ရချေ။

အတွင်းပိုင်း၌ မည်းမှောင်နေ၏။

❖

ဝမ်းယန်သည် အခြေအနေကို တစ်ခဏအတွင်း မြို့ရှုလေ့လာပြီးနောက် ...

"ချောင်ဂှာ ... ကြည့်ရတာ အတွင်းမှာ လျှို့ဝှက်ခလုတ်တပ်ထားတဲ့ ထောင်ချောက်တွေရှိနိုင်တယ်၊ မြေမှာ ပြန့်ကျဲနေတဲ့ လယ်နက်တွေဟာ လျှို့ဝှက်ခလုတ်ကို နင်းမိလို့ ထွက်လာတာတွေဖြစ်မယ်၊ ဒီအထဲကို တခြားလူတွေဝင်ဖို့ ကြိုးစားခဲ့ဖူးပုံရတယ်"

ချောင်ဂှာ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် အစ်ကိုကြီး၊ ဒါပေမဲ့ ... ကျွန်တော်တို့ ဒီအခြေအနေရောက်မှတော့ ဝင်ကြည့်ရမှာဖြစ်မှာ"



"အင်းလေ ... ဝင်တော့ဝင်ရမှာပဲ၊ ဒါပေမဲ့ ... သေသေချာချာ သတိထားမှဖြစ်မယ်"

ဤတွင် ...

ကျန်ယင်းလျှံက ...

"ဒါဆို ... ကျွန်မတို့ ဒီလိုစမ်းကြည့်ရင် မကောင်းဘူးလား"

"ဘယ်လိုစမ်းမှာလဲ"

"ဒီလိုလေ၊ ဝမ်းအစ်ကိုကြီးရဲ့ လက်နက်ပုန်းပစ်ပညာက ကျွန်မတို့သုံးယောက်ထဲမှာ အကောင်းဆုံး"

ဝမ်းယန်က ရယ်လိုက်ပြီး ...

"အရေးထဲ အချင်းချင်း မြှောက်ပင့်နေပြန်ပြီ"

ထိုစဉ် ကျန်ယင်းလျှံသည် အနီးအပါးမှ ကျောက်ခဲလေးငါးလုံးခန့် ကောက်ယူကာ ...

"ကဲ ... ရော့ ... ဟောဒီပထမခဲလုံးနဲ့ ဂူဝကနေ ဘယ်ဘက်ကို ပစ်၊ ဒုတိယခဲလုံးကို ပထမနေရာရဲ့ ခြေတစ်လှမ်းအကွာလောက်ကို ထပ်ပစ်၊ အဲဒီလို ရှေ့ကို ခြေတစ်လှမ်းအကွာစီ ပစ်ကြည့်တဲ့အခါ ဘယ်လိုထူးခြားလာသလဲဆိုတာ ကြည့်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ညီမအကြံမဆိုးဘူး၊ ဒီအတိုင်း လုပ်ကြည့်ကြတာပေါ့ ... တော့ ... ညီမက ဓားကိုင်ပြီး အစ်ကိုကြီးနောက်က စောင့်နေ၊ မ... တဆ ထောင်ချောက်ခလုတ်ပွင့်ပြီး မြားတွေ ထွက်လာရင် ဖယ်... နိုင်တော့ပါ"

ချောင်ဝှာက ပြောလိုက်ခြင်း ဖြစ်၏။

ကျန်ယင်းလျှံလည်း ဓားကိုင်ပြီး ဝမ်းယန်အနီးတွင် ... ရောက်စောင့်နေလိုက်၏။

ဝမ်းယန်က ...

"ကဲ ... အားလုံး သတိဝီရိယနဲ့နေကြ၊ အစ်ကိုကြီး ခဲ... ကြည့်တော့မယ်"

ပြောပြီးသည်နှင့် ဝမ်းယန်သည် ကျန်ယင်းလျှံပြော... အတိုင်း ခဲလုံးများကို တစ်လုံးပြီးတစ်လုံး ပစ်ကြည့်လိုက်သည်။

'ထောက်'

'ထောက်'

'ထောက်'

ခဲလုံးသုံးလုံး ကုန်သွား၏။



ဘာမျှထူးခြားခြင်းမရှိ။

"အစ်ကိုကြီး ... နောက်ထပ် တစ်လုံးလောက် ပစ်ကြည့်ပါဦး"

ကျန်ယင်းလျှံလည်း နောက်ဆုံးပစ်ခဲ့သည့် နေရာထက် ခြေတစ်လှမ်းစာမျှ ပို၍ပစ်သွင်းလိုက်၏။

ဤတွင် ...

'ဝုန်း'

ခဲကျသည့်နေရာမှ ဝုန်းခနဲမြည်ဟည်းကာ မြားတံများသည် ရှေ့နောက်ဝဲယာမှ တဝှစ်ဝှစ်အော်မြည်ကာ ပစ်လွှင့်လာလေတော့၏။

❖

မြားတံများ ရှုတ်တရက် ပစ်လွှင့်လာ၏။

'ဝှစ် ဝှစ် ဝှစ်'

မြားတံများအနက် မြားသုံးစင်းသည် ဂူဝသို့ပင် ပစ်ခွင်း... ...က်ရှိလာရာ ...

www.burmeseclassic.com

www.burmeseclassic.com



'ဒုတ် ဒုတ် ဒုတ်'

ကျွန်ယင်းလျှံ ရိုက်မချမီမှာပင် ဝမ်းယန်က ဦးအောင်ရို

ချလိုက်ပြီး ဖြစ်နေပေ၏။

ဝမ်းယန်က လေပူကြီးတစ်ချက် မှုတ်ထုတ်ကာ ...

"ဟူး ... တော်ပါသေးရဲ့၊ ကျွန်ညီမလေး အကြံပိုင်လို့

နှိမ့်ရင် တို့သုံးယောက်စလုံး ဒီလောက်များတဲ့ မြားတံတွေကို ရှော

ဖို့ မလွယ်ဘူး"

ထို့နောက် ...

ဝမ်းယန်သည် တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် ...

"အင်း ... ဟုတ်ပြီ၊ ခုအတိုင်းဆိုရင် ဘယ်သုံး၊ ညာ

အလယ်ရှစ်ဆိုတဲ့ စကားအဓိပ္ပာယ်က ပေါ်လာပြီပဲ"

ကျွန်ယင်းလျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... အစ်ကိုကြီးက ညာဘက်ကိုရှည်ခဲ့

တစ်လှမ်းစာ တိုးတိုးပြီး ပစ်သွားတာ ငါးခုမြောက်ခဲလုံးမှာ ရှို

ခလုတ်ကိုထိပြီး မြားတံတွေ ထွက်လာတာ"

ဝမ်းယန်က ဖြည့်စွက်လိုက်သည်။



"ဒါကြောင့် ... ညာဘက်အခြမ်းက ခြေလှမ်း လေးလှမ်း

အထိ အန္တရာယ်မရှိဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ၊ အေးလေ ... ပိုပြီးသေချာ

အောင် စမ်းကြည့်တာပါ"

ပြောပြောဆိုဆိုဖြင့် ခဲလုံးငါးလုံးကောက်ယူပြီး စတင် ပစ်

ကြည့်လိုက်၏။

'ဝုန်း'

'ဝုစ်'

'ဝုစ်'

'ဝုစ်'

ပထမခဲလုံး ကျရှုံးသာရှိသေးသည်။

ပေါက်ကွဲသံနှင့်အတူ မြားတံများ ရုတ်တရက် ဖွာရာကျဲပစ်

လာတော့၏။

လုံးဝမျှော်လင့်မထားသော ဖြစ်ရပ်မို့ ဝမ်းယန်မှာ ရိုက်ချ

ခွမ်းမရှိဘဲ ကိုးရိုးကားရား ရှောင်လိုက်ရ၏။

ကျွန်ယင်းလျှံမှာ ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ကြောင်

နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဗွာက လျှပ်တစ်ပြက်ရှေ့သို့ ခုန်ထွက်ပြီး ဓားကို

စပ်မှတ်နေအောင် လှည့်လိုက်၏။

'ဗွစ်'

'ဗွစ်'

'ဗွစ်'

'ဖြောင်း ... ဖြောင်း ... ဖြောင်း'

မြားတံများ အပိုင်းပိုင်းပြတ်၍ မြေပေါ် ပြန့်ကျဲသွား

ဝမ်းယန်သည် မြေပေါ်ဝမ်းလျားထိုးမှောက်နေရာမှ

ထကာ မချိပြုံးပြုံးလိုက်၏။

ဝမ်းယန်က ...

"အင်း ... ဒီတစ်ခါတော့ ပေဒင်ဆရာအတွက် မှားသွား

ပါပြီ ကယ်ပေလို့ပေါ့၊ နို့မို့ရင် မလွယ်ဘူး"

ကျန်ယင်းလျှံကလည်း ချောင်ဗွာကို ကျေးဇူးတင်ဟ

ပြုံးပြလိုက်၏။ ဝမ်းယန်က ...

"ခုအတိုင်းဆိုရင်တော့ ဂူထဲမဝင်တာက ပိုကောင်းမယ်

တယ်"



ကျန်ယင်းလျှံ မျက်နှာရှုံ့သွားသည်။

"ဟာ ... အစ်ကိုကြီးကလည်း မြေပုံထဲက နေရာကို ရောက်

နေတာတောင် ဘာမှရေရေရာရာမသိရဘဲ ဒီအတိုင်း ပြန်သွားရင်

ဘယ်သဘာဝကျပါ့မလဲ"

"ဟုတ်တယ် အစ်ကိုကြီး၊ ဦးလေးတုရွှန်းရှုက ဒီမြေပုံကို

အကြောင်းမဲ့ရေးထားတာ မဖြစ်နိုင်ဘူး၊ အရေးကြီးတဲ့ကိစ္စတစ်ခုခုရှိ

မှာ သေချာတယ်"

ချောင်ဗွာကလည်း ကျန်ယင်းလျှံ၏စကားကို ထောက်ခံ

လိုက်ခြင်းဖြစ်၏။

ဝမ်းယန်က ကျန်ယင်းလျှံကို လှမ်းကြည့်ကာ ...

"ဒါဖြင့် ... ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ စဉ်းစားကြ

ပါဦး"

ကျန်ယင်းလျှံက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"အင်း ... ဘယ်သုံး၊ ညာလေး၊ အလယ်ရှစ်"

ကျန်ယင်းလျှံက ဝမ်းယန်ကို လှမ်းကြည့်ရာ ...

"ဟုတ်ပြီ ... ထပ်ပြီး စမ်းကြည့်ပါဦး အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယန်က ...

"ဘယ်လိုထပ်ပြီး စမ်းရမှာလဲ ညီမရဲ့"

ကျန်ယင်းလျှံက ...

"ဒီတစ်ခါတော့ ဘယ်ဘက်ကို ခဲလုံးနဲ့ ပစ်ကြည့်၊ တတိယ မြောက် ခဲလုံးကျပြီးရင် ညာဘက်ကို ပြောင်းပြီးပစ်"

"ကောင်းပြီလေ"

ဝမ်းယန်သည် ဘယ်ဘက်ကို ခဲလုံးသုံးကြိမ် ပစ်လိုက်၏။

သူတို့အားလုံး သတိထား၍ အကာအကွယ် ယူထားကြသော်လည်း ဘာမှုမဖြစ်ချေ။

"ဟုတ်ပြီ ... ခုတစ်ခါ ညာဘက်ကိုပစ်မယ်၊ ခဲလုံးတစ်လုံး အထိ ဘာမှမဖြစ်ဘဲ ငါးလုံးမြောက် ခဲလုံးပစ်အပြီးမှာ မြားတံရှေ့ ထွက်လာလိမ့်မယ်၊ ဟုတ်မဟုတ် စမ်းကြည့်ပါဦး ... အစ်ကိုကြီး"

ဝမ်းယန်က ကျန်ယင်းလျှံ ပြောသည့်အတိုင်း ပစ်လိုက်ပြန် သည်။

မှန်ပါသည်။

ငါးလုံးမြောက် ခဲပစ်လိုက်သည်နှင့် မြားတံများ တရှေ့ဟော



ပစ်လွှင့်လာပြန်လေသည်။

ဝမ်းယန်တို့လူစုမှာ ကြိုတင်ပြင်ဆင်ကာကွယ်ထားကြသဖြင့် များယီပျာယာ ဖြစ်မသွားကြပါ။

ဝမ်းယန် နားလည်သဘောပေါက်သွားပြီဖြစ်၏။

"ဟုတ်ပြီ၊ ဒီအတိုင်းဆိုရင် ဘယ်ဘက်က သုံးလှမ်းလျှောက်ပြီးရင် ညာဘက်ကိုကူးပြီး လေးလှမ်းဆက်လျှောက်၊ နောက် အလယ်တည့်တည့်က ရှစ်လှမ်းလျှောက်"

ကျန်ယင်းလျှံက ပြုံးရင်း ခေါင်းညိတ်လိုက်၏။

"ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့"

"ကဲ ... ဒါဖြင့် ဒီအတိုင်း ဝင်ကြရအောင်"

ပြောပြောဆိုဆိုဖြင့် ဝမ်းယန်သည် ရှေ့မှ ဦးဆောင်ဝင်ရောက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ ...

ကျန်ယင်းလျှံက ပျာပျာသလဲ လှမ်းတားလိုက်၏။

"အစ်ကိုကြီး ... ခဏနေပါဦး"

ဝမ်းယန်က ...

www.burmeseclassic.com

www.burmeseclassic.com



“ဟာ … ဘာဖြစ်လို့လဲ”

ကျန်ယင်းလျှံက ဂူအတွင်းမှ ကျောက်ရုပ်တုများကို ညွှန်ပြရင်း …

“ဒီကျောက်ရုပ်တုတွေရဲ့အနေအထားကို သေချာလေ့လာဖို့ လိုဦးမယ်၊ အဲဒါတွေကလည်း မြေလှမ်းအရ တွက်ချက်ရသလားလို့”

ဝမ်းယန် အနည်းငယ်တွေဝေသွား၏။ ပြီးမှ …

“အင်းလေ … စမ်းကြည့်တာတော့ မမှားပါဘူး”

ပြောရင်း …

ဝမ်းယန်သည် ခဲလုံးဖြင့် ကျောက်ရုပ်တုကို ပစ်ကြည့်လိုက်၏။

‘ဒုတ်’

‘ဒုတ်’

‘ဒုတ်’

မြားတံများ ပလူပျံအောင် ထွက်ပေါ်လာ၏။

မြေလှမ်းအရ တွက်ချက်သွားပါက ကျောက်တုရုပ်များ ရှေ့သို့ ရောက်သွားမည်ဖြစ်သည်။



သို့သော် …

ကျောက်တုရုပ်တိုင်း၌ မြားတံများ ရှိမည်မဟုတ်ပါ။

ဝမ်းယန်သည် အနည်းငယ် စဉ်းစားလိုက်ပြီး …

“ဟုတ်ပြီ … အစ်ကိုကြီး သဘောပေါက်ပြီ၊ မြေလှမ်းအရ သွားရင် ရှေ့မှာ ကျောက်ရုပ်တုခံနေလိမ့်မယ်၊ ဘေးက ဖြတ်သွားရင် မြေလှမ်းမှားပြီး မြားတံတွေ ထွက်လာမယ်၊ ဒီတော့ ဘေးက ကျော်လို့မရဘူး၊ ရုပ်တုကို ခုန်ကျော်သွားမှရမယ်၊ ဒါပေမဲ့ … သိပ်ဝေးအောင် ခုန်လို့လည်းမရဘူး၊ မြေလှမ်း ပြန်ချရမယ့်နေရာနဲ့ အံကိုက်ဖြစ်လို့ လိုတယ်”

ကျန်ယင်းလျှံက သဘောကျစွာဖြင့် ရယ်မောလိုက်၏။

“ဒီတစ်ခါတော့ အစ်ကိုကြီးတွက်တာ သိပ်ကိုမှန်တယ်၊ ကဲ … ဟုတ်,မဟုတ် စမ်းကြည့်ရအောင်”

ထို့နောက် …

ဝမ်းယန်သည် ကျန်ယင်းလျှံ ညွှန်ပြသည့်အတိုင်း မြေလှမ်းနှင့် အံမဝင်သည့် ကျောက်ရုပ်တုကို ခဲနှင့်ပစ်ကြည့်လိုက်သည်။

‘ဒုန်း’

www.burmeseclassic.com

www.burmeseclassic.com



‘ကျွိ’

ခဲလုံးထိမှန်သည်နှင့် ထိုကျောက်ရုပ်တုသည် ရှေ့သို့ ရုတ် ရက် ထိုးစိုက်ကျလာ၏။

ရုပ်တု၏လက်ထဲမှဓားလည်း အောက်သို့ အရှိန်ဖြင့် ခုတ် လာလေ၏။

ဖုန်များ ထောင်းထောင်းထသွားလေ၏။

တစ်ခဏအကြာတွင် ...

ရုပ်တုသည် တစ်ပတ်လည်သွားကာ မူလအနေအ အတိုင်း ပြန်ဖြစ်သွားလေ၏။

ကျန်ယင်းလှုံက ...

“ကဲ ... တွေ့ပြီမဟုတ်လား။ ကျွန်မတို့ ရုပ်တုတွေကို ထိ မရဘူးဆိုတာ တွေ့ပြီမဟုတ်လား”

ဝမ်းယန်က ကျေနပ်စွာပြုံးရင်း ...

“ဒီလိုတော့လည်း ငါ့ညီမက ဘယ်ဆိုးလို့တုန်း၊ ဒီလှို့ဝှ ချက်ကိုတောင် ဖော်ထုတ်နိုင်တာပဲ”

ကျန်ယင်းလှုံက ...



“ဟာ ... အစ်ကိုကြီးကလည်း ဒီထဲမှာ ရှိတဲ့ပစ္စည်းတိုင်းက မသင်္ကာစရာတွေမို့ ဖြစ်နိုင်တာကို လျှောက်ပြီးစမ်းကြည့်တာပါ”

“ကိုင်း ... ဒါဖြင့် ခုဝင်လို့ရပြီလား”

တစ်ချိန်လုံး ငြိမ်နေသော ချောင်ဗှာက စိတ်မရှည်နိုင်ဟန် ဖြင့် ဝင်မေးလိုက်ခြင်းဖြစ်၏။

ဝမ်းယန်က ပြုံးပြကာ ...

“ရပါပြီကွာ၊ ကဲ ... ကဲ ... စိတ်ချလက်ချသာ ဝင်ကြပေ တော့”

ပြောရင်း ဝမ်းယန်ကပင် ဂူထဲသို့ ဦးဆောင်ဝင်ရောက်လိုက် ၏

“အင်း ... ကျွန်ညီမလေးသာ ပါမလာရင် အကျိုဝါမှာပါတဲ့ ရဲ့လှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ဖို့ မလွယ်ဘူးကွ”

ဝမ်းယန်က ချောင်ဗှာကိုပြောသလိုဖြင့် ကျန်ယင်းလှုံကို ချီး မွမ်းလိုက်ခြင်းဖြစ်သည်။

ထိုအခါ ...

ကျန်ယင်းလှုံက ပြုံးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းအစ်ကိုကြီးပါမလာရင်လည်း ဒီလို့ဝှက်ချက်ကို ဖော်ထုတ်ဖို့မလွယ်ပါဘူး၊ အစ်ကိုကြီးရဲ့လက်အချိန်အဆကြောင့် ဘယ်နေရာမှာ အန္တရာယ်ရှိပြီး ဘယ်နေရာမှာ အန္တရာယ်မရှိဘူးဆိုတာ သိနိုင်ခဲ့တာပါ"

ထိုအခါ ...

ချောင်ဝှာက ခေါင်းညိတ်ထောက်ခံလိုက်၏။

"ဟုတ်တယ်၊ လက်အချိန်အဆကောင်းသလို ပစ်အားကောင်းဖို့လည်း လိုတယ်၊ ခဲတစ်လုံး မြေပေါ်ကျတဲ့အခါ လူတစ်ယောက်ရဲ့အလေးချိန်ရှိအောင် လုပ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး လူတစ်ယောက်ရဲ့အလေးချိန်မှမရှိရင် စက်ခလုတ်လည်း ဘယ်မှာ တော့မလဲ"

ဝမ်းယန်က ...

လက်ကာပြလိုက်၏။

"ကဲပါလေ ... တစ်ယောက်ကိုတစ်ယောက် မြှောက်ပင့်နေရုံနဲ့ ကိစ္စမပြီးသေးဘူး၊ ဂူထဲမှာ ဘယ်လိုလျှို့ဝှက်ချက်တွေ ရှိတယ်ဆိုတာ သိဖို့လိုတယ်"



ဝမ်းယန်သည် ပြောရင်း ကြိုတင်စမ်းသပ်သိရှိထားသည့်အတိုင်း သတိကြီးစွာထားလျက် ဂူထဲသို့ ဆက်လက်ဝင်ရောက်သွားလေတော့၏။

❖

ဝမ်းယန်သည် ရှေ့ဆုံးမှ ဦးဆောင်ဝင်လျက် ရှိ၏။

ကျန်ယင်းလျှံက အလယ်မှလိုက်ပါပြီး ချောင်ဝှာက နောက်ဆုံးမှ ကပ်၍လိုက်ပါလာ၏။

ဝမ်းယန်သည် ဂူ၏ဘယ်ဘက်မှ သုံးလှမ်းလျှောက်ပြီး နောက် ညာဘက်သို့ ခုန်ကူးလိုက်၏။

ထိုအခါ ...

ကျောက်ရုပ်တုနှစ်ခုကြားသို့ ရောက်ရှိသွား၏။

ကျန်ယင်းလျှံမှာ မူလက ဝမ်းယန်ရပ်သည့်နေရာသို့ ရောက်ရှိနေပေပြီ။

ဝမ်းယန်က ညာဘက်ရှေ့တစ်လှမ်းတိုးပြီး ကျန်ယင်းလျှံကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်လိုက်၏။

"ကဲ ... ညီမ ဆက်လျှောက်လာခဲ့"

ဘယ်ဘက်မှ ညာဘက်သို့ကူးရန်မှာ ကိုယ်ကိုစောင်း၍ ခုန်ကူးရခြင်းဖြစ်၏။

ညာဘက်သို့ ခြေအစုံတွင် အံဝင်ခွင်ကျဖြစ်ရန် လိုသည်။

ထိုသို့အံကျဖို့ဆိုသည်မှာ ကိုယ်ဖော့ပညာ လွန်စွာကောင်းပါမှ လုပ်နိုင်ပေမည်။

"အင်း ... ကျွန်ညီမလေး ကူးမှကူးနိုင်ပါ့မလား"

ချောင်ဝှာက ကျွန်ယင်းလျှံအတွက် စိုးရိမ်ပူပန်နေမိ၏။

ထို့ကြောင့် ...

ကျွန်ယင်းလျှံ၏လက်ကို ဖမ်းဆွဲလိုက်ပြီး ...

"ညီမ နေဦး။ အစ်ကိုနဲ့ ဝမ်းအစ်ကိုကြီးတို့နှစ်ယောက် ဝင်ရှင်လုံလောက်နေပါပြီ၊ ညီမ ဒီနေရာကပဲ စောင့်နေရစ်ပါ"

ကျွန်ယင်းလျှံသည် ချောင်ဝှာက မိမိအတွက် စိုးရိမ်ပူပန်စိတ်ရှိကြောင်း သိလိုက်ရသည့်အခါ ရင်ထဲ၌ ကြိတ်၍ ပီတိဖြစ်သွားမိလေသည်။



သူမသည် ချောင်ဝှာအား လှည့်၍ပြုံးပြကာ ...

"ရပါတယ်ရှင်၊ ဒီလောက်တော့ ညီမ တတ်နိုင်ပါတယ်"

ပြောရင်း ...

ကျွန်ယင်းလျှံသည် ပေါ့ပါးဖျတ်လတ်စွာ ခုန်ထွက်လိုက်၏။

ညာဘက်ရှိ ခြေချမည့်နေရာသို့ အံဝင်ခွင်ကျပင် ရောက်ရှိသွားလေသည်။

တကယ်တော့ ...

သူမ၏ကိုယ်ဖော့ပညာသည် ဝမ်းယန်နှင့် ချောင်ဝှာကို မမီသော်လည်း သိုင်းလောက၌ ပထမတန်းစားအဆင့်တွင် ရှိနေပေသည်။

ထို့နောက် ...

သုံးယောက်သား သတိကြီးစွာထားလျက် သျှိုဂုက်စာအတိုင်း ဆက်လက်ဝင်ရောက်ခဲ့ကြ၏။

မကြာမီ ...

နက်ရှိုင်းသော ဂူအတွင်းပိုင်းသို့ ရောက်ခဲ့ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုကလည်း ပို၍သိပ်သည်းလာ၏။

သုံးယောက်သား ရင်တဖိုဖို အသည်းတထိတ်ထိတ်ဖြင့် ဆက်လက်လျှောက်ခဲ့ကြရာ တစ်ခဏအကြာတွင် နတ်သမီးရုပ်တု များ ဘွားခနဲ မြင်တွေ့လိုက်ရတော့၏။

ဝမ်းယန်က ရုပ်တုများကို သေချာရေတွက်ကြည့်လိုက်၏။

စုစုပေါင်း ရုပ်တု (၁၈) ခုရှိသည်ကို တွေ့မြင်ရလေသည်။

ရုပ်တုတစ်ခုစီသည် အမြင့်တစ်ထောင်သာသာခန့်သာရှိပြီး ရုပ်တုအားလုံးမှာ တစ်ပုံစံတည်း တစ်ရုက်တည်း ဖြစ်ပေသည်။

ဂူထဲလျှောက်ဝင်ရသည့် ခြေလှမ်းစနစ်အရ သူတို့သုံးဦးသည် တစ်တန်းတည်းရှိနေကြပြီး ရုပ်တုတစ်ခုစီ၏ရှေ့၌ အသီးသီးရောက် ရှိနေကြ၏။

ဝမ်းယန်က ချောင်ဗှာဘက်လှည့်ပြီး ...

"ညီလေး ... မင်းရဲ့လက်နက်ပုန်းနဲ့ ဘယ်ညာတစ်ဖက် တစ်ချက်စီ ပစ်ကြည့်လိုက်ပါဦး"

ချောင်ဗှာသည် ဝမ်းယန်ပြောသည့်အတိုင်း လက်နက်ပုန်း ဖြင့် ပစ်ကြည့်လိုက်၏။



'ဂွစ် ဂွစ် ဂွစ်'

ဝမ်းယန်နှင့်ကျန်ယင်းလျှံတို့က ဓားကိုယ်စီဖြင့် အသင့်ပြင် ထားကြ၏။

သို့သော် ...

ဘာမျှ ထူးထူးခြားခြား မရှိပါ။

ဝမ်းယန်က ပတ်ဝန်းကျင်အနေအထားကို တစ်ချက်ဝေ့၍ အကဲခတ်လိုက်၏။

"အင်း ... ဒီဂူထဲမှာ အရေးကြီးတဲ့ ပစ္စည်းတစ်ခုခု ဝှက်ထား မယ်ဆိုရင် ဒီရုပ်တုတွေရဲ့အပေါ် ဒါမှမဟုတ် အောက်မှာပဲ ရှိလိမ့် မယ်၊ ဒါကြောင့် ဒီရုပ်တုတွေမှာ လျှို့ဝှက်ခလုတ်တွေ တပ်ထားတာ ဖြစ်မယ်"

ဝမ်းယန်က ထင်မြင်ချက်ပေးသည်။

ချောင်ဗှာကလည်း ...

"တကယ်လို့ ပစ္စည်းတစ်ခုခုကို မြှုပ်နှံသိမ်းဆည်းမယ်ဆိုရင် စနစ်တကျ သိမ်းဆည်းပြီးတဲ့အခါ လျှို့ဝှက်ခလုတ်ကို တပ်လို့ရတာပဲ ဘာဖြစ်လို့ မတပ်ဆင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့၊ ထူးဆန်းသလိုဖြစ်နေပြီ၊ တကယ်လို့ သိ [illegible] ဆည်းထားတဲ့ပစ္စည်းက ရတနာတွေဖြစ်မယ်ဆိုရင် အင်မတန် [illegible] လဲလိမ့်မယ် ...၊

လူအများနဲ့ သယ်ယူရွှေ့ပြောင်းရမှာမို့ ဒီတစ်ပိုက်မှာ [illegible] ဝှက်ခလုတ် တပ်ဆင်မထားတာဖြစ်မယ်"

ကျန်ယင်းလျှံကလည်း သူမ၏ထင်မြင်ချက်ကို ဝင် [illegible] လိုက်ခြင်းဖြစ်သည်။ ဤတွင် ဝမ်းယန်က လက်ကာပြလိုက်ပြီး —

"ကဲ ... ကဲ ... ထင်မြင်ချက် ပေးနေရုံနဲ့ ဘာအဖြေမှ [illegible] လာမှာ မဟုတ်ဘူး၊ ဒါကြောင့် ရုပ်တုတွေကို အရင်စစ်ဆေးကြ [illegible] ရအောင်"

ရုပ်တုများ၏ရှေ့ဘက်၌ လျှို့ဝှက်စက်ခလုတ်များ တ [illegible] ထားခြင်း မရှိကြောင်း သိရသဖြင့် သူတို့သည် ရုပ်တုများကို [illegible] ပြီးတစ်ခု သေချာစွာ ကြည့်ရှုစစ်ဆေးကြလေသည်။

ဝမ်းယန်သည် ရုပ်တု (၉) ခုကို စစ်ဆေးကြည့်ရာ —

ရုပ်တုများသည် အပေါ်ယံ၌ မည်းကြုတ်ကြုတ် [illegible] သည်ကို တွေ့ရ၏။



လက်နှင့်ကိုင်ကြည့်သည့်အခါ မာကျောကျစ်လျစ်နေပေ သည်။

ကျန်ယင်းလျှံသည် စစ်ဆေးကြည့်ရှုနေရာ ဝမ်းယန်နှင့်ထူး မခြားပင်။

ဝမ်းယန်က ရုပ်တုတစ်ခုကို မ,ယူစစ်ဆေးရန် ဟန်ပြင်လိုက် ည် ...

"ချောင်အစ်ကိုကြီး ... ဘာဖြစ်နေတာလဲဟင်"

ကျန်ယင်းလျှံ၏ထိတ်လန့်တကြား မေးမြန်းသံ ရုတ်တရက် ထွက်ပေါ်လာသည်။

သူမ၏မေးမြန်းသံကြောင့် ဝမ်းယန်သည် ကမန်းကတန်း င် လှမ်းကြည့်လိုက်၏။

ချောင်ဟုအမှာ ကြောင်တိကြောင်တောင်ဖြင့် ကျောက်ဆစ် ပ်တုလို တောင့်တောင့်ကြီး ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ကျန်ယင်းလျှံက ရောဂါဟောင်း ပြန်ထလာပြီအထင်နှင့် စိုး တကြီး မေးမြန်းလိုက်ခြင်း ဖြစ်သည်။

ချောင်ဟုကား ...

www.burmeseclassic.com

www.burmeseclassic.com



အလယ်တည့်တည့်ရှိ လှုပ်ရုပ်တုကြီးကို မလှုပ်မယှက် ငေး ကြည့်နေခြင်းသာ ဖြစ်ပေသည်။

ထိုရုပ်တုသည် သူသိကျွမ်းခဲ့ဖူးသည့် လူတစ်ယောက်၏ပုံတူ ရုပ်တုဖြစ်နေသောကြောင့်ပင်။

ထိုသူကား တောင်ပင်လယ်သိုင်းဆရာကြီး လူဖုန်းဖြစ် သည်။

တာလီစစ်သည်များ ကျူးကျော်ဝင်ရောက်လာခြင်းကို ရှေ့ ဆုံးမှ မားမားမတ်မတ် ခုခံတိုက်ခိုက်ခဲ့သည့် မျိုးချစ်သိုင်းသမားကြီး ပင်တည်း။

ချောင်ဗှာငယ်စဉ်က မွေးစားဖခင် တုချွန်းရှုနှင့်အတူ လူ ဖုန်း၏စခန်းသို့ ရောက်ရှိခဲ့ဖူးသည်။

လူဖုန်းက သူ့အား ချစ်စနိုး ပွေ့ချီခဲ့ဖူးသည်ကို ချောင်ဗှာ ပြန်လည်မှတ်မိလာ၏။ ချောင်ဗှာသည် လွန်စွာ ဝမ်းသာသွားပြီး —

"ဘဘ … ဘဘ … ကျွန်တော့်ကို မှတ်မိရဲ့လား"

ချောင်ဗှာသည် ရုပ်တုကို ပြေးဖက်လှုပ်ယမ်းရင်း တတွတ် တွတ် ပြောလိုက်၏။



ကျုန့်ယင်းလျှံမှာ ချောင်ဗှာတစ်ယောက် ရောဂါဟောင်း ပြန် ထလာပြီဟု ထင်မှတ်မိ၏။

ထိုအချိန်၌ …

ချောင်ဗှာသည် ရုပ်တုကို ပွေ့ဖက်လှုပ်ယမ်းရင်း ရုပ်တုပေါ် ရှိ ရည်မျောမျော ဘုတစ်ခုကို နှိပ်မလိုက်သလို ဖြစ်သွား၏။

'ချက်'

'ဒိုး'

အလင်းရောင်တန်းတစ်ချက် ဖျတ်ခနဲ ပြိုးပြက်လင်းလက် သွား၏။

ချောင်ဗှာမှာ သတိကောင်းလွန်းသဖြင့် လျှပ်တစ်ပြက် ကိုယ်ကို လှန်ချလိုက်ခြင်းကြောင့် အလင်းရောင်တန်းသည် သူ့ကို မထိမှန်ဘဲ လွဲချော်သွား၏။

"ဟာ … ဘာကြီးပါလိမ့်"

ချောင်ဗှာ၏နှုတ်မှ လွှတ်ခနဲ အသံထွက်သွား၏။

ဝမ်းယန်နှင့်ကျုန့်ယင်းလျှံတို့လည်း သူ့ထံသို့ အပြေးအလွှား ပင် ရောက်ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်တွင်ကား ဓားနှင့်တူသော အရာတစ်ခုသည် မြွေတစ်ကောင်အလား တုန်ခါလူးလွန့်နေ၏။

ချောင်ဝှာသည် အံ့အားတသင့်ဖြင့် ကောက်ယူကြည့်လိုက်သည်။

ထိုအခါ ... ယင်းအရာဝတ္ထုသည် ပျော့ခွေနေသော ခါးပတ်တစ်ချောင်းကဲ့သို့ ဖြစ်သွား၏။

"ဟင် ... ဒီဓားကလည်း ဘယ်လိုဓားပါလိမ့်"

သူသည် စိတ်ပျက်လက်ပျက် ညည်းလိုက်မိ၏။

ဝမ်းယန်က ...

"ညီလေး ... တစ်ချက်လောက် ဝှေ့ယမ်းကြည့်လိုက်စမ်း"

သူသည် ဓားကို တစ်ချက်ဝှေ့ယမ်းကြည့်၏။

'ဗြိုး ဗြိုး ဗြိုး'

ဓားရောင်များ ဝင်းခနဲ ဖြေးလက်ကာ လေတိုးသံ ထွက်ပေါ်လာ၏။

စောစောက မြွေတစ်ကောင်လို ပျော့ခွေနေသည့် ဓားသည် ကျောက်ဆောင်ကျောက်သားလို မာကျောလာလေတော့၏။



မိမိကိုင်နေကျဓားနှင့် ခုတ်ကြည့်လိုက်သည့်အခါ ...

'ခြွမ်း'

ကိုင်နေကြ ဓားမှာ တိခနဲ ပြတ်တောက်သွားလေတော့သည်။

"ဟာ ... သံသေဓားပါလား"

ချောင်ဝှာ၏နှုတ်မှ တအံ့တသြဖြင့် လွှတ်ခနဲ ရေရွတ်မိလေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## သံသေတ္တာ၏လျှို့ဝှက်ချက်

ချောင်ဝှာသည် သိုင်းလောက၏ရတနာတစ်ပါး ဖြစ်သော

ရှားမှရှားသည့် သံသေတ္တာကို ရရှိသွားခဲ့ပြီ ဖြစ်လေသည်။

သံသေတ္တာကား သံသံချင်းပင် ဖြတ်တောက်နိုင်စွမ်း ရှိသည့်

ရတောင့်ရခဲ ဓားတစ်လက်ကို မမျှော်လင့်ဘဲ လက်ဝယ်

ပိုင် ရရှိလိုက်သဖြင့် ချောင်ဝှာမှာ အံ့သြမှင်တက်မိကာ ကြောင်အ

အမ်းဖြင့် မလှုပ်မယှက် ဖြစ်သွားရလေသည်။

"ချောင်အစ်ကိုလေး ... ရှင် ဘာဖြစ်နေတာလဲ၊ ဘယ်

ရောက်နေတယ်ဆိုတာကော သိရဲ့လား"

ကျန်ယင်းလျှံက သူ စိတ္တဇဝေဒနာ ပြန်ထလာမည် စိုးသဖြင့်

လှမ်း၍ သတိပေးမေးမြန်းလိုက်၏။



သူက သူမဘက်လှည့်၍ ပြုံးပြလိုက်၏။

"မစိုးရိမ်ပါနဲ့ ညီမရယ်၊ ကျုပ် ဘယ်ရောက်နေတယ်ဆိုတာ သိရုံမကဘူး။ ငယ်ငယ်က အဖြစ်အပျက်တွေတောင် ပြန်ပြီး သတိရ မှတ်မိနေပါပြီ"

တစ်ဆက်တည်းပင် အလယ်တည့်တည့်မှ လူပုံတူရုပ်တုကို ညွှန်ပြလိုက်ပြီး ...

"သူ ဘယ်သူလဲဆိုတာကအစ ကျုပ် ကောင်းကောင်းမှတ် မိနေပြီလေ"

သူမက အံ့သြဟန်ဖြင့် ...

"ဟင် ... ဟုတ်လား၊ ဒါဖြင့် သူ ဘယ်သူလဲ"

"ဘယ်သူရှိရဦးမှာလဲ၊ တာလီတွေကို ရှေ့ဆုံးက တိုက်ခိုက် ခဲ့တဲ့ အောင်ပင်လယ် လူဖုန်းပေါ့"

ထိုအခါမှ ... ဝမ်းယန်ကော ကျန်ယင်းလျှံပါ လူပုံတူရုပ်တု ကို သေချာကြည့်မိတော့၏။

သူတို့သည် တောင်ပင်လယ်လူဖုန်းဟူသော အမည်နှင့် ရင်းနှီးနေခဲ့သည်မှာ ကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com



တာလီခဲ့မက်များကို ဆန့်ကျင်သူမှန်သမျှ တောင်ပင်လယ် လူဖုန်းဟူသော အမည်ကို မကြားဖူးသူ မရှိကြပါ။

အကြောင်းမှာ ...

တာလီများကို တော်လှန်တိုက်ထုတ်ရန် သိုင်းလောကသား များကို ပထမဆုံး ဦးဆောင်ခဲ့သူ ဖြစ်ခြင်းကြောင့်ပင်။

သို့ရာတွင် ...

ဝမ်းယန်နှင့်ကျန်ယင်းလျှံတို့မှာ တောင်ပင်လယ်လူဖုန်း မြင်တွေ့သိရှိခဲ့ခြင်း မရှိပါ။

ချောင်ဟွာသာလင် မွေးစားဖခင် တုချုန်းရှကြောင့် မြင်ခွ ခဲ့ဖူးခြင်း ဖြစ်၏။

နှစ်ပေါင်းများစွာ ကြာလေပြီ။

"ညီလေး ... မင်းလက်ထဲကဓား ခဏလောက် ပြစမ်းပါ"

ဝမ်းယန်၏စကားသံ ထွက်လာမှ တောင်ပင်လယ်လူဖု အကြောင်း တွေးနေမိသော ချောင်ဟွာမှာ သတိပြန်ဝင်လာသေ

သူသည် လက်ထဲမှ သံသေဓားကို ဝမ်းယန်ထံ လှမ်း လိုက်၏။



ဝမ်းယန်က ဓားကိုယူ၍ သေချာစွာ စစ်ဆေးကြည့်ရှုလိုက် သည်။

ဓားသွားတစ်ဖက်၌ သံသေဓားဟု ရေးထွင်းထားပြီး ... အခြားတစ်ဖက်တွင် ...

"တောင်ပင်လယ် လူဖုန်း"

ဟု ရေးထွင်းထားသည်ကို တွေ့ရလေ၏။

ဝမ်းယန်သည် ဓားကို တအံ့တသြကြည့်ရင်း ...

"အင်း ... ဒီဓားဟာ သိုင်းလောကသားတွေ အင်မတန် ကြောက်ကြတဲ့ သံသေဓားအစစ်ပဲ"

ထိုအခါ ကျန်ယင်းလျှံက ...

"ဒီသံသေဓားဆိုတာက ဆရာကြီးလူဖုန်းနဲ့အတူ သိုင်း လောကမှာ ပျိုးပျိုးကျော်ခဲ့တာပဲ၊ ဘယ်နှယ်ကြောင့် ဒီလိုထံရောက် ရောက်နေရပါလိမ့်၊

ပိုပြီးထူးဆန်းတာက ဒီဓားဟာ လေထဲပျံဝဲပြီး ထွက်ပေါ် လာတာပဲ"

ဝမ်းယန်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မားကတော့ အလိုအလျောက် ပွဲ့ဝဲပြီး ထွက်မလာနိုင်ပါဘူး ညီမရယ်။ ချောင်ဝှာက မားကို ထိန်းချုပ်ထားတဲ့ ခလုတ်တစ်ခုကို သွားထိမိလို့ ခလုတ်လွတ်ပြီး ပွဲ့ဝဲထွက်လာတာပါ။ ကဲ ... လာ အစ်ကို ပြမယ်"

ဝမ်းယန်သည် ပြောရင်း လှုဖုန်း၏ပုံတူ ရုပ်တုဆီသို့ လျှောက်သွား၏။

ထို့နောက် ...

ရုပ်တုအနီး၌ တွဲလောင်းကျနေသော ပစ္စည်းတစ်ခုကို ညွှန်ပြကာ ...

"ဒါ ... ဘာလို့ထင်သလဲ"

ဟု မေးလိုက်၏။

ချောင်ဝှာက ထိုပစ္စည်းကို လှမ်းကိုင်၍ သေချာကြည့်လိုက်၏။

မည်းနက်နက် ခဲပတ်တစ်ချောင်းနှင့် တူနေလေသည်။ လက်နှင့်ဖိကြည့်သည့်အခါ အတွင်းတွင် ကြားလုပ်နေကြောင်းသိရ၏။



ချောင်ဝှာသည် ဝမ်းယန်ထံမှ သံသေတ္တာကို ပြန်ယူပြီး ထိုးသွင်းကြည့်လိုက်သည်။

'ထပ်'

အံကျ ဖြစ်နေသဖြင့် ထိုအရာသည် မားအိမ်ဖြစ်ကြောင်း သိလိုက်ရသည်။

ဝမ်းယန်က ...

"ဒီမားအိမ်က ရိုးရိုးမားအိမ်မဟုတ်ဘူး၊ ခေါက်လို့ရတယ်"

ချောင်ဝှာသည် ခေါက်ကြည့်ရာ ဝမ်းယန်ပြောသည့်အတိုင်း တကယ်ပင် ခေါက်၍ရသည်ကို အံ့သြဖွယ်ရာ တွေ့မြင်လိုက်လေသည်။

ဝမ်းယန်သည် ရုပ်တုပတ်လည်ကို သေချာစွာ ကြည့်ရှုစစ်ဆေးလိုက်ပြန်၏။

ရုပ်တု၏ဘေးတစ်ဖက်တစ်ချက် ဝါးတစ်ပြန်စီခန့်အကွာ၌ နတ်သမီးရုပ်တုများ အစီအရီ ရှိနေကြသည်။

သံသေတ္တာသည် နတ်သမီးရုပ်တုမှ ထွက်လာခြင်းမဖြစ်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



လူဖုန်း၏ရုပ်တုမှ ထွက်လာခြင်းသာ ဖြစ်နိုင်ပေသည်။

ထို့ကြောင့် ...

ဝမ်းယန်က လူဖုန်း၏ပုံတူရုပ်တုကို သေချာစွာ စစ်ဆေးကြည့်ရှုလိုက်ပြန်၏။

ထိုအခါ ...

ရုပ်တု၏ခါးလယ်တစ်ဖက်တစ်ချက်၌ ဘုတစ်ခုစီ ရှိနေသည်ကို စမ်းသပ်သိရှိလိုက်ရလေသည်။

ဝမ်းယန်သည် နားလည်သဘောပေါက်သွားဟန်ဖြင့် ကျေနပ်အားရ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ဟုတ်ပြီ ... သံသေဓား ဘယ်က ထွက်လာတယ်ဆိုတာ ငါ သိပြီကွ"

ကျန်ယင်းလျှံက စိတ်ဝင်စားခြင်းကြီးစွာဖြင့် ...

"ဟုတ်လား ... ပြောပါဦး အစ်ကိုကြီး"

ထိုအခါ ...

ဝမ်းယန်က ပြုံးပြရင်း ...

"ဒီလိုလေ ... ဓားက ဒီရုပ်ရဲ့ ခါးပတ်ကြားမှာ ပတ်ထားတာ



ချောင်ဗွာက ဒီဘုကို သွားနှိပ်မိတဲ့အခါ ခလုတ်ပွင့်ပြီး ဓားကန်ထွက်လာတာ၊ ဓားအိမ်ကတော့ တစ်ဖက်မှ အထိန်းရှိနေတာမို့ ခုလို တွဲလောင်းကြီးကျန်ရစ်ခဲ့တာ"

ဝမ်းယန်က ဖြစ်နိုင်ခြေရှိသည်ကို ရှင်းပြရာ ချောင်ဗွာက...

"ဟုတ်တယ် ... အစ်ကိုကြီးပြောတာ သဘာဝကျတယ်၊ အစ်ကိုကြီးက ဒီဓားနဲ့ပတ်သက်ပြီး အတော်များများ သိထားပုံရတယ်၊ ကျွန်တော်တို့လည်း သိရအောင် အစ်ကိုကြီးသိသလောက် ပြောပြပါလား"

ချောင်ဗွာက စိတ်ဝင်တစား မေးမြန်းလာသဖြင့် ...

"အင်းလေ ... မင်းတို့သိချင်မှတော့ အစ်ကိုကြီးလည်း သိသလောက် ပြောပြရတာပေါ့"

ထို့နောက် ...

ဝမ်းယန်သည် သံသေဓားနှင့်ပတ်သက်၍ သူ သိရှိထားသလောက် ပြန်လည်ပြောပြလိုက်လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ဝူတန်းတောင်၌ ဝမ်းယန်ရှိနေစဉ်ကပင်ဖြစ်သည်။

သူ၏ဆရာရသေ့ကြီးချင်းစုန်းသည် အခြားသောဓားသိုင်း ပညာရှင်များနှင့် ဆုံတွေ့သည့်အခါတိုင်း အဖိုးတန်ဓားများ ကြောင်းကို အလျဉ်းသင့်သလို ပြောဆိုဆွေးနွေးလေ့ရှိ၏။

အဖိုးတန်ဓားများအနက် သံသေဓားသည် အစွမ်းထက်ဆုံး ဖြစ်ကြောင်း ...

သံသေဓား၏အစွမ်းထက်ပုံမှာ ...

သိုင်းလောကသားများ အလွန်အကျွံ တင်စားရလောက် အောင်ပင် ဖြစ်၏။

မည်မျှအထိ အလွန်အကျွံတင်စားသနည်းဆိုပါမူ ...

ကောင်းကင်၌ ပျံသွားသည့် ငှက်အရိပ်ကို သံသေဓားဖြင့် ခုတ်ပါက အပိုင်းပိုင်းပြတ်၍ အောက်သို့ ဖုတ်ခနဲကျလာသည်ဟု အဓိပ္ပာယ်မဲ့တင်စားကြသည်အထိပင်တည်း။

မည်သို့ပင်ဖြစ်စေ ... သံသေဓား၏ထက်မြက်မှုကို သိ လောကရှိ မည်သည့်ဓားမျှ မယှဉ်နိုင်သည်က အမှန်ပင်။



ကျော်ကြားလှသော ဝူတန်းတောင်၏မြွေနဂါးဓားပင် သံသေဓားကို မမီချေ။

သံသေဓားသည် ရိုးရိုးသံဖြင့် ပြုလုပ်ထားခြင်း မဟုတ်ပါ။

မြွေဖြူနှင့်တူသော သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားကြောင်း သိရသည်။

ထိုသတ္တုကလည်း လွန်စွာရှားပါးလှ၏။

ခက်ခဲစွာရှာဖွေပြီး နန်းတွင်းပန်းပဲဆရာကြီးကိုယ်တိုင် တစ်နှစ်ခန့် အချိန်ယူသွန်းလုပ်ခဲ့ရသည်ဟု ဆိုလေသည်။

“အင်း ... ဒီလောက်ရှားပါးပြီး အဖိုးတန်လှတဲ့ ဓားမျိုးကို ကိုင်ရမှာ အမြင်မတော် ဆင်တော်နဲ့ ခလောက်ဆိုသလို ဖြစ်နေပြီ၊

အစ်ကိုကြီးလို နာမည်ကြီးဓားသမားက ဒီဓားမျိုးကိုင်တာ ဟုတ်တုတ်တုတ်ရှိဦးမယ်၊ အဲဒီဓားကို အစ်ကိုကြီးပဲ ယူလိုက်ပါတော့”

ချောင်ဟုက ပြောပြောဆိုဆိုဖြင့် ဓားကို ဝမ်းယန်ထံ လှမ်းပေးလိုက်၏။

ဝမ်းယန်က ခေါင်းခါယမ်းရင်း ...

“အို ... မဟုတ်တာပဲကွာ၊ ဒီဓားက ငါ့ညီနဲ့ထိုက်လို့ ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး အားမနာတမ်းပြောရရင် မင်းနဲ့ငါ ဓားသိုင်းပညာချင်း ယှဉ်
ပါ။ ငါ့အတွက်ကတော့ သာမန်ဓားတစ်လက်နဲ့ဆို ဖြစ်ပါတယ်"

ချောင်ဟွာမှာ အတင်းအကျပ်မပေးသာတော့ဘဲ ဓားကို ပြ
ယူထားလိုက်ရတော့၏။

ယင်းအခိုက်မှာပင် ...

ဂူအပြင်ဝဆီမှ ...

လှုသ်သူသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်

ထိုအခါ ...

ဝမ်းယန်က ချောင်ဟွာအား ...

"အတော်ပဲ ... မင်းရဲ့ဓားစမ်းဖို့ ရန်သူတွေ ရောက်လာ

သုံးယောက်သား ငြိမ်သက်စွာဖြင့် စောင့်နေလိုက်ကြ
မကြာမီ လူသုံးယောက် ဘယ်ကူး ညာကူးဖြင့် ဂူထဲ ဝင်လာသည်
တွေ့မြင်လိုက်ရလေတော့၏။

❖



ဂူထဲသို့ သုံးယောက် ဝင်ရောက်လာကြ၏။

"ခင်ဗျား အချိန်မီရောက်လာတာ အတော်ပဲဗျ။ နို့မို့ရင် ကျုပ်တို့ ဂူအပြင်ကနေ ဘယ်လောက်ကြာအောင် စောင့်နေရမှန်း မသိဘူး"

သုံးယောက်အနက် ခါးကုန်းကြီးက မုတ်ဆိတ်ဖြူအဘိုးအိုကို ပြောလိုက်ခြင်း ဖြစ်၏။

ထို့နောက် ...

ခါးကုန်းကြီးသည် တတိယမြောက်လူနှင့် မုတ်ဆိတ်ဖြူ အဘိုးအိုကို မိတ်ဆက်ပေးသည်။

"ထော့ကျိုး ... သူက မုတ်ဆိတ်ဖြူတဲ့၊ ဒီဂူရဲ့ လျှို့ဝှက်စက် ယုတ်တွေကို တုရှုန်းရှုနဲ့အတူ တည်ဆောက်ခဲ့တဲ့ လူပေါ့၊ ဒါကြောင့် ဂူနဲ့ပတ်သက်ပြီး လျှို့ဝှက်ချက် မှန်သမျှကို အကုန်သိနေတာ"

ထော့ကျိုးဟုခေါ်သော တတိယလူက ပြုံးလိုက်၏။

"ဒါဆို ရတနာတွေ ရယူဖို့ ကျုပ်တို့အတွက် အခက်အခဲ ရှိတော့ဘူးပေါ့"

ခါးကုန်းကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ... မုတ်ဆိတ်ဖြူ၊ ခင်ဗျားနဲ့အတူ လူနှစ်ယောက် ပါလာ ဦးမယ်ဆို"

မုတ်ဆိတ်ဖြူက ...

"ပါလာပါတယ်ဗျာ၊ သူတို့က ဇုချွန်းရှုကို သွားရှာဦးမယ် ဆိုပြီး လမ်းခွဲထွက်သွားကြတယ်ဗျ။ ဒီကို လိုက်လာကြပါလိမ့်မယ်"

ခါးကုန်းကြီးက ...

"ဒါပေမဲ့ ... တုချွန်းရှုက တာလိတွေရဲ့လက်ချက်နဲ့ ... သွားပြီဗျ။ ဒါကြောင့် ... ကျုပ်တို့ ဒီဝူရောက်လာကြတာပေါ့။ ... သူရှိနေရင် ဒီရတနာတွေ ယူဖို့ သဘောတူမှာ မဟုတ်ဘူး"

ထိုအခါ မုတ်ဆိတ်ဖြူက ...

"ဒီလိုမှန်းသိရင် ဟိုနှစ်ယောက်ကို ဘယ်ခေါ်တော့မလဲ ... ခုတော့ လူနှစ်ယောက်စာအတွက် ဝေစုထပ်ခွဲပေးရတော့မယ်"

နှမြောတသစွာ ပြောလေ၏။

ခါးကုန်းကြီးက ...

"ဆန္ဒစောပြီး အတွေးမလောပါနဲ့လေ၊ တုချွန်းရှု သေသွား ပေမယ့် ကျုပ်တို့ကို နှောင့်ယှက်မယ့်လူတွေ ရှိသေးတယ်ဗျ"



မုတ်ဆိတ်ဖြူ အံ့သြသွား၏။

"ဘယ်လို ... ဒီရတနာတွေကို လာရှာတဲ့လူတွေ ရှိနေပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ဓားပျံဝမ်းယန်နဲ့ အဖော်နှစ်ယောက် ဝင် သွားကြတယ်၊ ဒါကြောင့် ... ကျုပ်တို့လည်း အခြေအနေကို အကဲခတ် နေကြတာ"

ထော့ကျိုးက ...

"ဓားပျံဝမ်းယန်ဆိုရင်တော့ မလွယ်ဘူးဗျ"

ခါးကုန်းကြီး နှာခေါင်းရှုံ့ကာ ...

"ထော့ကျိုး ... တို့တစ်တွေဟာ သိုင်းလောကမှာ ကျက်စား လာတာ အံတိုနေပြီ၊ ဒီနောက်ပေါက်ကောင်တွေကို စကားထဲ ထည့် ပြောနေရသလား"

ဤတွင် ...

ထော့ကျိုးသည် အရှက်ပြေ ရယ်လိုက်ပြီး ...

"ကျုပ်က ကြောက်လို့ပြောတာ မဟုတ်ပါဘူးဗျ၊ ရန်သူဆို တာ ကြီးကြီးငယ်ငယ် သတိထားတာ မမှားဘူးပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ...

တစ်ယောက်တစ်ပေါက် ပြောဆိုရင်း ဂူထဲ ဆက်၍ဝင်ရောက်ခဲ့ကြ၏။

မှတ်ဆိတ်ဖြူမှာ လျှို့ဝှက်စက်ခလုတ်များကို ကိုယ်တိုင်တပ်ဆင်ခဲ့သူဖြစ်၍ ဂူအတွင်းသို့ အန္တရာယ်ကင်းစွာဖြင့် အလွယ်တကူဝင်ရောက်နိုင်ကြလေ၏။

နတ်သမီးရုပ်တုများအနီးသို့ရောက်သည့်အခါ ချောင်ဟွာအား ရုတ်တရက် မြင်တွေ့သွား၏။

ထိုအခါ ...

ခါးကုန်းကြီးသည် ဝှက်ထားသော ရတနာများ ပေါ်ထွက်သိရှိသွားပြီဟု ထင်မှတ်ပြီး နဂါးခေါင်းတောင်ဝှေးကို မြှောက်လျက်ချောင်ဟွာထံ ခုန်ဝင်လိုက်လေတော့သည်။

"ယား"

❖



'ဗိုး'

လေတိုးသံနှင့်အတူ တောင်ဝှေးတစ်ချောင်း ချောင်ဟွာ၏ခေါင်းပေါ်သို့ ကျလာ၏။

သတိမပြတ်ရှိနေသော ချောင်ဟွာသည် လုံးဝရှောင်တိမ်းခြင်းမပြုဘဲ လက်ထဲမှ သံသေတ္တာဖြင့် ပင့်၍ ခံပေးလိုက်လေသည်။

'ဒုတ်'

'ရွှတ်'

ခါးကုန်းကြီး၏လက်ထဲမှ တောင်ဝှေးသည် တိခနဲ နှစ်ပိုင်းပြတ်ထွက်သွားလေ၏။

ခါးကုန်းကြီးသည် တစ်ဝက်မျှသာ ကျန်တော့သည့် လက်ထဲမှ တောင်ဝှေးကိုကြည့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့၏။

ဒေါသစိတ်က ရုတ်ခြည်း ထကြွလာ၏။

ဘာမဟုတ်သည့် လူငယ်တစ်ယောက်ကို အရှုံးပေးရမည်ဆိုလျှင် ရာဇဝင်ရိုင်းပေတော့မည်။

မခံချင်စိတ် ...

ခံပြင်းစိတ်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲကျန်သည့် ထက်ပိုင်းကျိုးတောင်ဝှေးဖြင့် ချောင်ဝှာအား ဒေါသတကြီး တိုက်ခိုက်လေတော့၏။

'ဝိုး'

'ဂွစ်'

'ဂွစ်'

'ဂွစ်'

ပြင်းထန်လှသောအရှိန်ကြောင့် တောင်ဝှေးများ ဆယ်ချောင်းမက ပြာထွက်သွားသည်ဟု ထင်မှတ်ရ၏။

ချောင်ဝှာမှာ ရုတ်တရက် ခုခံရခက်သွား၏။

လှည့်ပတ်ရှောင်တိမ်းရင်း စကြာပုံ ဝှေ့ယမ်းလျက် ကာကွယ်ထားရ၏။

ခါးကုန်းကြီး တောင်ဝှေးရိုက်ချက်ကား မြန်လည်းမြန်လှ၏၊ မှန်လည်း မှန်၏။

လေမုန်တိုင်းကျသလို တဝီးဝီး အော်မြည်နေ၏။

သို့ရာတွင် ... လေမုန်တိုင်းသည် ကျောက်ဆောင်ကြီးကို လဲပြိုနိုင်စွမ်း မရှိသလို ...



ခါးကုန်းကြီး၏တောင်ဝှေးကလည်း ချောင်ဝှာကို ပြားပြားဝပ်ကျသွားအောင် မစွမ်းဆောင်နိုင်ပါ။

'ဒုတ်'

'ဖျောင်း'

မြည်သံနှင့်အတူ တောင်ဝှေးသည် နောက်ထပ် ထက်ပိုင်းပြတ်သွားပြန်လေ၏။

ခါးကုန်းကြီးကား ဒေါသခြောင်းခြောင်း ထွက်လေပြီ။

ဘာကိုမျှ မမြင်တော့။

ဘီလူးနိုင်ထုတ်သိုင်းဖြင့် ချောင်ဝှာထံ လျှပ်တစ်ပြက် ထိုးသွင်းလိုက်၏။

မထင်မှတ်သော တုံ့ပြန်မှုကြောင့် ချောင်ဝှာသည် ဓားကိုပင် မသိမ်းနိုင်တော့ဘဲ ဓားဦးဖြင့် တုတ်ပြတ်ထိပ်ကို တောက်ကာ နောက်သို့ လှန်ထွက်လိုက်ရ၏။

"အို"

ရင်ထိတ်စရာ မြင်ကွင်းကြောင့် ရပ်ကြည့်နေသော ကျန်းထင်းလျှံမှာ စိုးရိမ်တကြီး လွှတ်ခနဲ အသံထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ...

ချောင်ဝှာသည် အရှိန်မထိန်းနိုင်ဘဲ လက်ထဲမှ ဓားဖြင့် နည်
သမီးရုပ်တု၏လက်ကို ခုတ်ပိုင်းမိသလို ဖြစ်သွားတော့၏။

'ထန်း'

'ဒုန်း'

ရုပ်တု၏လက်တစ်ဖက်ကျိုးပြတ်ကာ မြေပေါ် ဝုန်း
ပြုတ်ကျသွား၏။

ဤတွင် ...

ရုပ်တု၏ပြတ်ကျနေသော အတွင်းသားအစိတ်အပိုင်း
ရွှေရောင်များ ဝင်းလက်တောက်ပသွားလေ၏။

ထိုအခါ ...

လူအားလုံးသည် ရုပ်တုကို တအံ့တသြဖြင့် ငေးကြည့်မိ
တော့၏။

တိုက်မိုက်ရန်ပင် သတိမရနိုင်ကြတော့ပေ။

"အင်း ... ဒီရုပ်တုတွေက ရွှေနဲ့သွန်းလုပ်ထားတာပါ
လက်စသတ်တော့ အပေါ်က သံရည်လောင်းထားတာကိုး"



ချောင်ဝှာက တအံ့တသြရေရွတ်လိုက်မိသည်။

ထိုအခါ ...

ခါးကုန်းကြီးက ...

"ဟုတ်တယ်ဟေ့ ... ဒီရုပ်တု ၁၈ ခုစလုံးဟာ ရွှေနဲ့ သွန်း
လုပ်ထားတာချည်းပဲ၊ ဒါတွေဟာ ပိုင်ရှင်မဲ့မဟုတ်ဘူး၊ ဒါကြောင့် ...
မဆိုင်တဲ့လူတွေ အေးအေးဆေးဆေး ဖယ်ပေးရင်ကောင်းမယ်"

ဤတွင် ...

ဝမ်းယန်လည်း မနေသာတော့ဘဲ ...

"ကဲ ... ဒါဖြင့်လည်း ပိုင်ရှင်ဘယ်သူလဲဆိုတာ ပြောစမ်းပါ
ဦး"

"ဟား ဟား ဟား"

"ပိုင်ရှင်ဟုတ်လား၊ ဘယ်သူရှိရမှာလဲ ငါတို့ပေါ့ကွ"

ခါးကုန်းကြီးက ရင်ဘတ်ကို ပုတ်၍ပြော၏။

ဝမ်းယန်က မဲ့ပြုံးပြုံးကာ ...

"ဟင်း ... သချိုင်းခြေတစ်ဖက်လှမ်းနေတဲ့လူက လောဘ
ကြီးလှချည်လားဗျ၊ ရွှေတုံးတော့ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယန်က ပြောရင်း ရှေ့သို့ တရွေ့ရွေ့တိုးလာ၏။

ခါးကုန်းကြီးက ဝမ်းယန်ရှေ့တိုးမလာနိုင်ရန် ရုပ်တုကို အား ကုန်တွန်းပစ်လိုက်၏။

သို့သော် ...

ရုပ်တုမှာ ရွေ့ရုံသာရွေ့ပြီး ပြိုလဲကျသွားခြင်း မရှိပေ။

ဝမ်းယန်က နှုတ်ခမ်းတစ်ချက်မဲ့ပြီး ရုပ်တုကို ပြန်လည်တွန်း ပစ်လိုက်၏။ ထိုအခါ ...

'ဝုန်း'

ရုပ်တုသည် မြေပေါ်တုံးလုံးလဲကျသွားတော့သည်။

ခါးကုန်းကြီး ကွက်ခနဲမျက်နှာပျက်သွားသည်။

ဓားပျံဝမ်းယန်ဆိုသူမှာ အခြောက်တိုက် နာမည်ကြီးနေခြ မဟုတ်ကြောင်း ကောင်းစွာသဘောပေါက်လိုက်ပြီဖြစ်သည်။

ထိုအချိန်တွင် ...

ရုပ်တုလဲကျသွားသည့်အခါ မူလနေရာ၌ သံကြုတ်တစ် ဘွားခနဲပေါ်လာသည်ကို ဝမ်းယန်က စိတ်ဝင်တစား ကော ကြည့်နေသည်။



သံကြုတ်အတွင်း၌ ပိုးပဝါစတစ်ခုကို ကျစ်လျစ်စွာလိပ်၍ ထည့်ထားသည်ကို တွေ့ရသည်။

"ဟင် ... အထဲမှာ ပိုးပဝါစတစ်စပါလား"

ဝမ်းယန်သည် ပိုးပဝါစကို ဆွဲထုတ်ပြီး ဖြန့်ကြည့်လိုက်၏။

ချောင်ဟုနှင့်ကျန်ယင်းလျှံတို့က ခါးကုန်းကြီးတို့လူစု အလစ် ဝင်မတိုက်နိုင်ရန် စောင့်ကြပ်ကာကွယ်ပေးထားကြသည်။

❖

ပိုးပဝါကို ဖြန့်လိုက်သည့်အခါ ...

စာများရေးထားသည်ကို တွေ့ရသည်။

ဖတ်ကြည့်လိုက်ရာ ...

www.burmeseclassic.com

www.burmeseclassic.com



*သိုင်းလောက သွေးသောက်များ ခင်ဗျာ ...*

*ကျွန်တော် တောင်ပင်လယ်လူဖုန်းသည် ရွှေချိ ပိသာတစ်ထောင်ကို လေလှိုင်မျက်စီးလျှော့ပါးမှုမရှိစေရန် ရုပ်တု ၁၈ ရုပ် သွန်းလုပ်ထားရစ်ခဲ့ပါသည်။*

*ကျွန်ုပ်၏မအောင်မြင်ခဲ့သော တာလီနယ်ရှဲ့ ကွန်လွန်တိုက်ထုတ်ရေးကို ဆက်လက်လုပ်ကိုင်နိုင်ရန် ဤရွှေများကို ချန်ထားရစ်ခဲ့ပါသည်။*

*ထို့ကြောင့် ...*

*ဤရုတနာများကို တာလီဆန့်ကျင်တိုက်ထုတ်ရေးမှလွဲ၍ ကိုယ်ကျိုးအတွက် အသုံးမပြုရန် ကျွန်ုပ်လေးနက်စွာ မေတ္တာရပ်ခံပါသည်။*

*ဤရုတနာပစ္စည်းများဖြင့် တိုင်းပြည်အကျိုး သိုင်းလောကအကျိုးကို အကောင်းဆုံး ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။*

*တောင်ပင်လယ် လူဖုန်း*



စာမှာ လိုရင်းတိုရှင်း ဤမျှသာ ရေးသားထားသည်။

စာတိုသော်လည်း အဓိပ္ပာယ်လေးနက်လှပေသည်။

ထိုစာကို ဖတ်မိသည့်အခါ ဝမ်းယန်၏တစ်ကိုယ်လုံး သွေးများ ပွက်ပွက်ဆူလာသလို ခံစားလိုက်ရလေသည်။

❖

ရုပ်တုအဖြစ် သွန်းလုပ်ထားသည့် ရွှေများသည် တောင်ပင်လယ် လူဖုန်း ထွက်ပြေးတိမ်းရှောင်ခြင်းမပြုမီက ယုံကြည်စိတ်ချရသော တုန်ချွန်းရှထံ ပုံအပ်ခဲ့ကာ လျှို့ဝှက်ထိန်းသိမ်းထားရန် မှာကြားခဲ့သည်။

ယင်းနောက် ...

သစ္စာရှိ တပည့်တပန်းများနှင့်အတူ တောင်ပေါ်စခန်းရှိ ဗူကြီးတစ်ခုတွင် ရွှေများကို ရုပ်တုအဖြစ် သွန်းလုပ်ပြီး ဝှက်ခလုတ်များ တပ်ဆင်ခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်က ...

www.burmeseclassic.com

www.burmeseclassic.com



ထော့ကျိုး၊ ခါးကုန်းကြီးနှင့် မုတ်ဆိတ်ဖြူတို့လည်း ပါဝင်ခဲ့ကြ၏။

ခါးကုန်းကြီးကား တုချွန်းရှ၏လူယုံတော်ဖြစ်၏။

သို့သော် ...

စက်ခလုတ်များ၏လျှို့ဝှက်ချက်ကို အခြားသူများ မသိစေရန် အားလုံးကို ဂူအပြင်သို့ ထွက်ခိုင်းခဲ့၏။

တုချွန်းရှနှင့်မုတ်ဆိတ်ဖြူတို့သာ လျှို့ဝှက်တောင်ချောက် စက်ခလုတ်များကို တပ်ဆင်ခဲ့ကြခြင်း ဖြစ်သည်။

လုပ်ငန်းအားလုံး ပြီးဆုံးသည့်အခါ တာလီရဲမက်များသည် တောင်ပိုင်းနယ်မြေအားလုံးကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်သည်။

ခုခံဆန့်ကျင်သူမှန်သမျှ အလုံးအရင်းဖြင့် ပိုက်စိပ်တိုက် ချေမှုန်းကြ၏။

ထို့ကြောင့် ...

တုချွန်းရှတို့လူစုလည်း ခြေဦးတည့်ရာ လူခွဲ၍ ပုန်းရှောင်ကြရတော့သည်။

အခြေအနေပေးသည့်အခါတွင်မူ ...



ရွှေများကို ပြန်လည်ထုခွဲပြီး တာလီများကို မောင်းထုတ်ရန် ကြိုးပမ်းတော့မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

တာလီတို့၏နှိပ်ကွပ်မှုက ပို၍ပြင်းထန်လာ၏။

သို့ဖြစ်ရာ ...

တုချွန်းရှသည် ရွှေတုံးများနှင့် ပတ်သက်၍ စိတ်မချနိုင်အောင် ဖြစ်လာ၏။

အကယ်၍ သူသာ တစ်ခုခုဖြစ်ခဲ့လျှင် ရွှေတုံးများလည်း အချည်းနှီး ဖြစ်ရပေတော့မည်။

ထို့ကြောင့် ...

ဆရာတူအစ်ကိုကြီးဖနီး ကျင်းကျိုတို့သားအမိကို စောင့်ရှောက်ရန် ကျင်းကျို အမြတ်တနိုးသိမ်းဆည်းထားသည့် အင်္ကျီတွင် လျှို့ဝှက်မှင်ဖြင့် မြေပုံရေးဆွဲမှတ်တမ်းတင်ထားလိုက်သည်။

အကယ်၍ မိမိသာ ကျဆုံးသွားခဲ့လျှင် ...

ကျင်းကျို၏သား ချောင်ဗှာက မိမိ၏သမိုင်းပေးတာဝန်ကို လက်ဆင့်ကမ်း ထမ်းဆောင်ရန် ကြိုတင်စီမံထားခဲ့ခြင်း ဖြစ်သည်။

သို့သော် ...

www.burmeseclassic.com



သေပြီဟု ယူဆထားသော ကုန္တုန်းအော်က မမျှော်လင့်ဘဲ ပြန်လည်ရောက်ရှိလာ၏။

တုန္တုန်းရှုနှင့်ကျင်းကျိုတို့ အထင်လွဲပြီး ပြဿနာတက်ခဲ့သည်။

ချောင်ဝှာလည်း ဘုမသိဘမသိဖြင့် အတိတ်မေ့ရောဂါဖြစ်ပြီး ပျောက်ဆုံးသွားသည်။

တုန္တုန်းရှုလည်း ကုန္တုန်းအော်ကို ဖြစ်ရပ်မှန် ရှင်းပြရန် ကြိုးစားရင်း တာလိရဲမက်များ၏အလစ်တိုက်ခိုက်မှုခံရကာ ကျဆုံးသွားခဲ့ရှာလေသည်။

ခါးကုန်းကြီးမှုကား တာလိရန်မှ ကင်းဝေးအောင် ခြေရာဖျောက်ပြီး သိုင်းပညာများကို ဆက်လက်လေ့ကျင့်နေခဲ့သည်။

အနှစ် ၂၀ ခန့် ကြာသောအခါ သူ၏နယ်ပယ်၌ ဆရာတော်ကြီးအဖြစ် ထင်ရှားလာ၏။

သူ၏ပင်ကိုယ်စရိုက်မှာ ကြီးပွားချမ်းသာမည့်လုပ်ငန်းကို အလျဉ်းပင် စိတ်ဝင်စားမှု မရှိပါ။

သို့သော် ...



ရွှေများကို သိုဝှက်ရာ၌ ပါဝင်ခဲ့သည့် ဗိသုကာ ဆရာတစ်ယောက်နှင့် တွေ့သည့်အခါ ဗိသုကာဆရာ၏ဆွဲဆောင်စည်းရုံးမှုကြောင့် စိတ်ဝင်စားလာ၏။

သို့ဖြင့် ... ဗိသုကာဆရာအဖွဲ့နှင့် လိုက်ပါခဲ့၏။

သို့သော် ...

ဂူထဲဝင်ရောက်သည့် လျှို့ဝှက်ချက်ကိုမသိသဖြင့် သူတို့အဖွဲ့မှ လူသုံးယောက်ခန့် အသက်ဆုံးရှုံးခဲ့ရ၏။

ထိုအခါ ...

မဖြစ်မနေလုပ်တတ်သော ခါးကုန်းကြီးသည် ဂူထဲရောက်အောင်ဝင်မည်ဟု ဆုံးဖြတ်ကာ နည်းလမ်းရှာကြံတော့၏။

နောက်ဆုံးတွင် ... စက်ခလုတ်တပ်ဆင်သူ မုတ်ဆိတ်ဖြူနှင့် ဆက်သွယ်မိကာ ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်ပေတော့၏။

ဝမ်းယန်သည် ထိုအကြောင်းကို လုံးစေ့ပတ်စေ့ မသိခဲ့ရသော်လည်း ကြုတ်အတွင်းရှိ ပိုးပဝါမှစာကြောင့် ဂူအတွင်းရှိ ရွှေများသည် တာလိတွန်းလှန်ရေးအတွက် ရံပုံငွေထားရစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

ကိုယ်ကျိုးအတွက် အပိုင်စီးရန် ရောက်ရှိလာကြသော ခါးကုန်းကြီးတို့ကိုကြည့်ကာ လှောင်ပြုံး ပြုံးလိုက်လေ၏။

"အို ... လက်စသတ်တော့ ခင်ဗျားတို့က ဒီရွှေတုံးတွေရဲ့ ပိုင်ရှင်ကိုး"

ဝမ်းယန်သည် ခါးကုန်းကြီးကို စိုက်ကြည့်လိုက်ပြီး ...

"ဒါဆို ... ခင်ဗျားက တောင်ပင်လယ်လှူဖုန်းပေါ့၊ ကျု(ပ်)ကြားဖူးတာတော့ တောင်ပင်လယ်လှူဖုန်းဟာ တာလီတွေရဲ့ ထိုး(စစ်)ကို ရှောင်တိမ်းရင်း ကျဆုံးခဲ့ပြီတဲ့၊ ခုတော့လည်း မသေမပျောက် ကျုပ်ရှေ့ ရောက်နေပါရောလား"

ဝမ်းယန်၏ထွေလုံးချေလုံးကြောင့် ခါးကုန်းကြီး မျက်(နှာပျက်)ခနဲဖြစ်သွား၏။

ဒေါသလည်း ထောင်းခနဲထလာလေ၏။

"ဟေ့ ... မင်းစကားကို ကြည့်ပြောစမ်း၊ ငါနဲ့ တောင်ပ(င်)လယ်လှူဖုန်းဟာ သေဖော်သေဖက်တွေ၊ သူနဲ့ငါ လက်တွဲခဲ့တုန်း(က) မင်းဟာ နို့စို့အရွယ်သာသာပဲ ရှိဦးမှာ"



"ဩော် ... ခင်ဗျားက တောင်ပင်လယ်လှူဖုန်းရဲ့သေဖော်သေဖက်ဆိုတော့ ဒီရွှေတွေကို ဘာရည်ရွယ်ချက်နဲ့ ထားခဲ့တယ်ဆို(တာ)တော့ ခင်ဗျား သိမှာပေါ့"

ခါးကုန်းကြီးမှာ ဒေါသကို မထိန်းနိုင်တော့ဘဲ ...

"ဟေ့ ... ဒီကိစ္စ မင်းနဲ့ဘာမှမဆိုင်ဘူး၊ ငါတို့ကိုယ်တိုင်လာဝှက်ထားတဲ့ပစ္စည်း ငါတို့သဘော"

"ဘာလဲ ... ခင်ဗျားက ဒီရွှေတွေကို ယူမယ်သဘောလား၊ ဒါဆိုလည်း လာယူရော့"

ဝမ်းယန်က သရော်သလိုလေသံဖြင့် ပြောရင်း လက်ထဲမှ ဓားကို ဆွဲလိုက်၏။ ရှောင်ဝှာနှင့်ကျိုးယင်းလွှဲတို့ကလည်း အသင့်အနေအထား ပြင်ထားကြ၏။

မှတ်ဆိတ်ဖြူသည် ဝမ်းယန်က [illegible] ဖြင့် အတွင်းအား [illegible] သိရှိထားပြီးဖြစ်ရာ...

"ကဲ ... ကဲ ... ဒီကိစ္စကို အေးအေးဆေးဆေး ဆွေးနွေးလို့ရပါတယ်ဗျာ၊ [illegible] ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းယှဉ်ပြိုင်လျှင် ခါးကုန်းကြီးသည် ဝမ်းယန်တို့ နိုင်မည်မဟုတ်ကြောင်း မုတ်ဆိတ်ဖြူသိသည်။

အပြင်ဘက်၌ မိမိတို့အဖွဲ့သားများ အသင့်ရှိနေကြသည်။

အပြင်ထွက်၍ တိုက်ခိုက်လျှင် မိမိတို့ဘက်မှ လူအင်အားများသဖြင့် တစ်ပန်းသာနိုင်သည်ဟု ယူဆမိသည်။

ထို့ကြောင့် —

ဖျန်ဖြေသလိုနှင့် အပြင်သို့ ခေါ်ထုတ်လိုက်ခြင်း ဖြစ်ပေသည်။

❖ ❖ ❖



## အခန်း (၁၃)

### ရွှေနှင့်ချိန်စက် သိုင်းတစ်ကွက်

ဝမ်းယန်တို့လူစုနှင့် ခါးကုန်းကြီးတို့လူစု ရေတံခွန်ကို ဖြတ်ကျော်ပြီး ဂူအပြင်ဘက်သို့ ရောက်ရှိလာကြသည်။

ထိုအခါ …

ဘယ်အချိန်က ရောက်နေမှန်းမသိသော လူတစ်စုကို တွေ့ရသည်။

အမှန်တော့ ထိုလူစုကား ခါးကုန်းကြီးတို့နှင့် ပါလာသော လူတစ်စုဖြစ်သည်။

ခါးကုန်းကြီးတို့သုံးယောက် ဂူထဲဝင်သွားချိန်၌ ၎င်းတို့က စောင့်ကြပ်နေရစ်ကြခြင်း ဖြစ်၏။

သူတို့သည် ခါးကုန်းကြီးတို့လူစု ဂူထဲမှ ထွက်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်သည်နှင့် အပြေးအလွှား ဝိုင်းအုံရောက်ရှိလာကြပြီး ...

"ရွှေတွေ တွေ့တယ်မဟုတ်လား"

"ဒီတချို့တော့ ပွပြီဗျ။ တစ်သက် စားမကုန်တော့ဘူး"

"ကျုပ်တို့က ဝေစုဘယ်လောက်ရမှာလဲဗျ"

တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းမေးမြန်းကြကုန်၏။

မှတ်ဆိတ်ဖြူက လက်ကာပြလိုက်ရင်း ...

"ခဏနေကြပါဦး၊ ရွှေတွေကို ဘယ်လိုခွဲယူကြမယ်ဆိုတာ ဆွေးနွေးကြရဦးမယ်"

ဤတွင် ဝမ်းယန်က ...

"ရွှေတွေဝေယူဖို့ ဘာမှဆွေးနွေးစရာမလိုဘူး"

ဝမ်းယန်၏စကားကြောင့် ခါးကုန်းကြီးတို့လူစု မျက်လုံးပြူးသွားကြသည်။

မကျေမနပ်ဖြင့် ဒေါသတကြီးဝိုင်းကြည့်ကြ၏။

"ဘာဖြစ်လို့ မဆွေးနွေးရမှာလဲ"

မှတ်ဆိတ်ဖြူက မကျေမနပ်ဖြင့် မေးလိုက်သည်။

ဝမ်းယန်က ...



"ဘာကြောင့်လဲဆိုတော့ ဒီရွှေတွေကို ကျုပ်တစ်ယောက်တည်း အပိုင်သိမ်းလိုက်လို့ပဲ၊ မကျေနပ်တဲ့လူ ကျုပ်နဲ့ယှဉ်နိုင်တယ်"

ထိုစကားကြောင့် မှတ်ဆိတ်ဖြူတို့လူစု ဒေါသချောင်းချောင်းထွက်ကုန်ကြ၏။

ကျန်ယင်းလျှံပင် မျက်လုံးအဝိုင်းသား ဖြစ်သွားရသည်။

"ဟင် ... ဝမ်းအစ်ကိုကြီး ဘယ်လိုဖြစ်သွားတာပါလိမ့်၊ ဒီလောက်များတဲ့ ရွှေတွေမြင်ပြီး လောဘတက်လာပြီ ထင်တယ်"

ကျန်ယင်းလျှံ၏စိတ်ထဲက တွေးလိုက်မိခြင်းဖြစ်၏။

ချောင်ဗှာကလည်း တအံ့တသြဖြင့် ...

"အစ်ကိုကြီး ... ဒီလောက်များတဲ့ရွှေတွေကို အပိုင်သိမ်းပြီး ဘာလုပ်မှာလဲဗျ"

တီးတိုးမေးမြန်းရာ ဝမ်းယန်က လက်ကာပြရင်း ...

"မင်း အသာနေစမ်းပါ။ ဒီရွှေတွေနဲ့ ဒီလူတွေကို သိမ်းသွင်းပြီး ကြီးကျယ်တဲ့လုပ်ငန်းတစ်ခု လုပ်မလို့ကွ"

ချောင်ဗှာ အသာပင် ငြိမ်နေလိုက်ရ၏။

ထိုစဉ် ခါးကုန်းကြီး၏လူများက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဒီလိုလုပ်လို့ ဘယ်ရမလဲ"

"ဘယ်သူက ခံမှာလဲ"

"ဟုတ်တယ် … ဒီပစ္စည်းတွေက တို့ကိုယ်တိုင် ဒီမှာသိမ်း ထားကြတာ၊ ခုမှ ဘာမဟုတ်တဲ့ကောင်က ကြားဖြတ်ယူချင်လို့ ဖြစ် မလား"

သူတို့သည် တစ်ယောက်တစ်ပေါက် ပြောဆိုရင်း တိုက်ခိုက် ရန် ဟန်ပြင်လိုက်ကြ၏။

ခါးကုန်းကြီးက လက်ပြဟန့်တားလိုက်ပြီး …

"ခဏနေကြဦး"

ဟု ပြောပြီး ဝမ်းယန်ကိုကြည့်ကာ …

"မင်း … ဒီလို တစ်ယောက်တည်း မောင်ပိုင်စီးတာတော့ မကောင်းဘူးထင်တယ်"

သူသည် ဝမ်းယန်နှင့်ယှဉ်ပြိုင်ဖူးပြီဖြစ်၍ ထိပ်တိုက်ရင်ဆိုင် ရမည်ကို မလိုလားပေ။

ထို့ကြောင့် တတ်နိုင်သမျှ ညှိနှိုင်းလိုခြင်း ဖြစ်၏။

သို့သော် …



ဝမ်းယန်က လက်ခံခြင်း မရှိပေ။

"ကျုပ်ပြောပြီးပြီလေ … ဒီရွှေတွေကို လိုချင်ရင် ကျုပ်နဲ့ယှဉ် ပါလို့၊ ဒါဟာ ပညာနဲ့ရွှေကို ဖလှယ်တဲ့သဘောပဲ၊ ပြိုင်ပွဲတစ်ပွဲအတွက် ရွှေတုတစ်စု သတ်မှတ်တယ်၊ နိုင်တဲ့လူက ရွှေရုပ်တုတစ်စုစီရမယ် …၊

ဒါမှမဟုတ် အစုစုလိုက် ယှဉ်ပြိုင်မယ်ဆိုရင်လည်း ကျုပ်တို့ ဘက်က အသင့်ပဲ"

ခါးကုန်းကြီးတို့လူစု တွေဝေသွား၏။

ခါးကုန်းကြီးသည် ဝမ်းယန်၏သိုင်းပညာမှာ ထိပ်တန်း အဆင့်၌ ရှိသည်ကို သိထား၏။

သို့သော် …

မည်မျှပင် သိုင်းပညာ ထက်မြက်ပါစေ …

မိမိတို့ လူစုအနေဖြင့် တစ်ယောက်လျှင် တစ်ခုကောင်း ပညာဖြင့် ယှဉ်ပြိုင်ပါက ဝမ်းယန်ကို ကောင်းစွာ အနိုင်ယူနိုင်မည်ဟု တွက်မိ၏။

မည်မျှပင် ထက်မြက်သူဖြစ်စေ …

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ တစ်ဦးစီ၏ကောင်းကွက်ကိုတော့ အားလုံးနီးပါး ဖေ ဖျက်နိုင်မည် မဟုတ်ပါ။

အကယ်၍ အုပ်စုဖွဲ့တိုက်ခိုက်ပါက အခြေအနေ ပိုရှုပ်ထွေး ပြီး အသေအပျောက် ရှိလာနိုင်၏။

ထို့ကြောင့် ...

ခါးကုန်းကြီးသည် တစ်ဦးချင်း ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက် ၏။

သူ၏အဖော်များကလည်း သူ၏ဆုံးဖြတ်ချက်ကို လက်ခံ သဘောတူသည်။

“ကဲ ... ခင်ဗျားတို့ထဲက ကျုပ်နဲ့ ဘယ်သူအရင်ယှဉ်မလဲ ထွက်လာပါ”

ဝမ်းယန်က အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး စိန်ခေါ်လိုက် သည်။

“ကျုပ်ယှဉ်မယ်”

သန်မာထွားကျိုင်းသော လူထွားကြီးတစ်ယောက်က အော် ပြောရင်း ဒေါနှင့်မောနှင့် ထွက်လာ၏။



သူ့တွင် လက်နက်မရှိပါ။

လက်နက်မဲ့သိုင်းသမား ဖြစ်ဟန်တူ၏။

ဝမ်းယန်က တစ်ချက် အကဲခတ်လိုက်ပြီး ...

“ဘယ်လိုယှဉ်ပြိုင်မှာလဲ”

“လက်နက်မဲ့”

ဝမ်းယန်သည် လက်ထဲမှဓားကို ချောင်ဝှာထံ လှမ်းပေးပြီး လူထွားကြီးနှင့် ရင်ဆိုင်၏။

“ကဲ ... ခင်ဗျား စနိုင်ပြီ”

သူ၏စကားမဆုံးသေးမီမှာပင် ...

“ယား”

လူထွားကြီးသည် မာန်သွင်းအော်ဟစ်ကာ ဝမ်းယန်ခုန်အုပ် လိုက်လေသည်။

ဝမ်းယန်က ကိုယ်ကိုယို့ပြီး ထိုလူ၏ဝမ်းဗိုက်သို့ တံတောင် ဖြင့် တွတ်လိုက်သည်။

ထိုလူက တံတောင်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဗိုး'

ဝမ်းယန့်က အရှိန်မှီ ရှောင်လိုက်သောကြောင့် လေကိုသာ ရိုက်မိသည်။

သို့မဟုတ်ပါက လက်မောင်းရိုး တွင်တွင်ကျိုးသွားနိုင် လောက်ပေသည်။

လူထွားကြီး၏လက်နက်မဲ့သိုင်းကွက်ကား လွန်စွာအဆင့် မြင့်လှသည်။

မမျှော်လင့် မထင်မှတ်သော တန်ပြန်တိုက်ကွက်များဖြင့် တစ်ဖက်ရန်သူကို အသက်ရှူမှားစေသည်။

သို့သော် ...

ဝမ်းယန့်မှာ အသက်ငယ်သော်လည်း အတွေ့အကြုံ ရှ ကျက်သူဖြစ်၏။

ထို့ကြောင့် ...

အဝင်အထွက် မြန်ဆန်ပေါ့ပါးရာ လူထွားကြီးအဖို့ ထင်း လောက် ခရီးမပေါက်နိုင်ဘဲ ဖြစ်နေသည်။

တစ်ချိန်တွင် ...



လူထွားကြီး၏လက်သီးတစ်လုံးသည် ဝမ်းယန့်၏ဝမ်းဗိုက်ဆီသို့ အရှိန်ပြင်းစွာ ဝင်လာသည်။

သူက ရှောင်တိမ်းခြင်းမပြုဘဲ တောင့်ခံထားလိုက်လေသည်။

'ဝုန်း'

လူထွားကြီး၏လက်သီးသည် ဝမ်းဗိုက်ကို အရှိန်ပြင်းစွာ ထိတွေ့သွား၏။

သို့သော် ... တင်းနေအောင် ကားကျက်ထားသော စည်မျက်နှာပြင်ကို လက်သီးနှင့် ထိုးလိုက်ရသလို ...

ဝုန်းခနဲ အသံမြည်ပြီး ပြန်ကန်ထွက်သွား၏။

လူထွားကြီးမှာ ဟန်ချက်မထိန်းနိုင်ဘဲ နောက်သို့ ခြေလှမ်း ယိမ်းယိုင်ကာ ပက်လက်လှန် လဲကျသွားလေတော့သည်။

'ဂေါ'

ပါးစပ်မှ သွေးတစ်ချက် အန်ထုတ်လိုက်သည်။

လူထွားကြီးမှာ သူ၏လက်သီးထိုးချက်အတိုင်း အတွင်းဒဏ်ရာ ရသွားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... တန်ပြန်အတွင်းအားပါလား"

မုတ်ဆိတ်ဖြူက တအံ့တဩ ရေရွတ်မိသည်။

မှန်ပါသည်။

ဝမ်းယန်သည် ငှတန်းဂိုဏ်း၏တန်ပြန်အတွင်းအားဖြင့် ချေပြန်လိုက်ခြင်း ဖြစ်၏။

လူထွားကြီးသည် အတွင်းအားထုတ်၍ ရိုက်လိုက်သော်လည်း သူ၏ရိုက်ချက်သည် ဝမ်းယန်ထံမှ တန်ပြန်ကာ သူ့ရိုက်ချက် သူ့ကို ပြန်ထိသလိုမျိုး ခံလိုက်ရခြင်း ဖြစ်၏။

ထိုဖြစ်ရပ်ကို မြင်တွေ့လိုက်သည့်အခါ ခါးကုန်းကြီးတို့လူစု မျက်စိမျက်နှာ ပျက်သွားကြ၏။

"ကဲ ... နောက် ဘယ်သူယှဉ်ဦးမလဲ"

ဝမ်းယန်က မေးလိုက်၏။

သို့တိုင်အောင် ထွက်လာသူ မရှိသေးပါ။

ခါးကုန်းကြီးတို့လူစု အချင်းချင်း ပြန်ကြည့်မိကြ၏။

ငင်းတို့လူစုတွင် ခါးကုန်းကြီးသည် သိုင်းပညာအမြင့်ဆုံး ဖြစ်၏။



ခါးကုန်းကြီးပြီးလျှင် လူထွားကြီး ဖြစ်၏။

ယခု ...

လူထွားကြီး အရေးနိမ့်သွားလေပြီ။

ကျန်လူများ ခပ်ရွံ့ရွံ့ ဖြစ်သွားကြ၏။

အားလုံး ငြိမ်ကုပ်နေကြသဖြင့် ခါးကုန်းကြီး မနေသာတော့ပါ။

ရှေ့သို့ ခုန်ထွက်လိုက်ပြီး ...

"မင်းနဲ့ငါ မကျေပွဲ ထပ်နွှဲကြတာပေါ့ကွာ"

"ဩော် ... ခင်ဗျားက ထပ်ယှဉ်ဦးမယ်ပေါ့၊ ကဲ ... ဘယ်လိုယှဉ်မှာလဲပြော"

"မင်းနဲ့အတွင်းအားပညာကို ကြည့်ချင်သေးတယ်"

"ရပါတယ်ဗျာ၊ ခင်ဗျားဆန္ဒ ပြည့်ဝရပါစေမယ်"

ဝမ်းယန်က လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်သည်။

ခါးကုန်းကြီးက သစ်ကိုင်းခြောက်များကို ကောက်ယူစုစည်းပြီး လက်သီးဆုပ်ခန့်ရှိသော အစည်းငါးစည်းဖြစ်အောင် စည်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ...

ငှင်းထင်းငါးစည်းကို တစ်စည်းစီ သီးခြားစိုက်ထူကာ မီးခတ်ကျောက်ဖြင့် မီးညှိလိုက်၏။

မီးတိုင်ငါးတိုင်သည် တဖြည်းဖြည်းနှင့် ဟုန်းဟုန်းတောက်လောင်လာ၏။

ထိုအခါမှ ခါးကုန်းကြီးက ဝမ်းယန်ဘက်လှည့်ကာ ယှဉ်ပြိုင်မည့် အစီအစဉ်ကို ပြောလိုက်လေ၏။

“မှ ယှဉ်ပြိုင်ရမှာက ဒီမီးတောက်ကို လက်ဝါးအားနဲ့ ငြိမ်းသတ်ဖို့ပါပဲ၊ ကဲ ... ကြည့်ထားပေတော့”

ခါးကုန်းကြီးသည် ပြောပြီးသည်နှင့် အသက်ဝဝရှူလိုက်၏။

ထို့နောက် ...

လက်ဝါးနှစ်ဖက်ကို ရင်ဝ၌ လိမ်ယှက်ကာ မီးတိုင်ကို ဝင်ပြေးလေတော့၏။

ဝမ်းယန်တို့ သုံးယောက်မှာ ခါးကုန်းကြီး၏အပြုအမူကို တအံ့တဩဖြင့် ငေးကြည့်နေမိ၏။

ခါးကုန်းကြီးသည် တစ်ပတ်ထက်တစ်ပတ် ပိုမြန်လာအောင်



ပြေးလျှက်ရှိသည်။

ထို့နောက် ...

ရုတ်တရက် ခြေဖျားထောက်ကာ ကိုယ်ကိုရှေ့သို့ တိုးထွက်လိုက်၏။

အလယ်မီးတိုင်ရှေ့ လက်တစ်ကမ်းအကွာသို့ ရောက်လာသည်။

တစ်ဆက်တည်းပင် ...

တိမ်တိုက်ထိုးဖောက်သိုင်းကွက်ဖြင့် တွန်းထုတ်လိုက်၏။

‘ဝှီး’

ပြင်းထန်သောလေလုံးကြီးသည် မီးတောက်ကို နောက်သို့ ယိမ်းထိုးသွားစေ၏။

ယင်းအခိုက်မှာပင် ...

ခါးကုန်းကြီးက ညာဘက်လက်ဖြင့် ဓါးဝိုက်သိမ်းဆွဲလိုက်ရာ ... မီးတောက်ကြီးသည် တစ်မုဟုတ်ချင်း ဟုတ်ခနဲငြိမ်းသွားလေတော့၏။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ကာ လက်ဝါးတစ်ချက် ဖြန့်ထုတ်လိုက်ရာ ...

သေးမှ မီးတောက်တစ်ခု ဟုတ်ခနဲ ငြိမ်းသွားပြန်၏။

ဤနည်းဖြင့် ...

မီးတိုင်ငါးတိုင်ကြား ငါးပုံတစ်ကောင်ပမာ လူးကာလွန့်ကာ ဝေ့ဝဲကာဖြင့် လှုပ်ရှားလိုက်ရာ နောက်ဆုံး၌ မီးတိုင်ငါးတိုင်စလုံး မီး ငြိမ်းသေသွားလေတော့၏။

❖

'ရှူး'

'ဖြောင်း'

'ဖြောင်း'

'ဖြောင်း'

"ဒါမှ တကယ့်လက်ဝါးသိုင်းကွ"

ဆိုနောက် ...



ခါးကုန်းကြီးတို့လူစုက လက်ခုပ်တီးလက်ဝါးတီး၍ ဩဘာပေး ကြကုန်၏။

ခါးကုန်းကြီး၏လက်ဝါးသိုင်းက အမှန်တကယ်လည်း အံ့ဩ ချီးကျူးစရာ ကောင်းပေသည်။

ခါးကုန်းကြီးက ဝမ်းယန်ဘက် ဟန်ပါပါလှည့်ပြီး ...

"ကဲ ... ငါ့ရဲ့ပညာကတော့ ဒီလောက်ပါပဲ၊ မောင်ရင့်ရဲ့ ပညာကို ကြည့်ပါရစေဦး"

ခါးကုန်းကြီး၏လက်ဝါးသိုင်းကွက်မှာ ပထမတန်းစားပင် ဖြစ်သည်။

သို့သော် ...

ဝမ်းယန်၏မြင်ကွင်းကား ပြည့်စုံတိကျမှုမရှိပေ။

အကြောင်းမှာ ...

အတွင်းအားကို စုစည်းရန် ခန္ဓာကိုယ် အဆက်မပြတ် လှည့် ပတ်နေရသောကြောင့် ဖြစ်သည်။

ထို့ပြင် ... မီးတိုင်ငါးတိုင်ကို တစ်တိုင်ပြီးမှ တစ်တိုင်သာ ငြိမ်းသတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကပင် ...

သူသည် အတွင်းအားကို အဆက်မပြတ်အောင် ထိန်းထား နိုင်စွမ်း မရှိကြောင်း ဖော်ပြနေပေ၏။

ထို့ကြောင့် ...

ဝမ်းယန်က အေးစက်စက်တစ်ချက်ပြုံးကာ မီးတိုင်များကို မီးများ ပြန်လည်ထွန်းညှိလိုက်၏။

ထို့နောက် ...

မီးတိုင်နှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် ရပ်တန့်လိုက်သည်။

လက်ဝါးနှစ်ဖက်ကို ရင်ဝ၌ကပ်ကာ အတွင်းအားများကို စုစည်းလိုက်၏။

"ယား"

မာန်သွင်းအော်ဟစ်ပြီး လက်ဝါးကို ဆန့်ထုတ်လိုက်သည်နှင့်

'ဗိုး'

လေပြင်းတစ်ချက် ရုတ်တရက် တိုက်ခတ်သွားသလို မီးတိုင် ငါးတိုင်စလုံးရှိ မီးများ တစ်ပြိုင်တည်း ဟုတ်ခနဲ ငြိမ်းသွားလေတော့ ၏။



"ဟာ"

"ဟင်"

"အို"

ကြည့်နေသူအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြ သည်။

❖

ခါးကုန်းကြီးသည် မီးတိုင်ငါးတိုင်ကို အကြိမ်အကြိမ်အရှိန်ယူ ပြီး လက်ဝါးရိုက်ချက်နှစ်ကြိမ်ခန့် ပြောင်း၍ တစ်တိုင်စီ ငြိမ်းသတ်နိုင် သည်။

ဝမ်းယန်မှုကား ...

တစ်ကြိမ်သာ အရှိန်ယူပြီး မီးတိုင်ငါးတိုင်ကို တစ်ပြိုင်တည်း ငြိမ်းသတ်နိုင်သည်။

ဤတစ်ကြိမ်နှင့်ပင် အနိုင်အရှုံး ကွဲပြားထင်ရှားနေပြီဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



ခါးကုန်းကြီး၏မျက်နှာမှာ ညိုပုတ်သွားလေပြီ။

ဝမ်းယန်က သူ့အား လှမ်းကြည့်ကာ ...

"ကဲ ... ခင်ဗျား ဘာပြောစရာရှိသေးလဲ"

ခါးကုန်းကြီးမှာ လူငယ်တစ်ယောက်ကို မရှုမလှ အရှုံးပေး လိုက်ရသဖြင့် စိတ်ထဲ၌ လွန်စွာခံပြင်းသွားမိသည်။

သို့သော် ...

သိုင်းသမားကောင်းတစ်ယောက်ပီပီ မိမိ၏ရှုံးနိမ့်မှုကို စောဒကတက်မနေတော့ပေ။

သူ့လူစုဘက်သို့လှည့်ပြီး ...

"မင်းတို့ထဲက ဘယ်သူယှဉ်ဦးမလဲ"

အားလုံး နှုတ်ဆိတ်နေ၏။

ခါးကုန်းကြီးကိုယ်တိုင် မယှဉ်နိုင်သူကို ၎င်းတို့ မည်သို့ရင် ဆိုင်နိုင်ပါမည်နည်း။

"ကဲ ... ယှဉ်မယ့်သူမရှိရင် သွားမယ်၊ ရွှေတွေကို သူ အပိုင် စီးချင်လည်း စီးပေစေတော့၊ သေတဲ့အခါ အခေါင်းထဲ ဘယ်လောက် ထည့်ယူသွားနိုင်မှာမို့လဲ"



မခံချိမခံသာပြောဆိုရင်း ထွက်ခွာသွားရန် ဟန်ပြင်လိုက် သည်။ ဤတွင် ဝမ်းယန်က ...

"နေပါဦးလေ ... ချက်ချင်းကြီး ထွက်သွားတော့မလို့လား ဗျ"

ခါးကုန်းကြီး မျက်မှောင်ကြုတ်သွား၏။

"ဘာလဲ ... တို့က အေးအေးဆေးဆေး ထွက်သွားမှာကို တောင် မင်းက မကျေနပ်သေးဘူးလား"

ဝမ်းယန်က ပြုံးပြလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ဒီရွှေတွေဟာ အားလုံးနဲ့ ဆိုင်တယ်ဆိုတဲ့ အကြောင်း ပြောမလို့ပါ"

"ဘာ ... ဘယ်လို"

မမျှော်လင့်သောစကားကြောင့် အားလုံးပင် မယုံကြည်နိုင် အောင် ဖြစ်သွားကြကုန်သည်။

ဝမ်းယန်က ပြုံးရင်း ရှင်းပြရန် ဟန်ပြင်လိုက်သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ရွှီး'

လက်ခေါက်မှုတ်သံတစ်သံ ရုတ်တရက် ထွက်ပေါ်လာ၏။

ဝမ်းယန်က အသံလာရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်လေ၏။

လူတစ်စု ရိုပ်ခနဲ ရိုပ်ခနဲ ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရသည်။

သူတို့၏ကိုယ်ဖော့ပညာကို တွေ့မြင်ရရုံဖြင့် ထိပ်သီးသိုင်းသမားများဖြစ်ကြောင်း သိလိုက်ရသည်။

ဝမ်းယန် ရင်ထိတ်သွား၏။

"ဟင်း ... ခုလာတဲ့လူတွေဟာ သူတို့နဲ့ တစ်ဖွဲ့တည်းဆိုရင် မလွယ်ဘူး"

ပြေးလာသူများလည်း တဖြည်းဖြည်းနီးလာ၏။

ထိုအခါမှ ...

၎င်းတို့မှာ ချောင်ဗှာ၏မိခင် ကျင်းကျိ၊ ကျန်ယင်းလျှော်



မွေးစားဖခင် ချင်းမိန့်သိုင်းဆရာကြီး ကျင်လိပောက်၊ ထင်းခုတ်သမား တာကျင်းရှောင်နှင့် အမည်မသိ လူတစ်ယောက်တို့ဖြစ်ကြောင်း သိရလေ၏။

ဝမ်းယန် စိတ်သက်သာရာရသွားသည်။

ထိုစဉ် ...

ဝမ်းယန်မသိသောလူက ခါးကုန်းကြီးနှင့် မုတ်ဆိတ်ဖြူတို့ ရောက်ရှိလာပြီး ...

"ဟေ့လူတွေ ... ဒီရွှေတွေ ကျုပ်တို့ယူလို့မဖြစ်ဘူး။ ခု ဒီရွှေပိုင်ရှင်အစစ် ရောက်လာပြီဗျ"

ခါးကုန်းကြီး မျက်လုံးပိုင်းသွား၏။

"ဟေ့ လာပြန်ပြီလား၊ ရွှေပိုင်ရှင် ဘယ်သူလဲဗျ"

ထိုအမည်မသိသူမှာ ... ခါးကုန်းကြီးတို့လူစုမှ ဖြစ်ဟန်တူလေ၏။

ထိုသူက ကျင်လိပောက်အား ညွှန်ပြလိုက်ပြီး ...

"ပိုင်ရှင်က သူ့ရွှေတွေကို စီမံခန့်ခွဲဖို့ ဟောဒီက ချင်းမိန့်သိုင်းဆရာကြီး ကျင်လိပောက်ကို လွှတ်လိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်လိဟောက်ဟူသောအမည်ကြောင့် ခါးကုန်းကြီးတို့မှာ
လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ကျင်လိဟောက်သည် ချင်းမိန်သိုင်းသမားဟူသောအမည်
နှင့် သိုင်းလောကတစ်ခွင်၌ မသိသူမရှိသော သိုင်းသမားကြီး
သည်။

ဆေးပညာတွင်လည်း တစ်ဖက်ကမ်းခတ် ထက်မြက်သူ
ကျော်ကြား၏။

ဓားပျံဝမ်းယန်ထက်ပင် နှစ်ပေါင်းများစွာ စော၍ ကျော်
စောထင်ရှားသူဖြစ်၏။

သို့သော် ...

ကျင်လိဟောက်နှင့် ဓားပျံဝမ်းယန်တို့ မည်သို့ဆက်နွယ်
သက်သည်ကို ခါးကုန်းကြီးတို့လူစု မသိကြပေ။

ကိုယ့်အစီအစဉ်နှင့်ကိုယ် တသီးတခြား ရောက်လာခြင်း
ထင်မှတ်မိလေသည်။

ခါးကုန်းကြီးက ...

"ဟင်း ... ဟင်း ... ကောင်းကွာ၊ ခုမှပိုပြီ ပွဲစည်တော့တာ



ခါးကုန်းကြီး၏စကားက ဓားပျံဝမ်းယန်နှင့်ကျင်လိဟောက်
တို့ ရွှေများရှိရေးအတွက် သိုင်းပညာ ယှဉ်ပြိုင်ကြတော့မည်ဟု ရည်
ရွယ်ပြောလိုက်ခြင်းဖြစ်ကြောင်း အားလုံးက နားလည်လိုက်ကြသည်။

❖

သူ့စကားကြောင့် ကျင်လိဟောက်နှင့်ဝမ်းယန်တို့က ရယ်
မောလိုက်ကြ၏။

ပြီးမှ ကျင်လိဟောက်က ဝမ်းယန်ကိုလှမ်းကြည့်ကာ ...

"ကနေ့ ရွှေတွေကို မင်းတို့ ရှာလို့တွေ့ပြီထင်တယ်"

"ဟုတ်ပါတယ်ဗျာ၊ ဦးရဲ့သမီးကြောင့် ချောချောမောမော
ရှာလို့တွေ့တာပါ၊ ဒါနဲ့ ဦးက ဘယ်လိုသတင်းရပြီး ဒီကိုရောက်လာ
တာလဲဟင်"

"အင်း ... ပြောရရင်တော့ စကားကြောက ရှည်ဦးမယ်၊ ကဲ
... ကဲ ... ဒီက မိတ်ဆွေတွေကို မင်းပြောစရာရှိတာ အရင်ပြော
လိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျင်လိပေါက်က ဝမ်းယန်အမေးကို မဖြေသေးဘဲ ခါးကုန်းကြီးတို့နှင့် ကိစ္စကို ပြီးပြတ်အောင် ရှင်းခိုင်းလိုက်သည်။

ဝမ်းယန်လည်း မငြင်းသာတော့ဘဲ စောစောက ပြောလက်စ စကားကို ဆက်ပြောလိုက်တော့၏။

"မိတ်ဆွေများခင်ဗျာ ... ဒီရွှေတွေဟာ ကျုပ်ပိုင်တဲ့ပစ္စည်း မဟုတ်ပါဘူး။ ခင်ဗျားတို့လည်း မပိုင်ပါဘူး၊ အမှန်တော့ ဒီပစ္စည်းတွေဟာ တာလီတွေလက်ထဲ ကျရောက်နေတဲ့ ကျုပ်တို့ပြည်သူအားလုံး ပိုင်တဲ့ ပစ္စည်းပါ"

ထို့နောက် ...

တောင်ပင်လယ်လူဖုန်းက ထိုရွှေများကို တာလီများကို တွန်းလှန်တိုက်ခိုက်ရာ၌ လူသူလက်နက်ခဲယမ်းမီးကျောက်ဝယ်ယူ စုဆောင်းရေး၌ အသုံးပြုရန် စာရေးသားထားခဲ့သည့်အကြောင်း ရှင်းပြလိုက်၏။

ထိုအခါ ...

ဝမ်းယန်က ကျင်လိပေါက်အား ညွှန်ပြကာ စကားဆက်လိုက်ပြန်၏။



"ဦးကြီး ကျင်လိပေါက် ... ဘာအတွက် ဒီရောက်လာတယ်ဆိုတာ ကျုပ် ရှင်းပြပါ့မယ်၊ သူဟာ တာလီဆန့်ကျင်ရေးခေါင်းဆောင် ရှောင်ချူးဇွေရဲ့လက်ထောက်ပါ၊ ရှောင်ချူးဇွေဟာ တောင်ပင်လယ်လူဖုန်းရဲ့သားဆိုတာသိရင် ဒီရွှေတွေရဲ့ပိုင်ရှင်အစစ် ဘယ်သူဆိုတာ အငြင်းပွားစရာ မရှိတော့ပါဘူး"

ထိုအခါမှ ...

နှုတ်ဆိတ်နေသည့် ကျင်လိပေါက်က အားလုံးကို ပြုံးပြကာ ...

"မှန်ပါတယ်၊ သခင်လေး ရှောင်ချူးဇွေဟာ ဒီပစ္စည်းတွေကို သူ့ကိုယ်ကျိုးအသုံးပြုမှာ မဟုတ်ပါဘူး ...၊

ဒါကြောင့် ဒီရွှေတွေဟာ ဘယ်သူမှမပိုင်ပေမယ့် အားလုံးနဲ့ဆိုင်နေပါတယ်"

ကျင်လိပေါက်သည် ခါးကုန်းကြီးတို့လူစုကို တစ်ချက်ကြည့်လိုက်ပြီး ...

"ကျုပ်တို့သခင်လေးက သူ့ဖခင်ရဲ့ မိတ်ဆွေဟောင်းတွေကို အထူးယုံကြည်အားထားပါတယ်၊ ဒါကြောင့် မိတ်ဆွေတို့ကို ဖိတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကျူပ်ကို စေလွှတ်ခဲ့တာပါ"

ထိုအခါ ...

ကျင်လိဟောက်နှင့်ပါလာသော ခါးကုန်းကြီး၏မိတ်ဆွေက

"ခါးကုန်း ... သူပြောတာတွေက အမှန်တွေချည်းပဲကွ"

"နေပါဦး ... မင်းက အမှန်တွေချည်းပဲလို့ ဘာကြောင့်ပြောနိုင်တာလဲ"

"ဘာကြောင့်လဲဆိုတော့ မင်းတို့ ဒီရွှေတွေကို ဖော်ထုတ်မယ့်အကြောင်း ငါကိုယ်တိုင် သခင်လေးကို သွားပြောခဲ့လို့ပဲ"

"ဟော့ ... မင်း ... မင်း"

"မင်းတို့ကို လမ်းမှန်ပြန်ရောက်စေချင်လို့ပါကွာ၊ မင်းတို့ကို သခင်လေးက သူ့အဖေရဲ့လုပ်ဖော်ကိုင်ဖက်အဖြစ် တလေးတစားနဲ့ မိတ်ခေါ်တာပါ"

ခါးကုန်းကြီးတို့လူစု ရုတ်တရက် ဘာပြောရမှန်း မသိအောင် ဖြစ်သွားကြ၏။

သူတို့လူစုသည် ...

တစ်ချိန်က ...



တာလိမ်များကို သက်စွန့်ဆံဖျား ခုခံတိုက်ခိုက်ခဲ့ကြ၏။

ယခုအခါတွင်မူ ...

တာလိမ်များကို တိုက်ထုတ်ရန် သတိမရတော့ဘဲ ရွှေများကို ရယူရန်သာ ကြံစည်ကြိုးစားနေမိခဲ့ကြပေပြီ။

ထိုအဖြစ်ကို ပြန်တွေးမိတော့ သူတို့အားလုံး မျက်နှာမထား တတ်အောင် ဖြစ်ကုန်ကြတော့၏။

❖

ခါးကုန်းကြီးနှင့် မုတ်ဆိတ်ဖြူတို့ဦးဆောင်သောလူစုမှာ ကုချွန်းအော်၏သစ်လုံးအိမ်သို့ ရောက်လာခဲ့ကြသည်။

မိတ်ဆွေဟောင်းများ ပြန်လည်ဆုံတွေ့ရသလို အားလုံး တရင်းတနှီး ဖြစ်ခဲ့ကြပြီဖြစ်၏။

ကုချွန်းအော်က သူတို့လူစုမှာ တုချွန်းရှု၏ရဲဘော်ရဲဘက်များ ဖြစ်ကြောင်း သိရသည့်အခါ ... စိတ်ထဲ၌ ထိခိုက်ကြေကွဲလာရရှာသေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူ့အကြောင်း တွေးမိရင် ကျုပ်ကိုယ်ကျုပ် မလွှတ်နိုင်အောင်ပါပဲဗျာ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ကျုပ်က ဝိဇ်ဇာတူညီအင် တွေ၊ သူက တာလိတွေကို ဆန့်ကျင်နေတဲ့အချိန်မှာ ကျုပ်က မူ ကာလှည့်ပြီး မူးယစ်ပျော်ပါးနေခဲ့တာပေါ့၊ နောက်တော့ သူ့အထ ပြီး စိန်ခေါ်တိုက်ခိုက်ခဲ့တဲ့အထိ အမှားကြီး မှားခဲ့တာပဲ"

သူက သက်ပြင်းချရင်း ...

"အင်း ... ဒါကြောင့် သူ့ရဲ့မပြီးဆုံးခဲ့တဲ့ တာဝန်ကို ဆက်လက်ထမ်းဆောင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

သူ့စကားကြောင့် အားလုံး ဝမ်းသာသွားကြသည်။

"ကျုပ် ဒဏ်ရာတွေ သက်သာတဲ့အခါ ခင်ဗျားတို့ လိုက်ခဲ့ပါ့မယ်၊ ခုတော့ ဒဏ်ရာဆေးကုရင်း ဂူထဲက ရွှေတွေကို ရှောက်နေရစ်ခဲ့ပါ့မယ်၊ ဝိဇ်ဇာတူညီလေး တူချွန်းရဲ့တာဝန်ကို က လက်ဆင့်ကမ်း ထမ်းဆောင်သင့်ပြီလေ"

ကျင်းကျိုက ကျေနပ်အားရပြုံးရင်း ...



"တကယ်တော့ ဒီလိုဖြစ်သင့်တာပဲလေ"

ကျင်လိဟောက်မှာ ရွှေများကို တွေ့ရှိပြီး ဖြစ်သော်လည်း လတ်တလော သယ်ယူရန်မဖြစ်နိုင်သေးသဖြင့် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေခဲ့သည်။

ကူချွန်းအော်၏စကားကို ကြားရမှ စိတ်လက်ပေါ့ပါးပြီး ဝမ်းသာသွားလေသည်။

ယခုဆိုလျှင် ...

ရွှေများကို နဂိုဝှက်ထားသည့်အတိုင်း ပြန်တွေ့ခဲ့ပြီ ဖြစ်သည်။

လိုအပ်သည့်အခါ အဆင်သင့်ထုတ်ယူရန်သာ ရှိတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

## နတ်ရေငယ်ရှေစာ

ည ...

အားလုံးပင် ခပ်စောစောအိပ်ရာဝင်ကြသည်။

သစ်လုံးအိမ်ကလေးမှာ အတန်ငယ် ကျဉ်းမြောင်းသည်။

ထို့ကြောင့် ...

ကုရှုန်းအော်မိသားစုနှင့် ကျန်ယင်းလျှံတို့မှအပ ကျန်လူ[illegible] အပြင်ဘက် ခြံဝင်းထဲ၌ အိပ်စက်အနားယူကြလေသည်။

သန်းခေါင်ယံအချိန်တွင် ...

ချောင်ဟုက အိပ်ပျော်ရာမှနိုးလာ၏။

နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဖခင်ကို လှမ်းကြည့်[illegible] ရင်ထဲ၌ ဝမ်းနည်းသလို ခံစားလာရသည်။



ဖခင်ရင်းနှင့် ဆုံစည်းခဲ့ရသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။

နောက်တစ်နေ့ဆိုလျှင် ...

ချင်းမိန်သိုင်းဆရာကြီးကျင်လီဟောက်တို့လူစုနှင့် လိုက်ပါသွားရပေတော့မည်။

ထိုအခါ ... မွေးစားဖခင် တုရှုန်းရှကို သတိရမိပြန်သည်။

"အင်း ... ဒီကထွက်မသွားခင် ငါကျေးရွာရှင်မွေးစားဖခင်ရဲ့ အုတ်ဂူကို သွားကန်တော့ဦးမှပဲ"

ချောင်ဟုသည် ယင်းသို့တွေးပြီး အိပ်ရာမှ ထ,လိုက်၏။

ထို့နောက် ...

အတွင်းခန်းသို့ တစ်ချက်လှမ်းကြည့်မိ၏။

မိခင်ကျင်းကိုနှင့်နမဖြစ်သူကျင်းဟုတို့ နှစ်ခြိုက်စွာအိပ်ပျော်နေကြသည်။

ကျန်ယင်းလျှံကိုမူ မတွေ့ရချေ။

"ဟင်း ... ကျန်ညီမတစ်ယောက် ဘယ်များရောက်သွားပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဟာ ထိတ်ခနဲဖြစ်သွား၏။

အိမ်ထဲမှ ကမန်းကတန်း ထွက်ကာ ကျိုးကန်းတောင်းမှောက် ရှာကြည့်၏။

ထိုစဉ် ...

လက်တစ်ဖက်က သူ၏ပခုံးကို ပုတ်လာသည်။

ချောင်ဟာ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘယ်သူ့ကို ရှာနေတာလဲကွ"

အသံရှင်ကို မြင်လိုက်ရမှ ...

"ဟင် ... အစ်ကိုကြီးပါလား"

သူ့ပခုံးပုတ်သူမှာ ဝမ်းယန်ဖြစ်သည်။

ဝမ်းယန်က သူ့ကို ပြုံးပြရင်း ...

"မင်း ... အိမ်ထဲက သုတ်သီးသုတ်ပျာ ထွက်သွားတာတွေ့လို့ နောက်က ကပ်လိုက်လာတာ"

"ဟာ ... ဒါတောင် ကျွန်တော် မသိလိုက်ဘူး၊ ရန်သူသာရင် ဒုက္ခပဲ"

ဝမ်းယန်က ...



"အင်း ... ငါ့ညီက စိတ်လောနေတာကိုး"

"ဟုတ်ပါတယ်ဗျာ၊ ဒါနဲ့ ... ကျွန်ညီမလေးကို တွေ့မိလားဗျာ"

ဝမ်းယန် ပြုံး၏။

"ဟင်း ... ဟင်း ... ထင်တော့ ထင်လိုက်သားပဲ၊ ငါ့ညီက ကျန်ယင်းလျှံ ပျောက်လို့ လိုက်ရှာနေတာကိုး၊ ကဲ ... လာ ... လာ"

ဝမ်းယန်သည် ပြောပြောဆိုဆိုဖြင့် သူ့အား လက်ဆွဲ၍ ခေါ်ဆောင်သွားလေတော့သည်။

❖

ဝမ်းယန်သည် ချောင်ဟာကို ဆွဲခေါ်ထွက်လာခဲ့၏။

တောင်ကမူနှစ်ခုကို ဖြတ်ကျော်ပြီးသည့်အခါ ...

"ကဲ ငါ့ညီ ... မြေကြီးပေါ်ကပ်ပြီး နားထောင်ကြည့်လိုက်စမ်း"

ဝမ်းယန်က ပြောလိုက်ရာ ...

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဝှာလည်း မြေကြီးပေါ် ကပ်၍ နားထောင်ကြည့်သေးသည်။

ထိုသို့ နားထောင်ခြင်းကား ဝေးသောအသံကို လေထဲ နားထောင်ရခြင်းထက် ပို၍ကြားရ၏။

"သမီး ... ချောင်ဝှာကို အဘ အကဲခတ်ရသလောက်ဆိုရင် သူဟာ လူကောင်းပကတိဖြစ်နေပြီဆိုတာ သေချာတယ်၊ ဒါပေမဲ့ — ဒီကြီးလေးတဲ့တာဝန်ကို ထမ်းဆောင်ဖို့ဆိုတာကတော့ ဖြစ်နိုင်ပါ့မလား"

သူသည် ခေါင်းထောင်လာပြီး ဝမ်းယန်အား ...

"ခုကြားရတဲ့အသံက ဦးကြီးကျင်လိဟောက်ရဲ့အသံပဲ"

ဝမ်းယန်က ပြုံးရင်း ...

"သိပ်ဟုတ်တာပေါ့။ သူတို့သားအဖက မင်းအကြောင်းကို ပြောနေကြတာပဲ"

❖



ထိုစဉ်မှာပင် ...

"ဟား ဟား ဟား ဟား ... ဟေ့ ခိုးပြီး နားထောင်မနေကြနဲ့၊ ဒီကိုလာကြ"

ကျင်လိဟောက်၏စကားသံက ရုတ်တရက် ပွင့်လွင့်ထွက်ပေါ်လာသည်။

ဝမ်းယန်က ချောင်ဝှာ၏ပခုံးကို လှမ်းပုတ်ကာ ...

"ကဲ ... လာ ... တို့ကို ခေါ်နေပြီ၊ သွားကြရအောင်"

မကြာမီ ...

ကျောက်တုံးကြီးတစ်ခုအနီး၌ စကားပြောနေကြသော ကျင်လိဟောက်တို့ သားအဖအနီးသို့ ရောက်ရှိလာခဲ့ကြလေသည်။

ကျင်လိဟောက်က ...

"မောင်ရင်တို့ လိုက်လာကြမယ်ဆိုတာ အထင်သားပဲ"

ချောင်ဝှာက ...

"ဦးကြီးတို့ သားအဖ ဘယ်လိုအရေးတကြီးကိစ္စရှိလို့ ညကြီးသန်းခေါင် ဒီမှာ လာတိုင်ပင်နေကြတာပဲ"

ကျင်လိဟောက် ပြုံးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဪ ဒီလိုကွ … ညနေက ကျန်ယင်းလျှံကို ပြောစရာရှိ[illegible]ငါက ပြောလိုက်မိတယ်၊ အဲဒါကို သူက ဘာများလဲဆိုတာ သိချင်[illegible] တစ်ရေးနိုး ထ,မေးတာပဲကွ၊ ငါလည်း သူများတွေ အနှောင့်အယှ[illegible] မဖြစ်အောင် ဒီကိုခေါ်လာပြီး ပြောဆိုနေတာ"

"ဘယ်လိုကိစ္စများလဲဟင်"

"အရေးကြီးတဲ့တာဝန်တစ်ခုအတွက်ပါ"

ထိုအခါ ဝမ်းယန်သည် မျက်မှောင်ကုတ်ကာ …

"ဘယ်လိုအရေးကြီးတာလဲ ခင်ဗျာ"

ကျင်လီဟောက်က …

"ကျုံကျတ်တောင် တိုက်ပွဲမှာတုန်းက တို့ခေါင်းဆောင်[illegible] ရဲ့သား ရှောင်ကျန်း ရန်သူ့လက်ထဲ ကျသွားတယ်၊ တို့တစ်တွေ [illegible] ကယ်ပေးမယ့် မအောင်မြင်ခဲ့ဘူး …၊ ဒါကြောင့် ဒီတာဝန်ကို ဆက်ပြီး ထမ်းဆောင်ဖို့ တိုင်ပင်[illegible] ကြတာပါ"

"ရှောင်ကျန်းသတင်းကော စုံစမ်းလို့ ရပြီလား"

"အေး … တို့ရဲ့ဆက်သားဆီက သတင်းပို့လာတယ်"



"ဘယ်လိုသတင်းလဲ"

"သခင်လေး … ရှောင်ကျန်းဟာ ဝေချူးမင်းသားစံအိမ်ကို ရောက်နေတယ်တဲ့၊ သူ့ကိုကယ်ဖို့ ထွက်သွားတဲ့ လိပ်ပြာရဲ့ သတင်းကိုတော့ ဘာမှမကြားရသေးဘူး"

ကျန်ယင်းလျှံက …

"သခင်လေး ရှောင်ကျန်းကို ဝေချူးမင်းသားစံအိမ်မှာ အကျဉ်းချထားတာလား အဘ"

"ဒီလိုလည်း မဟုတ်ဘူးကွဲ့၊ ဆက်သားရဲ့သတင်းပေးချက်မှာ ရှောင်ကျန်းက ဝေချူးမင်းသားဆီမှာ သစ္စာခံ အမှုထမ်းနေတယ် ဆိုပဲ"

ဝမ်းယန်က ခေါင်းခါလိုက်၏။

"ဟင် … ဒါက ဘာသဘောလဲ၊ မဖြစ်နိုင်ဘူး ထင်တယ်"

"အေး … ဒါကြောင့်လည်း ငါက ချောင်ဗှာနဲ့ကျန်ယင်းလျှံကို ကျုံကျတ်မြို့တော်ဆီ သွားခိုင်းမလို့ကွ"

ကျင်လီဟောက်၏စကားကြောင့် ဝမ်းယန်က ချောင်ဗှာ[illegible]ကို လှမ်းကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဝှာမှာ ကျန်ယင်းလျှံနှင့်အတူ တာဝန်ထမ်းဆောင်မည်ဆို၍ ရင်ထဲလှုပ်ရှားသွား၏။

ထိုစဉ် ...

ကျင်လိဟောက်က ဆက်၍ရှင်းပြလိုက်၏။

"ဘာဖြစ်လို့ သူတို့နှစ်ယောက်ကို လွှတ်ရသလဲဆိုတော့ ချောင်ဝှာက မျက်နှာစိမ်းဖြစ်နေတယ်၊ တာလိတွေ သူ့ကိုမသိဘူး

ကျန်ယင်းလျှံက နယ်မြေကျွမ်းကျင်တယ်၊ တာလိတွေ သူ့ကို မျက်မှန်းမတန်းမိကြဘူး။ သူတို့နှစ်ယောက်က ချစ်သူ အဖြစ် မြို့တော်ထဲဝင်ပြီး စုံစမ်းရင် ဘယ်သူမှ ရိပ်မိကြမှာ မဟုတ် လေ"

ချစ်သူစုံတွဲဟူသော စကားကြောင့် ချောင်ဝှာရော ကျန်ယင်း လျှံပါ မျက်နှာမထားတတ်အောင်ဖြစ်ပြီး ခေါင်းငုံ့သွားကြလေသည်

"အဲဒီကိစ္စအတွက် ငါတို့ ဆွေးနွေးတိုင်ပင်နေကြတာ"

ကျင်လိဟောက်သည် တစ်ဆက်တည်းပင် ဝမ်းယန့် လှည့်ကာ ...

"ကဲ ... မင်း ဘယ်လိုသဘောရသလဲ"



ဝမ်းယန့်က ပြုံးရင်း ...

"ဟာ ... ဒါ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ နောက်ပြီး သူတို့ နှစ်ယောက်ကလည်း တကယ့်ချစ်သူစုံတွဲလိုပါပဲ၊ ဘယ်သူကမှ သံသယဝင်ကြမှာ မဟုတ်ဘူး"

ချောင်ဝှာနှင့်ကျန်ယင်းလျှံတို့ နှစ်ယောက်စလုံး ပို၍ပင် ခေါင်းမဖော်ရဲအောင် ဖြစ်သွားကြလေတော့၏။

❖

နောက်တစ်နေ့တွင် ...

ကျင်လိဟောက်သည် သူ၏အစီအစဉ်ကို အားလုံးသိအောင် ဖွင့်ပြောပြီး သဘောထားတောင်းခံခဲ့သည်။

အားလုံးက ကျေနပ်အားရလက်ခံကြသည့်အတွက် ကျိုကျတ်မြို့ တာလိနယ်မြေကို ချောင်ဝှာနှင့်ကျန်ယင်းလျှံကို စေလွှတ်ရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

တတိယမြောက်နေ့တွင် ...

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဗှာနှင့်ကျန်ယင်းလျှံတို့ ကျုံကျုတ်မြို့သို့ ဦးတည်ထွက်ခွာသွား၏။

ကျင်လိဟောက်က ခါးကုန်းကြီးတို့လူစုကို ဦးဆောင်ကာ ရှောင်ချူးစွေတို့လူစုနှင့် ပူးပေါင်းရန် ထွက်ခွာသွားသည်။

တုရွှန်းအော်၊ ကျင်းကျိုနှင့် ကျင်းဝါတို့ သားအမိသုံးယောက်တို့အပြင် တာကျင်းရှောင်တို့အဖွဲ့က ရွှေရုပ်တုများကို လှို့ဝှက်စောင့်ကြပ်ရန် ကျန်နေရစ်ခဲ့ကြ၏။

❖

နောက်ထပ် နှစ်ရက်ခန့်ကြာသောအခါ ...

ချောင်ဗှာနှင့်ကျန်ယင်းလျှံတို့သည် ကျုံကျုတ်မြို့ထဲသို့ ရောက်ရှိလာကြလေတော့၏။

ထို့နောက် ...

သူတို့သည် ဝေချူးမင်းသား၏အိမ်တော်ကို မယောင်မလယ်ဖြင့် သွားရောက်အကဲခတ်ကြည့်ကြ၏။



ညဥ့်နက်သန်းခေါင်ရောက်မှ ဝတ်စုံနက်များကို ဝတ်ဆင်လျက် စံအိမ်တော်ဝင်းအနီးသို့ ချဉ်းကပ်သွားခဲ့ကြသည်။

သူတို့သည် မှောင်ရိပ်ခိုပြီး ခြံဝင်းအတွင်းသို့ ဝင်ရောက်လိုက်ကြ၏။

ထူးခြားသည်ကား ...

အစောင့်အကြပ်များကို လုံးဝမတွေ့ရခြင်းပင်။

ထို့ကြောင့် ...

စံအိမ်တော်သို့ အလွယ်တကူပင် ချဉ်းကပ်လာနိုင်ခဲ့ကြ၏။

ထိုစဉ် ...

အခန်းထဲမှ စကားသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျန်ယင်းလျှံ ပြတင်းပေါက်အနီးသို့ လှစ်ခနဲပြေးကပ်၍ နားစွင့်လိုက်၏။

"ဒီလိုအဆောင်အယောင် အခြွေအရံတွေနဲ့ သွားချင်ရာမသွားရ၊ လုပ်ချင်တာ မလုပ်ရ ချုပ်ချယ်ခံနေရတာ အကျဉ်းကျတာနဲ့ ဘာထူးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုတစ်ဦး၏စကားသံဖြစ်၏။

ကျန်ယင်းလျှံ စိတ်ဝင်စားသွားပြီး အတွင်းဘက်သို့ ချောင်းကြည့်လိုက်သည်။

"လှောင်ချိုင့်စံငှက်ငယ်လိုဖြစ်နေတဲ့ ကျွန်မဘဝကို စာနာပါရှင်"

တာလီမင်းသမီးဝတ်စုံနှင့် မိန်းမပျိုက လုလင်ပျိုတစ်ဦးကို တောင်းပန်ခယနေခြင်း ဖြစ်၏။

သေချာကြည့်လိုက်တော့ ...

လုလင်ပျိုမှာ သခင်လေးရှောင်ကျန်း ဖြစ်နေပေသည်။

"ဟင် ... ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်"

ကျန်ယင်းလျှံမှာ နားမလည်နိုင်အောင် ဖြစ်သွားရတော့သည်။

သူတို့နှစ်ယောက်ကား လွန်စွာရင်းနှီးစွာဖြင့် မျက်နှာချင်းဆိုင်ထိုင်၍ စကားပြောနေခြင်း ဖြစ်သည်။

ရှောင်ကျန်းမှာ အကျဉ်းသားနှင့်မတူလည်း မင်းသားလေးတစ်ပါးလို ဖြစ်နေ၏။



ထို့ကြောင့် ...

ကယ်တင်ရန်ရောက်ရှိလာသော ကျန်ယင်းလျှံမှာ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

ယင်းအခိုက်မှာပင် ...

ရှောင်ကျန်းသည် စာရေးစားပွဲရှိရာသို့ လျှောက်သွား၏။

စာရွက်ပေါ် တစ်စုံတစ်ရာရေးရင်း အလိုမကျဟန်ဖြင့် လုံးခြေကာ ပြတင်းပေါက် အပြင်ဘက်သို့ ပစ်လွှင့်လိုက်၏။

စာရွက်သည် ကျန်ယင်းလျှံရှိရာသို့ တန်းတန်းမတ်မတ်ပင် ကျရောက်လာသည်။

အကြောင်းရှိမည်ဟု တွေးကာ ကျန်ယင်းလျှံ စာရွက်ခေါက်ကို ကောက်ယူကြည့်လိုက်သည်။

စာရွက်ပေါ်၌ စာတိုတစ်ကြောင်း ရေးထား၏။

*'တစ်အောင့်လောက်ကြာမှ လာပါ'*

ချောင်ဂှာသည် ထောင့်ချိုးတစ်နေရာမှ အရိပ်အခြည်စောင့်ကြည့်နေ၏။

ရုတ်တရက် ...

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘက် ခပ်လှမ်းလှမ်းမှ လူရိပ်တစ်ရိပ် ဖျတ်ခနဲ လှုပ်ရှား ပြီး ချုံပင်များအကြား ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရ၏။

ချောင်ဝှာ ထိတ်ခနဲဖြစ်သွား၏။

လူရိပ်လှုပ်ရှားသွားပုံက လေပြင်းတစ်ချက် လှုပ်ခနဲ တိုက် ခတ်သွားသလို လျှင်မြန်လှသည်။

ရန်သူလား …

မိတ်ဆွေလား။

ချောင်ဝှာ မခွဲခြားတတ်ပါ။

ထိုစဉ် …

"ဟင်း … ဟင်း … ဟင်း"

ချုံပင်ကြားမှ ခပ်ညင်းညင်းရယ်သံ ထွက်လာ၏။

ချောင်ဝှာ စဉ်းစားတွေဝေမနေတော့ပါ။

ရယ်သံထွက်ပေါ်လာရာ ချုံပင်ကြားသို့ လှံတစ်ပြက် ပစ် ဝင်လိုက်၏။

❖



ဤတွင် …

အေးမြသော လေလုံးတစ်လုံး သူ့မျက်နှာဆီ တိုးဝင်လာ သည်။

ချောင်ဝှာ ထိတ်ခနဲဖြစ်ကာ ပျာပျာသလဲပင် ကိုယ်ကို စောင်းလှည့်၍ ရှောင်လိုက်ရ၏။

'ဝှီး'

ဓားချက်တစ်ချက် သူ့မျက်နှာအနီးမှ ပွတ်ကာသီကာ ဖြတ် ကျော်သွားသည်။

ချောင်ဝှာမှာ တစ်ဖက်ရန်သူကို လုံးဝအထင်မသေးရဲတော့ ပါ။

ရန်သူ၏ဓားကလည်း ကောင်းလှ၏။

တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် အေးစိမ့်သောအငွေ့အ သက်ကာ ဖြာထွက်လာ၏။

ဤသည်ကပင် ဓား၏အရည်အသွေးကို ဖော်ပြရာ ရောက် နေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်ဖျတ်လတ်သော ချောင်ဝှာက ကိုယ်ကို ဘေး ရှိပ်ခနဲရှောင်ကာ လက်ဝါးတစ်ချက် ရိုက်သွင်းလိုက်သည်။

ရန်သူကလည်း ဓားချက်ကို ပိုက်သိမ်းပြီး ပင့်တင်လိုက်၏

ချောင်ဝှာ၏ရိုက်ချက်မှာ ရန်သူအား ထိမှန်နိုင်သော်လည်း ရန်သူ၏ပင့်တင်လာသော ဓားချက်ကြောင့် ရိုက်ချက်ကို ကပျာကယာ ရုပ်သိမ်းလိုက်ရသည်။

သို့မဟုတ်ပါက ရန်သူ၏ဓားချက်ကြောင့် သူ၏လက် ထ ပိုင်းပြတ်သွားနိုင်သည်။

"ဟင်း ... ဒီလောက်ပညာလေးနဲ့ သူများနောက်လိုက်ချေ ဝင်လုပ်နေရသေးတယ်"

အသံမှာ မိန်းမပျိုတစ်ဦး၏အသံဖြစ်သည်။

မိမိအား တာလီလက်ပါးစေဟု ထင်မှတ်ပြီး တိုက်ခိုက် ခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

ထိုမိန်းမပျို မည်သူနည်း။

သူမ၏သိုင်းပညာကလည်း အဆင့်မြင့်လှသည်။

ချောင်ဝှာ တစ်ချက်တွေဝေသွားစဉ်မှာပင် ...



'ဗြိုး ... ဝှစ် ... ဝှစ်'

မိန်းမပျို၏ဓားချက်များက တရစပ် တိုးဝင်လာတော့သည်။

သူမသည် ဝတ်စုံနက်နှင့် မျက်နှာဖုံးစွပ်ထားသဖြင့် ညအမှောင်၌ ရိပ်ခနဲ ရိပ်ခနဲ ဖြစ်နေပေသည်။

တော်ရုံတန်ရုံ လူတစ်ယောက်ဆိုလျှင် သူမ၏ဓားအောက်၌ အသက်ပျောက်နေလောက်ပေပြီ။

ချောင်ဝှာကိုယ်တိုင်ပင် လက်နက်မဲ့ယှဉ်ပြိုင်ရန် မဖြစ်နိုင်တော့သဖြင့် ခါး၌ပတ်ထားသော သံသေဓားကို ဖြုတ်ယူလိုက်ရလေသည်။

တစ်ခဏအတွင်းမှာပင် ဓားကွက်သုံးဆယ်မျှ တိုက်ခိုက်ပြီး ဖြစ်သွားသည်။

❖

ချောင်ဝှာမှာ တိုက်ခိုက်ရင်း အံ့အားသင့်လာသည်။

အကြောင်းမှာ ...

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏သိုင်းကွက်များသည် ဓားပျံဝမ်းယန်၏သိုင်းကွက်များနှင့် တူနေသောကြောင့် ဖြစ်သည်။

ချောင်ဗှာက မိန်းမပျိုအား လှမ်းမေးရန် ဟန်ပြင်လိုက်သည်။

သို့သော် ...

မိန်းမပျို၏ဓားက ဝါးလုံးထိုးတန်းဝင်လာသောကြောင့် သံသေဓားနှင့် ကမန်းကတန်း ရိုက်ဖယ်လိုက်ရသည်။

'ခြွမ်း'

'ထန်း'

ဓားနှစ်လက်ထိတွေ့ပြီး မီးပွင့်သွားသည်။

ထူးဆန်းသည်ကား ...

သံသံချင်း ဖြတ်တောက်နိုင်သော ဓားနှင့်ထိသည့်တိုင် မိန်းမပျို၏ဓားသည် ကျိုးပြတ်မသွားခြင်းပင် ဖြစ်သည်။

မိန်းမပျိုလည်း အံ့အားသင့်သွားသည်။

သူ၏ဓားသည် ကျူကျတ်တောင်တိုက်ပွဲ၌ ရရှိခဲ့သော ငွေနဂါးလုံးအော်၏ဓားဖြစ်သည်။



သိုင်းလောက၏ပထမတန်းစား ဓားတစ်လက်ဖြစ်၏။

ယခု ...

ရန်သူ့ဓားချက်နှင့် အနည်းငယ် ပဲ့ထွက်သွားရချေပြီ။

ထိုစဉ် ချောင်ဗှာက ...

"ခင်ဗျား ဘယ်သူလဲ၊ အစ်ကိုကြီးဝမ်းယန်ကို သိသလား"

"ဟင်း ... ဟင်း ... ရှင်က ဘာကောင်မို့ အစ်ကိုကြီးဝမ်းယန်ကို မေးရတာလဲ"

ယင်းအခိုက်မှာပင် ...

ကင်းလှည့်လာသော တာလိရဲမက်နှစ်ယောက်သည် ၎င်းတို့အား မြင်တွေ့သွားကာ ...

"ဟေ့ ... ဘယ်သူလဲ"

အော်ဟစ်မေးမြန်းရင်း ပြေးလွှားရောက်ရှိလာကြ၏။

လူစိမ်းများဖြစ်ကြောင်း သိလိုက်ရသည်နှင့် ဘာမျှမပြောတော့ဘဲ တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ဓားရှည်ကိုင်ထားသော တာလီရဲမက်က မိန်းမပျိုကို တရကြမ်း ဝင်ရောက်တိုက်ခိုက်သည်။

'ယား'

'ခြွမ်း'

'ခြွင် ... ခြွင်'

'ဗိုး ... ဝှစ် ... ဝှစ်'

ဓားနှစ်လက်ထိခိုက်သံများ ရူးရူးရှရှ ထွက်ပေါ်လာ၏။

နှစ်ယောက်စလုံး နောက်သို့ ဆုတ်လိုက်ကြသည်။

တာလီရဲမက်သည် အံ့အားတသင့်ဖြင့် မိန်းမပျိုကို ကြည့်ကာ ...

❖

"မင်း ... မင်း ... ငါတို့ဆရာရဲ့ဓားကို ဘယ်တုန်းက ခိုးယူသွားတာလဲ"



"ဟင်း ... ဟင်း ... ရှင်က ရှင့်ဆရာရဲ့ဓားကိုတော့ မှတ်မိသားပါလား"

တာလီရဲမက် နောက်တစ်ယောက်မှာ ချောင်ဗှာကို တိုက်ရမည်လား။

မိန်းမပျိုကို တိုက်ရမည်လား။

ခွဲခြားမသိဟန် ကြောင်ငေးနေ၏။

ချောင်ဗှာက အေးအေးဆေးဆေးပင် ကြည့်နေမိလေသည်။

"ကဲ ... ရှင့်ဆရာရဲ့ဓား ဘယ်လောက်စွမ်းသလဲဆိုတာ ကြည့်လိုက်ဦး"

မိန်းမပျိုက ပြောရင်း ဓားကို ဝှေ့ယမ်းလိုက်၏။

'ဝှစ်'

'ဝှစ်'

'ဝှစ်'

ဓားကိုင်တာလီရဲမက်သည် ထိတ်လန့်တကြား ပြန်လည်ခုခံလိုက်ရ၏။

'ထန်း'

www.burmeseclassic.com

www.burmeseclassic.com



ဓားချင်း ပြင်းထန်စွာ ထိတွေ့သွား၏။

တာလိရဲမက်၏ဓားမှာ ကျိုးပဲ့ထွက်သွားလေ၏။

တာလိရဲမက် ထိတ်လန့်သွား၏။

အမှန်တော့ ...

သူသည် အတွင်းအားကောင်းသော အဆင့်မြင့်ဓားသမား တစ်ဦး ဖြစ်သည်။

ထို့ပြင် ...

မြွေနဂါးလုံးအော်ထံမှ ဓားသိုင်းပညာ ရရှိထားသူလည်း ဖြစ်သည်။

အခြေအနေမဟန်ကြောင်း သိသည်နှင့် ဂူတန်းဓားကွက်ကို ထုတ်၍ တစ်ဖက်ရန်သူ၏အတွင်းအားကို ယုတ်လျော့စေခြင်းကြောင့်သာ ...

သူ၏ဓားသည် ထက်ပိုင်းပြတ်ထွက်မသွားခြင်း ဖြစ်လေသည်။

ထိုရဲမက်သည် မြွေနဂါးလုံးအော်၏ဓားသိုင်းပညာဖြင့် မာန်တက်နေသူဖြစ်ရာ ...



"ဟင်း ... မင်းဓား ဘယ်လောက်ထက်ထက် ငါ့ကိုနိုင်မယ် မထင်နဲ့"

ရဲမက်သည် လက်ထဲမှဓားကို ရေလှိုင်းပမာ လှုပ်ရှားလိုက်ပြီး အရှိန်အဟုန်ပြင်းစွာဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။

❖

ကျန်ယင်းလျှံသည် စိတ်ဂနာမငြိမ် ဖြစ်လာသည်။

အကယ်၍ ...

တာလိရဲမက်များ အလုံးအရင်းဖြင့် ရောက်ရှိလာပါက ကိုယ်ကျိုးနည်းပေတော့မည်။

သခင်လေး ရှောင်ကျန်းကို ကယ်တင်ဖို့က ပို၍အရေးကြီးနေသည်။

အခြားတစ်ဖက်တွင်လည်း ချောင်ဟွာနှင့် တာလိရဲမက်များ ပင်ပင်းတိုးနေ၏။

သူမ ဘာလုပ်ရမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

လူရိပ်တစ်ရိပ် လှစ်ခနဲ ရောက်ရှိလာသည်။

သူမ အထိတ်တလန့် ဖြစ်သွားသည်။

ကြည့်လိုက်တော့ ...

"ဟင် ... သခင်လေး ရှောင်ကျန်း"

❖

မှန်ပါသည်။

သူမအနီးသို့ရောက်ရှိလာသူမှာ သခင်လေး ရှောင်ကျန်း ဖြစ်နေပေသည်။

သူမ ဝမ်းသာသွားပြီး ...

"ကျွန်မတို့ သခင်လေးကို လာကယ်တာ၊ သခင်လေး ဒီမှာ ..."

သူမ စကားမဆုံးမီ ...

"ကျုပ် ဝေချူးမင်းသားလေးကို အယုံသွင်းပြီး သူ့ရဲ့စံအိမ်



မှာ အမှုထမ်းနေတာ"

သူမ သက်ပြင်းချမိသည်။

"ရှင့်လိုလူတစ်ယောက်က ဒီလို မလုပ်သင့်ဘူးရှင့်"

အမှန်တော့ ...

ရှောင်ကျန်းသည် နယ်စားကြီးစံအိမ်၌ အကျဉ်းကျနေစိုက် လိပ်ပြာက နယ်စားကြီးကတော် မလီဝါထံ ဝင်တွေ့ပြီး ကယ်တင်ခဲ့သည်။

လမ်းတွင် တာလီရဲမက်များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပြီး လှကွဲသွား၏။

ရှောင်ကျန်းလည်း ပြေးမိပြေးရာ ပြေးရင်း ဝေချူးစံအိမ်ဝင်း အရောက် သတိမေ့သွားခဲ့သည်။

သတိရသည့်အခါ ဝေချူးမင်းသားက သူ့အား ပြုစုစောင့် ရှောက်ထားသည်ကို တွေ့ရ၏။

ဝေချူးမင်းသားသည် သဘောထား ပျော့ပျောင်းသူဖြစ်၏။

သူ့တစ်ပါးနယ်မြေကို ကျူးကျော်သိမ်းပိုက်ထားခြင်းအား နှစ်မြို့ခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

မင်းသား စန်သီရာသည် နယ်စားကြီး အရိုက်အရာကို ဆက်ခံပြီးနောက် စစ်ရေးအင်အားကို ပို၍တိုးချဲ့၏။

တရုတ်ပြည်ကြီးကို တိုက်ခိုက်သိမ်းပိုက်ရန် ကြံစည်သည်။

ထိုအစီအစဉ်ကို ဝေချူးမင်းသားက လက်မခံ။

သို့သော် ...

ကျုံ့ကျုတ်နယ်ကို စန်သီရာက အပိုင်ရထားခြင်းကြောင့် ဝေချူးမင်းသားမှာ ဘာမျှမတတ်နိုင်ဘဲ ရှိနေသည်။

စန်သီရာ၏ဇနီး မလိဝါကလည်း ဝေချူးမင်းသားနှင့် တစ်သဘောတည်းဖြစ်၏။

စန်သီရာကား ခေါင်းမာသူဖြစ်၏။

သူ့တွင် နယ်မြေခံ သိုင်းသမားကြီး မြွေနဂါးလုံးအော် ရှိသည်။

အနက်ရောင်သိုင်းသမားများ ရှိသည်။

ထို့ပြင် ...

ကျုံ့ကျုတ်နယ်၏နယ်မြေအနေအထားကလည်း တော



တောင်လျှိုမြောင်စိမ့်စမ်းနှင့် ပြွန်းတီး၏။

ထိုနေရာ၌ ထောင်ချောက်များ ဆင်ထားသဖြင့် တရုတ်နေပြည်တော်မှ ရဲမက်များ အလွယ်တကူ လာရောက်တိုက်ခိုက်နိုင်ခြင်း မရှိပါ။

ဤအချက်များကြောင့် ...

စန်သီရာသည် ပိုမိုအတင့်ရဲကာ နယ်မြေများကို တစ်စထက်တစ်စ တိုးချဲ့သိမ်းပိုက်ရန် ကြံစည်လာခြင်း ဖြစ်လေသည်။

သူ၏နယ်မြေအတွင်းရှိ မျိုးချစ်သိုင်းသမားများကိုလည်း ပြင်းပြင်းထန်ထန် နှိပ်ကွက်၏။

သို့ဖြစ်ရာ ...

ရှောင်ချူးဇွေ ဦးဆောင်သည့် မျိုးချစ်သိုင်းသမားများသည် ကစဉ့်ကလျားဖြစ်ကာ အင်အားမစုစည်းနိုင်ခဲ့ခြင်း ဖြစ်သည်။

❖

ထိုအခြေအနေကြောင့် ရှောင်ကျန်းသည် ဝေချူးမင်းမိ၌

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တခိုလှုံကာ တာလိတို့၏စစ်ဆင်ရေး လျှို့ဝှက်ချက်ကို မဖော်မလည်ဖြင့် ထောက်လှမ်းနေခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ ထောက်လှမ်းရင်း ...

အခြေအနေပေး၍ ထိုနေရာမှ ထွက်ပြေးရပါက မည်သို့မည်ပုံ လွတ်မြောက်အောင် ထွက်ပြေးရမည်ကိုပါ တစ်ပါတည်း တွေးလာအကဲခတ်နေခဲ့သည်။

ယင်းသို့ရှိစဉ် ...

သူသည် တာလိမင်းသမီးလေး ဝေကျိုလင်းနှင့် ရင်းနှီးခဲ့သည်။

တာလိမင်းသမီးသည် အခြေအရံအစောင့်အကြပ် အထပ်ထပ်ကြား၌ နေရသည်ကို လုံးဝမနှစ်မြို့ချေ။

သာမန်ပြည်သူတစ်ယောက်အနေဖြင့် လွတ်လပ်ပျော်ရွှင်စွာ နေထိုင်လိုသည်။

ထို့ကြောင့် ... ရှောင်ကျန်းကို အကူအညီတောင်းသည်။

တာလိများ တရုတ်ပြည်မှ ဆုတ်ခွာသွားလျှင် နယ်မြေအေးချမ်းသွားနိုင်သည်။



အေးချမ်းသောနယ်မြေ၌ အစောင့်အကြပ်မရှိ။

စစ်မက်ရေးရာ မရှိ။

ပြည်သူအပေါင်း လွတ်လပ်ပျော်ရွှင်စွာ အေးအေးချမ်းချမ်း နေနိုင်၏။

ထို့ကြောင့် ...

တာလိများ မိမိပင်ရင်းနိုင်ငံသို့ ပြန်လည်ဆုတ်ခွာသွားဖို့ လိုသည်ဟု ရှောင်ကျန်းက ရှင်းပြရာ ...

❖

"ဒါဖြင့် ... ကျွန်မ ဘယ်လိုလုပ်ရမလဲ"

"အကောင်းဆုံးက လျှို့ဝှက်ထောင်ချောက်ရှိတဲ့ မြေပုံယူပေးဖို့ပဲ၊ လျှို့ဝှက်မြေပုံ မရှိတော့ရင် တာလိနယ်စားကြီး ဒီမှာ တာရှည်မနေရဲတော့ဘူး"

"ဘာဖြစ်လို့လဲ"

ရှောင်ကျန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟန်မင်း နေပြည်တော်က စစ်ချီလာရင် ဒီမှာရှိတဲ့ အင်အားနဲ့ ရင်ဆိုင်နိုင်မလား"

"ဟာ … ဒါတော့ ဘယ်ဖြစ်နိုင်မလဲ"

"မှန်တယ် မင်းသမီး၊ နယ်စားကြီးက ထောင်ချောက်အားကိုးနဲ့ ကျုံ့ကျုတ်နယ်မှာ မင်းမူနေတာ၊ ဒီလို့ ဂုဏ်ချက်ပေါက်ကြားသွားတာနဲ့ သူ နေရဲမှာမဟုတ်တော့ဘူး"

တာလိမင်းသမီး ငေးငိုင်သွားသည်။

❖

အတန်ကြာမှ …

"ဖြစ်ပါ့မလားရှင်၊ တော်ကြာ ကျွန်မကြောင့် …"

ရှောင်ကျန်းက လက်ကာပြပြီး …

"မစိုးရိမ်ပါနဲ့ မင်းသမီး၊ နယ်စားကြီးတွေ ဆုတ်ခွာသွားတဲ့ လမ်းတစ်လျှောက် ကျုပ်တို့လူတွေ လုံးဝမနှောင့်ယှက်စေရပါဘူး၊ ကျုပ် ရဲရဲတောက် တာဝန်ယူပါတယ်ဗျာ"



ယင်းသို့ဖြင့် …

ရှောင်ကျန်းသည် တာလိမင်းသမီး၏အကူအညီဖြင့် လျှို့ဝှက်ထောင်ချောက်များ ဆင်ထားရာ မြေပုံကို ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

"ခုကိစ္စက သိပ်အရေးကြီးတယ်၊ ကျုပ်တို့ ဒီနယ်မြေကို ဘေးမရှိဘဲ အမြန်ဆုံး လွတ်မြောက်ဖို့ လိုတယ်"

ရှောင်ကျန်းက ကျန်ယင်းလျှံကို ပြောလိုက်ခြင်းဖြစ်၏။

"ကဲ … ဒါဆို ကျွန်မ အဖော်ခေါ်ပြီး ဒီက အမြန်ဆုံးထွက်ရအောင်"

ပြောပြောဆိုဆိုဖြင့် …

ကျန်ယင်းလျှံသည် ရှောင်ကျန်းနှင့်အတူ ချောင်ဝှာထဲ မြေးထွက်လာခဲ့ကြလေတော့၏။

တာလိရဲမက်သည် ဓားကွက် ၁၀ ကွက်မျှ ဆက်တိုက်ပစ်သွင်းလိုက်၏။

ဝတ်စုံနက်နှင့်မိန်းမပျိုမှာ မခံနိုင်ဘဲ နောက်သို့ ခြေလှမ်းမျှ ဆုတ်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



တာလီရဲမက်၏ဓားကွက်က ကြောက်ခမန်းလိလိပင် ဖြစ်သည်။

‘ဝှီး ဝှီး ဝှီး’

‘ခြွမ်း ... ခြွမ်း’

ဓားဖျေ့ယမ်းရာမှ ထွက်ပေါ်လာသော အသံသည် လေဖြင်း တိုက်ခတ်သလို ထင်မှတ်ရ၏။

ချောင်ဗှာမှာ ထိုမိန်းမပျိုသည် တာလီတို့၏ရန်သူဖြစ် ကြောင်း သိရသဖြင့် လိုအပ်ပါက ကူညီရန် စောင့်ကြည့်နေခြင်း ဖြစ်သည်။

မိန်းမပျို တဆုတ်တည်း ဆုတ်နေရသည်ကို မြင်တွေ့ရသည့် အခါ လှုပ်လှုပ်ရှားရှား ဖြစ်သွားမိ၏။

“ဟာ ... ရဲမက်ရဲ့ဒီဓားသိုင်းကွက်က အစ်ကိုကြီးဝမ်းယန်ရဲ့ သိုင်းကွက်နဲ့ တစ်ထေရာတည်းပါလား”

မှန်ပါသည်။

ဓားကောင်းတစ်လက် ကိုင်ထားသော မိန်းမပျိုမှာ သိုင်း ကွက်အရ ထိုရဲမက်အား မည်သို့မျှ မယှဉ်နိုင်ချေ။



ထိုစဉ် ...

ကျန်ယင်းလျှံတို့ရောက်လာရာ ကျန်ရဲမက်တစ်ယောက်က

❖

“ဟင် ... မင်း ... မင်းတို့”

ထိုရဲမက်သည် ကျာပွတ်လက်နက်ကို ကိုင်ဆောင်သူဖြစ် သည်။

ရှောင်ကျန်းကို ကောင်းစွာမှတ်မိနေ၏။

ထို့ကြောင့် ...

ဘာမျှပြောမနေတော့ဘဲ ...

‘ရွှမ်း’

ကျာပွတ်ဖျေ့ယမ်း၍ ဆီးကြို့တိုက်ခိုက်လိုက်လေတော့၏။

ရှောင်ကျန်းထံ၌ လက်နက်ပါမလာပါ။

ထို့ကြောင့် ... ကျန်ယင်းလျှံက ကျာပွတ်သမားကို ဓားဖြင့် ရင်ဆိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝိုး'

'ဝုစ်'

'ရှမ်း'

'ခြွင် ... ခြွင်'

ကျန်ယင်းလျှံသည် ကျာပွတ်သမားနှင့် ရင်ဆိုင်ရင်း ချောင်ဗွာကို လှမ်းအော်ပြောလိုက်၏။

"ချောင်အစ်ကိုကြီး ... ဟိုအမျိုးသမီးကို သွားကူလိုက်ပါ သူက ကျွန်မတို့အဖွဲ့က လိပ်ပြာလေ"

မှန်ပါသည်။ ဝတ်စုံနက်နှင့်မိန်းမပျိုသည် လိပ်ပြာဖြစ်သည်။

ကျိုးကျုတ်တောင်တိုက်ပွဲ၌ နယ်စားကြီးစန်သိရာကို လုပ်ကြံရန် ကြိုးစားခဲ့သော်လည်း ဝေါယာဉ်အတွင်း၌ စန်သိရာ ပါမလာသဖြင့် လုပ်ကြံမှု အထမမြောက်ခဲ့ခြင်း ဖြစ်သည်။

သူမသည် ချောင်ကျန်းကိုကာယ်တင်ရန် ကြိမ်ဖန်များစွာ ကြိုးစားခဲ့သူဖြစ်သည်။

❖



ယခုမှာမူ ...

စံအိမ်တော်အတွင်း ဝင်ရောက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

ရောက်လျှင်ရောက်ချင်းပင် ...

ချောင်ဗွာနှင့်တန်းတိုးကာ လူမှား တိုက်ခိုက်ခဲ့ရသည်။

မကြာမီ ...

တာလိရဲမက်ရောက်လာပြီး ယခုကဲ့သို့ တိုက်ခိုက်နေရခြင်း ဖြစ်သည်။

တကာယ်တမ်း နင်လား ငါလား ယှဉ်ပြိုင်ရသည့်အခါ တာလိ ဓားသမားသည် မိမိထက်ပို၍ အတွေ့အကြုံရင့်ကျက်သူဖြစ်ကြောင်း သိလိုက်ရသည်။

တာလိဓားသမားသည် လိပ်ပြာ၏ဓားကို ယှဉ်၍မရကြောင်း သိသည်။

ထို့ကြောင့် ...

ဓားသွားခြင်း မထိခိုက်မိအောင် ရှောင်တိမ်းတိုက်ခိုက်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာက ထိုသူ၏ဓားကို ရိုက်ချိုးရန် ကြိုးစားသော်လည်း သူ့မ၏ဓားက လေထဲတွင်သာ တဝီဝီဖြတ်ကျော်သွားသည်။

တာလီဓားသမားသည် သိုင်းကွက်သာရုံမက ကိုယ်ဖော့ပညာလည်း လိပ်ပြာထက်သာသည်။

ထို့ကြောင့် ...

လိပ်ပြာအား လှည့်ပတ် ဓော့ဝဲတိုက်ခိုက်လျက်ရှိရာ လိပ်ပြာမှာ အရှုံးမီးပိုင်းသလို အခြေအနေဆိုးသည်ထက် ဆိုးလာတော့သည်။

အမှန်တော့ ...

လိပ်ပြာ၏ဓားသိုင်းပညာမှာ ထိပ်တန်းအဆင့်တွင် ရှိသည်။

တစ်ချိန်က ...

ဂူတန်းတောင်ရသေ့ကြီး ချင်းစုန်းသည် ဂူတန်းဂိုဏ်း၏ အထွတ်အမြတ်ထားရာ ဓားနှစ်လက်ဖြစ်သော ငွေဓားနှင့်မြွေနဂါးဓားအား တပည့်တစ်ယောက်စီကို ချီးမြှင့်ခဲ့သည်။

❖



ငွေဓားကို တပည့်တစ်ယောက်က ရရှိပြီး ငွေဓားရှင်ဟူ၍ ကျော်ကြားလာ၏။ ကျန်တစ်ယောက်မှာ မြွေနဂါးဓားကို ရရှိခဲ့သည်။

သူသည်လည်း မြွေနဂါးလုံးအော်ဟူ၍ ကျော်ကြားလာခဲ့သည်။

သို့သော် ...

မြွေနဂါးလုံးအော်သည် ဆရာသမားနှင့်အတူ ပြည်သူတစ်ရပ်လုံးကို သစ္စာဖောက်ကာ တာလီတို့ထံ သစ္စာခံ ဝင်ရောက်ခဲ့၏။

ငွေဓားရှင်ကမူ တာလီတို့ကို ဆန့်ကျင်တော်လှန်သူ ဖြစ်ခဲ့သည်။

❖

ငွေဓားရှင်မသေမီ ငွေဓားနှင့်အတူ သမီးငယ်ကို လမ်းဦးကြိုသော လုလင်ပျိုအား အပ်နှံခဲ့သည်။

ငွေဓားနှင့်အတူ သမီးငယ်ကိုခေါ်ဆောင်လျက် ဂူတန်းတောင်သို့ စေလွှတ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလုလင်ပျိုသည် ချစ်သူမိန်းကလေး၏အထင်အမြင်လွဲမှားမှုကြောင့် အထူးစိတ်ထိခိုက်နေရှာနိဖြစ်သည်။

မိမိအား သစ္စာဖောက်တစ်ယောက်ဟု အထင်မှတ်ခံရသည်ထက် သေသည်က ပိုကောင်းမည်ဟု ဆုံးဖြတ်မိ၏။

သို့သော် ... ငွေဓားရှင်နှင့်တွေ့ပြီး ငွေဓားရှင်၏တာဝန်ပေးမှုဖြင့် ဂူတန်းတောင်သို့ ရောက်သွားခဲ့ခြင်းဖြစ်၏။

ချင်းစုန်းရသေ့ကြီးထံမှ ပညာရင်နို့သောက်စို့ခဲ့ရပြီး သိုင်းလောက၌ ဓားပျံဝမ်းယန်ဟူ၍ ကျော်ကြားလာခဲ့ရ၏။

ငွေဓားရှင်၏သမီးကား ယခု တာလီရဲမက်နှင့် တိုက်ခိုက်နေသော လိပ်ပြာဖြစ်ပေသည်။

လိပ်ပြာသည် ဂူတန်းတောင်သို့ ရောက်စဉ်က အခါလည်သားသာ လူမမယ်မျှသာ ရှိသေး၏။

ဝမ်းယန်၏ထိန်းကျောင်းမှုအောက်၌ အရွယ်ရောက်ကြီးပြင်းလာခဲ့ရခြင်း ဖြစ်သည်။

ဝမ်းယန်က ရသေ့ကြီး ချင်းစုန်းကိုယ်စား သူမအား သိုင်းပညာ သင်ပေးခဲ့သည်။



ထို့ကြောင့် ...

သူမသည် ငယ်စဉ်မှစ၍ အထက်တန်းကျသော ဓားသိုင်းပညာကို အခြေခံမှစ၍ ကျကျနန ပိုင်ပိုင်နိုင်နိုင် ရရှိထားသူဖြစ်သည်။

သို့ပင် ဖြစ်လင့်ကစား ...

တာလီရဲမက်နှင့်ယှဉ်လိုက်သည့်အခါ သူမသည် မည်သို့မျှ မယှဉ်နိုင်အောင် ဖြစ်နေရလေသည်။

အမှန်တော့ ...

တာလီရဲမက်သည် မြေနဂါးလုံးအော်၏တပည့်ဖြစ်ရာ လုံးအော်ထံမှ ဂူတန်းဓားသိုင်းကို ရရှိထားသူဖြစ်သည်။

ဓားသိုင်းကွက်ချင်း တူနေသဖြင့် အတွေ့အကြုံများသူက တစ်ပန်းသာနေခြင်းပင် ဖြစ်ပေတော့၏။

❖

ချောင်တွာသည် ...

လိပ်ပြာ၏အခြေအနေ ဆိုးရွားနေကြောင်း တွေ့ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်းပင် တိုက်ပွဲတွင်းသို့ ခုန်လွှားဝင်ရောက်လာလေသည်။

'ရှိုး'

'ဝှစ်'

'ဝှစ်'

'ဝှစ်'

သံသေမားကို ဝှေ့ယမ်းလိုက်ရာ မြွေတစ်ကောင်အလား တာလိရဲမက်ထံ တိုးဝင်သွားသည်။

တာလိရဲမက်သည် လိပ်ပြာအား တိုက်ခိုက်နေရာမှ ဓားတစ်လက် ရုတ်တရက် တိုးဝင်လာသဖြင့် အလန့်တကြား ဖြစ်သွား၏။

ကမန်းကတန်းပင် လက်ထဲမှဓားဖြင့် လှည့်၍ ပင့်တင်ရိုက်ထုတ်လိုက်၏။

'ထန်း'

'ရွှမ်း'

မြည်ဟိန်းသံနှင့်အတူ တာလိရဲမက်၏ဓားသည် ပျတ်ခနဲ ကျိုးကျသွားလေတော့၏။

"ဟင်"



တာလိရဲမက် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ထိုအချိန်တွင် ... ချောင်ဗှာက လိပ်ပြာအား ...

"ကဲ ... သွားစို့"

လှမ်းခေါ်ပြီး ပြေးထွက်သွားရန် ဟန်ပြင်လိုက်၏။

အခြားတစ်ဖက်၌ ကျာပွတ်ကိုင် တာလိရဲမက်ကို ရင်ဆိုင်နေသော ကျန်ယင်းလျှံကလည်း ကျာပွတ်သမားကို နောက်ဆုတ်အောင် တိုက်ပြီး ချောင်ဗှာတို့နှင့် လာရောက်ပူးပေါင်းသည်။

ရှောင်ကျန်းက ၎င်းတို့အား ဦးဆောင်ကာ စံအိမ်တော်ဝင်း၏မလှမ်းမကမ်းဆီသို့ ဦးဆောင်ပြေးလွှားသွားရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် ...

"ဟား ... ဟား ... ဟား ... ဒီလိုနဲ့ လွယ်လွယ်ထွက်လို့ ရရိုးလားကွ"

မိုးခြိမ်းသံလို စကားသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာခဲ့လေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



စကားသံနှင့်အတူ တာလီရဲမက် ၃၀ ကျော်ခန့် ဝိုင်းရံရောက်ရှိလာလေတော့၏။

နယ်စားကြီး၏အထူးတပ်ဖွဲ့ပင် ဖြစ်ပေသည်။

ဦးဆောင်လာသူကား မြေနဂါးလုံးအော်ပင် ဖြစ်ပေတော့သည်။

ရှောင်ကျန်းတို့လူစုမှာ တာလီရဲမက်များ၏ဝိုင်းရံခြင်းကို ခံလိုက်ရပြီဖြစ်ရာ အတင်းတိုးဖောက်ထွက်မှ ဖြစ်ပေတော့သည်။

အရေးကြီးသည်မှာ ...

လျှို့ဝှက်ထောင်ချောက်မြေပုံကို ဝမ်းယန်တို့လူစုထံ ပေးနိုင်ဖို့သာ ဖြစ်၏။

ထို့ကြောင့် ...

ရှောင်ကျန်းသည် လျှို့ဝှက်မြေပုံကို ကျန်ယင်းလျှံထံ ပေးအပ်ကာ ...

"ကျန်းညီမ ... ဒီမြေပုံဟာ ကျုပ်တို့အသက်ထက် အရေးကြီးတယ်၊ ကျုပ်တို့ ဒီကောင်တွေကို ထိုးဖောက်ထွက်မယ်၊ ဘယ်လိုကိစ္စမျိုးပဲ ရှိနေပါစေ၊ ကျန်းညီမ လွတ်အောင်ပြေးပါ၊ တာလီတွေ ညီမနောက် မလိုက်နိုင်အောင် ကျုပ်တို့ တားထားမယ်"



ပြောပြီး တာလီရဲမက်များကို ရင်ဆိုင်လိုက်၏။

"ဟေ့ ... သူတို့ တစ်ယောက်မှမလွတ်စေနဲ့၊ အသေရရ အရှင်ရရ အားလုံးကို မိအောင်ဖမ်း"

လုံးအော်က အော်ဟစ်အမိန့်ပေးလိုက်ခြင်း ဖြစ်၏။

ထိုအခါ ...

တာလီရဲမက်များသည် ပုဆိန်အုံ တုတ်နှင့်ဓားသလို အလုံးအရင်းနှင့် ပြေးဝင်လာကြလေတော့၏။

"ယား"

'ခြွမ်း ... ခြွမ်း ... ခြွမ်း'

'ဒိုး'

'ဝှစ် ... ဝှစ် ... ဝှစ်'

ရှောင်ကျန်းတို့ဘက်တွင် စုစုပေါင်း လေးယောက်သာ ရှိ၏၊ ရန်သူများမှာ သုံးဆယ်ကျော်ခန့် ရှိသည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျန်းတို့လူစုသည် တစ်ယောက်လျှင် ရန်သူရှစ်ယောက်ခန့်၏ ဝိုင်းရံပိတ်ဆို့ တိုက်ခိုက်ခြင်းကို ခံနေရလေသည်။

အခြေအနေကား လွန်စွာဆိုးရွားလှပေ၏။

❖

ချောင်ဟွာမှာ လုံးအော်နှင့် ရင်ဆိုင်တိုက်ခိုက်နေရသည်။

လုံးအော်၏ဓားမှာ သာမန်ဓားတစ်လက်သာ ဖြစ်၏။

သို့သော် ...

သံသေဓားလက်ကိုင်ထားသော ချောင်ဟွာမှာ လုံးအော်၏ တရကြမ်းတိုက်ခိုက်မှုကို အသည်းအသန် ခုခံကာကွယ်နေရသည်။

လုံးအော်၏ပြင်းထန်သောဓားချက်များက ချောင်ဟွာအား နောက်သို့ တစ်ဆုတ်တည်း ဆုတ်သွားစေလေသည်။

သို့သော် ...

ချောင်ဟွာက သံသေဓားကို မှတ်နေအောင် လှည့်ပတ်ထားခြင်းကြောင့် လုံးအော်မှာ ထင်သလောက် ခရီးမပေါက်နိုင်အောင် ဖြစ်နေရလေတော့သည်။



ဓားသိုင်းပညာနှင့် အတွင်းအားပညာတွင် လုံးအော်က များစွာ သာလွန်၏။

သို့သော် ...

ချောင်ဟွာ၏သံသေဓားနှင့် ထိပ်တိုက်မတွေ့အောင် ရှောင်နေရသဖြင့် စိတ်ရှိတိုင်း တိုက်ခိုက်၍မရဘဲ ဖြစ်နေသည်။

ထို့ပြင် ...

ဓားပျံဝမ်းယန် သတိပေးသည့်စကားကို ပြန်လည် ကြားယောင်မိခြင်းကြောင့်လည်း ဤမျှအထိ အနိုင်အရှုံးမရှိအောင် ရင်ဆိုင်နိုင်ခြင်း ဖြစ်သည်။

ဓားပျံဝမ်းယန်က ...

"ညီလေး ... မင်းရဲ့သိုင်းပညာနဲ့ ဒီဓားကို ပိုင်ဆိုင်ပြီဆိုရင် သိုင်းလောကမှာ သိပ်အမှုထားလောက်စရာ မရှိတော့ဘူး၊ အဲ ... ဒါပေမဲ့ မြွေနဂါးလုံးအော်နဲ့တွေ့ရင်တော့ သူနဲ့ ဖက်ပြိုင်ပြီး တိုက်ကွက်မဆင်နဲ့"

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



"လုံးအော်ရဲ့ အတွင်းအားပညာက အတော့်ကို မြင့်လို့ပဲ၊ ရှေ့ရှည်မှာ မင်း ဒုက္ခရောက်သွားနိုင်တယ်၊ နောက်ပြီး သူက တိုက်စစ်ကို ပိုအားသန်တယ်၊ တိုက်စစ်ကို အလေးသုံးဆယ်အားပြုတဲ့အတွက် ဟာကွက်တစ်ခုခု သေချာပေါက် ပေါ်လာမှာပဲ၊ ဒါဟာ မင်းအတွက် အကွက်ကောင်း ဖြစ်လိမ့်မယ်"

ချောင်ဗုာသည် ထိုစကားများကို ပြန်လည်ကြားယောင်မိသည့်အခါ တိုက်စစ်ထက် ခံစစ်ကို ပို၍အားပြုလေတော့၏။

လုံးအော်မှာ ချောင်ဗုာလို နာမည်မရှိသူကို နိုင်အောင် မတိုက်နိုင်သဖြင့် ဒေါပွလာ၏။

ဒေါပွလေ တရကြမ်းတိုက်ခိုက်လေဖြစ်ရာ ... ဟာကွက်လစ်ကွက်များ ပေါ်ထွက်လာလေတော့သည်။

ပေါ်လာသမျှဟာကွက်ကို ချောင်ဗုာက အလွတ်မပေးဘဲ တိုက်ခိုက်ရာ လုံးအော်မှာ ပျာယီးပျာယာဖြင့် မနည်းပင် ရှောင်တိမ်းခုစ်ရသည်။

"ဟိုက် ... ဘယ်ကထွက်လာတဲ့ ကောင်လေးပါလိမ့်၊ သူ့မှာ အင်မတန်ထူးဆန်းတဲ့ ဓားတစ်လက်ရှိတာ အံ့ဩစရာ မဟုတ်ပေမယ့် သူ့ရဲ့ဓားသိုင်းပညာက တော်တော်ထူးဆန်းတာပဲ"



လုံးအော်အနေဖြင့် အံ့ဩမည်ဆိုလည်း အံ့ဩစရာပင်။

ဂူတန်းတောင်မှဆင်းလာပြီး နှစ်ပေါင်း နှစ်ဆယ်အတွင်း သူ့ အနေဖြင့် အရေးနိမ့်ခဲ့ဖူးသည်ဟူ၍ မရှိဘူးသေးပါ။

လွန်စွာကျော်ကြားသော ချင်းမိန်တောင်ကျင်လိပေါက်ကိုပင် လက်ရှည်တူ ယှဉ်ပြိုင်နိုင်ခဲ့၏။

"တောက် ... နို့နံ့မစင်သေးတဲ့ကောင်လေးကျမှ ရှုံးရမယ်ဆိုရင် ရာဇဝင်ရိုင်းရှေ့မယ်"

လုံးအော်သည် မခံချိမခံသာတွေးရင်း တရကြမ်းတိုက်ခိုက်လိုက်ပြန်လေ၏။

'ဝီး ... ဝီး ... ဝီး'

'ခြွမ်း ... ခြွမ်း ... ခြွမ်း'

လေတိုးသံနှင့် ဓားသံများက ဆူညံစွာ ထွက်ပေါ်လာ၏။

နောက်ထပ်သိုင်းကွက် နှစ်ဆယ်ခန့် ယှဉ်ပြိုင်ပြီးသည်အထိ လုံးအော်မှာ ချောင်ဗုာကို အနိုင်ရအောင် မတိုက်ခိုက်နိုင်ဘဲ ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ယင်းလျှံ၊ လိပ်ပြာနှင့် ရှောင်ကျန်းတို့သည် ဗိုင်းရုံထားသော တာလီရဲမက်များကို အတင်းထိုးဖောက်လျက် ရှိသည်။

'ခြွမ်း'

'ခြွမ်း'

'ဝုန်း'

'အား'

တာလီရဲမက်အချို့ ကျဆုံးကုန်သော်လည်း နောက်သို့ရှဲသွားခြင်း မရှိပေ။

ရှောင်ကျန်းတို့မှာ များပြားလှသော ရန်သူများနှင့် ရင်ဆိုင်နေရသောကြောင့် အချိန်ကြာလာသည်နှင့်အမျှ လက်ပန်းကျစပြုလာသည်။

ဤအတိုင်းဆိုလျှင် ...

စံအိမ်တော်ဝင်းအတွင်းမှ ထိုးဖောက်ထွက်ခွာသွားရန် မဖြစ်နိုင်တော့ချေ။

❖



ရှောင်ကျန်းမှာ စိတ်ပူစပြုလာ၏။

မိမိ ခက်ခဲစွာရယူထားသော မြေပုံကို နေပြည်တော်သို့ ယူဆောင်ပေးပို့နိုင်ရန် အရေးကြီးနေ၏။

သို့မှသာ ...

နေပြည်တော်မှ ဘုရင့်ရဲမက်များ ကျုံကျတ်သို့ အန္တရာယ်ကင်းစွာ စစ်ချီနိုင်မည်ဖြစ်၏။

ဘုရင့်ရဲမက်များ အန္တရာယ်ကင်းစွာ စစ်ချီလာကြောင်း သိလျှင် တာလီများသည် ကျုံကျတ်၌ ကြံ့ကြံ့ခံ ရပ်တည်ပုံကြတော့မည် မဟုတ်ပါ။

တာလီနယ်သို့ မုချ ထွက်ခွာကြရပေတော့မည်။

ထို့ကြောင့် ...

ရှောင်ကျန်းသည် လျှို့ဝှက်မြေပုံကို နေပြည်တော်သို့ အရောက် ပို့ဆောင်ရန် ဆန္ဒစောလျက် ရှိနေမိ၏။

သို့သော် ... တာလီရဲမက်များကို ဖောက်ထွက်မနိုင်သေးဘဲ ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်ကလည်း များလာ၏။

ကျန်ယင်းလျှံနှင့်လိပ်ပြာတို့၏အခြေအနေကလည်း သိပ်မကောင်းတော့။

ဒဏ်ရာဒဏ်ချက်များဖြင့် သွေးအလူးလူး ဖြစ်နေချေပြီ။

ချောင်ဝှာကို လှမ်းကြည့်လိုက်ပြန်တော့လည်း လုံးအော်နှင့် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေရဆဲ ဖြစ်၏။

တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုမှ ကူညီ၍ မရအောင် အကြပ်ရိုက်လျက် ရှိနေပေတော့သည်။

❖

အခြေအနေကား လွန်စွာရှုပ်ထွေးနေပေပြီ။

ရှောင်ကျန်းတို့လူစုကား ယှဲ့ယှဲ့မျှသာ ရှိတော့၏။

နောက်ထပ် အချိန်အနည်းငယ်ကြာလျှင် အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်လာကြသည့် ရန်သူလက်ချက်နှင့် အသက်ပျောက်ရန်သာ ရှိနေချေပြီ။



ချောင်ဝှာလည်း သံသေတား အားကိုးနှင့် ရင်ဆိုင်နေရသည်။ လုံးအော်က သိုင်းကွက်အသာဖြင့် တရစပ် တိုက်ခိုက်နေဆဲ ဖြစ်၏။ ယင်းသို့ တိုက်ခိုက်နေစဉ် ...

"အမယ်လေး"

ကျန်ယင်းလျှံ၏အော်သံ ထွက်လာသဖြင့် ချောင်ဝှာ ထိတ်ခနဲ ဖြစ်သွား၏။

ဖျတ်ခနဲ လှမ်းကြည့်လိုက်စဉ်မှာပင် ...

❖

'ခွမ်း'

လုံးအော်၏ဓားက ရင်ဝသို့ ကန့်လန့်ဖြတ်ဝင်ရောက်လာသည်။

သူ အလန့်တကြားဖြင့် ရှောင်လိုက်ရ၏။

သို့တိုင်အောင် ...

'ဖြု'

www.burmeseclassic.com

www.burmeseclassic.com



ရင်ဝကို ရှပ်ထိကာ အကျီရုတ်ပြဲသွား၏။

ကျန်ယင်းလှုံလည်း ရှပ်ထိထားသော ဓားဒဏ်ရာကြောင့် သွေးချင်းချင်း နီနေသည်။

ရှောင်ကျန်းလည်း ထူးမခြားနားပင် ...

လိပ်ပြာ၏အခြေအနေက ပိုဆိုး၏။

ထိုအချိန်မှာပင် ...

"မီးဗျို့ ... မီး ... မီး"

စံအိမ်တော်အရှေ့ဆောင်မှ မီးတောက်ကြီးများ ရုတ်တရက် ကောင်းကင်ပေါ် ထိုးတက်လာသည်။

မီးရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားသည်။ တာလိရဲမက်များ ယောက်ယက်ခတ်ကုန်ကြ၏။

ပြေးသူ လွှားသူ မီးငြိမ်းသတ်သူများဖြင့် စံအိမ်တော်ဝင်း တစ်ခုလုံး ရှုပ်ထွေးကုန်တော့၏။

ရှောင်ကျန်းတို့လူစုကို တိုက်ခိုက်နေသူ အချို့ မီးလောင်ရာသို့ ပြေးသွားကြ၏။

ယင်းသို့ ရှုတ်ရှက်သဲသဲဖြစ်နေချိန်မှာပင် ...



တိုက်ပွဲတွင်းသို့ လူနှစ်ယောက် ရောက်ရှိလာ၏။

ထိုလူနှစ်ယောက်မှာ ... ဓားပျံဝမ်းယန်နှင့် ကျူးကျူးယန်တို့ပင်တည်း။ ဝမ်းယန်က ... လုံးအော်ထံ ဝင်ရောက်တိုက်ခိုက်ရင်း

"ညီလေး ... သခင်လေး ရှောင်ကျန်းတို့ကို သွားကူပြီး အမြန်ဆုံး ထွက်ပေတော့"

ချောင်ဗှာလည်း ချက်ချင်းပင် ရှောင်ကျန်းတို့ထံ ကူးသွားသည်။ ကျူးကျူးယန်ကလည်း ရှောင်ကျန်းတို့ဘက်မှ ဝင်ကူရာ တာလိရဲမက်များ နောက်ဆုတ်သွားကြ၏။

စံအိမ်တော်ကြီး မီးဟုန်းဟုန်း တောက်လောင်နေသဖြင့် တာလိရဲမက်များသည် ရှောင်ကျန်းတို့ကို ဖိဖိစီးစီး မတိုက်နိုင်တော့ပါ။

ထို့ကြောင့် ... ရှုတ်ရှက်သဲသဲ အခြေအနေကို အခွင့်ကောင်းယူ၍ စံအိမ်တော်ဝင်းထဲမှ ထိုးဖောက်ထွက်ခွာသွားကြလေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျန်းတို့လူစု ကျိုကျတ်တောင်ခြေသို့ ရောက်ရှိသည့်အခါ ကျိုကျတ်မြို့ရှိ စံအိမ်တော်ဝင်းမှ မီးတောင်ကြီးသည် တောက်လောင်မှုအရှိန် လျော့ကျစပြုနေပြီဖြစ်လေသည်။

သို့သော် ...

မည်သည့်တာလီရဲမက်မျှ သူတို့နောက်သို့ လိုက်လာသည်ကို မတွေ့ရချေ။

ထိုအခါမှ ရှောင်ကျန်းတို့လူစုလည်း အေးအေးဆေးဆေး အနားယူနိုင်ကြတော့၏။

"ကျေးဇူးတင်လိုက်တာ မမရယ်၊ မမတို့သာ အချိန်မီ ရောက်မလာရင် ကျွန်မတို့အားလုံး အသက်ရှင်လျက် ထွက်လာနိုင်မှာ မဟုတ်ဘူး"

ကျန်ယင်းလျံက ကျူးကျူးယန်ကို လိုက်လှဲစွာ ကျေးဇူးတင်စကား ပြောလိုက်၏။

ချောင်ဝှာက ...

"ဒါနဲ့ ... ခင်ဗျားတို့က ဘယ်ကိုရောက်လာကြတာလဲ"



ကျူးကျူးယန်က ပြုံးပြရင်း ...

"ကျွန်မတို့လည်း သခင်လေးကို ကယ်ဖို့ရောက်လာကြတာပါ။ ရှင်တို့ကို လွှတ်လိုက်ပြီး သိပ်မကြာခင်မှာပဲ ကျွန်မတို့ နောက်က လိုက်လာခဲ့ကြတာ"

မှန်ပါသည်။

ဝမ်းယန်နှင့်ကျူးကျူးယန်တို့ စံအိမ်တော်ဝင်းထဲ ဝင်ရောက်လာမိသည်နှင့် ရှောင်ကျန်းတို့ကို တာလီရဲမက်များ ဝိုင်းတိုက်နေကြသည်ကို တွေ့ရ၏။

သူတို့ပါရော၍ ဝင်တိုက်ပါက တာလီရဲမက်များ ထပ်မံရောက်ရှိလာလျှင် အားလုံးချောင်ပိတ်မိတော့မည်ကို တွေးမိသဖြင့် ချက်ချင်း ဝင်မကူခဲ့ချေ။

မည်သို့လုပ်ရမည်ကို အပြေးအလွှား အကြံထုတ်ရ၏။

❖

အတန်ကြာမှ ...

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယန်က စံအိမ်တော်အဆောင်ရှေ့သို့ သွားရောက်ကာ စနစ်တကျစီစဉ်ပြီး မီးတင်ရှို့ခဲ့ခြင်းဖြစ်၏။

မီးလောင်မှုကြောင့် အခြေအနေရှုပ်ထွေးသွားစဉ် ယခုကဲ့သို့ လာရောက်ပူးပေါင်းပြီး ထိုးဖောက်ထွက်ခဲ့ခြင်း ဖြစ်ပေသည်။

"အစ်ကိုကြီးဝမ်းယန်လည်း ရောက်မလာသေးပါလား"

ကျန်ယင်းလျှံက ကျိုးကျတ်မြို့ဆီ လှမ်းမျှော်ကြည့်ရင်း စိုးရိမ်မကင်းဟန်ဖြင့် ပြော၏။

ကျူးကျူးယန်က ပြုံးပြလိုက်၏။

"သူ့အတွက် မပူပါနဲ့ ညီမရယ်၊ ရန်သူကို မျက်ခြည်ဖြတ်ပြီး ထွက်လာနိုင်မှာပါ"

ဖောက်ထွက်လာနိုင်မည်ဟု ပြောလိုက်ရသော်လည်း ကျူးကျူးယန်ကိုယ်တိုင်ပင် စိုးရိမ်စိတ်နှင့် ရင်မောနေရှာပေသည်။

သူမကိုယ်တိုင်ကလည်း ဝမ်းယန်အပေါ် သံယောဇဉ်တွယ်ငြိနေပြီ မဟုတ်ပါလား။

အချိန်အတော်ကြာသောအခါ ...

ရှောင်ကျန်းက ...



"ကဲ ... အချိန်လည်း သိပ်မရှိဘူး၊ ဒီလိုလုပ်ကြရအောင်"

အားလုံးက ရှောင်ကျန်းကို လှမ်းကြည့်ကြ၏။

ရှောင်ကျန်းက ...

"ကျုပ်တို့ စခန်းကို အရေးတကြီးပြန်ဖို့လိုတယ်၊ ဖေဖေ့ကို မြေပုံအပ်ပြီး နေပြည်တော်ကို အမြန်ဆုံးသွားဖို့ စီစဉ်ရမယ်"

❖

ထို့နောက် ... ကျူးကျူးယန်ကို လှမ်းကြည့်ကာ ...

"ကျူးညီမလေးက အစ်ကိုကြီးဝမ်းယန်ကို စောင့်ခေါ်လာပါ"

"ကောင်းတယ်၊ ဒီအစီအစဉ်ကောင်းတယ်၊ သခင်လေးတို့သာ စခန်းကိုရောက်အောင် အမြန်ပြန်ကြပါ၊ အစ်ကိုကြီးဝမ်းယန့်ကြောင့် အရေးကြီးတဲ့ကိစ္စကို နှောင့်နှေးခံလို့မဖြစ်ဘူး"

ချောင်ဝှာမှာ ဝမ်းယန်ကို မစောင့်ဘဲ ထွက်ခွာရမည်ကို မလို လားပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အခြေအနေအရ စခန်းသို့ အမြန်ဆုံးရောက်ဖို့က အရေးကြီးနေသဖြင့် မလွဲမရှောင်သာ ခေါင်းညိတ်လက်ခံလိုက်ရလေသည်။

ယင်းသို့ဖြင့် ...

ရှောင်ကျန်းတို့လူစုသည် ဒဏ်ရာကိုယ်စီရရှိထားသည့်တိုင် အရေးမစိုက်ကြဘဲ စခန်းရှိရာသို့ ခရီးဆက်ကြလေတော့သည်။

ကျူးကျူးယန်မှုကား ဝမ်းယန်ပြန်အလာကို ကျုံ့ကျုတ်တောင်ခြေမှပင် တစ်ယောက်တည်း ချန်ရစ်၍ လည်တဆန့်ဆန့်ဖြင့် စောင့်မျှော်နေရှာလေတော့သည်။

မကြာမီ ...

အရုဏ်တက်ပေတော့မည်။

ကျူးကျူးယန်၏ရင်တွင်း၌ နေဆယ်စင်းထွက်သလို ပူလောင်ပြင်းပြနေလေပြီ။

"အစ်ကိုကြီးဝမ်းယန် ရန်သူ့လက်ချက်နဲ့ ကျဆုံးသွားပြီလား"

ထိုအတွေးဝင်လာသည့်အခါ ...



ရင်ထဲ၌ ဆို့နင့်ကာ မျက်ဝန်းအိမ်၌ မျက်ရည်ပူတို့ ရစ်ဝဲလာရ၏။

ကျုံ့ကျုတ်မြို့ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည့်အခါ အခြေအနေငြိမ်သက်နေပြီဖြစ်သည်။

တာလီရဲမက်များ မြို့ထဲအနှံ့ ရန်သူကို ဝိုက်စိပ်တိုက် ရှာဖွေနေကြပြီ။

မကြာမီ ... မြို့ပြင်ထွက်၍ ရှာကြတော့မည်။

ကျူးကျူးယန် ဘာဆက်လုပ်ရမှန်း မသိတော့။

ဤနေရာ၌ ဆက်နေလျှင်ကား အန္တရာယ်ကို လက်ယပ်ခေါ်သလို ဖြစ်ပေတော့မည်။

မိုးစင်စင်လင်းသည်နှင့် တာလီရဲမက်များက မြို့ပြင်ထွက်၍ တောနင်းရှာတော့မည်မှာ သေချာလှသည်။

ယခုပင်လျှင် ...

အရှေ့မိုးကုပ်စက်ဝိုင်း၌ ရောင်နီများ ဖို့အန်စပြုနေရချေပြီ။

ကျူးကျူးယန် ထိုင်ရာမှ ထလိုက်၏။

မျက်ဝန်းအိမ်၌ မျက်ရည်တို့က ပြည့်လျှံလာသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးကန်သော ခြေလှမ်းများဖြင့် ထိုနေရာမှ ထွက်ခွာရှုံ
ဟန်ပြင်သည်။

ထိုစဉ်မှာပင် ...

"ညီမ"

တောင်ခြေသို့ ပြေးလွှားလာနေသူတစ်ယောက် ...

ကျုံးကျုံးယန်က သေချာလှမ်းကြည့်လိုက်ပြီး ...

"အစ်ကို"

လှိုက်လှဲဝမ်းသာစွာ အော်ခေါ်လိုက်သည့် သူမ၏စကားသံ
သည် ကျုံကျုတ်တောင်တစ်ဝိုက် ပဲ့တင်ရိုက်ခတ်သွားလေတော့
သတည်း။

ဒုတိယပိုင်းစာတ်သိမ်းပြီး
ဝတ္တုအောင်

www.burmeseclassic.com